# The ရတီ YATI MAGAZINE

စာပေအနုပညာမဂ္ဂဇင်း

Vol. 10,No.111 June,2013




Asian Family Media Group

MEDIA GROUP

Asian Fame Media Group

ငွေသော်တာ ဥတ္တမ | ဟိန်းလတ် ဒုဥတ္တမ

The Vol-10, No.111, JUNE, 2013

YATI MAGAZINE

စာပေ အနုပညာ မဂ္ဂဇင်း






| | |
|---|---|
| **အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရှဲ |
| **အကြီးတန်း** | |
| **သတင်းထောက်** | သီတာစိုး |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံဒါရိုက်တာ** | ဒီဇိုင်းပန်းချောန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွန်း၊ ရွှေဇင်ဦး |
| **စာစီစာရိုက်** | ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင် |
| **စာပြင်** | ဉမ္မာအေး |
| **ကြော်ငြာအဖွဲ့** | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ) |
| | နန်းအိအိခိုင် (လ/ထ မန်နေဂျာ) |
| Marketing | ဌေးလင်းအောင်၊ ဖွန့်သန္တာဦး၊ အောင်ကိုကိုစိုး၊ |
| Executive | မေသဲဦး၊ နိုင်နိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ)၊ |
| | ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ |
| | မိုးမိုးကျော် (လ/ထ မန်နေဂျာ)၊ |
| | နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | သူရဇော်၊ ဇော်မင်းအောင်၊ |
| | ဇော်လင်းဦး၊ အောင်အောင် |
| **ရတီဓာတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွန်နီး၊ |
| | ကိုနိုင် (ပေါ်ပြူလာ)၊ ခင်ဝေထက် |

| | |
|---|---|
| **မျက်နှာဖုံးရှင်** | အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ၊ |
| | ယုသန္တာတင်၊ ဖူးပွင့်သခင် |
| **မျက်နှာဖုံးဓာတ်ပုံ** | ကိုနိုင် (R2) |
| **မျက်နှာဖုံးဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအီးနုစ် (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းဘလာချွဲ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | Perfect |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၂၀၀၀ |
| **ပုံနှိပ်** | ငွေကုံကော် (မြ-၀၆၃၆၁)၊ |
| | အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄

စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**

အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)

အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။

၀၉-၂၀၀ ၅၅၇၂၂၊ ၀၉-၉၁၀ ၄၆၇၇၂



မြင်သူသဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group

နိုင်းချင့်ချိန်သ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ခိုဝင်
ရတီစွမ်းအင်

# အယ်ဒီတာနှုတ်ခွန်းဆက်

တစ်နေ့က ရတီမဂ္ဂဇင်းတွင် စာရေးဆရာတစ်စုနှင့် ဆုံမိပြီး အာလာပသလ္လာပပြောကြရင်း စာရေးဆရာများပီပီ နောက်ဆုံး၌ စာပေလောက အကြောင်းပင် စကားလက်ဆုံကျသွားကြသည်။ ဆရာလယ်တွင်းသားစောချစ်က ယနေ့မြန်မာလူငယ်များ ရသစာပေဖတ်ရှုမှု အားနည်းလာသည်ကို တွေ့ရ၍ စိတ်မကောင်းကြောင်း စကားစ၏။ ဆရာချစ်ဦးညိုက လူငယ်တွေ စာဖတ်အားနည်းလာကြသည်မှာ အခြားသောဖြေဖျော်မှုများဖြစ်သည့် ရုပ်မြင်သံကြား၊ ဗီဒီယို၊ စတိတ်ရှိုး၊ ကွန်ပျူတာဂိမ်းစသည်တို့ ပိုများလာ၍ဖြစ်သည်ဟု အချို့က အဖြေရှာဖွေတင်ပြကြသည်ကို ဘဝင်မကျကြောင်း၊ စီးပွားဖွံ့ဖြိုးနေသည့် တိုးတက်သည့်နိုင်ငံများတွင် လောင်းကစားပွဲတွေ၊ ညကလပ်တွေကအစ ပေါများနေသော်လည်း စာဖတ်သည့်ဦးရေမှာ လျော့ကျမသွားဘဲ တိုးသည်ထက် တိုးလာနေသည်ကို တွေ့ရကြောင်း ပြန်လည်ချေပသည်၊ ဆရာဟိန်းလတ်က ၁၉၇၀ ခုနှစ် မြန်မာပြည်လူဦးရေ သန်း ၂၀ ခန့်ရှိသည့်ကာလတွင် ဆရာအောင်လင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့၏ စာအုပ်များ အုပ်ရေတစ်သောင်းခွဲ နှစ်သောင်းရောင်းခဲ့ကြရသော်လည်း ယခုမြန်မာ့လူဦးရေ ၆၃ သန်းရှိသည့်ကာလတွင် အုပ်ရေတစ်ထောင်ကို ဖျစ်ဖျစ်ညှစ်ညှစ်အောင် ကြိုးပမ်းပြီး မကုန်ကုန်အောင် ရောင်းနေရသည့်အခြေအနေကို တင်ပြသည်။ ဆရာအကြည်တော်ကလည်း လွန်ခဲ့သည့်သုံးလေးနှစ်က သူ့စာအုပ်ရှစ်ထောင်၊ ကိုးထောင်ရောင်းခဲ့ရသော်လည်း ယခု သုံးလေးထောင်ပင် အတော်ရောင်းနေရကြောင်း ထောက်ခံပြောဆိုသည်။ ဆရာလယ်တွင်းသားစောချစ်က ယခင်က စာအုပ်တစ်အုပ်ကို တန်ဖိုးနှစ်ကျပ်၊ သုံးကျပ်သာရှိရာ၊ တစ်လ ၁၂၆ ကျပ်လစာရသော အောက်တန်းစာရေးကပင် တစ်လသုံးလေးအုပ်ဝယ်နိုင်ကြောင်း ယခုတော့ တစ်အုပ်လေးငါးထောင်တန်ဖိုးရှိသော စာအုပ်များကို တော်ရုံတန်ရုံလစာရသူ မဝယ်နိုင်တော့ကြောင်း ရှင်းပြသည်။

ဤစာရေးဆရာကြီးများ၏ စကားဝိုင်းကို ဝင်ရောက်နားထောင်ရင်း စဉ်းစားစရာတွေ တစ်သီတစ်တန်းကြီး ပေါ်လာပါသည်။ စာဖတ်သူနည်းလာ၍ စာအုပ်စာစောင်တွေ စောင်ရေကျဆင်းလာတာလား။ စာဖတ်သူနည်းလာခြင်းမှာ စားဝတ်နေရေးတို့၊ ကျောင်းပြင်ပသင်ယူစရာ များလာတာတို့၊ စာဖတ် ဝါသနာမပါတာတို့ တစ်ခုခုကြောင့် ဖြစ်နိုင်ပါသည်၊ စာအုပ်ဈေးနှုန်းတွေကြီးလာ၍ ကိုယ်ပိုင်ဝယ်ယူမဖတ်ရှုနိုင်ခြင်းကိုမူ ပြည်သူ့စာကြည့်တိုက်တွေ၊ ရပ်ကွက်ကျေးရွာအနှံ့ ဖွင့်လှစ်ပေးခြင်းဖြင့် ဖြေရှင်းနိုင်သည်။ စာကြည့်တိုက်ကောင်းများစွာ အဂ္ဂါရပ်တောင့်တင်းလာ၍ ပေါ်ထွန်းလာမည်ဆိုပါက စာကောင်းပေသန့်များကို စာကြည့်တိုက်က ဝယ်ယူခြင်းအားဖြင့် စာအုပ်မရောင်းရမှုပြဿနာ ပြေလည်သွားမည်။ ဥပမာ - မြန်မာနိုင်ငံတွင် စာကြည့်တိုက်ကောင်း သုံးထောင်အနည်းဆုံးရှိလျှင်ပင် စာကြည့်တိုက်တစ်တိုက်ကို စာအုပ်တစ်အုပ်ဝယ်ခြင်းဖြင့် အုပ်ရေသုံးထောင်ရောင်းရပြီးသား ဖြစ်သွားမည်။ ထိုအခါ ထုတ်ဝေသူရော၊ စာရေးဆရာပါ အကျိုးကျေးဇူးရှိမည်ဖြစ်၍ စာကောင်းပေမွန်တွေ ပိုမိုထွက်ပေါ်လာနိုင်သည်။ စာဖတ်အလေ့အကျင့်ရရန်၊ စာဖတ်ရှိန်မြင့်လာစေရန်ကား မူလတန်း၊ အလယ်တန်းကျောင်းများမှအစ ကျောင်းသုံးစာအုပ်များတွင် စာရေးဆရာကြီးများ၏ လက်ရာများ ထည့်သွင်းပြဋ္ဌာန်းကာ 'ရသစာပေ' ခံစားတတ်အောင်သင်ပေးဖို့ လိုပါမည်။ ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားရာတွင် စာပေဗဟုသုတများများ ဖြည့်ဆည်းဖို့လိုသည်။ သုတစာပေရော ရသစာပေပါ ဖတ်ရှုခံစားတတ်သူများမှ အမြင်ပိုကျယ်လာမည်။ အဆုံးအဖြတ် အတွေးအခေါ်တွေ ပိုကောင်းလာမည်၊ နိုင်ငံတကာခြေလှမ်းများကို ရိပ်စားမိလာနိုင်မည်။ ထို့ကြောင့် 'စာမဖတ်သူ မပျောက်ရေး'ကိုအမျိုးသားရေးတစ်ရပ်အဖြစ် လှုံ့ဆော်ကြိုးပမ်းစည်းရုံးသင့်ကြောင်း တင်ပြလိုက်ပါသည်။



အယ်ဒီတာအဖွဲ့













# Contents


2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

အိုအောင်၊ နွေလယ်နေ၊ မောင်ဆေးရိုး၊ မင်းချမ်းမွန်၊

လက်ျာဝင်း၊ ထွန်းကို

14 ကာတွန်း

မြေဇာ၊ ဝင်းအောင်၊ ကိုညက်(ထူးကြီး)၊ လူကြီးမင်း

ရတီအထူးကဏ္ဍ

18 ဂုဏ်သိက္ခာရှိရှိဝတ်စားဆင်ယင်သူ

မာဂရက်သက်ရှာ

သိမ့်နှင်းအိမ်

20 Flash Back Fashion

စချစ်ဇော်

ဖြိုးစုပိုပို

25 Cover Image

အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ၊

ယုသန္တာတင်၊ ဖူးပွင့်သဇင်

ဖြိုးစုပိုပို

31 Voice of Fashion Idea

ဝမ်း၊ ယဉ်ယဉ်မင်း၊ ရှိုလီ

အိအိထွေး

37 Environmental Green

ထက်ဘုန်းနိုင်၊ နိုင်မင်းသူ၊ မင်းဆက်သစ်၊

ကေရီစုစံ၊ ဟန်သီ

သီတာစိုး

42 Rainy Fashion

မေသွန်းဓာ၊ နိုင်သဇင်ယုဝါ၊ ရွှေရည်သုန်သုန်

သီတာစိုး

48 Looking & Feeling

အိန်ဂျလာစု

မိုးသောက်ကြယ်

52 Multiple Choices Multiple Fashion

စုမီ

ဖြိုးစုပိုပို

56 Equitable Price

ဆုထက်ကုရေ

မိုးသောက်ကြယ်

60 Sunny Day

ဇင်ပိုင်ထွန်း၊ ပြည့်သိမ်၊ သဲနော်ဇာ

မိုးသောက်ကြယ်

64 Pregnancy Fashion

ခင်မွှေးနိုင်

မိုးသောက်ကြယ်












# Contents

67 **Kate & Kin မတူညီတဲ့ အပူအအေးဆန်တဲ့ Pregnancy Fashion**
နေခြည်နွေး
Photo Essay

72 **Angel & Demon**
မိုးသောက်ကြယ်

78 **Music Plus Yati**
ဝေလ
Zigzag

81 **IT Generation**
ကိတ်မီရှို
မိုးသောက်ကြယ်

84 **Audience of Celebrities' Choice**
အိမ့်ချစ်၊ အိမ့်မြတ်မွန်
သီတာစိုး

91 **Glamourous Girl**
Emerald Nyein
သီတာစိုး

95 **ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်**
ရွှေရတနာ
သီတာစိုး

99 **Beyond the Women**
ဒေါက်တာမြသီတာရွှေတင်
ဖြိုးစုပိုပို


107 **မြန်မာ့မူ မြန်မာ့ဟန်**
မင်းထက်၊ ကျော်ကောင်းထက်၊ မေမြူးမြူး
ရာဇာဘုန်းမြတ်၊ အေးမြမြ
မိုးသောက်ကြယ်

110 **Stylish Rider**
ခင်ရှုပ၊ မေရှုးမောင်
မိုးသောက်ကြယ်

114 **Mod Mom**
ဖြူသီမျိုးကွင်၊ ငြိမ်းခေမိုး၊ ခေတခမိုး
ဖြိုးစုပိုပို

122 **သူတို့ပြောတဲ့ D**
လှမင်း၊ မိုးမင်း၊ သိသာဝင်း
ဖြိုးစုပိုပို


Myanmar Fame Media Group
MEDIA GROUP










# Contents

**ရတီနိုင်ငံတကာ**

138 **ပွန်းဟာယ်ယောင်း၊ ကင်မ်ဆဲအာ**
ဇင်မြင့်စံ

142 **International News**
ဖြိုးဖြိုး

165 **Fashion & Style**
တင်လတ်သန္တာဝိုလ်

206 **Film Feeling**
ဖြိုးဖြိုး

168 **မမရတီအမေးအဖြေ**

208 **ရတီအသောအထွေ**
ကတ်သီးကတ်သတ်ပြောတဲ့
တောက်တီးတောက်တဲ့

**ရတီကျန်းမာရေး**

129 **လူငယ်တွေ သတိထားရှောင်ရှားစရာ**
မြင့်သုဇာထွန်း

160 **ဖောက်ကင်းစင်စေမယ့် အိမ်တွင်းဖြစ်ကုထုံးများ**
ဒေအိချို

183 **ကာကွယ်နိုင်သော ဆီးလမ်းကြောင်းပိုးဝင်ခြင်း**
ဒေါက်တာအောင်ဆန်းဝင်း

201 **ကိုယ်စိတ်နှစ်ပါးနုပျိုစေသော ယောဂမုန်းများ**
ဒေါက်တာမြင့်ဦး

204 **လုပစိုပြည်ရတီမေ**
မာဦး

**ရတီဆောင်းပါး**

118 **နိုင်ငံတကာလှမ်းမည့် မန္တလာချမ်း**
မြသီရိ

133 **ဆာလောင်မွတ်သိပ်ခြင်းမှ ဝေးရာဆီ**
နှင်း

136 **ခန်းခြောက်လာနေသော မြေအောက်ရေကြောများ**
ကျော်ဦး




# Contents


157 ကျောက်မျက်များနှင့်
သင့်တင့်မျှတသောကုန်သွယ်မှု
သိန်းဝိုင် (M.Engg.Geol.)

191 ကဗျာရန့်တို့ သင်းပျံ့
ကြိုင်လှောက်ရာမြေ(၄)
မိချမ်းဝေ

194 မန္တလေးအတွေး၊ မန္တလေးအရေး
မေလထဲက ကျွန်တော်တို့ရဲ့ငွေဖလား
ကိုထွန်း (လမ်း-၈၀)

145 ဖူးနေသစ်လွင်ကဗျာဥယျာဉ်
သော်ကမင်းခေါင်(ညောင်လေးပင်)၊
မင်းသွေးချစ်(ရေနံချောင်း)၊ဝေဖြိုး(ရေလဲ)၊
ခါခေ၊ ဆုးဖြူ၊ မင်းလှိုင်ထွန်း၊
အမှောင်ရိပ်၊ ခနဲညားနိုင်

198 ရတီပေဖင်
ဒေါက်တာမြတ်သစ် (မန္တလေး)

ရတီဝေဖန်ရေး
149 ဒါရိုက်တာ ဝိုင်း၏ 'ပျားရည်နှင်းစက်'
မောင်အိမ်စံ

ရတီဝတ္ထုတို
151 မိုးပေါ်ကအပ်နှင့် မြေပေါ်ကအပ်
ပွတ်ကာသီကာ
မောင်အောင်မွန်

170 နှလုံးသားမှ စီးဆင်းလာသော
သွေးစက်များ
နီနီနိုင်(သထုံ)

178 လေခါ
လှမိုးသစ်(ကျောက်ဆည်)

186 မေမေဈေးကလာသည်
စိုး(နွယ်ပန်းအိမ်)

ရည်ညွှန်းဖွဲ့သီချစ်သူဆီ
154 ကျွန်တော်မနေ့ရှာကို
လွမ်းနေပါသည်
ငြိမ်းချမ်းသာ


**ပန်းချီသရုပ်ဖော်**

မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမိုး၊ ရွှေရိုးရာ၊ လှကြီးမင်း၊
ပန်းချာန်










Asian Fame Media Group
MEDIA GROUP



မယုံနိုင်စရာ
မတရားမှုတွေ
ငွေများတရားနိုင်ယန္တရားတွေ
ဘဲကန့်လန့်ကာနေတွေ
တောင်လိုမောက်ခဲ့ပုံ၊
ပျောက်ကွယ်တော့မယ့်
လက်ပံတောင်းတောင်ကို
ငေးသလို
ငါငေးမိ
ငါဆွေးမိ၊

အိုအောင်

Asian Fame Media Group
MEDIA GROUP



# မငြိမ်းမချမ်း

## နေ့လယ်နေ

တကယ်တော့
ကိုယ့်တွင်းကိုယ် တူးခဲ့ရတာပါ
ရေချိုထွက်တော့လည်း သောက်လိုက်
ရေနံဖြစ်တော့လည်း
နောက်တစ်တွင်းပေါ့…
သူတို့တွေများ
ကံအားကလည်း ကောင်း
ဉာဏ်အားကလည်း ကောင်း
ပေါင်းလန်နေတဲ့ ရေချိုတွင်းတွေက
ရေသွံ့ကွင်းတွေ ဖြစ်လို့…
ငါ့မှာ
ဖယောင်းသား လက်တစ်ဆစ်ကျန်သေးတယ်
မီးစာငုတ်တိုလည်းရှိရဲ့
ဆက်ပြီး လောင်ကျွမ်းရဦးမယ်
ဆက်ပြီး လင်းချင်းရဦးမယ်
ပျော်ဆင်းလာမယ့် အပူရည်တွေကို
ရေချိုလို သောက်ရင်းနဲ့။

နေ့လယ်နေ

Asian Fame Media Group
MEDIA GROUP



ကာလတစ်ခု
သူမွဲယုဂ်ဇာတာရှိစေမယ့် ဂြိုဟ်ရပ်တည်မှုမှာ
ကျွန်တော်တို့ဘဝတွေ မိုးချုပ်ခဲ့ရ၊ မှောင်ခဲ့ရ
သတင်းခေတ်ရဲ့
ဟောဒီသတင်းတစ်ပုဒ်ကြောင့်
မြို့ကြီးတစ်မြို့ဟာ ဖြတ်ခနဲကျဉ်းပြီး
ကျွန်တော်တို့မျက်လုံးတွေ ဟုန်းခနဲလင်းခဲ့၊ ကျယ်ခဲ့ရတယ်
ကိုရီးယားကားမှာ ပြောသလို
ကျွန်တော်တို့သေသင့်ပါတယ်လို့ ပြောရမလား
အမေရေ…
သူများနတ်ပေးလိုက်မှ
ကျွန်တော်တို့အာခေါင်ထဲ ဒုတ်ဒုတ်မြည်အောင် စိုက်နေတဲ့ အရိုးတွေလို
အကြွေးဒေါ်လာ သန်းခြောက်ထောင်ကျော်ရှိတာ သိခဲ့ရတယ်
ဒါကို သန်း ၆၀ သော ကျွန်တော်တို့ညီအစ်ကိုတွေ
ဟိုတုန်းက … တစိုးတစိ၊ ဘာမှမသိခဲ့ကြဘူး
ဒါ ဘယ်သူ့အတွက် ဘယ်သူယူခဲ့တဲ့ အကြွေးတွေလဲ အမေရယ်
အဖေလား၊ အဘလား
အလေအလွင့် ဓားတရမ်းရမ်းနဲ့ အစ်ကိုတွေ၊ ဦးကြီးဦးလေးတွေ
ဟို … ဘနဖူးသိုက်တူးချင်တဲ့ ညီအစ်ကိုမောင်နှမတွေလား
ဘုမသိ ဘမသိ ကျွန်တော်တို့လည်း ဘာမှမလုပ်မိဘဲ
အခုဒီအထိ တင်သွားခဲ့တဲ့ အကြွေးတွေ
အခင်းရဲ့ဆုံးတွင်းနက်ထဲက ခုန်မထွက်နိုင်တဲ့အထိ
ဘယ်တုန်းက တင်သွားခဲ့တာလဲ
ဘယ်မှာ သုံးခဲ့တာလဲ၊ ဘယ်ဆီရောက်ကုန်တာလဲ
မေးလည်း မမေးချင်တော့ဘူးအမေ
ရင်ထဲ ယားကျိကျိနဲ့၊ တည့်တည့်ကုတ်လည်း မငြိတော့
ဝဋ်ကြွေးရှိသမျှပေါ့ အမေ
နေချင်တိုင်း နေမရသလို
သေချင်တိုင်းလည်း သေလို့မှမရတာ
မကျွတ်မလွတ်နိုင်တဲ့ ဝဋ်နာကံနာ၊

မင်းချမ်းမွန်

Asian Fame Media Group
af MEDIA GROUP



# စစ်

ငမောင်ဇော်ရှိုး

စစ်ရိပ်စစ်ငွေ့တွေ သမ်းလာတော့ ကမ္ဘာကြီးက ဖြေကြကွဲ
စစ်ကြေညာ .. စစ်ဒဏ် စစ်သွေး စစ်ဘေး စစ်ခွေး စစ်ပြေး စစ်သေနင်္ဂဗျူဟာ
စစ်အနိဋ္ဌာရုံတွေ မြင်ကြားရတော့ ကမ္ဘာကြီးဝမ်းနည်းပက်လက်
စစ်ပွဲစစ်စခန်း စစ်သင်္ဘော စစ်လေယာဉ် စစ်သုံ့ပန်းနဲ့ စစ်အကြောင်းရုပ်ရှင်
စစ်အကြောင်း ကဗျာ စစ်မိုးကျစစ်ပြေးဒုက္ခသည်တွေ တွေ့ကြုံရတော့
ကမ္ဘာကြီးငိုကြီးချက်မ
နောက်ထပ်ရှိသေးတယ်
လူ့သမိုင်းရဲ့ မြစ်ကွင်းမှာပြသထားတဲ့
သခွေ့သားတစ်ခုနဲ့ ဗိုက်ဟောင်းလောင်းဖြစ်နေတဲ့ ကိုယ်ဝန်ဆောင်မိန်းမ
ကောင်းကင်မှာ လွင့်ပျံနေတဲ့ အဝတ်စတွေ ကျောင်းသုံးစာအုပ်တွေနဲ့
ဝုံးဒဏ်ခံ စာသင်ကျောင်းကလေးများ
ညှိုးနွမ်းညစ်ထေး ဂျူင်းများ
စစ်ဆိုတာ နိုင်ငံရေးရဲ့ အဆက်
မအောင်မြင်တဲ့ နိုင်ငံရေးကရလာတဲ့ သွေးထွက်သံယိုမှု
စစ်ကိုရှောင်လွှဲဖို့ခက်ရတာ ရန်လိုတဲ့ ပင်ကိုစိတ်ဟာ
လူသားရဲ့မျိုးရိုးဗီဇမှာ မွေးရာပါဖြစ်နေလို့ပါပဲတဲ့ (ဟုတ်မဟုတ်တော့ အသေအချာမသိဘူး)
အချင်းလူတို့ ညီအစ်ကိုချင်းဖြစ်လျက်နှင့်
အဘယ်ကြောင့် တစ်ယောက်ကိုတစ်ယောက် ညှဉ်းဆဲကြသနည်း

(တမာန်တော်ဝဏ္ဏ ၇း၂၆)

အဲသလိုမေးခွန်းတစ်ခု ...
တစ်မီတာလောက်အကွာကနေ သေနတ်နှစ်ချက်ပစ်တယ်
တစ်ချက်က ဖရန့်ဇ်ဖာဒီနန်ရဲ့ လည်ပင်းသွေးကြောကို မှန်ပြီး
မည်းပုပ်နေတဲ့ မိန်းမအလောင်းများ
အစုလိုက်အပြုံလိုက် ကလေးအလောင်းများ
ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေက တကယ့်နိမိတ်ပုံသင်္ကေတတွေ ဒါပေမဲ့ ဇာတ်ကြည့်တော့
စစ်အကြောင်း တိုက်ရိုက်ညွှန်းပြောတာ တစ်ခွန်းမှမပါဘူး ကလေးတစ်ယောက်
ချိုထဲဘောလုံးဝင်ကောက်တဲ့ အဲလန်ဘရောင်းဂွန်ရဲ့ ၁၉၃၉ ကဗျာ
ဝုံးကြဲပြီးနောက် ငါးမိနစ်ဒီလန်တောမတ်စ်က ခုလိုပြောတယ်
စာရွက်ကို လက်မှတ်ထိုးတဲ့ လက်ဟာ မြို့ကိုဖျက်တယ်

မနေ့က (ကော်မာ) ဒီဇင်ဘာ ၇ ရက် (ကော်မာ)
၁၉၄၁ (ဒက်ရှ်) မကောင်းဆိုးဝါးတွေမြူးတဲ့ ပြသဒါးနေ့မှာ
စစ်အကြောင်းသချိုင်းသက်သေ
နိုင်းလ်မြစ်ကမ်းနံဘေး ရှေးခေတ်ဂူပေါင်းတွေထဲမှာ တွေ့ရှိခဲ့ရတဲ့
ခွဲခြမ်းစိတ်ဖြာ ဦးခေါင်းခွံများ
ပိုင်းစစိတ်မြွှာ ကိုယ်အင်္ဂါများ
နပိုလီယံက စစ်ရှုံးတာကို ခွင့်ပြုပေမယ် ဟစ်တလာက ခွင့်မပြုဘူးတဲ့
အနုမြူမှိုပွင့်ကြီးများ ငွားငွားစွင့်စွင့် ...
လာနေပါပြီ မိစ္ဆာအော်သံဟာ အခုပဲ လာနေပါပြီ
သွေးဟာ စီးခဲ့
မြေပုံတစ်ခု
အသင့်ယူဆောင်လာတဲ့ သွပ်ဆူးကြိုးဖြတ်တဲ့ ကပ်ကြေးတစ်ခုနဲ့
ဆုံလည်မီးမောင်းများက ပတ်မပြည့်မီ အဲဒီသို့ပန်းစခန်း
ဟိုလူပြောသလို ကံဆိုးတာက တချို့နိုင်ငံတွေမှာ ငြိမ်းချမ်းရေးရအောင် စစ်တိုက်နေရတာပဲ
စစ်ဟာ မကောင်း
မောင်ယဉ်မွန်ရဲ့ "မကြေနိုင်သော စစ်လျော်ကြေး" ကဗျာမှာ
ယမ်းငွေ့အကြား သွေးဖျက်သွားသော
သားသည်မအေ နှိုက်နေသည့်
အသေကလေးငယ်ကိုတည်း။
စစ် - ဘယ်ကလာသလဲ
ပုပ်ပေါင်နေတဲ့ အမုန်းများ အာဃာတများ ညှိစိုရှိပြီး သူ့ရန်ဘက်လောသများ
ယဉ်ကျေးရေးအဆက်ဆက် မြင့်တက်လာခဲ့တဲ့ ကမ္ဘာကြီးဟာ
မှန်ယိုနေတုန်းပဲလား
စစ်ဟာ ဘယ်တုန်းကမှမကောင်း
ကလေးငယ်တစ်ယောက် သူရေးထားတဲ့ ကဗျာစာရွက်ကလေးပေါ်မှာ သေလို့ ...
ကျွန်မတစ်ကိုယ်လုံးမှာရှိတဲ့ အဝတ်အစားမှန်သမျှကို
ဆွဲချွတ်ပစ်လိုက်ပြီး ကြိုးနဲ့တုပ်လိုက်ပါတယ်
ဝတ်လစ်စားလစ် အတွင်း စားပွဲတစ်လုံးပေါ်ပစ်တင် ...
"ပြောစမ်း"
"ဘယ်မလဲ နင့်ယောက်ျား"
ဒါလုပ်နေကျ ကစားကွက်ပဲ
မည်းမှောင်တဲ့ မီးနိုးလုံးတွေထဲက
ပေါက်ကွဲလွင့်စင်ကျလာတာ ဂွါရာနီကာရွာကလေးဖြစ်တယ်
မွန်ပါနာဆေးရုပ်ကွက်ရဲ့ ကော်ဖီဆိုင်ကလေးဖြစ်တယ်
လူ့ဘဝရဲ့ ပျော်ရွှင်ဖွယ်စိတ်ကူးစိတ်သန်းများဖြစ်တယ်
ငယ်သံပါအောင် သစ်ရွက်တွေ အစိမ်းကြွေတဲ့ ရှုမျှော်ခင်းအမှောင်
စစ်ဆိုတာ
သွေးချောင်းစီးမှုအပေါ်မှာ ပျံဝဲနေတဲ့ လျှာပေါ့။
ရဲဘော်တို့ ငါတို့ ပိတ်မိနေပြီ ဖြစ်တဲ့နည်းနဲ့လမ်းရှာပြီး ထွက်ကြစို့
စစ်ရဲ့ တစစ်စစ်ကိုက်ခဲမှု ဒီကမ္ဘာကြီး
စစ်ဟာ ဘယ်တော့မှမကောင်း
ပျောက်ဆုံးနေတဲ့ လူသားဖြစ်စဉ် နာကြည်းဖွယ်
ထင်ရာမြင်ရာ မီးတောက်များ ပုံးအခွံများ
အလျားလိုက် ပြုတ်ကျလာတဲ့ သေခြင်းရယ် ခေတ်အဆက်ဆက်ပေါင်းမှန့်ရယ်
ကျိုးလန့်တစား။ ။

မောင်ဆေးရိုး

Asian Fame Media Group




# [illegible]

လက်ျာဝင်း

- အဆင်တန်ဆာမဟုတ်တာနဲ့ဘဲ…
  အသွေးအရောင်မညီတာနဲ့ဘဲ…
  အသံထွက်ကွဲတာနဲ့ဘဲ…
- ခြင်းထဲကကြက်တွေ၊
  အိုးမည်းပေနေတဲ့ ကြက်တွေ၊
- ကမ္ဘာကို အယုံမရှိ အဆိုတင်တယ်
  အလျှံညီးညီး မီးအဟုန်မှာ ယိမ်းမူးသာယာတယ်
  သွေးချောင်းစီးသံကို တေးသွားစီရင်တယ်
  အရသာခံသူ မိစ္ဆာဒေဝ…
- ကိုးကွယ်မှုရဲ့အစဟာ အကြောက်တရားဆိုရင်
  ကိုးကွယ်မှုရဲ့အဆုံးမှာ မေတ္တာတရားပဲ ရှိသင့်တယ်
  လူရှင်တွေရင် အသက်ရှုချင်းလည်း တူ
  အသက်ရှင်ချင်တာလည်း တူပါတယ်၊
- ဘာရောင်ရှိရှိ
  ဘာအရေပြားဖြစ်ဖြစ်
  ဘာသံထွက်ထွက်
  ကျည်သင့်ရင် နာကျင်မယ်
  နာကွန်းရင် တစ်သံတည်းထွက်မယ်
- Slamdog millonar ရုပ်ရှင်ထဲက
  ကလေးတစ်ယောက်က ပြောခဲ့
  "ရာမနဲ့အလ္လာသာ မရှိခဲ့ရင်
  ခုထိ ငါ့အမေရှိနေဦးမှာ" တဲ့။ ။

လက်ျာဝင်း



## လမ်းပျောက်သူ

ထွန်းကို

ကွန်ရှိသော အနှစ်တစ်ရာ
နောင်လာမယ့် အနှစ်တစ်ရာ
ဘယ်ကလာလို့ ဘယ်ကိုသွားရမယ်
အိမ်ကလည်း ပါမလာ
လမ်းမှာလည်း ကျမပျောက်
အဝထင် အဝင်မြင့်ဆဲ
ကြောင်လို
လင်းနို့လို
အမှောင်ကို အကာအကွယ်ယူလို့
မရောက်တဲ့နေရာမရှိ
အဝင်မှတိုင် အငြိမ်းအထိ
မကင်းရာမကင်းကြောင်းတွေ။

ထွန်းကို

Asian Fame Media Group

မြေဇာ



Asian Fame Media Group
MEDIA GROUP

ဝင်းအောင်


တိုင်းပြည် အတွက် အကျိုး ရှိစေမယ့် သဘာဝ ဝန်းကျင်ထိန်းသိမ်း ရေးပဲ လုပ်တော့ မယ်ကွာ...
ပျက်ခဲ့တဲ့ နာမည်ကို ပြန်ပြီး အဖတ် ဆယ်မလို့ လား
ဟုတ်ဘူး ငါ့မြေးတွေ ခေတ်ရောက်ရင် ခုတ်ရောင်းစရာ သစ်ပင်မရှိမှာ စိုးလို့...

ကိုညာဏ်




Asian Fame Media Group



Asian Fame Media Group



# FLASHBACK FASHION

**MODEL**
SU CHIT ZAW
**MAKE-UP**
KO MAR
**DESIGNER**
SHATARA
**PHOTO**
KO NAING (POPULAR)
**ARRANGED BY**
PHYOE SU PO PO







Asian Family Media Group


Asian Fame Media Group



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



Asian Fame Media Group

DR.
PARINYA
Slim & Beauty Center



No,21, 1st floor, Yankin Center/ Ph : 09-421125673, 01-400252/ Room No.(1017)GF, Taw Win Center

Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



ဒေါက်တာပရင်းညား

DR. PARINYA

Slim & Beauty Center

No,21, 1st floor, Yankin Center
Ph : 09-421125673, 01-400252
Room No.(1017)GF, Taw Win Center

Asian Fame Media Group
af MEDIA GROUP

ဒေါက်တာပရင်းညာ

DR
PARINYA
Slim & Beauty Center




No,21, 1st floor, Yankin Center/ Ph : 09-421125673, 01-400252/ Room No.(1017)GF, Taw Win Center

Asian Fame Media Group
MEDIA GROUP

DR.
PARINYA
Slim & Beauty Center



No,21, 1st floor, Yankin Center/ Ph : 09-421125673, 01-400252/ Room No.(1017)GF, Taw Win Center

Asian Frame Media Group

DR. PARINYA

Slim & Beauty Center



No,21, 1st floor, Yankin Center/ Ph : 09-421125673, 01-400252/ Room No.(1017)GF, Taw Win Center

Asian Fame Media Group



# VOICE OF FASHION IDEA

MODEL : ONE/ PHOTO : KO NAING (POPULAR)

အခုဝတ်ထားတဲ့ ပုံစံကတော့ ဝမ်းရဲ့ စိတ်ကြိုက်မိုးရာသီဖက်ရှင်လို့ ပြောလို့ရပါတယ်။ မိုးရာသီဆို အမိုကလေပေါ်ပေါ်ပါးပါးရှိမယ့်ဝတ်စုံမျိုးကိုကြိုက်တယ်။ မိုးရွာရင် နည်းနည်းလေး အေးတတ်တယ်။ အေးတတ်တော့ အနွေးထည်လို အထူကြီးမဟုတ်ပေမယ့် အခုဝတ်ထားသလို အင်္ကျီကို ခပ်ပါးပါးလက်ရှည်မျိုး ဝတ်ဖြစ်တယ်၊ အဲဒါဆို လေတိုက်လည်း အေးတာကို သက်သာတယ်လေ။ ပြီးတော့ အဝတ်အစားကို အရမ်းအရှည်ကြီးမဟုတ်ဘဲ စကလေးတွေဝတ်ရတာ အဆင်ပြေတယ်။ အရောင်ကတော့ အဖြူနဲ့အမည်းကတော့ နဂိုကတည်းကကြိုက်တဲ့ အခြေခံအရောင်တွေပေါ့။ ဒါပေမဲ့ မိုးတွင်းမှာတော့ အရောင်သိပ် ရွေးစရာမလိုဘူး။ အရောင်စုံအောင် ဝတ်ဖြစ်တယ်။ နွေဆိုရင်တော့ အမည်းရောင်က မဝတ်သင့်ဘူးပေါ့နော်။ ဖိနပ်ဆိုလည်း မိုးတွင်းစီး အပါးလေးတွေက စီးရတာအဆင်ပြေတယ်။ စီးဖြစ်တယ်။ မိုးရာသီအတွက် ဖက်ရှင်အကြံပြုချက်ဆိုတာမျိုးတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ဝမ်း လုပ်လေ့လုပ်ထရှိတဲ့ လုပ်သင့်တဲ့အရာမျိုးတွေကတော့ ဥပမာ - ဖိနပ်အမြင့်ကြီးတွေနဲ့ မိုးရာသီမှာ လျှောက်သွားနေတာမျိုးက အန္တရာယ်လည်းများတယ်။ သိပ်မကောင်းဘူးပေါ့။ အဲဒီတော့ ဖိနပ်ကို အပါးလေးတွေ စီးတယ်။ ပွဲသွားရမယ်။ Indoor ဆိုရင်တော့ ဖိနပ်အမြင့်လေးတွေ စီးလို့ရပါတယ်။ ပုံမှန်ဆိုရင်တော့ စလစ်ပါအပါးလေးတွေက အဆင်အပြေဆုံးပါပဲ။ နောက် ထီးပေါ့။ မိုးရာသီဆိုရင် ထီးက မပါမဖြစ် အမြဲတမ်းဆောင်ထားသင့်တဲ့အရာလို့ ပြောချင်ပါတယ်။



Asian Fame Media Group



VOICE OF FASHION IDEA



# VOICE OF FASHION IDEA

MODEL : YIN YIN MIN @ ZAR ZAR / PHOTO : KO NAING (POPULAR)

မိုးရာသီကျတော့ အေးလည်း အေးသလို ပူတဲ့အချိန်လည်း ရှိတယ်လေ။ ပြီးတော့ မိုးစိုတဲ့ အချိန်ဆိုတော့ အဝတ်အစားက အရှည်တွေဝတ်ဖို့ အဆင်မပြေဘူးလေ။ အဲဒါကြောင့် တစ်ခါတလေကျရင် ဖိနပ်ကို လည်ရှည် Boot စီးပြီး ဘောင်းဘီတို ဝတ်တယ်။ အင်္ကျီကိုတော့ နည်းနည်းနွေးပြီး လုံခြုံမယ့်ဟာမျိုးဝတ်လိုက်တယ်။ အဓိကကတော့ Free Style ဝတ်ရတာမျိုးပဲ ကြိုက်တယ်။ မိုးရာသီမှာ အရောင်ကိုလည်း များသောအားဖြင့် အညစ်ပေခံမယ့်အရောင်မျိုးကိုဝတ်တယ်။ ဒါပေမဲ့ တစ်ခါတလေ ကျတော့လည်း ရာသီဥတု အုံ့မှိုင်းမှိုင်းလေးနဲ့ အဖြူရောင်လေးဝတ်ထားရင် ကိုယ့်စိတ်ထဲမှာ ကြည်နူးနေသလိုပဲ။ ပူတဲ့အချိန် မဟုတ်ပေမယ့်လည်း အုံ့မှိုင်းမှိုင်းလေးနဲ့ အဖြူလေးဝတ်ထားရင် စိတ်က လွင့်နေသလိုပဲ။ ကော်ဖီလေးသောက်လိုက်ရင် ပိုဆိုးတာ ပေါ့နော်။ ဖိနပ်ကိုတော့ မိုးရာသီမှာ ဒေါက်အမြင့်တွေက အဆင်မပြေနိုင်ဘူးလေ၊ ကြမ်းခင်းတွေ ချော်နေတာတို့ ဘာတို့ရှိတော့ အန္တရာယ်များပါတယ်။ အကောင်းဆုံးကတော့ မိုးရာသီမှာ မိုးရာသီဖိနပ်ပေါ့။ ကြမ်းပြင်ကို ကုတ်နိုင်တဲ့ဖိနပ်မျိုးကို စီးသင့်တယ်။ Boot ဆိုရင်လည်း ကိုယ့်ခြေထောက်နဲ့ တစ်ပါတည်းပါတယ်။ ထိန်းနိုင်တယ်ပေါ့နော်။ အဝတ်အစားဆိုရင်လည်း ရေစိုရင် အရမ်း လေးသွားပြီး မခြောက်နိုင်တဲ့ အဝတ်အစားမျိုးမဟုတ်ဘဲ ပေါ့ပေါ့ပါးပါးနဲ့ ခြောက်လွယ်တဲ့ အဝတ်အစားမျိုးဆို ပိုကောင်းပါတယ်။ မိုးရာသီအတွက် ဖက်ရှင်ကတော့ ဇာက အစကတည်းက ဖက်ရှင်ဝါသနာပါတော့ လေ့လာဖြစ်တာပေါ့နော်။ ဒီနှစ်မိုးရာသီ အတွက် စဉ်းစားထားတာကတော့ အခုချိန်ကလည်း ရာသီဥတုက အရမ်းပူလာတဲ့အတွက် အရောင်ကို အဖြူလေးတွေ၊ Sky Blue လေးတွေ၊ အရောင်အလွင့်၊ အဖျော့လေးတွေကို ကြိုက်နေတယ်။ အဲဒီအရောင်လေးတွေ ဝတ်မယ်လို့လည်း စဉ်းစားထားပါတယ်။

Asian Family Media Group



VOICE OF
FASHION IDEA



Asian Fame Media Group

# VOICE OF FASHION IDEA

MODEL : CHILI / MAKE UP : MAY OO / PHOTO : HTET AUNG KYAW (STUDIO HAK)

မိုးရာသီဆိုရင်တော့ ပေါ့ပေါ့ပါးပါးဖြစ်မယ့် ဖက်ရှင်မျိုးကို ကြိုက်တယ်။ ဘောင်းဘီဆိုလည်း အရှည်ကြီးမဟုတ်ဘဲ အတိုပေါ့။ ဗွက်မပေမယ့် ဟာမျိုးတွေကို ကြိုက်တယ်။ မိုးရာသီအတွက်ဆိုပြီး အရောင်ရွေးတာမျိုးတော့ မရှိပါဘူး။ ကိုယ်လှမယ်ထင်တဲ့အရောင်ကို ဝတ်တာပါပဲ။ တစ်ခါတလေလည်း လက်ရှည်လေးတွေ ထပ်ဝတ်ဖြစ်တယ်။ တစ်ခါတလေကျတော့လည်း အခုလိုလက်ပြတ်ကလေးနဲ့ ပေါ့ပေါ့ပါးပါးပေါ့နော်။ မိုးရာသီကို ကြိုက်တယ်။ အေးအေးချမ်းချမ်းရှိတယ်လို့ ခံစားရတယ်။ ရာသီထဲမှာဆိုရင် မိုးရာသီနဲ့ ဆောင်းရာသီကို အေးလို့ကြိုက်တယ်။ မိုးရာသီမှာ ဖိနပ်ကိုတော့ အမြင့်ကြီးစီးရတာမကြိုက်ဘူး။ မိုးရာသီစီးဖိနပ်အရောင်လေးတွေနဲ့ကို ကြိုက်တယ်။ မိုးရာသီအတွက် ဖက်ရှင်နဲ့ပတ်သက်တာကို ပြောရမယ်ဆိုရင် ပေါ့ပေါ့ပါးပါးနဲ့ ကိုယ့်ကို သက်သောင့်သက်သာဖြစ်မယ့် ဖက်ရှင်မျိုးကို ဝတ်သင့်တယ်လို့ ပြောချင်ပါတယ်။ ဥပမာ - ဒေါက်ဖိနပ်ကြီးတွေ၊ လည်သာဂျက်ကင်ကြီးတွေလိုဟာမျိုးကလွဲရင် ကိုယ်မှာ ပေါ့ပေါ့ပါးပါးပါပြီး ရေစိုရင်လည်း ခြောက်လွယ်တာမျိုးကို ဝတ်ဆင်သင့်တယ်လို့ ထင်ပါတယ်။


VOICE OF
FASHION IDEA

# Environmental Green

Arranged by - Thida Soe



ဘယ်နေရာမှာ မှန်တိုင်းတွေတိုက်ခဲ့တယ်၊ ဘယ်ဒေသမှာတော့ အပူချိန်တွေများပြီး လူတွေနေရထိုင်ရတာ အဆင်မပြေဘူးဆိုပြီး အခက်အခဲလေးတွေ ဖြစ်ခဲ့ကြရတယ်။ ကန်ရေတော်တော်များများ ခန်းခြောက်လာတာနဲ့အမျှ မြေဆီလွှာတွေ ခန်းခြောက်လာတာကလည်း သဘာဝတရားရဲ့ ပြောင်းလဲမှုပါပဲ။ လူသားတွေရဲ့ အနီးဆုံးမှာရှိတဲ့ သစ်ပင်ကြီးတွေ ပျက်စီးဆုံးရှုံးသွားတာကလည်း လူသားတွေအတွက် သဘာဝဘေးအန္တရာယ်တွေကို ဖိတ်ခေါ်နေသလို ဖြစ်နေပါရောလားရှင်။ ဒီကမ္ဘာမြေကြီးပေါ်မှာ ရှင်သန်ရပ်တည်နေတဲ့ ကျွန်မတို့လူသားတွေဟာ သဘာဝပတ်ဝန်းကျင်ကြီး ကောင်းမွန်ဖို့အတွက် Recycle အဖြစ် ပြန်သုံးလို့ရမယ့် ပစ္စည်းလေးတွေကို ပြန်လည်သုံးစွဲပြီး တစ်ဖက်ကလည်း လူသားတွေကို အကျိုးပြုနိုင်မယ့် သစ်ပင်လေးတွေနဲ့ ပန်းပင်လေးတွေကို စိုက်ပျိုးကြရမှာပေါ့နော်။ ကျွန်မတို့ ရတီအဖွဲ့သားတွေကလည်း ဇွန်လ (၅) ရက်နေ့မှာ ကျရောက်မယ့် "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" လေးကို မမေ့မလျော့ဘဲ စိမ်းလန်းတဲ့ ရှုခင်းလေးတွေနဲ့အတူ ဂုဏ်ပြုတင်ဆက်ပေးလိုက်ပါတယ်ရှင်။



MEDIA GROUP


# *Environmental Green*




လူသားတွေကို အုပ်မိုးပေးထားတဲ့ ကောင်းကင်နဲ့ ရပ်တည်နိုင်ဖို့ လက်ခံပေးထားတဲ့ ကမ္ဘာမြေကြီး . . .

Model - Htet Phone Naing, Han Thi, Naing Min Thu, Akari Su San, Minn Sett Thit
Make-up - Hello (Ma Khaing, Ma Cho)
Dress - Yummy Yo, Photo - Ko Naing (Popular)

Arranged by - Thida Soe



သဘာဝဘေးအန္တရာယ်ကြောင့်
လူသားတွေရဲ့ အနီးဝန်းကျင်မှာရှိတဲ့
သစ်ပင်ပန်းပင်တွေ
သေကြေပျက်စီးသွားတာဟာ
ကျွန်မတို့လူသားတွေအတွက်
တကယ်ကို
စိတ်မကောင်းစရာပါပဲ။

# Envionental Green



လူသားတွေရပ်တည်နေတဲ့ ကမ္ဘာမြေကြီးပေါ်မှာ အခုလိုမျိုး ပေါ့ပါးလွတ်လပ်စွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခု လိုအပ်ပါတယ်။

Model - Htet Phone Naing, Han Thi, Naing Min Thu, Akari Su San, Minn Sett Thit
Make-up - Hello (Ma Khaing, Ma Cho)
Dress - Yummy Yo, Photo - Ko Naing (Popular)

Arranged by - Thida Soe

သဘာဝပတ်ဝန်းကျင်ကြီး
အမြဲတမ်းစိမ်းလန်းစိုပြည်နေဖို့အတွက်
သစ်ပင်လေးတွေစိုက်ပျိုးပြီး
ရှင်သန်ကြီးထွားအောင်
ထိန်းသိမ်းကြပါစို့လားရှင်။





# Rainy Fashion

model : may thoon kha
make-up : htet (pop soul)
designer : kool fashion (ma gyi-ma lay)
umbrella : asahi
photo : ko naing (popular)
arranged by thida soe



model : may thoon kha
make-up : htet (pop soul)
designer : kool fashion (ma gyi-ma lay)
photo : ko naing (popular)



# Rainy Fashion

model : khaing thazin yu war
designer : joker
photo : ko naing (popular)
location : natural world





model : shwe yi thone thone
make-up : wine (december hnin)
designer : seng latt (maka)
umbrella : asahi
photo : ko naing (popular)
arranged by thida soe



# Rainy Fashion

model : shwe yi thone thone
make-up : wine (december hnin)
designer : seng latt (maka)
umbrella : asahi
photo : ko naing (popular)
arranged by thida soe

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group



Asian Fame Media Group



# 1

MODEL - SU MEE
FASHION - AYE AYE THWE (A.A.T FASHION)
MAKE UP - WYNE (DECEMBER HNIN)
PHOTO - KO NAING (POPULAR)

# MULTIPLE CHOICES
## MULTIPLE FASHION

Fashion ကျကျနဲ့ လှပဖို့အတွက် ဆိုရင် ကိုယ့်ရဲ့ဖန်တီးမှု အတွေးတွေကို နည်းနည်းလောက် ဆန်းသစ်ကြည့်ဖို့ပဲ လိုပါတယ်။ အများတကာက ငေးနေလောက်အောင် လှဖို့အတွက် မင်းရဲ့ဗီရိုထဲမှာ ဝတ်စုံတွေ အများကြီး ထည့်ထားစရာ မလိုပါဘူး။ မင်းမှာရှိတဲ့ ဝတ်စုံတစ်စုံကိုပဲ ဖန်တီးမှုနည်းမျိုးစုံနဲ့ ဝတ်စုံတွေအများကြီးဖြစ်နေအောင် မျက်လှည့်ပြနိုင်ပါတယ်။ ကဲ... ဘယ်လိုတွေ ဖန်တီးနိုင်လဲဆိုတာ ကြည့်ရအောင်နော် ... ဒီလမှာတော့ Gothic Fashion Design ကို ဖန်တီးပြလိုက်ပါတယ်။

မြိုးစုဝိုဝို



## 1 ➔ 2

နောက်မှာ တပ်ထားတဲ့ ဇာအထပ်အတို
လေးကို ဖြုတ်လိုက်ပါတယ်။ အရှည်
တစ်လျှာကို ခါးဘေးမှာ အတွန့်ဖန်တီးပြီး
ကပ်ကျွာ ခါးပတ်နဲ့ ဝတ်ဆင်ရပါမယ်။
ပြီးရင် ဘယ်ဘက်လက်ကိုလည်း
ဖြုတ်လိုက်ပါတယ်။

Asian Fame Media Group




## 2 → 3

ဇာတွန့်အရှည်ကို ဖယ်ပြီး Stocking
ဝတ်ပါတယ်။ လက်တို
ညာဘက်ခါးနားမှာ
အလှဆင်လိုက်ပါတယ်။



## 3 → 4

Stocking ကို ဖယ်ရှားလိုက်ပြီး
ဇာတွန့်အစလေးကို ရှေ့ဘက်မှာ
အလှဆင်ပါတယ်။ ပိုပြီး
စွဲဆောင်မှုရှိသွားအောင် ဦးထုပ်လေး
ဆောင်းလိုက်ပါ။

Asian Fame Media Group





**Mistine Eye Liner (Black)**

Matte အမျိုးအစားမှင်သား ကဆွဲလို့လွယ်ပြီး လိုင်းညီစေပါတယ်။ သေးငယ်ထင်ရှားတဲ့ လိုင်းဆွဲလို့ရပြီး အထူအပါးလိုသလို ဆွဲနိုင်တယ်။ မည်းနက်တဲ့အရောင်က သင့်ရဲ့ မျက်ဝန်းကို ပုံဖော်ပေးနေလို့ အများကြားမှာ ထူးခြားတဲ့စတိုင်ကို ပိုင်ဆိုင်စေမှာအမှန်ပါ။ Speed Flaw System က မင်ရည်မပြတ်စေဘဲ ဆွဲလို့လွယ်စေပြီး လိုင်းညီစေပါတယ်။

# Equitable Price

မိုးသောက်ကြယ်



Mistine က အသစ်ထုတ်လုပ်လိုက်တဲ့ မျက်နှာလေးကို တစ်နေကုန်ချောမွတ်နေစေပြီး အဆီပြန်ချင်သလောက်ပြန်မလှန်နိုင်အောင် ထိန်းချုပ်ပေးနိုင်တဲ့ Mistine cream ဟာဆိုရင် အောက်ခံ Foundation မိတ်ကပ်ပါဝင်ပြီး ကြည်လင်ပေါ့ပါးသော မိတ်ကပ်အသားနဲ့ ထုတ်လုပ်ထားတဲ့အတွက် အဆီပြန်ခြင်းကို အကြာဆုံး ထိန်းချုပ်ပေးနိုင်ပြီး မလိုချင်တဲ့ ချို့ယွင်းချက်တွေကို သေချာစွာ ဖုံးအုပ်ပေးတဲ့ အမြင် မိတ်ကပ်ကြာရှည်ခံတယ်။ ထပ်ခါထပ်ခါ ပုတ်ပေးစရာ မလိုဘူး။ SPF 25 PA ++ ပါဝင်လို့လည်း နေရောင်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်ပါတယ်။ ပြီးတော့ အသားဖြူတဲ့ ညီမလေးများအတွက်လည်း ကြည်လင်ဝင်းပတဲ့ ပန်းလိမ္မော်ရောင်ဘူးလေးနဲ့ အသားညိုတဲ့ သူတွေအတွက် ချိုမြိန်တဲ့ ပန်းရောင်ဘူးလေးဆိုပြီး (၂)မျိုးထုတ်ပေးထားပါတယ်။



**Mistine Water Proof Mascara (Black)**

Big Eye သုံးစရာမလိုဘဲ မျက်လုံးလေးဝိုင်းစက် လှပစေမှာပါ။ သူဟာဆိုရင် မျက်တောင်မွှေးလေးတွေကို ၁၂ ဆပိုထူလာစေတယ်။ ပိုရှည်ထွက်လာစေတယ်။ အစွမ်းကုန်မည်းနက်နေစေတယ်။

Asian Fame Media
MEDIA GROUP



# Equitable Price



**Mistine Pink Magic**

ပုံပြင်ထဲက မင်းသမီးတစ်ပါးလို ချစ်စဖွယ်အလှကို ဖန်ဆင်းပေးမယ့် Pink Magic လေးပါ။ ဒီပစ္စည်းလေး ဟာဆိုရင် နှုတ်ခမ်းသားလေးကို ကြွေရောင်လက်ပြီး ညို့မင်းသမီးလေးလို ဆွဲဆောင်မှုအပြည့်ရှိတဲ့ လှပတဲ့ ပန်းရောင်နှုတ်ခမ်းစူးစူးလေးအဖြစ် လှပနေစေမှာပါ။ ပြီးတော့ SPF 15 နဲ့ LIV Block ပါဝင်တဲ့အတွက် နေရောင်ကြောင့် နှုတ်ခမ်းသား ပျက်စီးခြင်းမှလည်း ကာကွယ်ပေးပါတယ်။ Wild Mango Butter က စိုပြည်တောက်ပတဲ့ နှုတ်ခမ်းလေးအဖြစ် ဖန်တီးပေးနိုင်တဲ့အပြင် ဆွဲဆောင်မှုရှိအောင် ချိုမြိန်တဲ့ စတော်ဘယ်ရီအနံ့လေးကလည်း အားဖြည့်ထားပါတယ်။



Asian Fame Media Group

Model - Su Htet Katay, Make-Up - Nyi Nyi Mg (Sanchaung), Cosmetic - Mistine
Photo - Bo Bo (Kyauk Phyu), Location - Mistine Show Room (Myaynigone)
Arranged by Moe Thauk Kyal








# Equitable Price

Hein Fame Media Group

## Mistine Cross Body Bag

ပခုံးလည်းဆွဲ၊ လွယ်လည်းလွယ်တဲ့ Mistine ကထုတ်လုပ်ထားတဲ့ အိတ်လေးပါ။ PVC သားနဲ့ ပြုလုပ်ထားပြီး ပန်းရောင်နဲ့ ပန်းလိမ္မော် ၂ မျက်နှာဒီဇိုင်း (၂)မျိုးနဲ့ ထုတ်လုပ်ထားပါတယ်။ အိတ်အရွယ်အစားဟာ (၂)မျိုး ပြုလုပ်နိုင်ပြီး လွယ်ရင်လည်းလှတယ်၊ လက်ကိုင်အိတ်လုပ်လည်း မိုက်တယ်။

ဈေးနှုန်း ၅၀၀၀ ကျပ်ဝန်းကျင်



ဈေးနှုန်း ၅၅၀၀ ကျပ်ဝန်းကျင်

## Mistine Eyedol Baked Eyeshadow

မြင်သူတိုင်းငေးသွားစေမယ့် မျက်ဝန်းရဲ့ အလှကို ဖန်တီးပေးမှာ ဖြစ်ပါတယ်။ ပန်းရောင်၊ အညိုရောင်၊ ခရမ်းရောင်ဆိုတဲ့ အရောင်သုံးရောင်နဲ့ ထုတ်လုပ်ထားပါတယ်။ တစ်ဘူးမှာ မတူညီတဲ့ အရောင် (၃)ရောင်စီ ပါဝင်လို့ ရောင်စုံမျက်ဝန်း လှလှလေးကို ဖန်တီးနိုင်မှာပါ။

မိုးသောက်ကြယ်

# Sunny Day




(Artist)
Bangkok Fashion
Asahi
(CANDID)





Asian Fame Media Group







Asian Fame Media Group



**MODEL**
KHIN MYINTZU KHAING
**DRESS**
NEW WAY FASHION
**PHOTO**
KO NAING (POPULAR)
**LOCATION**
RC2



# Angel & Demon

Model : KAUNG KHANT KYAW, ANGELA SUU
Makeup : HAY MAR (KO KO BEAUTY SALON)
DRESS: BELLY
Studio : JUST HEART
PHOTO : MAW KUN THIT
Digital Art : SAW THINZMoeMoe Thauk MKAR HTAIK
Arraanged by Moe Thauk Kyal

Asian Fame Media Group
af MEDIA GROUP



# ANGEL

ကျွန်မဟာ နတ်သမီးတစ်ပါးပါ
အဖဘုရားသခင်ရဲ့ကောင်းကင်နိုင်ငံတော်မှာ
လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ရသူတစ်ဦးပါ။
အဖရဲ့တာဝန်ပေးချက်အရ
လူသားတွေရဲ့စိတ်ကိုကောင်းမှုမှာ
အမြဲမွေ့လျော်ချင်အောင် အဖရဲ့မေတ္တာနဲ့
သူတို့ရဲ့စိတ်ထဲကိုဝင်ပြီး လှုံ့ဆော်ပေးရတဲ့
တာဝန်ကို ထမ်းဆောင် ရသူ တစ်ဦးပါ။
ဒါပေမဲ့...
အဲဒီပျော်ရွှင်မှုတွေဟာ သူနဲ့ တွေ့ဆုံပြီး
နောက်ပိုင်းမှာတော့...



ကျွန်တော်ကတော့ နတ်ဆိုးတစ်ပါးပါ။
ဖခင်စေတန်ရဲ့အရိပ်အာဝါသအောက်မှာ နေထိုင်ရသူတစ်ဦးပေါ့။
ကျွန်တော့်ရဲ့တာဝန်က လူသားတွေရဲ့စိတ်ကို မကောင်းမှုမှာ အမြဲပျော်မွေ့အောင်
ကျွန်တော့်ရဲ့စိတ်စွမ်းအင်နဲ့ လှည့်စားပေးရသူတစ်ဦးဆိုလည်း မမှားပါဘူး …

# DEMON



## Demon :

ဖခင် စေတန်ရဲ့နိုင်းစေမှုကြောင့်
ဘုရားသခင်ရဲ့သမီးတော်တစ်ပါးကို ကိုယ့်ဘက်ပါလာအောင်
ပြုစားဖို့ ကောင်းကင်နိုင်ငံတော်ကို ရောက်လာရခြင်းဖြစ်ပါတယ်။
ဒါပေမဲ့...
သူ့မျက်နှာကို စတင်မြင်တွေ့လိုက်တဲ့ အချိန်မှာ အရာရာကို
ပြုစားနိုင်တဲ့ ကျွန်တော်ဟာ သူ့ရဲ့အကြည့်တစ်ချက်နဲ့တင်
ပြန်လည်ပြုစားခံလိုက်ရသလို ဖြစ်သွားခဲ့ရပါတယ်...

## Angel :

ကျွန်မလက်ကို သူစတင်ဆုပ်ကိုင်လိုက်ချိန်မှာ
လျှပ်စစ်နဲ့ ထိတွေ့လိုက်ရသလိုမျိုး ကျွန်မတစ်ကိုယ်လုံး တုန်ယင်လှိုက်မောသွားခဲ့ရပါတယ်။
သူ့ရဲ့အကြည့်တွေက အေးစက်သလောက် သူ့ရဲ့အပြုံးတွေက ကျွန်မကို နွေးထွေးစေပါတယ်...
သူဘယ်သူလည်း ကျွန်မ မသိပါဘူး။ ဒါပေမဲ့...
ကျွန်မဘဝမှာ မမေ့နိုင်တဲ့ အမှတ်တရတစ်ခုကို ခဏတာအချိန်လေးအတွင်းမှာ
သူကျွန်မအတွက် ဖန်တီးပေးခဲ့ပါတယ်...

Asian Fame Media Group



Demon :

ဘာလည့်စားမှုမှမပါဘဲ သူ့ကိုရိုးသားစွာ
ကျွန်တော် ချစ်ခွင့်ပန်ခဲ့ပါတယ်။
ကျွန်တော့်ရဲ့ဘဝအမှန်ကိုလည်း ပြောပြရင်းပေါ့...
အဲ့ဒီမှုတွေနဲ့အတူ တဆက်ဆက်တုန်ခါနေတဲ့ သူ့နှုတ်ခမ်းကို
ငြိမ်လည်ဖို့ကိုက်ရင်း မျက်ရည်စက်တွေနဲ့ အတူ ကျွန်တော့်အချစ်ကို
သူလက်ခံခဲ့ပါတယ်၊ သူကျဆင်းခဲ့တဲ့ မျက်ရည်တွေဟာ
ကောင်းကင်နိုင်ငံအတွက် ခွဲခွာခြင်း မျက်ရည်တွေဆိုတာ
သူမပြောပြပေမယ့် ကျွန်တော့်ရင်ထဲက အလိုလိုနားလည်ပါတယ်...

Asian Fame Media Group

## ANGEL

အချစ်ဟာ ...
ပေးဆပ်ခြင်းလားရယူခြင်းလား ဆိုတာ ကျွန်မ မသိပါဘူး
သူ့အနမ်းကို လက်ခံလိုက်ရင် နတ်သမီးတစ်ပါးရဲ့ဘဝကို
အပြီးတိုင်စွန့်လွှတ်ရမယ်ဆိုတာ သိရက်နဲ့
သူ့အနမ်းကိုလက်ခံဖို့ ကျွန်မဆုံးဖြတ်ခဲ့ပါတယ်။
ဒါဆိုရင်တော့...
အချစ်ဆိုတာ ကျွန်မအတွက် ပေးဆပ်ခြင်း သက်သက်လို့
အဓိပ္ပာယ် ဖွင့်ဆိုရင် မှန်နိုင်မလား ?...

## DEMON

မကောင်းဆိုးဝါး တစ်ယောက်ရဲ့အနမ်းဟာ
ဘယ်သူ့အတွက်မှ မချိုမြိန်နိုင်ပါဘူး။ ဒီလို မချိုမြိန်တဲ့ အနမ်းမျိုး
ကျွန်တော်အရမ်းချစ်ရတဲ့ ချစ်သူကို ပေးရမှာလား ?

အရာရာပြည့်စုံတဲ့ ကောင်းကင်နိုင်ငံတော်ကိုတောင်
စွန့်လွှတ်ခဲ့တဲ့ ချစ်သူကို ဘယ်တော့မှ ပေးမှာ မဟုတ်ပါဘူး၊
သူဟာ ကောင်းကင်ဘုံနဲ့ပဲ အမြဲထိုက်တန်တဲ့သူပါ။



Asian Fame Media Group
MEDIA GROUP

*Music+Yati*

# ပုရွက်ဆိတ်အုံထဲ အချဉ်အုပ်ထားတဲ့သကြားလုံးတွေ ပစ်ကျွေးခဲ့သူ

# ဝေလ

Zigzag

၂၄နာရီ ဖွင့်လှစ်ထားတဲ့ အကြီးစား လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်ရှေ့၊ တိုက်ခန်းတွဲတွေ တသီတတန်းကြီး၊ မုဒိတာအိမ်ရာ။ ပထမဆုံးတွေ့တဲ့ လှေကားရင်းမှာ ခေတ်လှေကားတစ်စင်း၊ မြားနီလေးပေါ် အောင်နိုင်၊ ခဏစောင့်၊ ပွင့်သွားတဲ့ တံခါးကနေ လူတချို့ ထွက်လာ။ အထဲက လူတချို့ အပြင်ထွက်၊ အပြင်က လူတချို့ အထဲဝင်။ ထောင့်မှန်စတုဂံပုံးလေး။ လူတချို့ကတက်၊ လူတချို့က ဆင်း၊ အဝင်အထွက်၊ အဆင်းအတက်၊ လူတွေ ဒါပဲလုပ်နေကြတယ်။ ဒီလိုပဲ ဖြစ်ပျက်နေကြတယ်။ ထောင့်မှန်စတုဂံပုံးလေးထဲ ခြေထောက်တွေ ရွှေ့ဝင်လိုက်တယ်၊ ဆယ်ကျော်သက် ချာတိတ်လေး နှစ်ယောက်နဲ့ ကိုယ်နံပါတ် တစ်ခုတည်းကို ဖြိုင်တူနှိပ်မိကြတယ်။ နံပါတ် ၆။



Asian Free Media Group

"အော် ဖလွှာကိုပဲ သွားမှာလား"

တစ်ယောက်က 'ဟုတ်ကဲ့'၊ တစ်ယောက်က ပိုပြီးတိကျတဲ့အဖြေ ပေးရဲ့။

"သွားမှာမဟုတ်ဘူး၊ ဒီမှာပဲ နေတာဗျ"

"ဟုတ်လား၊ ဘယ်အခန်းလဲ"

" 739 "

ကိုယ်သွားမယ့်အခန်းက '734' နီးတယ်။ အထပ်အလွှာ တစ်ခုတည်း။ သူ့ကို ကောင်းကောင်း သိမှာပဲ။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးပြီး မေးလိုက်တယ်။

" ဝေလ ကိုသိလား"

ဆောင့်မှန်စတုဂံပုံးလေး ၆ ဂဏန်းမှာ ရပ်သွားတယ်။ တံခါးနှစ်ချပ် ဘေးတိုက်ရွှေ့ကာ ပွင့်သွားတယ်။

"မသိဘူးဗျ"

ဒါမြို့တော်ရန်ကုန်ပဲ။ ဒါမြို့ကြီးသားစစ်စစ်တွေရဲ့ စတိုင်ပဲ။ အခန်းချင်းကပ်ပေမယ့် တစ်ယောက်က တစ်ယောက်ကို မသိကြဘူး။ မသိချင်ဘူး၊ သိဖို့မလိုဘူး။ ကိုယ့် ဇယားကွက် နဲ့ကိုယ် ခြေလှမ်းတွေ ရှုပ်ယှက်ခတ် လိမ်ကျစ် လှုပ်ရှားနေကြတယ်။ ဘယ်ကို ချိုးကွေ့၊ အစွန်းဘက် ရောက်လု ရောက်ခင်၊ တံခါး ခေါက် အသံပြုစရာ အထွေအထူး မလို၊ စိတ်တံခါးဖွင့်လို့ အသင့်စောင့်ကြိုနေတဲ့ လူငယ်တစ်ယောက်၊ ဝေလ။

သာမန်မိသားစုဘဝထဲက လူသားတစ်ယောက်၊ ညီအစ်ကို လေးယောက်မှာ တတိယမြောက်လူ၊ ဘဝထဲမှာ ရုန်းကန်လှုပ်ရှားရင်း ကိုယ်ဝါသနာပါရာကိုယ် ဖောက်ချလုပ်ခဲ့ရတယ်လို့ အပြုံးချိုချိုနဲ့ သူ ပြောပြတယ်။


" အဖေက သူ့သူငယ်ချင်းတွေနဲ့ ပလေးဘွိုင်းသန်းနိုင် သီချင်းတွေကို နေ့တိုင်းနီးပါး အိမ်မှာ ဂစ်တာဝိုင်းဖွဲ့ပြီး တီးကြတယ်ဗျ။ ဒီတော့ ငယ်ငယ်ကတည်းက သီချင်းတွေနဲ့ ရင်းနှီးနေခဲ့တယ်။ ကျွန်တော်က အဖေ့တူသားဆိုတော့ သီချင်းကို ချစ်တဲ့စိတ်ကရာနှုန်းပြည့်ပဲ အဖေ့ဆီက အမွေရခဲ့တယ်"

ငယ်ဘဝမှာ သီချင်းကို ဘယ်လောက်ပဲ ချစ်ချစ်၊ ကြီးပြင်းလာချိန်မှာ လက်တွေ့အကောင်အထည်ဖော်ဖို့ ခက်လှတယ်။ သူ့ဂီတသမားဘဝကို ဘယ်လိုများ ပုံဖော်ခဲ့ပါလိမ့်။

"၉၉-၂၀၀၀ လောက်က ပထမဆုံးလုပ်ဖြစ်တဲ့ အယ်လ်ဘမ်ရှိတယ်။ မထွက်ဖြစ်လိုက်ဘူး။ ကျောက်ကုန်းဘက်က YDR စတူဒီယိုမှာ လုပ်ဖြစ်တာ၊ လုပ်ရင်း အဆင်မပြေတော့ ယဉ်ကျေးမှုတက္ကသိုလ်က စတူဒီယိုမှာ ဆက်လုပ်တယ်။ အဲဒီအချိန်တုန်းက အခက်အခဲ အကြီးစားက မီးပျက်တာပဲ။ vocal ဆိုနေတုန်းတန်းလန်းကြီးမီးပျက်တော့ အကြာကြီးစောင့် ရတယ်။ မလာတော့ဘူးထင်လို့ အိမ်ကိုပြန်၊ အိမ်ပြန်ရောက်တော့ မီးကပြန်လာ၊ စတူဒီယိုပြန်ပြေးရ၊ ဟိုရောက်ပြီး ဆိုမယ်လုပ်တော့ မီးက ပြန်ပျက်နဲ့၊ မီးစက်တွေ မရှိတော့ သီချင်း ၇၊၈ပုဒ်ကို အချိန်တွေ အကြာကြီးစောင့်သွင်းခဲ့ ရတယ်။ နောက် ဇော်ဇော် ဆိုတဲ့ သူငယ်ချင်း တစ်ယောက်နဲ့ အတွဲခွေလုပ်လိုက်သေးတယ်။ Max မှာ၊ ဒါလည်း မထွက်ဖြစ်လိုက်ဘူး"

အခုလည်း မီးပျက်ခြင်းက ပြည်သူလူထုအတွက် အကြီးစားအခက်အခဲ ကြီးဖြစ်နေတုန်း။ အသံသွင်းစတူဒီယိုတွေမှာတော့ ကိုယ်ပိုင် မီးစက်တွေ တဖောင်းဖောင်းဖွင့်၊ ဟန်ကျပန်ကျဖြစ်နေပြီထင်ရဲ့။ မထွက်ဖြစ်ခဲ့တဲ့ အယ်လ်ဘမ်တွေအကြောင်း ပြောပြချိန်မှာ သူ့မျက်လုံးတွေက အတိတ်ကိုရှမ်းရော်လို့ ဆွေးမြိုင်သမ်းလာသလို၊ အမှန်အကန်ထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်အကြောင်း ပြောချိန်မှာတော့ သူ့မျက်လုံးတွေက ကျေနပ်အားရတဲ့ ပီတိအရိပ်တွေ လွှမ်းခြုံလို့။

" ကိုထူးအယ်လင်း ရဲ့ 'လူသားဘဝ'အယ်လ်ဘမ်မှာ 'နှင်လို'ဆိုတဲ့သီချင်းရေးပေးရင်းနဲ့ သီချင်းရေးတာကို ဈာန်ဝင်သွားတယ်။ သီချင်း ၆ပုဒ်လောက်နဲ့ စလုပ်ဖြစ်တယ်၊ အချောမတီးခင် demo တွေကို ကိုထူးအယ်လင်းအိမ်မှာပဲ ကိုညီညီအောင်နဲ့တီးတယ်။ '၁၉၈၂' အယ်လ်ဘမ်ထွက်ဖို့ကို လေးနှစ်လောက်ကြာ သွားခဲ့တယ်။ သူများတွေအတွက် သီချင်းရေးပေးလိုက်၊ ပေးရေးခငွေစုပြီး ဒီအယ်လ်ဘမ်ထဲ ထည့်လိုက်နဲ့ ဖြည်းဖြည်းချင်းစောင့်လုပ်ရတယ်၊ သီချင်းတွေလည်း မကြိုက်ရင်ပြန်ဖြုတ်လိုက်၊ အသစ်ပြန်တီးလိုက်နဲ့ အချိန်က တုန်မှန်းမသိ တော်တော်ကုန်သွားတယ်။ အဲဒီအချိန်တွေမှာ စိတ်ရောကိုယ်ပါ အများကြီးအကူအညီပေးခဲ့တဲ့ ကိုညီညီမောင်ကြောင့်သာ ကျွန်တော့် အယ်လ်ဘမ်က ကောင်းကောင်းမွန်မွန်ထွက်ဖြစ်ခဲ့တာ။ သူ့ကို အရမ်းကို



Asian Fame Media Group

ကျေးဇူးတင်တာပဲဗျာ"

သူဟာ ကျေးဇူးတရားကို မမေ့တတ်တဲ့သူ။ ခမ်းနားထည်ဝါတဲ့ အသံနဲ့ သီချင်းတွေကို စေးစေးပိုင်ပိုင် ဆိုနိုင်စွမ်းသလို သီချင်းတွေကို professionalကျကျ ရေးနိုင်စွမ်းခဲ့သူ။ ပထမအယ်လ်ဘမ်မှာ အောင်ဖြိုးနဲ့ ကိုထက်တို့ ရေးတဲ့ 'လူနာ'သီချင်းတစ်ပုဒ်ကလွဲပြီး သီချင်း၁၁ပုဒ် လုံးကို သူတစ်ယောက်တည်း ခံစားမှုအရှိန်အဟုန်အားကောင်းကောင်းနဲ့ ဖန်တီးရေးဖွဲ့ခဲ့တယ်။ သီချင်းအားလုံးထဲမှာမှ သူ့အတွက် အမှတ်တရအဖြစ်ဆုံး သီချင်းတစ်ပုဒ်လည်း ရှိနိုင်ကောင်းရဲ့။ ဘယ် သီချင်းပါလိမ့်။

" အခန်းပျက်သတို့သား၊ ဒီသီချင်းကတော့ ကျွန်တော့်အတွက် အမှတ်တရဖြစ်သွားခဲ့တဲ့ သီချင်းပဲဗျ။ ပထမအယ်လ်ဘမ် စသွင်းတုန်းက အဲဒီသီချင်းကို စတူဒီယိုထဲ အရင်ဦးဆုံး သွင်းဖြစ်ခဲ့တာ။ Lyrics ထဲကလို ဘာဘာညာညာ ခံစားမှုတွေတော့ မရှိပါဘူး"

မင်္ဂလာခန်းမထဲရပ်စောင့်၊ လူဘုံအလယ် ကြေကွဲကျန်ရစ်၊ အရှုံးမီးပိုင်းဖြစ်ရတဲ့ သတို့သားတစ်ယောက် သူဘယ်တုန်းကမှ ဖြစ်ခဲ့ဖူးပုံ မရပါဘူး။ သူ့အနာဂတ်က အဲဒီသီချင်းနဲ့မတူ၊ လုပခမ်းနားနေမှာ သေချာနေသေးတော့။ သူ့အနာဂတ် ခမ်းနားသလို သူ့အာရုံကို ချုတ်ချော် တိမ်းမှောက်လုခမန်း ဆန်းဆန်းပြားပြား ဖမ်းစားတတ်တဲ့ ဂီတသူရဲကောင်းတွေ ရှိနေမှာလည်း သေချာလှတယ်။

" တော်တော်များများကတော့ ကျွန်တော့်အတွက် ဂီတသူရဲကောင်းတွေချည်းပါပဲဗျာ။ Jason Marz, Muse, Cold Play, Keane, Funစသဖြင့်ပေါ့"

သူ့အာရုံကို ဖမ်းစားတဲ့သူရဲကောင်းတွေက နယ်နိမိတ်စည်းတစ်ဖက်က လူမျိုးကွဲတွေပဲလား။ လူမျိုးခြားကို အထင်ကြီးစိတ် သူ့မှာ သက်ဝင်လွှမ်းကဲနေပြီလား။ ယုံကြည်စူးနစ်တဲ့ မျက်ဝန်းတောက်တောက်တွေနဲ့အတူ တစ်လက်စတည်း ဆက်ပြောလာတဲ့ သူ့စကားတွေက ဖုတ်ခနဲဝင်မိတဲ့ အတွေးတစ်စကို တွန်းတိုက်ဖြိုလှဲ ပစ်လိုက်တယ်။ အပြစ်တင်စောမိတဲ့အတွက် ခဏငယ်လေး နောင်တရရင်း ငြိမ်လို့ နားထောင်ခဲ့ရတယ်။

" မြည်တွင်းမှာဆိုရင်တော့ ဂီတသူရဲကောင်းက ကိုအယ်ဖြူပဲဗျ။ ကျွန်တော့် အမြင်မှာ သူရေးတဲ့သီချင်းကို သူကိုယ်တိုင်ဆိုတာ နားထောင်ရတာ ရေတော်နေတဲ့လူတစ်ယောက်ကို ရေတိုက်လိုက်ရတဲ့ သူရဲ့ပီတိမျိုးလိုပဲ၊ ဝမ်းသာကျေနပ်မှုတွေ အတိုင်းမသိ ရစေတယ်ဗျာ"

သူဟာ ဂီတအရာမှာ gender ခွဲခြားနားထောင်တဲ့ လူစားမျိုးလား၊ အမျိုးသမီးတွေဆို အထင်မကြီးတတ်တဲ့ ပုရိသ တစ်ဦးလား၊ ဒီလိုတော့လည်း မဟုတ်ပါဘူး။ ရတနာဦး၊ တင်ဇာမော်၊ အေးချမ်းမေ၊ မဒီ တို့ရဲ့အသံအနေအထား၊ ဆိုဟန်တွေကို သူနှစ်သက်တယ်လို့ ရယ်ရယ်မောမော ဝန်ခံပြောပြခဲ့တယ်။

" ပြည်ပမှာဆို Lily Allen, Lenka , Eliza Doolittle သူတို့ကိုလည်း ကြိုက်သေးတယ်ဗျ"

အဆိုသမားတွေအတွက် အဓိကလိုအပ်ချက်က ဘာများဖြစ်မလဲ၊ သူ့ သဘောထားအမြင်ကိုလည်း သိချင်သေးတယ်။

" အဓိကက mood ကောင်းဖို့ပဲဗျ။ mood မကောင်းရင် သီချင်းတစ်ပုဒ်က ရုပ်လုံးမပေါ်ဘူး။ ကျွန်တော်ပြောချင်တာက ရင်ထဲကနေ စီးဆင်းထွက်ကျလာတဲ့ moodမျိုး"

ဇလာချည်နှလုံးသားတွေကိုအတင်းအဓမ္မ ဖျစ်ညှစ်ကိုင်လှုပ်ပြီး တမင်လုပ်ကြံဖန်တီး ထုတ်လိုက်တဲ့ အသံတုမျိုးကို သူနှစ်မြို့ပုံ မရဘူး။ ဒီမှာတော့ အဲဒီလို ဖျစ်ညှစ်လုပ်ဆိုလေ့ရှိတဲ့ အသံမျိုးက အံ့ဩစရာ ရေပန်းစားနေတာလည်း တွေ့နေရတယ်။ ဒါပြင့် ဝေလဆိုတဲ့ လူငယ်အဆိုသမားတစ်ယောက်ရဲ့ အနေအထားကရော ဘယ်လိုရှိမလဲ။ Stage Showတိုင်းမှာ ဆိုရရင်ပြီးရော လူတွင်ကျယ်လုပ်ပြီး သံကောင်းဟစ်ဆို ဖွတ်နေရောယူသူတော့ မဟုတ်ခဲ့ဘူး။ ရှားရှားပါးပါး ပြီးခဲ့တဲ့ သကြိန်က နေပြည်တော် ACEမဏ္ဍပ်မှာ သူ့ကို ရိုးတိုးရိပ်တိပ်လေး မြင်ခဲ့ဖူးတယ်။ သီချင်းတွေဆိုတဲ့နေရာမှာ မီးကုန်ယမ်းကုန်ပစ်လွှတ်ခဲ့ပေမယ့် အောင်မြင်မှုနဲ့ပတ်သက်ရင်တော့ သူဟာ လောဘစိတ်နည်းလှတဲ့ ခပ်အေးအေးလူ။

"ပြောရရင် ကျွန်တော့်အယ်လ်ဘမ်က ဝုန်းခနဲပေါက်ကွဲထွက်မသွားပေမယ့် ဒီသီချင်းတွေအတွက် အများကြီး ပင်ပန်းခဲ့ရတဲ့ ကျွန်တော့်ရဲ့ပင်ပန်းမှုတွေကို ချွေးသိပ်ပေးနိုင်တဲ့ ပရိသတ်တချို့တလေတော့ တကယ်ရခဲ့တယ်ဗျ။ ကျွန်တော့်သီချင်းတော်တော်များများက 'သရဲသကြားလုံး'နဲ့တူတယ်။ အချိန်ကြာကြာ တစိမ့်စိမ့်ငုံထားပါမှ အထဲမှာ အချိုရှိမှန်း သိလာနိုင်တာမျိုးပါ။ တကယ်တော့ ကျွန်တော်က ပုရွက်ဆိတ်အုံထဲကို အပေါ်ယံအချဉ်အုပ်ထားတဲ့ သကြားလုံး ပစ်ထည့်လိုက်သလိုပါပဲ။ တော်တော်များများက မစားဘဲ ရှောင်သွားကြတာ၊ ကျွန်တော် လောဘမကြီးချင်ဘူး၊ လိုချင်တပ်မက်မှုတွေများလာတဲ့အခါ သိက္ခာဆိုတာ ပါးပါးလေးပဲ ကျန်သွားမှာ စိုးမိလို့ပါ"

လောဘစိတ်နည်းလှတဲ့ ရှေ့ကလူကို ငေးကြည့်ရင်း စဉ်းစားမိသွားတယ်။ ကမ္ဘာကြီးမှာ ဒီလို ခပ်အေးအေးလူတွေချည်းသာ ပြည့်နှက်နေမယ်ဆိုရင် Peace ဆိုတဲ့အရာကို အာသာငမ်းငမ်း ရှာဖွေနေရဖို့ အကြောင်းမရှိဘူးလို့ပေါ့။ ခုတော့ မာန်မာန အတ္တတွေနဲ့ ငါမှငါ ထိပ်ဆုံးရောက်ချင်စိတ်တွေ၊ အောင်မြင်မှုနဲ့အတူ တစ်စတစ်စ ပါးလျလာတဲ့ ကိုယ်ကျင့်သိက္ခာ၊ အပူမီးတောက်



လောင်နေတဲ့ကမ္ဘာ ထဲမှာ၊ ဘာပဲဖြစ်ဖြစ် ဂီတလောကအပေါ် ဒီဂီတသမားလေးရဲ့အမြင်က တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာ ကောင်းခဲ့တယ်။

" ကျွန်တော့်အမြင်မှာတော့ မီးတောက်အကြီးကြီးတွေ တောက်လောင်နေတဲ့ ကောက်ရိုးပုံတချို့ကိုတွေ့ရတယ်။ ဒါပေမဲ့ အရာရာတိုင်းက သူ့တန်ဖိုးနဲ့ သူရှိနေမှာပါ"

သေချာပါတယ်၊ သူဟာ နားထောင်သူ ဂီတပရိသတ်တွေရဲ့အလယ်ကို တစိမ့်စိမ့်နဲ့ တိုးဝင်လာတဲ့ သူ။ ဖွဲမီးလို တစစနဲ့ နှလုံးသား တွေကို လောင်ကျွမ်း လွှမ်းရစ်စေမယ့် လူ။

အခန်းနံပါတ် B - 734ကနေ မြေညီထပ်ကို ပြန်ဆင်းလာ၊ တိုက်တာအဆောက် အဦ အရိပ်အာဝါသ လွတ်လိုက်တာနဲ့ ခေါင်းပေါ်မှာ နေမင်းက ချစ်ချစ်တောက်ပူလို့. . . ။

Zigzag




တစ်စတစ်စတိုးတက်လာတဲ့ ခေတ်ကြီးထဲမှာ လူချင်းဝေးနေပေမယ့် စိတ်ချင်းဆက်သွယ်နေတာထက် အနီးဆုံးအသံကိုကြားနေရတဲ့ ခေတ်ကြီးဖြစ်လာခဲ့ပါပြီ။ အသံချင်းနီးနိုင်ပေမယ့် အချိန်တိုင်း အသံမကြားနိုင်ရာကနေ အချိန်တိုင်း စက္ကန့်တိုင်းအသံကြားလာနိုင်တဲ့ Hand Phone လေးတွေကလည်း နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးထဲမှာ ဆန်းသစ်မှုတွေနဲ့အတူ လူတွေကြားထဲ ခုန်ပေါက်ကာ ရောက်ရှိလာခဲ့ပါပြီ။ ဒီအထဲမှာမှ Sony Xperia Z ဆိုတဲ့ နောက်ဆုံးပေါ် Handset လေးအကြောင်းကို ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

Sony Xperia Z ကို 2013 January မှာကြေညာခဲ့ပြီး ဈေးကွက်ထဲကိုတော့ ၂၀၁၃ February မှာ ရောက်ရှိခဲ့ပါတယ်။ Sony Xperia Z ဟာ Android OS ဖုန်းအမျိုးအစားဖြစ်ပြီး Version 4.1.2 (Jelly Bean) ကို သုံးထားပါတယ်။ OS Version 4.2 အထိ upgrade လုပ်နိုင်ပါတယ်။ Network အနေနဲ့ 2G, 3G,4G (GSM),Micro SIM ဖြစ်ပါတယ်။ ဖုန်းပုံစံက ထောင့်မှန်စတုဂံပုံဖြစ်ပြီး အရွယ်အစားအနေနဲ့ (5.47x2.80x0.31 in), Screen Size ကတော့ 5 inches နဲ့ အလေးချိန်ကတော့ 146 g ရှိပြီး ဖုန်ဒဏ်၊ ရေဒဏ်ကိုလည်း ခံနိုင်စွမ်းရှိပါတယ်။ သူ့ရဲ့ထူးခြားချက်ကတော့ ရေအနက် ၁ မီတာထဲမှာ မိနစ် ၃၀ ကြာထားရင်တောင် နဂိုအတိုင်း ပြန်လည်အသုံးပြုနိုင်ပါတယ်။ Multitouch စနစ်ပါဝင်ပြီး လက် ၁၀ ချောင်းအထိ touch လုပ်လို့ရနိုင်ပါတယ်၊ Camera lens ဟာ ရေစိုခံပြီး Screen glass ဟာလည်း (Scratch)မှာပြီးအကြမ်းခံပါတယ်။

Memory ပိုင်းမှာဆိုရင်လည်း Internal အနေနဲ့ 16GB, 2GB RAM ပါရှိပြီး SD Card 64GB အထိ up to လုပ်နိုင်ပါတယ်။ Bluetooth 4.0, USB 2.0 Micro USB ဖြစ်ပြီး Camera အနေနဲ့ 13.1 MP, Front Camera ကတော့ 2.2 MP ပါရှိပါတယ်။ Sony BRAVIA Engine 2 ကို သုံးထားတဲ့အတွက် ရုပ်ထွက်ပိုကောင်းမွန်ပါတယ်။

**ပိုးသောက်ကြယ်**


IT
Generation
မော်ဒယ် - ကိုတ်မိရှ
ဓါတ်ကင် - မငေ
ဝတ်စုံ - KOOL Fashion
တတ်ပုံ - ယော်ကွန်းသစ်
Location - မင်္ဂလာဒုံစစ်သင်္ချိုင်း
SONY
XPERIA
Asian Fame Media Group
MEDIA GROUP




Asian Fame Media Group



ချစ်သောရတီပရိသတ်ကြီးရေ..
လစဉ်ပုံမှန်တင်ဆက်ပေးနေကျဖြစ်တဲ့
Audience of Celebrities'
Choice ကဏ္ဍလေးက ရောက်ရှိလို့
လာပြန်ပါပြီနော်။ လူတိုင်းအတွက်
အခွင့်အရေး ဆိုတာ သူ့နေရာနဲ့သူ
ရှိနေတတ်ပါတယ်။ အနုပညာလောကကို
စတင်အခြေချဝင်ရောက်လာတော့မယ့်
မျိုးဆက်သစ်လူငယ်တွေအတွက်
ဒီကဏ္ဍလေးက အခွင့်အရေးတစ်ခု
ဆိုရင်လည်းမမှားလောက်ပါဘူးနော်။
အခွင့်အရေးတစ်ခုကိုလက်လွှတ်မခံဘဲ
ကြိုးစားခဲ့တဲ့မနွေလေးသျှ အိမြတ်မှုန်ကတော့
သူချစ်တဲ့အနုပညာရှင်နဲ့တက်ပုံတွဲရိုက်ပြီး
စကားတွေပြောခွင့်ရခဲ့သလို
နောက်လမှာလည်းအခွင့်အရေးတစ်ခုကို
ဘယ်သူကရယူပိုင်ဆိုင်နိုင်မလဲ
ဆိုတာကိုစောင့်ကြည့်ရင်းဖြင့်……

# AUDIENCE OF CELEBRITIES' CHOICE

A1 Fame Media Group
MEDIA GROUP



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP


Asian Online Media Group



Audience - အစ်မမှာ မောင်နှမဘယ်နှယောက်ရှိလဲ။

Celebrity - ၃ ယောက်ရှိတယ် ညီမ။ အစ်မက အလတ်ပါ။ အစ်ကိုကြီးနဲ့ မောင်လေးရှိတယ်။

Audience - ဪ . . ဒါဆို ညီမနဲ့တူတူပဲပေါ့။ အစ်မက ကျောင်းတက်နေတုန်းလား။

Celebrity - အစ်မက E-major နဲ့ ကျောင်းပြီးသွားပြီ။ အခု ဘွဲ့လွန်ဆက်တက်နေတာပေါ့နော်။

Audience - အဲဒါဆို အစ်မက တော်တာပေါ့နော်။ အစ်မအနေနဲ့ ဇာတ်ကားတွေရိုက်ဖို့ရော အစီအစဉ်ရှိလား။

Celebrity - တစ်ကားတော့ ရိုက်တယ်။ နောက်ပိုင်းမှာ အဆင်မပြေတော့ မရိုက်ဖြစ်တော့ဘူး။ ကိုယ့်ရဲ့ဝါသနာအရင်းခံမဟုတ်တော့ အဆင်မပြေဘူးဖြစ်နေတာပေါ့နော်။ သီချင်းဆိုတာကျတော့ ဝါသနာအရင်းခံနေတော့ ဘယ်လောက်စိတ်ညစ်ရ စိတ်ညစ်ရ စိတ်ညစ်ခံနိုင်တယ်။ ဒီအလုပ်တွေက ဝါသနာအရင်းခံမှ သည်းခံနိုင်တာလေ။

Celebrity - ညီမအနေနဲ့ အစ်မနဲ့အတူ ဓာတ်ပုံတွဲရိုက်ဖို့ ဘယ်လိုကြောင့် form တင်ဖြစ်ခဲ့တာလဲ။

Audience - အစ်မကို ချစ်လို့ပါ။ ညီမကို အဒေါ်တွေ၊ ဦးလေးတွေက အိမ့်ချစ်နဲ့တူတယ်ဆိုပြီး ပြောကြတယ်။ ပြီးတော့ အစ်မရဲ့ပုံစံက ချစ်စရာကောင်းပြီး ပဲလည်း မများဘူး။ VCD တွေမှာ သရုပ်ဆောင်ရင်လည်း ကလေးအထာနဲ့ သရုပ်ဆောင်တဲ့ပုံစံလေးတွေကို ကြိုက်တယ်။

Celebrity - ဆင်တော့ ဆင်တယ်။ ရုပ်ကလည်း ခပ်ဆင်ဆင်ပဲဆိုပြီး တွေးမိတယ်။ အရမ်းကြီး size ဟနေပြီး ရုပ်အရမ်းဟနေရင် ညှိရတာ ခက်တယ်လေ။ အခုကျတော့ အရွယ်တူ၊ size တူဆိုတော့ ရိုက်ရတာ အဆင်ပြေတယ်။ ညီမလေးရော ရိုက်ရတာ အဆင်ပြေလား။ ပြီးတော့ အစ်မကို ဘယ်လိုမြင်လဲ။

Audience - အစ်မက ပွင့်လင်းဖော်ရွေတယ်။ ဓာတ်ပုံရိုက်တဲ့အချိန်မှာ လုပ်နေတဲ့ပုံစံတွေက ရုပ်ဆိုးသွားမလားဆိုပြီး တွေးတာမျိုးမရှိဘဲ လုပ်ရဲတယ်ပေါ့နော်။ မျက်နှာကလည်း အရမ်း sweet ဖြစ်တယ်။

Celebrity - ညီမက ကျောင်းပြီးပြီလား။

Audience - မပြီးသေးပါဘူး။ မြန်မာစာ တတိယနှစ်တက်ရမှာလေ။ ကျောက်စာတွေ ဖတ်ရတယ်။ စာတွေလည်း အရမ်းများတယ်။ ၁၀ တန်းထက်တောင် ပိုကြိုးစားရတယ်။

Celebrity - ဘွဲ့ရအောင်လုပ်တာတော့ အကောင်းဆုံးပါပဲ။ အခုခေတ်က အနည်းဆုံး ဘွဲ့ရမှ ဆိုတဲ့သတ်မှတ်ချက်တစ်ခု ရှိတယ်လေ။ အိမ့်ချစ်ဆိုရင် ငယ်ငယ်ကတည်းက သချာဆို အရမ်းညံ့တယ်။ ဒါပေမဲ့ တစ်နှစ်တစ်တန်းတော့ အောင်အောင်လုပ်ခဲ့တယ်။ တက္ကသိုလ်ဆိုရင် အစ်မက တစ်နှစ်နောက်ကျပြီး တက်ခဲ့ရတယ်။ Computer တက္ကသိုလ်ပထမနှစ်တက်ခဲ့တယ်၊ တက်ပြီးတော့မှ အနုပညာအလုပ်လည်း လုပ်တော့ ဘယ်လိုမှ ကျောင်းခေါ်ချိန် မပြည့်ဘူးဖြစ်နေတယ်။ ကျောင်းက ဆရာမကလည်း ကျောင်းခေါ်ချိန်မပြည့်ရင် "နင့်ကို စာမေးပွဲပေးမဖြေဘူး" လို့ အမြဲတမ်းပြောတယ်။ အလုပ်တစ်ဖက်နဲ့ ကျောင်းတက်ရတာဖြစ်တဲ့အတွက် ကျောင်းဖက်မှာ နည်းနည်းအားနည်းသွားတာတွေ ရှိတာပေါ့နော်။ Emajor ကိုပြောင်းတော့ စာမေးပွဲဖြေမယ့်အချိန်နဲ့ကပ်နေလို့ တစ်နှစ်အောက်လိုက်ရတယ်။ Emajor ပြောင်းလိုက်တဲ့အခါမှာတော့

Asian Fame Media Group

တစ်နှစ်တစ်တန်းပဲ အောင်အောင်မြေခဲ့တယ်။

Audience - အစ်မက အစ်မအဖေဦးချစ်ကောင်းနဲ့ တူတယ်နော်။

Celebrity - အင်း ဟုတ်တယ်။ အဖေနဲ့ ပိုတူတယ်။ အသားတော့ နည်းနည်းပိုဖြူတယ် မဟုတ်လား (ရယ်လျက်)၊

Audience - အစ်မစိတ်ညစ်တဲ့အခါမှာ ဘယ်လိုမျိုးစိတ်ကို ဖြေဖျောက်လဲ။

Celebrity - အစ်မက အရင်ကတည်းက မိဘဆုံးမတာကိုလည်း လက်ခံတယ်၊ ကိုယ့်ဘာသာကိုယ်လည်း ဆုံးမတယ်။ ဘုရားများများ ရှိခိုးတယ်။ ဘုရားရှိခိုးပြီး စိတ်ညစ်တာတွေကို ပြောတယ်။ ဘုရားစာ များများရွတ်တယ်။ အဲဒီအခါကျတော့ စိတ်က တည်ငြိမ်တယ်၊ အေးချမ်းတယ်။ သူငယ်ချင်းတွေနဲ့ တွေ့တာတွေလည်း ရှိတယ်။

Audience - အခုလက်ရှိမှာ အနုပညာအလုပ်တွေကို လုပ်နေတဲ့လူငယ်တွေကို အကြံပေးပါဆိုရင် . . .

Celebrity - အနုပညာအလုပ်လုပ်မယ်ဆိုရင် ကြိုးစားမှုနဲ့ ကံ၊ စန်းတွေလိုအပ်တယ်။ အစ်မက ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်တဲ့အတွက် ကံနဲ့ပါရမီကို အယုံအကြည်ရှိတယ်။ နဂိုဘဝရဲ့ အတိတ်ကံကိုက ဒီအချိန်မှာ ဒါဖြစ်ရမယ်ဆိုပြီး ပါလာတာတွေရှိတယ်လေ။ ဒီလိုမျိုးပြောတာကတော့ လူငယ်တွေကို စိတ်ဓာတ်ကျအောင် ပြောတာတော့ မဟုတ်ပါဘူး။ အစ်မလည်း စိတ်ဓာတ်ကျခဲ့ရတာတွေ ရှိခဲ့တာပဲလေ။ အစ်မအနုပညာအလုပ်လုပ်တာ ၈ နှစ်ရှိသွားပြီ၊ ၈ နှစ်အတွင်းမှာ နေရာဘယ်လောက်ရပြီလဲလို့ မေးကြည့်လိုက် အစ်မမှန်းသလောက် မရသေးဘူး။ အစ်မဖြစ်ချင်တဲ့နေရာလည်း မရောက်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကံက သူများလောက်မပါလာလို့လေ။ သူများတွေက မနေ့တစ်နေ့ကမှလုပ်ပြီး အောင်မြင်သွားတာတွေ ရှိတယ်၊ ပါလာတဲ့ကံက မတူဘူးလေ။ အဲဒီတော့ လူငယ်တွေအနေနဲ့ အနုပညာအလုပ်ကို ကြိုးစားပြီးလုပ်မှ အဆင်ပြေမှာပေါ့နော်။

Audience - အစ်မရဲ့သီချင်းတွေကို နားထောင်ဖြစ်ပါတယ်။ အစ်မကိုယ်တိုင်ရေးထားတဲ့ 'ရင်ခုန်နေဆဲ' ဆိုတဲ့ သီချင်းက ဘယ်အချိန်နားထောင်နားထောင် ရိုးမသွားဘူး။ ညီမက ခံစားချက်ကို ဦးစားပေးတတ်သူဆိုတော့ ဝမ်းနည်းရင် ဝမ်းနည်းတဲ့သီချင်း၊ ပျော်ရင်ပျော်တဲ့သီချင်း နားထောင်ဖြစ်တယ်။ အစ်မရဲ့ 'မျှော်လင့်ခြင်းမီးခိုး' သီချင်းဆိုရင် မိုးအေးပြီး ဝမ်းနည်းတဲ့အချိန်မှာ နားထောင်ဖြစ်တယ်။

Celebrity - အစ်မလည်း အဲဒီသီချင်းကို ဘယ်နေရာမှာကြားကြား ကိုယ့်ဘာသာဆိုထားပြီး ကိုယ့်ဘာသာ ငိုချင်နေတယ်။

Audience - ကို J-Me နဲ့ ကို Ar-T ရေးပေးထားတဲ့ 'လူတွေအကုန်သိတယ်' ဆိုတဲ့သီချင်းကို စိတ်ညစ်ပြီး ပေါက်ကွဲချင်နေတဲ့ အချိန်မှာ နားထောင်တယ်။ ကိုရဲလေးရေးပေးထားတဲ့ 'မသိသလို' သီချင်းလေးက အရမ်းအဓိပ္ပာယ်ပါတယ်လေ အစ်မ။

Celebrity - အစ်မလည်း အရမ်းကြိုက်တယ်။ အသည်းကွဲရင် အဲဒီသီချင်းနဲ့ အသည်းကွဲတယ်။ အဲဒီသီချင်းလေးကို ရိုက်တုန်းက ငိုရတဲ့အခန်းတွေများတော့ အရမ်းပင်ပန်းတယ်၊ ညီမလေးက မန္တလေးမှာ ဘာတွေလုပ်ဖြစ်နေလဲ။

Audience - ညီမက မန္တလေးမှာ ခွေဆိုင်နဲ့ စာအုပ်ဆိုင်လေး ဖွင့်ထားပါတယ်။

ပရိသတ်နဲ့ ဓာတ်ပုံတွဲရိုက်ရတာ ပျော်ပါ တယ်။ ပထမတစ်ချက် ဝမ်းသာမိတာက အိမ့်ချစ်နဲ့ ဓာတ်ပုံရိုက်ဖို့ form တင်တာကို ဝမ်းသာပါတယ်။ form တင်တဲ့သူအားလုံးကို ရွေးချင်ပေမယ့် မရွေးဖြစ် လိုက်တဲ့ ပရိသတ်တွေအတွက် စိတ်မကောင်း ဖြစ်မိပါတယ်။ အိမ့်ချစ်နဲ့ သဟဇာတဖြစ်မယ့်လူမျိုးကို ရွေးချယ်လိုက်တာပါ။ တခြားဘာသဘောမှ မပါပါဘူးလို့ ပရိသတ်ကြီးကို ရတီ စာမျက်နှာထက်ကနေပြောချင်ပါတယ်။

**ပရိသတ်အိမြတ်မွန်ရဲ့ ဒီကဏ္ဍအပေါ် အမြင်**

မအိမ့်ချစ်ကို မမြင်ရသေးတဲ့အချိန်တုန်းက "ငါအရမ်းများ သိမ်ငယ်နေမလား" ဆိုပြီး တွေးမိ



**အနုပညာရှင် အိမ့်ချစ်ရဲ့ ဒီကဏ္ဍအပေါ် အမြင်**

ဝါသနာပါတဲ့လူငယ်တွေကို အနုပညာရှင်တစ်ယောက်က ပါရမီဖြည့်ပေးတာပေါ့နော်။ သူတို့လည်း ထင်ပေါ်ခွင့်ရတယ်၊ စာမျက်နှာပေါ်မှာလည်း ပါဝင်ခွင့်ရတယ်။ နောက်ပြီးတော့ အနုပညာရှင်တစ်ယောက်နဲ့ တွေ့ခွင့်ရတယ်၊ သင်ယူတတ်တဲ့ လူဆိုရင် အနုပညာရှင် တစ်ယောက်က ဘယ်လိုမျိုး အိုက်တင်လုပ်သွားတယ်ဆိုတာကို သင်ယူလို့ရတယ်။ ဒီမှာ ဝင်လျှောက်တဲ့လူတွေက တတ်ပြီးသားလည်း ပါတယ်၊ မတတ်သေးတဲ့ လူလည်းရှိတယ်လေ၊ အခုလိုတယ်။ တကယ် တွေ့လိုက်ရတဲ့အချိန်မှာ သိပ်မကွာတော့ စိတ်ထဲမှာ stress တွေ နည်းသွားတယ်။ မအိမ့်ချစ် ကလည်း တွဲခေါ်ပြီး သင်ပေးပါတယ်။ ပြီးတော့ 'အိမ့်ချစ်ရဲ့ ပုံထွက်ထက် ဒီညီမလေးကို ဦးစားပေးလိုက်ပါ" ဆိုပြီး ပြောတဲ့အတွက် အရမ်းဝမ်းသာခဲ့ရပါတယ်။ ရတီမဂ္ဂဇင်းနဲ့ ဓာတ်ပုံဆရာတွေကလည်း ဓာတ်ပုံရိုက်နေတဲ့ တစ်လျှောက်လုံးမှာ ဘေးကနေပြီး ဘယ်လိုလုပ်၊ ဘယ်လိုနေဆိုပြီး ပြောပေးပါတယ်။ အဘက်ဘက်ကနေ အားလုံးဝိုင်းကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ **သီတာစိုး**

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ စက်တင်ဘာလထုတ် ရတီမဂ္ဂဇင်းအတွက် နေမင်း နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၃ ဇူလိုင်လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်သွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ..............................

မွေးသက္ကရာဇ် ..............................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................

ပညာအရည်အချင်း ..............................

အလုပ်အကိုင် ..............................


အနုပညာလုပ်ရှားမှု ..............................

အိမ်ထောင်ရှိ/မရှိ ..............................

အရပ်အမြင့် ..............................

နေရပ်လိပ်စာ ..............................

ဖုန်းနံပါတ် ..............................



Asian Fame Media Group



# *Glamorous* Girl

Model - **Emerald Nyein**
Make-up - **Htet** (Pop Soul)
Photo - **Ko Naing** (Popular)
Jewellery - **Okkar Gems**
Designer - **Ei Kyaw Zin** (Vivid)
Arranged by
**Thida Soe**

အမျိုးသမီးတစ်ယောက်အတွက် အချိုးကျ လှပစေတဲ့ ဝတ်စုံအပြင် အလှအပကို တစ်ထောင့်တစ်နေရာကနေပံ့ပိုးပေးမယ့် ရတနာရဲ့ အခန်းကဏ္ဍကလည်း မရှိမဖြစ် လိုအပ်တယ်ဆိုတာကို ငြင်းလို့ရမှာ မဟုတ်ပါဘူးနော်။ လှပတဲ့မျက်နှာ၊ အချိုးကျ သပ်ရပ်တဲ့ဝတ်စုံနဲ့အတူ လိုက်ဖက်တဲ့ ရတနာများကို တွဲဖက်တင်ဆက်ထားတဲ့Glamorous Girl . . . .





Asian Fame Media Group



# Glamorous Girl

Model
**Emerald Nyein**
Make-up
**Htet** (Pop Soul)
Photo
**Ko Naing** (Popular)
Jewellery
**Okkar Gems**
Designer
**Ei Kyaw Zin** (Vivid)
Location

Asian Fame Media Group





Model - **Emerald Nyein** Make-up - **Htet** (Pop Soul)
Photo - **Ko Naing** (Popular), Jewellery - **Okkar Gems**, Designer - **Ei Kyaw Zin** (Vivid)

Asian Fashion Media Group




Asian Fame Media Group
MEDIA GROUP




မော်ဒယ် ချောရတနာ ဒီဇိုင်နာ မျိုးမင်းစိုး မိတ်ကပ် ညီညီမောင်(ဝမ်းချောင်း) ဓာတ်ပုံ ကိုလင်း(Studio-K) စီစဉ်သူ သီတာစိုး



MEDIA GROUP
Asian Fame Media Group


Asian Fame Media Group



> လောကဓံလိုပဲခေါ်ခေါ်၊ အခက်အခဲ
> ပြဿနာအရှုပ်အထွေးလို့ပဲ ပြောပြော ပေါ့နော်။
> ကြုံတွေ့လာရင် ကိုယ့်စိတ်လှုပ်ရှားနေတုန်း
> ဆုံးဖြတ်ချက်မချမိအောင် ကြိုးစားတယ်။
> ပြီးတော့ အပြင်လူတစ်ယောက်အနေနဲ့ ဒီကိစ္စ
> အပေါ်အပြင်ဘက်ကနေ သုံးသပ်ကြည့်တယ်။
> ငါစွဲမပါအောင် ကြိုးစားပြီး စဉ်းစားတယ်။
> မိတ်ဆွေကောင်းတွေနဲ့ လိုအပ်ရင် တိုင်ပင်တယ်။

# Beyond The Women

arranged by phyoe su po po

## သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ မြသီတာဆွေတင်

*အမျိုးသမီးဆိုတာကို Second Sex အဖြစ် နဲ့ သတ်မှတ်ထားပြီး အားနဲ့တယ်။ အခွင့် အရေးယူတယ်။ ဉာဏ်ပညာနည်း တတ်တယ်ဆိုပြီး ချိုးနှိမ်ထားတတ်လေ့ ရှိပါတယ်။ ဒါပေမဲ့ ဒီလို Second Sex အမျိုးသမီးတွေကပဲ စီးပွားရေး ပညာရေး နိုင်ငံရေးတွေမှာ ဦးဆောင်နေကြတာ ဒုနဲ့ဒေးပါပဲ။ ဒီလိုအမျိုးသမီးတွေက တစ်ယောက်ဖြစ်တဲ့ ဒေါက်တာမြသီတာဆွေတင် နဲ့ ရတီအမျိုးသမီးပရိသတ်အတွက် ရည်ရွယ်ပြီးတွေ့ဆုံဖြစ်ခဲ့ပါတယ်။*

**အရင်ဆုံး အစ်မရဲ့ ငယ်ဘဝပုံရိပ်လေးတွေကို ပြောပြပေးပါလား။**

အစ်မရဲ့ အဖေက ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းရုံးချုပ်က ဒု-ငွေစာရင်းအရာရှိချုပ် (အငြိမ်းစား) တစ်ဦးဖြစ်ပြီး၊ မေမေကကျတော့ အထက်တန်းပြကျောင်းဆရာမတစ်ဦးဘဝနဲ့ ပင်စင်ယူခဲ့ကြတဲ့ အစိုးရဝန်ထမ်းတွေဖြစ်လို့ အစ်မရဲ့ ငယ်ဘဝက ပုံမှန်အစိုးရဝန်ထမ်း မိသားစုတစ်ခုအဖြစ်နဲ့ ဘဝကို စတင်ခဲ့တာပါ။ အစ်မတို့က အရှေ့ရန်ကင်း၊ တိုက်အမှတ် (၂၆၈/၈) မှာနေပြီး၊ အစ်မတို့ ညီအစ်မ ၂ ဦးလုံး ဖေဖေနဲ့ မေမေတို့ရဲ့ မေတ္တာရိပ်အောက်မှာ နွေးထွေးတဲ့ မိသားစုဘဝကို စတင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အစ်မကငယ်ငယ်လေးကတည်းက ကံကောင်းတယ်ဆိုရမလားပဲ မေမေတို့ညီအစ်မ (၇) ယောက်ထဲက အငယ်ဆုံးညီမသုံးဦးဖြစ်တဲ့ အစ်မ အဒေါ်တွေပေါ့နော်။ အန်တီမိုး၊ အန်တီထား၊ အန်တီမူတို့ဟာ တစ်နှစ်ကြီး၊ တစ်နှစ်ငယ် အရွယ်တွေပီပီ အစ်မကို ကမာရွတ်၊ အာတီးယားလမ်း၊ (အခု သီရိမင်္ဂလာလမ်း)၊ မြေအမှတ်(၃၃) မှာရှိတဲ့ အဘွားရဲ့ ခြံထဲမှာပဲ ခေါ်ထားပြီး၊ သူတို့ရဲ့လက်ပေါ်မှာ အစ်မကြီးပြင်းခွင့်ရခဲ့တယ်။ အစ်မကို အလှဆုံးအရုပ်တစ်ရုပ်ဖြစ်အောင် အမျိုးမျိုး ခြယ်မှုန်းပေးကြတာပေါ့။ ငယ်ငယ်က အစ်မကို ဉာဏ်သိပ်ကောင်းပြီး စာတော်တဲ့၊ စောင်းတီးပြီး အကကောင်းတဲ့ ကောင်မလေးတစ်ဦး အဖြစ် ပတ်ဝန်းကျင်မှာ လက်ခံကြီးပြင်းခဲ့တယ်။ အစ်မရန်ကင်းတီတီစီမှာ မူလတန်းအောင်တဲ့အထိ ကျောင်းတက်ခဲ့ပြီး၊ ၅ တန်းကနေ ၁၀ တန်း အောင်တဲ့အထိကိုတော့ အထက(၁)ဒဂုံကျောင်းမှာ ဆက်လက်တက်ရောက် ပညာ သင်ကြားခဲ့ရတာပါ။

**အစ်မရဲ့ ငယ်ဘဝတုန်းက ဖြစ်ချင်ခဲ့တဲ့ ငယ်အိပ်မက်က ဘယ်လိုအိပ်မက်မျိုး ပါလဲ။**

အစ်မမှတ်မိတယ် နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ဆိုရင် မေမေ ဦးစီးပြီး ဖွင့်တဲ့ အမျိုးသမီးအပ်ချုပ်သင်တန်းမှာ အစ်မက လက်ထောက်ဆရာမလေးတစ်ဦးပေါ့၊ မေမေက နွေရာသီကျောင်းပိတ်ရက်တိုင်း အပ်ချုပ်သင်တန်း ဖွင့်တယ်လေ။ အစ်မအသက် ၁၂ နှစ်လောက်ကတည်းက ဆရာစောင်းဦးချမ်းနဲ့ စောင်းတီးသင်ခဲ့ပြီး၊ မြန်မာ့အသံမှာတောင် သီချင်းကြီး ဆို/တီး ရိုက်ကူးထုတ်လွှင့်ဖြစ်ခဲ့သေးတယ်၊ Tennis လည်း သိမ်ဖြူမှာ သင်တန်းတက်ခဲ့ပြီး စနစ်တကျ ကစားဖြစ်တယ်၊ အချုပ်ပြောရရင် မေမေဟာ အစ်မကို အခုလို အမျိုးသမီးဆရာဝန်၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် လောကအလယ်မှာ ရဲရဲဝံ့ဝံ့နဲ့ ရပ်တည်ဦးဆောင်နိုင်အောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရအောင် ငယ်ငယ်က



တည်းက ပြုစုပျိုးထောင်ပေးခဲ့တာကို အစ်မ ပြောပြချင်တာပါ။

အစ်မတို့ (၁၀ )တန်းတုန်းက ၆ ဘာသာရှိတဲ့ အနက် အစ်မက အင်္ဂလိပ်၊ သင်္ချာ၊ ရူပနဲ့ဓာတုမှာပဲ ဂုဏ်ထူးရခဲ့ပေမယ့် ဆရာဝန်လိုင်း အမှတ်မီတဲ့ အတွက် ဆေးတက္ကသိုလ် (၁) ရန်ကုန်ကို ၁၉၈၂ ခုနှစ်မှာပဲ စတင်တက်ရောက်ခွင့်ရခဲ့တယ်၊ အစ်မတို့နှစ်က (၁၀)တန်း အောင်ရင် Regional College မသွားတဲ၊ တိုက်ရိုက် တက္ကသိုလ်တန်း တက်ခွင့်ရတဲ့ ပထမဆုံးနှစ်ပေါ့။ အစ်မက ငယ်ငယ်တုန်းကတည်းက ဂျူတီကုတ်နဲ့ နားကြပ်နဲ့ စတိုင်ကျကျ ဆရာဝန်မကြီးလုပ်ချင်တယ်၊ စစ်တပ်ထဲက စစ်သမီးဝတ်စုံယူနီဖောင်းကိုလည်း အရမ်း သဘောကျခဲ့တယ်။

**ဒေါက်တာမြသီတာဆွေတင်ဘဝကနေ စီးပွားရေးလုပ်ငန်းရှင် ဒေါ်မြသီတာဆွေတင်ဆိုတာ ဖြစ်လာခဲ့တာကရော ဆရာဝန်အလုပ်ကို ဝါသနာမပါခဲ့တာပါလား။**

ဒီအကြောင်းပြောရမယ်ဆိုရင် အစ်မအမျိုးသား အကြောင်းက စပြောရလိမ့်မယ်။ ၆-၁၂-၁၉၈၇ ရက်နေ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ Fund Fairကျင်းပတဲ့ညချမ်းအချိန်မှာပေါ့၊ မောင်မောင်ဆွေတင် (ခေါ်) လင်းဆွေတင် အမည်ရှိ သတို့သား တစ်ဦးဟာ အစ်မတို့ ဆေးကျောင်းက သူငယ်ချင်းတွေစုပြီး ဖွင့်ထားတဲ့ ice-cream shop ကို ရောက်ရှိလာပြီး၊ အစ်မကို မြင့်လျှင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပါသတဲ့၊ အစ်မရဲ့ အမျိုးသား (ကိုမောင်) က USA မှာ ၁၇




နှစ်ကြာနေခဲ့ကြပြီး၊ သူ့အမေနဲ့အတူ မြန်မာပြည်ကို အခုတစ်ခေါက် ပထမဆုံးအကြိမ် အသွား နေမကောင်းလို့ဆိုပြီး ပြန်လာကြည့်ခိုက်ပေါ့။ သူ အိမ်ပြန် ရောက်ပြီး အဲဒီနေ့ည(၆-၁၂-၁၉၈၇) မှာပဲ ကိုမောင့်အဘွားလည်း ကွယ်လွန်ခဲ့တယ်၊ အဘွားလည်းဆုံးပြီး ရက်လည်နေ့မတိုင်ခင် တစ်ရက်မှာပဲ ကိုမောင် အစ်မတို့အိမ်ကို ရှာဖွေ စုံစမ်းရောက်လာ ပြီး အဘွားရဲ့ ရက်လည် ဆွမ်း ကျွေးကို လာရောက်ဖို့ဖိတ်ရင်း၊ ကိုယ့်ဘာသာ ကိုယ်လည်း မိတ်ဆက်ရင်းနဲ့ပေါ့၊ ဒီလိုနဲ့ (၂၉-၁-၁၉၈၈) မှာကိုမောင်နဲ့ အစ်မ လက်ထပ်ဖြစ်ခဲ့တယ်။ အတိအကျ ပြန် တွက် ကြည့်ရင် Love at 1st sight ဆိုတာကနေ ၅၄ ရက်အကြာမှာ Marriage Ceremony ကျင်းပဖြစ်တာဟာဖြင့် ရေးဘဝ ပဋ္ဌာန်းဆက်ကြောင့်ပဲ ထင်ပါရဲ့၊ ဒါပေမဲ့ အစ်မ ရဲ့သမီး နှစ်ယောက်အတွက်တော့ နမူနာ မယူ သင့်တဲ့ ဖြစ်ရပ်တစ်ခုပါပဲ၊ ဒါပေမဲ့ ကိုမောင်ဟာ သူတော် ကောင်းတစ်ဦးပါ။ အင်မတန် စိတ် ထားဖြူစင်ပြီး ဟန်ဆောင်မှုကင်း တဲ့အနေအထိုင် ရိုးရှင်းတဲ့ ဖခင်ကောင်း၊ ခင်ပွန်းသည် ယောက်ျား ကောင်း တစ်ဦးဖြစ်ပါတယ်။ အစ်မထက် ၁၄ နှစ် ကျော် ကျော်ကြီးတယ်။ ကိုမောင်က University of Maryland, USA မှာ ပညာသင်ကြားခဲ့တဲ့ Electronic Engineer တစ်ဦးပါ၊ NASA Green-belt Maryland နဲ့ Michigan Test Equipment Distribution (TED) စသည်တို့မှာ အလုပ် လုပ်နေရင်းက မြန်မာပြည်ကို ခဏပြန်လာ တုန်း အစ်မနဲ့တွေ့ပြီး ဒီမှာ အိမ်ထောင်ကျဖြစ်ခဲ့တာ ပါ။ အစ်မတို့ လက်ထပ်တော့ ကိုမောင်က ၃၆ နှစ်၊ အစ်မက ၂၂ နှစ် Final Part II, Medical Student တစ်ဦးပေါ့။

အိမ်မတို့အိမ်ထောင်ကျပြီး သိပ်မကြာလိုက် ဘူး။ ၁၉၈၈ ခုနှစ်ဆူပူမှုအရေးအခင်းကာလ ရောက်ခဲ့ပြန်ပါတယ်။ အဲဒီတော့ ကျောင်းရက် ရှည်ပိတ်တာနဲ့ ကြုံရတာပေါ့။ ဒါကြောင့် ၁၉၉၀ ခုနှစ်မှာ အစ်မ MBBSဘွဲ့ယူစဉ်က သမီးကြီး အမရာ @ Annabella Sway Tin ကို မွေးပြီးပြီ၊ သမီးကြီး ၅ လ သမီးအရွယ်မှာ သမီး ငယ်ကိုယ်ဝန် ထပ်လွယ်ရ ပြန်တယ်၊ ဒါကြောင့် အစ်မ House Surgeon ဘဝမှာ အလုပ်တာဝန်တစ်ဖက်နဲ့ သမီးငယ်ကို ပင်ပင်ပန်းပန်း ကိုယ်ဝန်ဆောင် မွေးဖွားခဲ့တယ်။ ဘဝရဲ့ Challengesတွေပေါ့။ အိမ်ထောင်သားမွေးကိစ္စတွေဟာ အစ်မတို့ မိန်းမ သားတွေအတွက် မလွဲမသွေတွေ့ကြုံရတဲ့ ဂုဏ်ယူ စရာမိခင်ဘဝ ရရှိမှုတွေဖြစ်လို့ ဘယ်လို အခက် အခဲ အတားအဆီးတွေကိုပဲ ကြုံရပါစေမမှုခဲ့ပါ ဘူး။ အိမ်ထောင်သည် မိန်းကလေးတစ်ဦးဟာ ကိုယ့်ဘဝမှာ ရွေးချယ်စရာရှိလာရင် ကိုယ့်အတွက် ထက် ကိုယ့် မိသားစုအပေါ် တာဝန်ကျေပွန်လိုမှု (Conscientious) ကို ဦးစားပေးပြီး စဉ်းစား ရွေးချယ်တတ်တာ၊ မိသားစုအတွက် အနစ်နာခံ စရာရှိရင် မိခင်ဖြစ်သူ ကိုယ်ကပဲ အနစ်နာခံတာ (Compromising)၊ ကိုယ့်မိသားစုအပေါ် မေတ္တာ၊ ကရုဏာတရား ကြီးမားတတ်တာ (Compassio-nate & Caring)တွေဟာအစ်မတို့ မြန်မာအမျိုး သမီး မိခင်အများစုရဲ့ထူးခြားတဲ့ Core Character တွေပဲလို့ အစ်မတစ်ဦးလို ချစ်ခင် လေးစားရတဲ့ ပါမောက္ခ ဒေါက်တာဝင်းမင်းသစ် အမြဲပြောလေ့ရှိတယ်။ အရမ်းကိုမှန်ပါတယ်၊ အစ်မရဲ့ဘဝမှာလည်း MBBS ဘွဲ့ရပြီးချိန်မှာ သမီးလေး(၂) ယောက်ရှိနေပြီဖြစ်တဲ့ အတွက် ထူးချွန်တဲ့ဆရာဝန်တစ်ဦးဖြစ်အောင် States မှာ FLEX စာမေးပွဲဖြေဖို့ ပြင်ဆင်ထားတာတွေ အားလုံးကို ဆက်မလုပ်တော့ဘဲ၊ အစ်မတို့ လင် မယား(၂) ဦး တိုင်းပင်လိုက်ပြီး၊ မြန်မာပြည် မှာပဲ ပြန်အခြေချ နေထိုင်ပြီး ကိုယ့်မိသားစုကို ပြုစု ပျိုးထောင်တော့မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမဲ့ (၇) နှစ်ကျော် သင်ယူခဲ့ရတဲ့ ဆေးပညာနဲ့ အဆက်အသွယ်ပြတ်သွားမှာစိုးတာက တစ် ကြောင်း၊ အဲ့ဒီအချိန်က အစ်မတို့နိုင်ငံ ပြည်သူပြည် သားတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမှာEfficient Medical Services တွေ လိုအပ်နေသေးတာက တစ်ကြောင်း၊ ကိုယ့် ဆရာသမားတွေနဲ့အတူ စုပေါင်းပြီး Quality Health Care Service Provider အဖြစ်လုပ်ပြ လိုတာကတစ်ကြောင်း စတဲ့ အကြောင်းတွေ ကြောင့် စိတ်တူကိုယ်တူ ဆေးပညာရှင်တွေနဲ့ ပူးပေါင်းပြီး Pioneer Services International

(PSI) Co., Ltd ကို ဖွဲ့စည်းတည်ထောင်လိုက်ပြီး ဗဟိုရိုးစည် အထူးကု ဆေးခန်း Bahosi Medical Center ကို ၁၉၉၃ ခုနှစ်မှာ အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့တယ်။ အခုအချိန်မှာတော့ ခုတင် ၁၈၀ ဆံ့အရွယ်ရှိ Bahosi Hospital ဟာ Top 10 Private Medical Services Provider တစ်ခုဆိုရင် မမှားဘူးထင်ပါတယ်နော်။ စီးပွားရေး လုပ်ငန်းရှင်ဘဝက အဲဒီကစတယ်ပြောရမှာပဲ။

၁၉၉၃ ခုနှစ်လောက်ကျတော့ အစ်မတို့



တိုင်းပြည်တလည်း စီးပွားရေးဆိုင်ရာ မူဝါဒတွေကို စနစ်တကျချမှတ်ပြီး ပုဂ္ဂလိက အခန်းကဏ္ဍကို အတိုင်းအတာတစ်ခုအထိ ဖွင့်ပေးလာတဲ့အတွက် အစ်မက အစ်မအမျိုးသားနဲ့ အတူ ပူးပေါင်းပြီး သူ့ရဲ့လက်ရှိစီးပွားရေးလုပ်ငန်း မှတ်ပုံတင်ထားတဲ့ Services Inter-national (Sole Proprietor) လုပ်ငန်းကို Services International (SI) Co., Ltd အဖြစ်ပြောင်းလဲ မှတ်ပုံတင် ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ အစ်မက ကိုမောင်နဲ့အတူ စီးပွားရေးလုပ်ငန်းထဲကို တဖြည်းဖြည်း ဝင်ရောက်လာ ခဲ့ပါတယ်။ အစ်မ အမျိုးသား ဦးမောင်မောင်ဆွေတင်က နဂိုကတည်းက စကားနည်းပြီး အေးအေးဆေးဆေး နေတတ်သူဖြစ်တဲ့အပြင် မြန်မာစကားပြော နေးလွန်းတာကြောင့် လုပ်ငန်းကိစ္စစကားပြောရင် အစ်မပဲဝင်ပြီး ရှင်းရင်း၊ ပြောရင်းကနေ ကုမ္ပဏီမှာအစ်မကပဲ ဦးဆောင်လုပ်ကိုင်သလို ဖြစ်လာခဲ့တယ်။ ကိုမောင်ကတော့ ဥက္ကဋ္ဌအနေနဲ့ အနောက်ကပဲနေပြီး Oversea အပိုင်းလောက်ပဲ ကိုင်တယ်။ အစ်မကတော့ ကျန်တဲ့ကိစ္စအားလုံး အပါအဝင် လုပ်ငန်းခွင်ထဲကိုပါ ဝင်ရောက် လုပ်ကိုင်ဖြစ်တော့တာပါဘဲ။ ဆရာဝန်အလုပ်ကို ဝါသနာမပါလို့ မဟုတ်ပါဘူး။

**မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လို အလုပ်မျိုးကမှ သင့်တော်ပါတယ်။ ဘယ်လိုအလုပ်မျိုးကတော့ မသင့်တော် ပါဘူးဆိုပြီး သတ်မှတ်နေကြတဲ့အပေါ် အစ်မဘယ်လိုသုံးသပ်ချင်ပါသလဲ။**

အစ်မရဲ့ သားကြီး လင်းမောင်မောင် @ Lawrence Sway Tin ကို ၁၉၉၆ မှာ ထပ်မံမွေးဖွားခဲ့ပြီး၊ သားကြီး(၃) နှစ်သားအရွယ် ၁၉၉၉ ခုနှစ်မှာ အစ်မရဲ့အဖေဟာ အစာအိမ်ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။ ဖေဖေဟာငွေစာရင်းအရာရှိတစ်ဦးဖြစ်တော့ ကုမ္ပဏီမှာ အစ်မဘာမှ ပြန်ကြည့်စရာမလိုအောင် စာရင်းအပိုင်းကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်ထိန်း သိမ်းပေးခဲ့တာ။ ဖေဖေမရှိတော့ အစ်မလက် တစ်ဖက်ပြုတ်တာပါဘဲ။ အဲဒီအချိန်က နိုင်ငံတော် အကြီးအကဲတွေရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ Green Revolution စပြီး အကောင်အထည် ဖော်ဆောင်ရွက်ချိန် ဖြစ်တဲ့အတွက် ဖေဖေမဆုံးခင်တစ်နှစ်လောက်မှာ ဝါးခယ်မဇာတိ ဧရာဝတီတိုင်းသား ဖေဖေရဲ့ အားပေးတိုက်တွန်းမှု နဲ့ အစ်မတို့ SI Companyဟာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းထဲ စတင်ခြေချ ရောက်ရှိလာခဲ့တယ်။ ပထမဆုံး စိုက်ပျိုးရေး စီမံကိန်းအနေနဲ့ ဧရာဝတီတိုင်း၊ စံကင်းကျွန်း ကျေးရွာ လယ်ယာမြေဖော်ထုတ်စိုက်ပျိုးရေး စီမံကိန်းကို စလုပ်ဖြစ် ခဲ့တယ်။ "လယ်သူမလေး ထားမေ" ဆိုတဲ့ နာမည်နဲ့အတူ အစ်မလေ လယ်ကွင်းကြီး တွေထဲအရောက် ကားတစ်တန်၊ လှေတစ်တန် ခရီးနှင်ခဲ့တယ်။ ဒေါင်းစပါးခင်း၊ တိုင်းစပါးခင်းတွေကနေ လယ်ကွင်းနဲ့ကန်သင်းအစိအရီ ပုံစံပေါ်အောင် လယ်ယာမြေကွက် ဖော်ထုတ်ပုံတွေ၊ ရေသွယ်တူးမြောင်းနဲ့ ရေတံခါးကြီးတွေ၊ ထွန်စက်နှင့်ရေစုတ် စက်ကြီးတွေ၊ မျိုးစပါးပျိုးခင်းနဲ့ စပါးစိုက်ခင်းတွေ၊ စပါးခင်းကို ရိတ်သိမ်း၊ ခြွေ လှေ့၊ အခြောက်ခံ၊ ထုပ်ပိုး၊ ကြိတ်ခွဲစသည့်လုပ်ငန်းအဆင့်ဆင့်တွေအပြင် ရာသီဥတုအချိန်ကိုက် လုပ်ငန်းအချိန်ဇယားအတိုင်း ဆောင်ရွက်ရတာတွေ၊ မဟုတ်ရင် မိုးလေဝသဒဏ်နဲ့ ပိုးမွှားဒဏ်ခံရပုံတွေ၊ မြေဩဇာ အသုံးချပုံတွေ၊ စပါး-ငါးကန်တွေမှာ ဓာတ်မြေဩဇာရဲ့ ဖြစ်ပေါ်လာနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေ၊ ဒေသခံတောင်သူတွေရဲ့ ဓလေ့စရိုက်တွေ Contract Farming ကိစ္စတွေ၊ ဒါတွေအားလုံး အစ်မသေသေချာချာ နားလည်သဘောပေါက်အောင် လေ့လာသင်ယူခဲ့ရသလို တစ်ဖက်ကလည်း မိုးနည်းရေရှား ဒေသဖြစ်တဲ့ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ပဒါန်းဒေသမှာ မြေလွတ်မြေလပ်နှင့် မြေရိုင်းဖော်ထုတ် စိုက် ပျိုးရေးစီမံကိန်းနဲ့ တနင်္သာရီတိုင်း၊ ကော့သောင်၊ ခမောက်ကြီးဒေသမှာ ဆီအုန်း စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းကိုလည်း၊ မြန်မာနိုင်ငံရဲ့ ချမှတ်ထား တဲ့ စီးပွားရေးဦးတည်ချက်တွေနဲ့အညီ အစ်မတို့ တစ်တပ်တစ်အားပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရတယ်။ အစ်မပြောချင်တာကတော့ ခက်ခဲကြမ်းတမ်းတဲ့ လုပ်ငန်းတွေမှာလည်း ယောက်ျားတွေလိုပဲ

မိန်းမတွေလည်း စွမ်းဆောင်နိုင်မှုတွေ ရှိကြပါတယ်။ ယောကျ်ားတွေမှ လုပ်နိုင်ပါတယ်ဆိုတာ မရှိပါဘူး။

**လူရယ်လို့ဖြစ်လာရင် အနိမ့်အမြင့် ဘဝတွေကို ကြုံတွေ့ရမှာပဲလို့ ဆိုကြ ပါတယ်။ အစ်မကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ လောကဓံတွေ ကိုရော အစ်မ ဘယ်လို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါသလဲ။**

လောကမှာ လူရယ်လို့ ဖြစ်လာရင် လောကဓံဆိုတာတော့ လူတိုင်းကြုံတွေ့ရစမြဲလေ။ အစ်မလည်း လူသားထဲက တစ်ယောက်ပဲဆို တော့ အခုအသက်ထက်ဝက်ကျော်လာပြီမို့ ထိုက်သင့်တဲ့ ဘဝအတွေ့အကြုံနဲ့ လောကဓံကို ကြုံတွေ့ရင်ဆိုင်ကျော်လွှားခဲ့ရပြီးပါပြီ။ အစ်မဆိုရင် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာမှာ ပထမဆုံးအနေနဲ့ အစ်မ ဘဝထဲ ဖေဖေ ထွက်ခွာသွားတယ်။ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာမှာပဲ အစ်မအမျိုးသား သွေးကင်ဆာရောဂါနဲ့ ဒီလောက် ထဲက ထွက်သွားပြန်တယ်။ အဲဒီနေ့က ကိုမောင် နဲ့အစ်မ စတွေ့တာ အနှစ် (၂၀) တိတိ ပြည့်တဲ့ နေ့ပေါ့။ အစ်မက သားသမီး (၄) ယောက်နဲ့ ကျန်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ အစ်မ အင်မတန် ချစ်ခင်လေးစားရတဲ့ ကိုမောင်ရဲ့ ဖခင်ကြီး အစ်မတို့ကို ထားခဲ့ပြန်တယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ၊ ၂၀၁၂ မှာကျတော့ အစ်မရဲ့တစ်ဦး တည်း သောညီမလေး အသံမပေးဘဲ တိတ်တဆိတ်ထွက်ခွာသွားပြန်တယ်။ ဒီလို တစ်ယောက်ပြီးတစ်ယောက် အစ်မရဲ့ ဘေးက ထွက်သွားလိုက်တာ ငါ့အလှည့် ဘယ်တော့လည်း ဆိုပြီး သတိပြုမိလာတယ်။ ဒါပေမဲ့ ဒီဘဝထဲကိုလာစဉ်ကလည်း တစ် ယောက်တည်း ပဲလေ။ ပြန်တော့လည်း တစ် ယောက်ထဲပဲပေါ့။ အခုလူဘဝ သက် တမ်း (၇၅) နှစ်နဲ့ ပြန်တွက်ရင် အစ်မအနေနဲ့ ရက်ပေါင်း (၁၀,၀၀၀) လောက်ပဲ ကျန်တော့တဲ့အတွက် (ဒါတောင် အသက် ၇၅ နှစ်အထိ နေရဦးမှ) ကျန်တဲ့ အချိန်လေးအတွင်းမှာ လောကဓံနှင့် ကြုံတွေ့လာရင် ခံနိုင်ရည်ရှိအောင် သံသရာအတွက်ပါအောင်ဆိုပြီး ဘာသာရေးကို ပိုပြီး သတိထားလုပ် ဖြစ်တယ်။

**အစ်မရဲ့ဘဝမှာ အဆိုးဆုံးစိန်ခေါ်မှုဆိုတာကို တွေ့ကြုံခဲ့ရဖူးပါသလား။ အဲဒီစိန်ခေါ်မှုကိုရော အစ်မဘယ်လို ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါသလဲ။**

၂၀၀၃ ခုနှစ်မှာ သားငယ်လေး လင်းညီညီ @ Leonard Sway Tin ကိုမွေးတော့ လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်ကပေါ့။ အစ်မအတွက် အဲ့ဒီ (၁၀) နှစ်ဘာကာလအတွင်းမှာ စိန်ခေါ်မှုတွေ၊ ရွေးချယ်မှုတွေအတွက် ဆုံးဖြတ်ချက်တွေ အများ ကြီး လုပ်ခဲ့ရတယ်။ ကိုယ့်ဘာသာကိုယ် အဆိုပြု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပေါ့။ အစ်မလျှောက် ခဲ့ရတဲ့လမ်းကို အစ်မ ပြန်ကြည့်တဲ့အခါ ဒီလမ်းကို ကိုယ်တိုင်ရွေးချယ်ခဲ့တာဆိုပေမယ့် ကံနဲ့အများကြီးဆက်စပ်နေတာ ကိုတွေ့ရတယ်။ ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံမှ အောင်မြင်အကျိုးပေးတာ ဖြစ်ပေမယ့်၊ကံစီမံရာလမ်းကြောင်းပေါ်မှာ အစ်မတို့ လျှောက်နေရတာပဲ၊ အစ်မက ဗုဒ္ဓဘာသာဝင်ပီပီ ဘုရား၊ တရား၊ သံဃာရတနာ(၃)ပါး ဂုဏ်ကျေးဇူးကို အထူးသက်ဝင်ယုံကြည်တယ်။ သရဏဂုံ(၃) ပါးနဲ့ ငါးပါးသီလကို အတတ်နိုင်ဆုံးမြဲမြံစွာ စောင့်ထိန်းတယ်။ ကံ ကံ၏ အကျိုးကိုယုံကြည်တယ်။ မိမိပြုလုပ်တဲ့ ကံမှတစ်ပါး လောကကြီးကို စီမံဖန်တီးသူမရှိဘူးလို့ အစ်မယုံကြည်တယ်။ ဒါကြောင့်လည်း ကံကောင်းအောင် ကုသိုလ်ကောင်းမှု (ရသလောက်ပေါ့) များများလုပ်ပြီး၊ အကုသိုလ် ဒုစရိုက်တွေကို မလုပ်ဖြစ်အောင် ရှောင်ရှားတယ်။

လောကမှာ ပြုလုပ်ထိုက်တဲ့ အမြဲပြုလုပ်သင့်တဲ့ ကောင်းမှုကုသိုလ် (ပုညကိရိယာဝတ္ထု) ၁၀ မျိုးရှိတယ်။ ဒါန၊ သီလ၊ ဘာဝနာ(ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာပွားများခြင်း)၊ အပစာယန(ရှိသေထိုက်သူကို ရှိသေခြင်း)၊ ဝေယျာဝစ္စ(သူတစ်ပါးကိစ္စကြီးငယ်ကို ပြုစုဆောင်



ရွက်ခြင်း)၊ ပတ္တိဒါန(မိမိပြုလုပ်သောကုသိုလ်ကို အမျှပေးဝေခြင်း)၊ ပတ္တာနုမောဒနာ(သူတစ်ပါးကုသိုလ်ကောင်းမှုပြုသည်ကို မြင်ကြား အမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း)၊ ဓမ္မဿဝန(တရားနာယူခြင်း)၊ ဓမ္မဒေသနာ(တရားဟော ပြောပြသခြင်း)၊ ဒိဋ္ဌိဇု ကမ္မ(ဖြောင့်မတ်သောအယူရှိခြင်းနှင့် ကံ-ကံ၏ အကျိုးကို ယုံကြည်ခြင်း) တို့ပဲ ဖြစ်တယ်။

**ကြီးလေးရှုပ်ထွေးလေဖြစ်တဲ့ လုပ်ငန်း တာဝန်တွေကို အမျိုးသမီးတစ်ယောက် ဖြစ်နေတဲ့ အစ်မက ဦးဆောင်ပြီးလုပ်နေရတော့ ဘယ်လို အခက်အခဲ တွေကို ကြုံရလေ့ရှိ ပါသလဲ။**

အစ်မအနေနဲ့ လောကဓံလို့ပဲခေါ်ခေါ်၊ အခက်အခဲပြဿနာအရှုပ်အထွေးလို့ပဲ ပြောပြော ပေါ့နော်။ ကြုံတွေ့လာရင် ကိုယ့်စိတ်လှုပ်ရှားနေတုန်း ဆုံးဖြတ်ချက်မချမိအောင် ကြိုးစားတယ်။ ပြီးတော့ အပြင်လူတစ်ယောက်အနေနဲ့ ဒီကိစ္စအပေါ်အပြင်ဘက်ကနေ သုံးသပ်ကြည့်တယ်။ ငါစွဲမပါအောင် ကြိုးစားပြီး စဉ်းစားတယ်။ မိတ်ဆွေကောင်းတွေနဲ့ လိုအပ်ရင် တိုင်ပင်တယ်။ တကယ်လို့ အချိန်ယူလို့ရတဲ့ ကိစ္စမျိုးဆိုရင် အလျဉ်စလို မလုပ်မိအောင် ဆုံးဖြတ်ချက်မချမိအောင် ကြိုးစားတယ်။ ကိုယ်ဆုံးဖြတ်ချက်ချပြီးပြီဆိုရင် အစ်မကတော့ မှားမှားမှန်မှန် ဘယ်တော့မှ နောင်တရမနေဘူး။ ဆရာတော်ဘုရားတွေက ပြောတယ်။ နောင်တ တစ်ဖန်ရပြီး ပူဆွေးသောကရောက်နေတာဟာ (ကုက္ကုစ္စ) နီဝရဏတရား (၆) ပါးထဲမှာ ပါဝင်တာဖြစ်လို့ အကုသိုလ် စေတသိတ်တစ်ခုသာဖြစ်တယ်။ ဒါကြောင့် ကိုယ့်အတွက် ဘာမှအကျိုးမရှိတဲ့ အပြင် ကုသိုလ်စိတ်ကိုတောင် ဖြစ်ခွင့်မရအောင် တားမြစ်ပိတ်ပင်တဲ့အတွက် အစ်မဘယ်တော့မှ နောင်တရမနေဘူး။ သင်ခန်းစာပဲ ယူလိုက်တယ်။

**အားနွဲ့တဲ့မိန်းမသားတစ်ဦး ဖြစ်နေပေ မယ့်လည်း အခုလိုလုပ်ငန်းတွေ အောင်မြင်တိုးတက်နေတဲ့ လျှို့ဝှက်ချက်ဆိုရင် ဘာများပါလဲ အစ်မ။**

အစ်မက ကိုယ့်ကိုယ်ကိုယ် ဘာသာရေးရဲ့ အဆုံးအမ အောက်မှာနေပြီး ကိုယ်လုပ်သင့်တဲ့ လုပ်ငန်းတွေကို တစ်ခုချင်းသုံးသပ်တယ်။ မိတ်ကောင်းဆွေကောင်းတွေနဲ့ တိုင်ပင်တယ်။ အကြံဉာဏ်ရယူတယ်။ ကိုယ့်ဝန်ထမ်းတွေကို လည်း အစ်မပြောတာကိုသာ လိုက်လုပ်တာထက် သူတို့ရဲ့ အမြင်နဲ့ သဘောထားသုံးသပ်ချက်၊ အကြံဉာဏ်တွေကိုပါ နားထောင်ကြည့်တယ်။ လူတိုင်း၊ လူတိုင်းမှာ သူတို့ရဲ့ ကျွမ်းကျင်လိမ္မာတဲ့ အရည်အချင်းကောင်းတွေ အနည်းဆုံးတစ်ခုစီ တော့ ရှိကြပါတယ်။ ခေါင်းဆောင်လုပ်တဲ့သူက ဒါကိုမြင်အောင်ကြည့်တတ်ဖို့ပဲလိုတယ်။ Except-ional Caseကတော့ အနည်းအကျဉ်းရှိ တာပေါ့နော်။

**ကိုယ့်ရဲ့ Personal Development အတွက်ရော ဆက်ပြီးလေ့လာဖြစ် သင်ယူဖြစ်တဲ့ပညာရပ်မျိုးတွေ ရှိပါသလား။**

အစ်မလေ အထူးသဖြင့် အစ်မခင်ပွန်းကွယ်လွန်ပြီးတဲ့နောက်မှာ ကိုယ့်စိတ်ကို နည်းနည်းမှ အလွတ်မပေးခဲ့ဘူး။ နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖွင့်တဲ့ MOFA-BDS Basic Diplomatic Skill (အပတ်စဉ်-၂၀) ကိုလည်း တက်ရောက်ခဲ့သေးတယ်။ အခုလည်း လူမှုရေးအသင်းအဖွဲ့တွေမှာ အစ်မအတတ်နိုင်ဆုံး တက်တက်ကြွကြွနဲ့ ပါဝင်လုပ်ကိုင်ပေးနိုင်အောင် အစ်မကြိုးစားတယ်။ အခုဆိုရင် အစ်မမှာ ဓမ္မမိတ်ဆွေတွေရော၊ နှလုံးသားဂီတအလှူကို အရင်းခံပြီး ပေါက်ဖွားလာတဲ့ စိတ်တူကိုယ်တူရှိတဲ့ "တူညီစိတ်ထား၊ ဖြူစင်မေတ္တာ"ဆိုတဲ့ အစ်မတို့သူငယ်ချင်းမိန်းကလေးအဖွဲ့ရော၊ အခြားလူမှုရေးနဲ့ NGOအသင်းအဖွဲ့တွေမှာရော ကိုယ်လုပ်ပေးနိုင်သလောက် လူအား၊ ငွေအား၊ ပညာအားတွေနဲ့ အစ်မရတဲ့

Asian Fame Media Group

အချိန်မှာ ရသလို လုပ်ဖြစ်တယ်။ ချက်ချင်းအကျိုးကတော့ မိတ်ဆွေကောင်းတွေတိုးပွားရုံသာမက အချင်းချင်းမိတ်ဆွေကောင်းတွေရဲ့ ဝတ္တရားအတိုင်း ဝိုင်းဝန်းစောင့်ရှောက်ဖေးကူကြတော့ Lonely ဖြစ်နေတဲ့ စိတ်လည်း မရှိတော့ဘူးပေါ့။

BDS သင်တန်း(၃) လတက်ပြီးတဲ့နောက် နောက်ထပ်ဘာသင်တန်းတက်ရရင်ကောင်းမလဲပေါ့လေ။ MBA (2) yearsCourse တက်မလားဆိုပြီး အစ်မစဉ်းစားဖြစ်သေးတယ်။ ဒါပေမဲ့ Fundamental Buddhism Diploma Course ကို အစ်မရွေးလိုက်တယ်။ အခုဆိုရင် စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား(၄) ပါးအကြောင်းကိုလည်း အစ်မ သိပြီ၊ သတိပဋ္ဌာန်တရား(၄) ပါးနဲ့ ပဋိစ္စသမုပ္ပာဒ်တရားနဲ့ သုတ္တန် ၊ ဝိနည်းအစရှိတဲ့ အခြေခံဗုဒ္ဓဘာသာသင်ရိုး ညွှန်းတမ်းအားလုံး သင်ကြားရတယ်။ ဒီအတန်းကို တက်ရောက်လိုက်ရတာ အစ်မအတွက်၊ အခုဘဝအတွက်ရော၊ နောင်ဘဝနဲ့ သံသရာအတွက်သာမက လွတ်မြောက်မှု(ဝိမုတ္တိ) အတွက်ပါ အကျိုးများလှပါတယ်။

**မိသားစု၊ အသိုက်အဝန်းဆိုတာမှာ ဖခင် နေရာမှာ လစ်လပ်သွားတဲ့အတွက် အစ်မရဲ့ သား၊ သမီးတွေကိုရော စိတ်ပိုင်းဆိုင်ရာ ခွန်အားတွေ ရှိနေဖို့ အစ်မ ဘယ်လိုကြိုးစားပေးခဲ့ရပါသလဲ။**

အစ်မအမျိုးသားဆုံးတာ အခုဆိုရင် ၅ နှစ်နဲ့ ၅ လရှိပြီပေါ့။ ကိုမောင်ဆုံးတဲ့အချိန်မှာ သမီးကြီး Anna @ အမရာဆွေတင်က ၂၀၀၈ ခုနှစ် ISM Graduation Batch၊ သမီးငယ် Izzy @ အိန္ဒြေမဒီဆွေတင်က ၂၀၀၇ ခုနှစ် ၊ ISM Graduation Batch၊ သမီး(၂) ယောက် ဆက်တိုက် Graduation ရတဲ့အခါ သူတို့ကို ပထမသူ့ အဖေနေထိုင်ခဲ့တဲ့ အမျိုးတွေလည်းရှိတဲ့ United States ကိုပဲ ပို့မယ်လို့ စီစဉ်ထားတာ၊ နောက်တော့ သမီးတို့ကို Request လုပ်ပြီး Australia ဘက်ကိုပြောင်းလိုက်တယ်။ အခု အစ်မသမီး (၂)ယောက်စလုံး UNSW-Sydney မှာ Under graduate Bachelor Degree Course ကို တက်နေကြတယ်၊ ဒီနှစ်ကုန်လောက်ဆိုရင် သမီးကြီးက Bachelor Degree (Commerce) ပြီးခါနီးပြီ၊ သူတို့ပြန်လာရင် အစ်မအားရှိတာပေါ့။ သမီးတို့က Further Study ကို States မှာ ဆက်တက်ချင်နေသေးတယ်။ ဒါပေမဲ့ အမေ့ကိုလည်း သနားနေတော့ ပြန်လာပြီး အစ်မကို ဝိုင်းကူဖို့များပါတယ်။ သမီးတို့ ပြန်ရောက်ပြီးတာနဲ့ သားကြီး Lawrence @ လင်းဆောင်မောင်က အခု ISM မှာ Grade-11ဆိုတော့ သူလည်းသွားရဦး မှာပေါ့။ သားငယ် Leonard @လင်းညီညီကအခုမှ ISM Grade -4ပဲရှိသေးတာ၊ ဒီကလေးတွေရဲ့ တာဝန်ကို အစ်မပဲထမ်းရတာပေါ့။ ဒါပေမဲ့ ဘုရားရှင်ဟော ပြောချက်အရ လူတိုင်းဟာ ကိုယ့်ရဲ့ ကိုယ်ကျင့်သိက္ခာ(ကျင့်ဝတ်)အပေါ် တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုတွေက ကောင်းမှု ကုသိုလ်တွေဖြစ်တဲ့အတွက် ဘာပဲလုပ်ရလုပ်ရ၊ ယောနိသော မနသိကာထားပြီး နှလုံးသွင်းကောင်းရင်၊ ဗြဟ္မာစိုရ်ရဲ့ တရားလက်ကိုင်ထားပြီး အားလုံးအပေါ် ကိုယ်ချင်းစာနာတတ်ရင် ကိုယ်လုပ်သမျှ အားလုံးဟာ ကိုယ့်အတွက်ကြီးပါပဲ။ ကိုယ့်စိတ်ထားတတ်ရင် ကိုယ်ယူတတ်ရင် လောကကြီးက ကျေနပ်စရာပါပဲ။

**ဖခင်ရဲ့ ရင်ခွင်ဆုံးရှုံးလိုက်ရတဲ့ အစ်မရဲ့ သားသမီးတွေရဲ့ လိမ္မာရေးခြားရှိမှုကိုရော အစ်မ ဘယ်လို စီမံရပါသလဲ။**

ငယ်ငယ်ကတည်းက ဆရာမ အမေရဲ့ လက်အောက်မှာ စည်းကမ်းကြီးစွာနဲ့ ကြီးပြင်းလာရတော့ အစ်မတို့က ခေါက်ရိုးကျိုးနေခဲ့ပြီ၊ ဆိုရှယ်လစ်ခေတ်လည်းဖြစ်တော့ ဒီနေ့ခေတ်လို အာရုံခံစားမှုတွေက တွေလီဆန်းပြားတာသိပ်မရှိဘူး၊ ရိုးစင်းတဲ့ဘဝပေါ့။ အဝတ်အစားဖက်ရှင်တာကအစ သွားလာနေထိုင်တာအဆုံး အမေမကြိုက်တာဆို မလုပ်မိအောင် နေခဲ့တယ်။ ဒီခေတ်နဲ့တော့ ကွာတာပေါ့။ ဒီခေတ်မှာတော့ ကလေးတွေရဲ့ အတွေးအမြင်ကို ကိုယ်က နားလည်လက်ခံပေးပြီး အကောင်း-အဆိုး သုံးသပ်ပြရုံပဲပေါ့။ ဆုံးဖြတ်ချက်ကတော့ သူတို့ကိုယ်တိုင်ရဲ့ ရွေးချယ်မှုပါပဲ၊ ဒီမိုကရေစီဆန်ဆန်၊ လွတ်လပ်တဲ့ တွေးခေါ် ယုံကြည်မှုပေါ့။ ကိုယ်လျှောက်မယ့်လမ်းကို ကိုယ့်ဘာသာ ရွေးချယ် ကြတာများပါတယ်။ မိဘရဲ့ လွှမ်းမိုးမှု (influential)ကိုသိပ် လက်မခံချင်ကြဘူး။ အကောင်းနဲ့အဆိုးကတော့ အမြဲတွန်းတွဲနေစမြဲပါ။ အတွေ့အကြုံများတိုင်း ခေါင်းဆောင်ကောင်းတစ်ဦး မဖြစ်နိုင်ဘူး။ အဲဒီအတွေ့အကြုံကရတဲ့ အမှန်နဲ့အမှား အားနည်းချက်နဲ့ အားသာချက်တွေကို သင်ခန်းစာယူပြီး လက်တွေ့ အခြေအနေတွေပေါ်မှာ ပြန်လည်အသုံးချနိုင် မှသာ ခေါင်းဆောင်ကောင်း တစ်ဦး ဖြစ်လာ နိုင်တယ်ဆိုတာကို ဆရာ ဦးကျော်ကျော်လှိုင်ရဲ့ (Radio talk-show)တစ်ခုမှာ ကြားလိုက်ရလို့ သိပ်မှန်တာပဲလို့ ကောက်ချက်ချလိုက်မိသေး တယ်။ အစ်မကတော့ ကလေးတွေကို မိဘမေတ္တာအပြည့်ပေးပြီး သူတို့ရဲ့ နားလည်မှုကို ပြန်ယူတာနဲ့ပဲ ထိန်းကျောင်းပါတယ်။

**အလုပ်တွေလည်း အများကြီးလုပ်ရပြီး စီမံ ရတာတွေလည်း များလှတဲ့ အစ်မအတွက် စိတ်ဖိစီးတာတွေလည်း များမှာပဲနော်။ ဒီလို စိတ်ဖိစီးမှုတွေကို အစ်မဘယ်လို ဖြေဖျောက်ရပါသလဲ။**

အစ်မ မနက်မျက်စိနှစ်လုံးဖွင့်ကတည်းက ညအိပ်ရာဝင်တဲ့အထိ ဇယ်ဆက်သလို မပြတ်အလုပ်လုပ်နေရပေမယ့် Stress တွေ၊ Worryတွေ များပေမယ့် အစ်မ ဒီဘဝကို ကျေနပ်စွာပဲ ရပ်တည်နေနိုင်ပါတယ်။ ရုပ်ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ပြောင်းလဲပေးတယ်တဲ့။ အစ်မအခုရရှိထားတဲ့ ဒီရုပ်ခန္ဓာရဲ့ အဆင့် အတန်းက ကံက ပို့လိုက်တဲ့ အတိုင်းပဲပေါ့။ ဒါကို အစ်မတို့ သိပ်ပြီး ပြောင်းယူလို့မရပေမယ့် စိတ်ကောင်းမွေးပြီး စိတ်ကို ပကတိ ဖြူစင်နေအောင်ထားနိုင်ရင်၊ ရာသီဥတုနဲ့ နေရာထိုင်ခင်း သင့်တင့်လျောက်ပတ်အောင် နေထိုင်ဝတ်စားတတ်ရင်၊ အစားအစာနဲ့ဆေးဝါး၊ အာဟာရကို လိုအပ် သလောက်သာ စားသုံးမှီဝဲ တတ်ရင်၊ ကိုယ့်ရဲ့ ရုပ်ကို အစ်မတို့ ထိန်းထားနိုင်ပါတယ်။

စိတ်ကိုတော့ တည်ငြိမ်မှု သမာဓိရအောင် အာနာပါနကမ္မဋ္ဌာန်းနဲ့ ကြိုးစားထိန်းပါတယ်၊ အရေးကြီးဆုံးကတော့ ရုပ်၊ နာမ်နှစ်ပါးကို မြင်အောင်ရှုမှတ်ပြီး ဒီရုပ်၊ ဒီနာမ်တို့ရဲ့ မမြဲခြင်းတရား (အနိစ္စ) ဆင်းရဲခြင်းတရား(ဒုက္ခ) သူ့သဘောသူဆောင်ခြင်းတရား၊ ကိုယ့်အလိုသို့ မလိုက်ခြင်းတရား (အနတ္တ)စတဲ့ လက္ခဏာရေး ၃ ပါးကို (အနိစ္စ၊ဒုက္ခ၊ အနတ္တ)အဖြစ် ရှုမြင်ခြင်း၊ သိခြင်းတို့ကို ကြိုးစားအားထုတ်မှတ်ယူနေခြင်း ဖြစ်ပါတယ်။ ဒါကိုပဲ ဝိပဿနာလို့ ဆိုပါတယ်။

ဆက်လက်ပြီးတော့ ဘုရားရှင်ရဲ့ နောက်ဆုံးစကားတော် "ဝယ ဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" (ဖြစ်ပေါ်လာသမျှသော ဘာဘဝတရားတို့သည် ပျက်စီးရသည်ချည်းသာ မြဲမြံသော သတိတရားဖြင့် သီလ၊ သမာဓိ၊ ပညာ တရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ကြကုန်လော) ဆိုတဲ့ အဆုံးအမအတိုင်း ကိုယ့်ရဲ့စိတ်ကို ဘာသာရေးအဆုံးအမအောက် မှာထားပြီး အတတ်နိုင်ဆုံး သတိမလွှတ်မိအောင် ကြိုးစားနေထိုင်ပါတယ်။

**အစ်မကို နိုင်ငံတော်ကနေ ဘွဲ့တံဆိပ် ချီးမြှင့်ရတဲ့အထိ အလှူအတန်းတွေ တစ်တပ်တစ်အားလုပ် နေတာဆိုတော့ အလှူအတန်း ပြုရတာကိုရော အစ်မ ဘယ်အချိန်ကတည်းက ဝါသနာပါနေခဲ့တာ ပါလဲ။**

အစ်မနေနဲ့ အလှူအတန်းပြုတယ်ဆိုတာ ထက် ဒီသာသနာတော်ကြီးနဲ့ ကြုံတောင့်ကြုံခဲကာလမှာ အစ်မတို့ကလည်း အခုလို အဆင့်အတန်း၊ ဉာဏ်ပညာနဲ့ လူလာဖြစ်ခိုက်၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို အရှည်တည်တံ့ပြန့်ပွားအောင် သာသနာပြုလုပ်ငန်းတွေ လုပ်ချင်ခဲ့တာပါ။

အမှန်ကတော့ သာသနာပြုတယ်ဆိုတာ အကုသိုလ်မှန်သမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်ဟူသမျှကို ပြုလုပ်ခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ထားခြင်းစတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လူအများလိုက်နာကျင့်ကြံလာအောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် သာသနာပြုလုပ်ငန်း

Asian Fame Media Group

ဆိုတာ ဘုရားဟောကြားခဲ့တဲ့တရား တွေကို ဟောပြောခြင်း၊ ရေးသားခြင်း၊ သင်ကြားပို့ချပေးခြင်းလို့ ခေါ်နိုင်ပါတယ်။

သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း တစ်ဦးချင်းထက် အသင်းအဖွဲ့အနေနဲ့ ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ဖြစ်လာတယ်။ အစ်မတို့ မြန်မာနိုင်ငံမှာ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ စစ်မှန်တဲ့ထေရဝါဒ ပရိယတ္တိစာပေတွေရှိပြီးဖြစ်လို့ ဒီပရိယတ္တိစာပေတွေကို သင်ကြားပို့ချသူများနဲ့ သင်ယူသူတွေပါရှိပါမှ ပရိယတ္တိစာပေဟာ အရှည်တည်တံ့မှာဖြစ်တယ်။ ဒါကြောင့် အဲဒီပရိယတ္တိ စာသင်သားပုဂ္ဂိုလ်တွေ ပရိယတ္တိစာပေကို မပူမပင်၊ မကြောင့်မကြ အားထုတ်နိုင်ကြဖို့ ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်းစတဲ့ ပစ္စည်းလေးပါး အထောက်အပံ့များ (ပစ္စယာနုဂ္ဂဟ)ဖြင့် အစ်မအနေနဲ့ ကိုယ်တတ်နိုင်သလောက် တာဝန်ယူဖြည့်ဆည်းပေးတယ်။ အစ်မတို့ကိုလည်း ဓမ္မာနုဂ္ဂဟဖြင့် တစ်ဖန်ပြန်ပြီး ချီးမြှောက်ပေးကြတယ်။

ဒီပရိယတ္တိစာပေကို သင်ယူကြားနာ မှတ်သားရပါမှပဲ ပဋိပတ္တိ၊ ပဋိဝေဓ(၂) ပါးကို ပြည့်အောင် ဖြည့်စွမ်းနိုင်မှာလေ။ သီလ၊ သမာဓိ၊ ပညာတည်းဟူသော ဒီပဋိပတ္တိကျင့်စဉ်ကို ကြိုးပမ်းအားထုတ်ပြီးသူတွေကလည်း လူအများလိုက်နာကျင့်ကြံလာအောင် ဆက်လက်ဟောပြောပြသပေးနေမှသာ ထိုပဋိပတ်ကျင့်စဉ်များ မပျောက်ပျက်ဘဲ ဒီလောကကြီးထဲမှာ အရိယာသူတော်ကောင်းများရှိနေမှာဖြစ်တယ်။

အစ်မကိုယ်တိုင်လည်း သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) မှာဖွင့်လှစ် တဲ့ Fundamental Buddhism Diploma Course(First Batch)ကို တက်ရောက်သင်ကြားပြီးခဲ့ပြီ၊ အစ်မကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာအခြေခံ အချက်တွေကို သိထားပါမှ အစ်မလုပ်ချင်တဲ့ သာသနာပြုလုပ်ငန်းတွေကို ပိုပြီးထိထိရောက်ရောက် လုပ်နိုင်မယ်လို့ ယုံကြည်တယ်။ ဒါမှလည်း နေ့စဉ်လူမှုရေးရာ ကိစ္စတွေမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ တရားတွေနည်းပါးလာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားက နေရာတိုင်းမှာ ထွန်းကားလာမှာဖြစ်ပါတယ်။ ဒါကြောင့် ပဋိပတ္တိ ကျင့်သုံးနေသူများအား လိုအပ်တဲ့ ပစ္စည်းလေးပါး (ပစ္စယာနုဂ္ဂ) ဖြင့် တတ်နိုင်သလောက် ထောက်ပံ့ပေးဖို့လိုပါတယ်။

တစ်ဖက်ကလည်း ဗုဒ္ဓဘာသာစာပေပြန့်ပွားရေးအတွက် တရားတော်များကို အမှန်တကယ်တတ်သိကျွမ်းကျင်ပြီး၊ ထပ်ဆင့်ဟောပြောသူ၊ သင်ကြားပြသပေးသူ၊ ကျမ်းစာပြုစုသူတွေများစွာပေါ်ပေါက်တည်ရှိနေမှသာ ဗုဒ္ဓဘာသာ စာပေတွေ ပြန့်ပွားပြီး သာသနာတော်ကြီးလည်း အရှည်ထွန်းကားစည်ပင်နေမှာ ဖြစ်ပါတယ်။

အစ်မတို့လို မိခင်တွေအနေနဲ့ ကိုယ့်ရဲ့သားသမီးတွေကို ငယ်စဉ်ကတည်းက ဗုဒ္ဓဘာသာနဲ့ အကျွမ်းတဝင်ရှိအောင် ပြုလုပ်ပေးခြင်း၊ ဗုဒ္ဓဝင် နိပါတ်တော်တွေကို နားထဲစွဲဝင်နေအောင် ပြော ပြရှင်းပြပေးခြင်း၊ ဘုရား၊ တရား၊ သံဃာအပေါ် ယုံကြည်ပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီးမီး ဆက်ကပ်လှူဒါန်းပုံများကို သင်ကြားပေးခြင်း ရှင်ပြုပဉ္စင်းခံပေးတာ၊ ဗုဒ္ဓဘာသာ အခြေခံ ယဉ်ကျေးမှု သင်တန်းတွေမှာ သင်ကြားစေခြင်းဖြင့် အိမ်တွင်းသာသနာပြုလုပ်ငန်းကို တတ်အားသရွေ့ လုပ်ပေးနိုင်ပါတယ်။ ဒါ့အပြင် အစ်မတို့ ရပ်ကွက် (ယောမင်းကြီးရပ်ကွက်) အတွင်းမှာလည်း အမိုးတန်လှတဲ့ ဗုဒ္ဓဘာသာဘဝကို လူတိုင်းသိရှိ ခံစားနိုင်အောင် အသိမှန်၊ အယူမှန်၊ သမ္မာဒိဋ္ဌိများ ဖြစ်လာအောင် ဟောပြောစည်းရုံးတဲ့ သာသနာပြုလုပ်ငန်းတွေကိုလည်း အစ်မတတ် အားသရွေ့ ဆောင်ရွက်တယ်။ မကြာခင်ကပဲမကြာခင်ကပဲ



ဓမ္မဒါနတရားပွဲကို (၅) ရက်တိုင်တိုင် အစ်မတို့ ရပ်ကွက်မှာ ပြုလုပ်ဖြစ်တယ်။ ဘုရားရှင်ဟောပြောခဲ့တဲ့အတိုင်း "သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ" ဆိုသလို "အလှူတကာ့ အလှူထဲတွင် တရားအလှူသည် အမြတ်ဆုံးဖြစ် သည်" မဟုတ်ပါလား။

နိုင်ငံတော်ကနေ အစ်မရဲ့ သာသနာရေးဆိုင်ရာ လုပ်ဆောင်ချက်တွေအပေါ် အသိအမှတ်ပြုပြီး သာသနာ့နုဂ္ဂဟဘွဲ့ချီးမြှင့်ပေးတာဖြစ်လို့ အစ်မကိုယ်တိုင် ဥပါသိကာတစ်ယောက်အဖြစ်ခံယူပြီး၊ ဥပါသိကာရဲ့ ဂုဏ်အရည်အချင်းတွေနဲ့အမြဲပြည့်မီနေအောင် နေထိုင်သွားရမယ့်အပြင် အစ်မ ပြောပြခဲ့တဲ့ သာသနာပြုလုပ်ငန်းတွေကို လည်း အသက်ထက်ဆုံးလုပ်သွားမယ့်အပြင် အဓိဋ္ဌာန်ချထားရုံမက သစ္စာလည်းပြုထားတယ် အခုလို လှူဒါန်းနိုင်၊ သာသနာပြုနိုင်အောင်လည်း တစ်ဖက်က သမ္မာအာဇီဝအသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကို အစ်မစွမ်းအားရှိသလောက် ဆက်လက်လုပ်ကိုင်သွားဦးမှာပဲ ဖြစ်ပါတယ်။

**အခု အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်နေတယ်။ ဒီလိုပြောင်းလဲမှုတွေက အစ်မတို့လို စီးပွားရေးလုပ်ငန်းရှင်တွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုတွေ ဖြစ်စေပါသလဲ။**

အခုဆိုရင် သမ္မတကြီးဦးသိန်းစိန်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းတို့ နိုင်ငံတော်အစိုးရလက်ထက်မှာ အစ်မတို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စရာမလိုတော့ဘူး။ အားလုံးတန်းတူရည်တူဝင်ဆံ့နိုင်၊ သွားလာလည်ပတ်နိုင်၊ စီးပွားရေးလုပ်ငန်းတွေကို ချိတ်ဆက်လုပ်ကိုင်နိုင်ပြီဖြစ်လို့ လုပ်စရာတွေကတော့ လမ်းပွင့်လာလိုက်တာ စီးပွားရေးလုပ်ငန်းလမ်းကြောင်း ရွေးမမှားအောင်နဲ့ Business Partner အရွေးမမှားအောင်အထူး ဂရုပြုနေရပါတယ်၊ အစ်မကတော့ အစ်မရဲ့ ကလေးတွေအတွက် အရမ်းဝမ်းသာမိတယ်၊ အခုဆိုရင် သမီးတို့ နိုင်ငံခြားက ပညာသင်ပြီးပြန်ရောက်ရင် သူတို့တွေရဲ့ အိပ်မက်တွေကို သူတို့ရဲ့ ဉာဏ်ပညာ အစွမ်းရှိသလောက်၊ တံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်ပြီး ကြိုးစားလုပ်ဖို့ပဲလိုပါတယ်။ မူဝါဒ တွေ၊ လုပ်ထုံးလုပ်နည်းတွေက တဖြည်းဖြည်း ပြည့်စုံလာပြီး၊ ဘယ်တော့မှ နောက်ပြန်မသွား နိုင်တော့ဘူးလို့ အစ်မယုံကြည်တယ်။ အစ်မကတော့ လမ်းသစ်ဖောက်နိုင်သရွေ့ သူတို့အတွက် ရှေ့ကတောရှင်းရှင်း လမ်းစဖောက်ခဲ့မယ်။ သူတို့အတွက် အသင့်လျှောက်နိုင်အောင် ကြိုးစားပေးမယ်၊ ပြီးရင် ကိုယ်တတ်နိုင်သလောက် လက်တွဲခေါ်မယ်၊ ဒါပေမဲ့ ဒီခေတ်ကလေးတွေက ပိုပြီး Smart ဖြစ်ပါတယ်။ IQ လည်းမြင့်ကြတယ်။ Creative ပိုဖြစ်တယ်။ Challange စိန်ခေါ်မှုတွေ၊ စိတ်လှုပ်ရှားမှု Excitement တွေကလည်း ပိုမိုလက်ခံ သဘောကျတယ်။ သူတို့ Genetration အတွက် အလွန်လှပတဲ့ အနာဂတ်ကို အစ်မမြင်နေရပါ တယ်။ အစ်မလေ နိုင်ငံတော်လူကြီးတွေ၊ လွှတ်တော်ထဲက တာဝန်ရှိသူတွေ အားလုံးက အစ်မတို့နိုင်ငံနဲ့ ပြည်သူတွေ အကျိုးအတွက် နေ့မနား၊ ညမအား ကြိုးစားဆောင်ရွက်နေချိန်မှာ အစ်မတို့ ပြည်သူတွေကလည်းပဲ စိတ်ရှည်စွာနဲ့ ယုံယုံကြည်ကြည် စောင့်ကြည့်နေ ထိုင်ကြဖို့လိုပါတယ်။ ဆန္ဒ တွေ သိပ်စောပြီး စိတ်မထိန်းနိုင်ရင် မလိုလားအပ်တဲ့ ကိစ္စတွေ ပေါ်ပေါက်လာပြီး ဘယ်သူ့အတွက်ကိုမှ အကျိုးမရှိတဲ့၊ အချိန်ကုန်လူပင်ပန်းပြီး အကျိုးမဲ့သက်သက် ဖြစ်သွားမှာ အစ်မ စိုးရိမ်ပါတယ်။ အားလုံး စိတ်ရှည်ရှည်ထားကြပါ။ တာဝန်ခံ ထားတဲ့ သူတွေ သူတို့တာဝန်သူတို့သိပါတယ်။ လုပ်ကြပါလိမ့်မယ်။ အားလုံးဟာ တိုင်းပြည်အပေါ် မှာ ချစ်လို့၊ ခင်လို့ တိုးတက်ကြီးပွားစေချင်လို့၊ ဆုံးရှုံးနစ်နာမှုတွေ မဖြစ်စေချင်လို့ စတဲ့ တူညီတဲ့ စိတ်သဘောထားတွေ အားလုံး

Asian Fame Media Group



ရင်မှာ ရှိနေကြတယ်ဆိုတာ မြင်တွေ့နေရပါတယ်။

**အစ်မကို ကြည့်လိုက်ရင် အမြဲကြော့ရှင်းပြီး လှနေတာဆိုတော့ Fashion Design တွေ ဘာတွေကိုရော အစ်မစိတ်ဝင်စားပါ သလား။**

Fashion Design ကို အစ်မ သဘောကျတယ်။ အထူးသဖြင့် အစ်မက မုဆိုးမဖြစ်ပေမယ့် ကိုယ့်မိသားစုဆွေမျိုးနဲ့ ကိုယ့်ပတ်ဝန်းကျင်အလယ်မှာ ကိုယ်က စံနမူနာပြ နေထိုင်သွားလာနေရတာဖြစ်တဲ့အပြင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ်လည်း ရပ်တည်လုပ်ကိုင်နေရတော့ out of Fashion Design ဖြစ်နေလို့တော့ မရဘူးပေါ့။ ဒါပေမဲ့ ကိုယ့်အသက်အရွယ်ရယ်၊ ကိုယ့်ပုံစံအနေအထားရယ်ကို မူတည်ပြီး ကိုယ်နဲ့ လိုက်ဖက်မယ့်ပုံစံကိုပဲ အစ်မ ဝတ်ဆင်တယ်။ အစ်မက ဆံပင်ဆိုရင်အမြဲအခုလို ဆံထုံးပုံစံနဲ့ပဲ နေလေ့ရှိပါတယ်။ ဒါကြောင့်ဆံထုံးနဲ့ လိုက်တဲ့အဝတ်အစားဒီဇိုင်းပဲ ဝတ်ဖြစ်တော့တာပေါ့။

**စီးပွားရေးလုပ်နေတဲ့ အမျိုးသမီးတွေ၊ မိခင်နေရာကနေ သားသမီးတွေအတွက် ရုန်းကန်နေတဲ့ အမျိုးသမီးတွေအတွက် အစ်မရဲ့ ဘဝနဲ့ ယှဉ်ပြီး ဘယ်လိုအား ပေးစကားပြောချင်ပါသလဲ။**

ကိုယ့်ကြောင့် သူများဒုက္ခရောက်ရမယ့် ကိစ္စ အစ်မအမြဲရှောင်တယ်။ အစ်မရှေ့ပိုင်းမှာ ပြောခဲ့သလို လောကမှာ ကိုယ်ကိုယ်တိုင်က စိတ်ကို အမြဲဖြူစင်နေအောင် စိတ်ကောင်းမွေးပါ။ (ယောနိသော မနသိကာရ) နှလုံးသွင်းကောင်းအောင် နဲ့အမြဲ အကောင်းဘက်မြင်တတ်အောင် ကြိုးစားပါ။ ကိုယ့်ရဲ့ ဒေါသ၊ လောဘ၊ မောဟတွေကို အတတ်နိုင်ဆုံးသတိနဲ့ ယှဉ်ထိန်းသိမ်းပြီး ဒုစရိုက် အကုသိုလ်ကံ မကျူးလွန်မိအောင် ရှောင်ကြဉ်ပါ။ နောက်ပြီး ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ကိုယ့်ဘာသာရေးအဆုံးအမအောက်မှာ မိမိကိုယ်ကို မွေ့လျော်အောင် အဆုံးအမအတိုင်း နေထိုင်၊ ပြောဆို၊ စိတ်ထားနိုင်အောင် ကြိုးစားပါ။ ဒါဆိုရင် ကိုယ့်ရဲ့ ကံလည်း ကောင်းလာပါတယ်။ ဘဝမှာ အမြဲနိမ့်မနေသလို အမြဲလည်း မြင့်မနေနိုင်ဘူးဆိုတာ သတိရှိပါ။ အစ်မတို့ ဗုဒ္ဓဘာသာဝင်တွေကတော့ မြတ်စွာဘုရားရှင် ဟောခဲ့တဲ့ တရားတော်တွေအတိုင်း နာယူ လေ့လာကျင့်ကြံ အားထုတ်ပြီး မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမနဲ့ အညီနေထိုင်မယ်ဆိုရင် ဒီဘဝသာမက သံသရာအတွက် ပါ အလွန်ပဲ အကျိုးကျေးဇူးများလှပါတယ်။ အစ်မတို့လို အိမ်ထောင်ရှင်မိန်းမတွေပဲ ဖြစ်ဖြစ်၊ အမျိုးသမီးလုပ်ငန်းရှင်တွေပဲ ဖြစ်ဖြစ်၊ ကိုယ့် အိမ်ထောင်စု(ကိုယ့်မိသားစု)နဲ့ကိုယ့်ရုံး၊ ကိုယ့်ဌာန၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်သည် အကျိုးပြုတဲ့ လူတစ်ဦးဖြစ်ပါစေ။ ကိုယ့်ရဲ့ကျင့်ဝတ်တာဝန်ကို ကျေပွန်ပါစေ။ စံပြုထိုက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်အောင် ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်နိုင်အောင် ကြိုးစားပါလို့ အစ်မကတော့ အကြံပြုချင်ပါတယ်။ အစ်မကို သိပ်မာတ်နေလို့ ဒီစကားတွေ ပြောနေတယ်လို့တော့ မထင်ပါနဲ့။ အစ်မလည်း ရတဲ့ ကိုယ်ပိုင်အချိန်တွေမှာ စာဖတ်ရင်းကနေ သိချင်တာတွေကို လေ့လာရင်းကနေ အစ်မ ရလိုက်တဲ့ အသိတွေကို ပြန်ပြောတာပါ။ ပြီးတော့ အစ်မတို့ အမျိုးသမီးတွေဟာ စာပေလေ့လာတာနဲ့ စာဖတ်တဲ့ အကျင့်ရှိအောင် ကြိုးစားသင့်တယ်။ စာပေအသိကလည်း အမျိုးသမီးတွေရဲ့ ဘဝကို မြှင့်တင်ပေးပါတယ်။

**အစ်မလုပ်နေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တော့ရော ရှေ့ဆက်ပြီး ဘာတွေတိုးချဲ့သွားဖို့ ရှိပါသေးလဲ။**

SI Company ဟာ Trading ကိုပဲ စတင် လုပ်ကိုင်နေရင်းက Property Development & Construction စီမံကိန်းများ ဘက်ကိုဝင်ရောက်လုပ်ကိုင်ဖြစ်လာခဲ့တယ်။ Malaysia နဲ့ Thailand က Business partner များနဲ့လည်း ပူးပေါင်းပြီး စီမံကိန်းတွေကို လုပ်ကိုင်ဖြစ်တယ်။ ဒါပေမဲ့လည်း အစ်မတို့ ကြိုးစားခဲ့သလောက် အောင်မြင်မှုမရခဲ့ဘူးလို့ အစ်မသုံးသပ်မိတယ်။ ၁၉၉၆ -၁၉၉၇ မှာ တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်မှာ တစ်ကြိမ် အရှေ့တောင်အာရှ စီးပွားရေးဝယက်ရိုက်ခတ်မှုကို အစ်မတို့ ခံလိုက်ရသေးတယ်။ ဘာပဲဖြစ်ဖြစ် အစ်မကို အမြဲနားလည် ခွင့်လွှတ်ပေးတတ်တဲ့ လူတိုင်းအပေါ် Benefit of Doubt အမြဲပေးတတ်တဲ့ အစ်မခင်ပွန်းရဲ့ အားပေးမှုကြောင့် စီးပွားရေးလုပ်ငန်းထဲမှာ အစ်မ ဆက်လက် ရပ်တည်နိုင်ခဲ့ပါတယ်။ အစ်မရလိုက်တဲ့ သင်ခန်းစာက "ကိုယ့်အိုးနဲ့ကိုယ်ဆန် တန်အောင်သာ ချက်ပါ" ဆိုတာပါဘဲ ဆိုလိုချင်တာကတော့ ကိုယ့်ရဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ ဓနအင်အား၊ မိတ္တစွမ်းအားနဲ့၊ စိတ္တ(စာရိတ္တ) စွမ်းအားရှိ သလောက်ကိုသာချိန်ဆပြီး၊ ကိုယ့်ရဲ့ အားသာချက် /အားနည်းချက်တွေကို အရင်နားလည်အောင် လုပ်ပြီးမှသာ အလုပ် တစ်ခုကို စနစ်တကျ အစီအစဉ်ရေးဆွဲပြင်ဆင်ပြီး ဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုရလဒ် ကောင်းများကို အနေးနဲ့အမြန် မလွတ်တမ်း ဆွတ်ခူးနိုင်မှာ ဖြစ်တယ်လို့ အစ်မသုံးသပ်မိတယ်။ ဒီလိုနဲ့ အစ်မတို့ SI Co.,Ltd ဟာ တနင်္သာရီ တိုင်းမှာ ၁၉၉၈-၉၉ ခုနှစ်လောက်ကတည်းက ဆီအုန်း စိုက်ပျိုးရေး လုပ်ငန်းနှင့် အတူရောက်ရှိလာခဲ့တာ ယနေ့အထိ ဆိုရင် ၁၅ နှစ်လောက်ရှိပြီ အခုဆိုရင် တနင်္သာရီ တိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ကဝက်-တော့မြေပြင်းဒေသမှာ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းကို မလေးရှား ဆီအုန်းအဖွဲ့နဲ့ ပူးပေါင်းပြီး JV Co. (Myanmar Stark Prestige Plantation Co.,Ltd)ကို MICခွင့်ပြုချက်နဲ့ ဖွဲ့စည်းတည်ထောင်ကာ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်ဖွံ့ဖြိုးရေးကိုပါ ဦးတည်ဆောင်ရွက်နေပါတယ်၊ ခဲမဖြူ အဖြိုက်နက်သတ္တုနဲ့ သစ်အခြေခံစက်မှုလုပ်ငန်း တွေမှာလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားဖို့ရှိပါတယ်၊ အခုဆိုရင်အစ်မတို့မြန်မာနိုင်ငံရဲ့ တစ်နေ့တခြား တိုးပွားလာတဲ့ ပြည်တွင်းပြည်ပ စီးပွားရေး လုပ်ငန်းရှင်များအတွက် Commercial ဆိုင်ခန်း၊ Office ရုံးခန်းနဲ့ Residential Condo Apart-ment တွေ အများကြီးလိုနေသေးတာ တွေ့ရတဲ့အပြင် အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်းငှားရမ်းခ ဈေးတွေကလည်း အလုပ်လုပ်လို့ ကောင်းတဲ့ အနေအထားမှာ ရှိတာကြောင့် အစ်မအခုပြောသွားတဲ့ Industry/ Manufacturing (Agro based/ wood based) လုပ်ငန်းတွေအပြင် Property Development ဘက်မှာလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ Bahosi Hospitalကို လည်း လက်ရှိအနေအထား ထက်တိုးချဲ့ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိတာကြောင့် အခုညှိနှိုင်း ဆောင်ရွက်နေပါတယ်၊ အတည်ပြုညှိနှိုင်းပြီးသွားရင် အားလုံးချပြ ကြော်ငြာသွားမှာပါ။ States မှာရှိတဲ့ ဆွေမျိုးမိတ်ဆွေတွေကလည်း Trading ဆိုင်ရာ လုပ်ငန်းတွေအတွက် စိတ်ဝင်တစားလာ ရောက် လေ့လာဆွေးနွေးဖြစ်နေတယ်။ မြန်မာပြည်ကို အားလုံးစိတ်ဝင်တစားရှိနေပြီး ကမ်းလှမ်းနေကြတော့၊ ကိုယ့်ဘရိတ် ကိုယ့်အုပ်မှုပဲ လုပ်ငန်းလက်စသတ်မယ်ထင်တယ်။

**ဖြိုးစုပိုပို**

# မြန်မာမှု မြန်မာ့ဟန်




**မော်ဒယ်**
ကျော်ကောင်းထက်၊ သွန်းရွှေနဒီ
**ဝတ်စုံ (အမျိုးသား)**
တော်ဝင်သူ

Asian Media Group

# မြန်မာ့မှု မြန်မာ့ဟန်


မော်ဒယ် - မင်းထက်၊ မေ၊ အေးမြဖြူ / မိတ်ကပ်-ယုနေ (လင်းလင်း-Make up Artist)/ဆံပင် -(တော်ဝင်သူ)
ဝတ်စုံ- ခင်မမ (Lucky Fashion)/ ဓာတ်ပုံ - Ah funt / စီစဉ်သူ- မိုးသောက်ကြယ်






**မော်ဒယ်**
ခြူးခြူး၊ ရာဇာဘုန်းမြတ်
ကျော်ကောင်းထက်၊ သွန်းရွှေနဒီ
**ဝတ်စုံ (အမျိုးသား)**
တော်ဝင်သူ







# Stylish Rider

Model : Khin Rupa
Make-up : Shine (December Hnin)
Photo : Akesh Demo
arranged by Moe Thauk Kyal

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP

# Stylish Rider

Model : May Suu Maung
Make-up : December Hnin
Photo : Akesh Demo



Asian Fame Media Group



af MEDIA GROUP
Asian Future Media Group

# MOD MOM



Asian Fame Media Group
MEDIA GROUP



Model
Bon Bon @ Phyu Thi Myo Lwin
Nyein Say Moe
Tayza Moe
Make-up
Ma Honey (Topaz)
Photo
Ko Naing (Popular)
Arranged by
Phyoe Su Po Po

Asian Fame Media Group




Asian Fame Media Group
MEDIA GROUP

# နိုင်ငံတကာလှမ်းမည့် မန္တလာချမ်း

မြသီရိ

တစ်နှစ်ပတ်လုံး ရုန်းကန်လှုပ်ရှားခဲ့ရသော ဘဝအမောများကို သင်္ကြန်ကာလအားလပ်ရက်တွင် ခရီးသွားခြင်းဖြင့် မိမိတို့မိသားစု အပန်းဖြေလေ့ရှိကြပါသည်။ တစ်နှစ်လုံး ချွေတာစုဆောင်းရရှိသမျှလေးကို ဦးစွာပထမဆုံး နိုင်ငံခြားသလောက် လျှာဒါန်းမှုပြုပြီး ခရီးစရိတ်ကျန်အောင် ကြိုးပမ်းကြရပါသည်။

များသောအားဖြင့် မရောက်ဖူးသေးသည့် ပြည်ပဘုရားဖူးခရီးစဉ်များကို Package Tour ဖြင့် သွားလေ့ရှိပါသည်။ ခရီးစဉ်မှန်သမျှ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများက အကောင်းဆုံး၊ အတတ်နိုင်ဆုံးစီစဉ်ပေးကြသော်လည်း လေကြောင်းလိုင်းများ၏ အားနည်းချက် Tour Guide များ၏ လိုအပ်ချက်၊ တည်းခိုသည့် Hotel များ၏ ချို့ယွင်းချက်၊ ခရီးသွားဖော်အချင်းချင်း၏ သဘောထားကွဲလွဲချက် စသည်များကိုတော့ ရင်ဆိုင်သည်းခံရပါသည်။

ယခုနှစ်တွင် မိမိတို့ကြည်ညိုလေးစားရပါသော နိုင်ငံကျော်ကဗျာဆရာကြီး ဦးတင်မိုး၏ သမီးဖြစ်သူ ဒေါ်မိုးမိုးစံဦးစီးသည့် Mandalar Charm Travels and Tours ဖြင့် ဧပြီလ ၁၃ ရက်မှ ၁၈ ရက်အထိ ၅ ညအိပ် ၆ ရက်ကြာသော ပျော်ပျော်ပါးပါး မလေးရှားနှင့်အင်ဒိုနီးရှား ခရီးစဉ်ကို သွားခဲ့ပါသည်။ ၉၅ ရာခိုင်နှုန်း ကောင်းမွန်သဖြင့် ခရီးစဉ်သည် ပျော်ရွှင်ကျေနပ်စရာ ဖြစ်ခဲ့ရပါသည်။

မလေးရှားနိုင်ငံတွင် New King's Palace, National Monument, Independent Square, K.L Tower, Batu Cave, Twin Tower, China Town, Mydin Shopping Mall စသည့်နေရာများကိုတော့ အမြေးအလွှားဖြင့်ပင် ရောက်ခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင်တော့ အေးဆေး ပျော်ရွှင်စွာဖြင့် ပေါ်ပြူလာနေရာများကို ရောက်ခဲ့



ပါသောကြောင့် ကျေနပ်ခဲ့ကြပါသည်။ အလွန်ရောက်ချင်သည့် အင်ဒိုနီးရှားနိုင်ငံ ယိုရာကာတာမြို့အနီးရှိ ကမ္ဘာကျော်ဗောရောဗုဒ္ဓဘုရားကြီး၊ မန်ဒုနှင့် ပဝမ်စေတီများ၊ မြို့ဟောင်းကိုတာဂေဒယ်၊ ကဆုန်ဂန်ဂွေ၊ ကမ္ဘာပေါ်တွင် အလှဆုံးပရမ်ဘနန် ဟိန္ဒူဘုရားကျောင်း၊ မေရာပီမီးတောင်ကြီး၊ စူလတန်စော်ဘွားနန်းတော်၊ တာမန်စရီရေနန်းတော်၊ ဗရန်ဒန်ဘတ်ခဲတင်၊ သမ္မတအိမ်တော်နှင့် ဝယ်ချင်စရာများ အလွန်များသည့် နာမည်ကျော် မာလီယိုဗိုဂိုလမ်းမကြီးကို အားပါးတရ လှေ့လာလည်ပတ်ခွင့် ရရှိကြပါသည်။

ဗောရောဗုဒ္ဓဘုရားကြီးကို ဖူးမြော်လို့မဝနိုင်အောင်ဖြစ်ခဲ့ရပြီး ထပ်ခါတလဲလဲ ဖူးမြော်လိုသော စိတ်ဆန္ဒများဖြစ်နေပါသည်။ Mandalar Charm Travels and Tours ၏ Managing Director ဒေါ်မိုးမိုးစံနှင့် ဖော်ပြပါအတိုင်း တွေ့ဆုံဆွေးနွေးခြင်း ပြုခဲ့ပါသည်။


**Mandalar Charm Company ကို ဘယ်အချိန်က စတင်တည်ထောင်ခဲ့ပါသလဲ။**

Mandalar Charm Co.,Ltd. ကို ၂၀၀၁ ခုနှစ်ကတည်းက စတည်ထောင်ခဲ့တာပါ။ Trading Company ပေါ့။ Couner Service ဝန်ဆောင်မှုလည်းလုပ်ပါတယ်။ လုပ်ဖြစ်သွားပုံက အဲ့ဒီအချိန်တွေတုန်းက အင်တာနက်တွေလည်း ခေတ်မစားသေးဘူး။ အကြောင်းကြောင်းကြောင့် မြန်မာပြည်နဲ့ ခွဲခွာနေရတဲ့သူတွေက မြန်မာပြည်က စာအုပ်တွေ သိပ်မျှော်ကြတယ်။ ကျွန်မလည်း ကိုယ်ချင်းစာတယ်။ ကျွန်မလည်း စာမဖတ်ရဘဲ တစ်ရက်မနေနိုင်ဘူး။ ကျွန်မအဖေကလည်း ပြည်ပရောက်နေတော့ စာအုပ်သိပ်မျှော်တာ။ မြန်မာပြည်ကိုသိပ်ချစ်တဲ့အဖေ့ကို မြန်မာပြည် အလွမ်းပြေအောင် နေ့စဉ်သတင်းစာကအစ ပို့ပေးတယ်၊ အဲ့ဒီအချိန်က ဂျာနယ်တွေလည်း မများသေးဘူး။ တစ်လတစ်လကို မဂ္ဂဇင်းတွေ အဖေ့ဆီ အုပ် ၂၀ လောက်ပို့ပေးတယ်။ ထွက်သမျှ စာအုပ်ကောင်းနိုးရာရာတွေလည်း ပို့ပေးတယ်။ ဒီလိုပို့ရင်းနဲ့ မိတ်ဆွေတွေကသိပြီး သူတို့ဆီပါ ပို့ပေးရတယ်။ စာတိုက်ကြီးကတစ်ဆင့်ပေါ့။ အဲဒီကနေ စာအုပ်တင်မက စားစရာအဝတ်အစား အမှတ်တရပစ္စည်းလေးတွေပါ ပို့ဖြစ်သွားပါတယ်။

အခု ခရီးသွားလုပ်ငန်းကိုတော့ ဒီနာမည်လေးပဲဆက်ယူပြီး Mandalar Charm Travels & Tours Co.,Ltd. ဆိုပြီး လျှောက်လိုက်တာ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့က မှတ်ပုံတင်ကျပြီး ခရီးသွားလိုင်စင်ရပါတယ်။

**ဒီ Mandalar Charm ဆိုတဲ့နာမည်ကို**





**ဘယ်လိုအဓိပ္ပာယ်နဲ့ ရွေးချယ်ခဲ့ပါသလဲ။**

မြန်မာပြည်ကိုကိုယ်စားပြုတဲ့ နာမဝိသေသန ကို စဉ်းစားလိုက်တော့ Mandalar ဆိုတာကိုတွေ့ တယ်။

နောက် ကျွန်မက မန္တလေးသူဖြစ်တာလည်း ပါတာပေါ့။ Charm ဆိုတာက အလှအပ၊ တင့်တယ်တာ၊ ဂုဏ်ယူစရာပေါ့။ စိတ်ထဲမှာ လူထု ဒေါ်အမာရဲ့ ကမ္ဘာ့အကြီးဆုံးစာအုပ်လို့ တင်စားထားတဲ့ မန္တလေးမြို့က မင်းတုန်းမင်းတည်ခဲ့တဲ့ ကုသိုလ်တော်ဘုရားက ကျောက်စာတွေဟာ မန္တလေးရဲ့ ဂုဏ်ယူစရာ ၊ မြန်မာပြည်ရဲ့ ဂုဏ်ယူစရာ၊ တန်ဖိုးထားစရာဗုဒ္ဓရဲ့ ပညာအဆီအနှစ်၊ အတွေးအခေါ် အဆီအနှစ်တွေလို့ ယူဆတယ်လေ။ ဒါကြောင့် မြန်မာပြည်ရဲ့ဂုဏ်ယူစရာက စာအုပ်စာပေအလှ၊ ပညာအလှ၊ အဲ့ဒီကနေ tourism လုပ်ငန်းလုပ်တော့ ပညာအလှ စာပေအလှတင်မက မြန်မာပြည်ရဲ့ တောတောင်ရေမြေအလှ ၊ စိတ်နေစိတ်ထားအလှလို့ Mandalar Charm ကို အဓိပ္ပာယ်ဖော်ပါရစေ။

---

**နောက်တစ်ခုက ကျွန်မတို့ Package tour တွေထွက်တဲ့အခါ၊ နိုင်ငံခြားအေးဂျင့်တွေက မြန်မာတွေကို အထင်သေးတာမျိုး မဖြစ်ချင်ပါဘူး။ အချိန်နာရီတိကျတာ၊ ညှိသည်အချင်းချင်း သင့်မြတ်တာ၊ ကိုယ့်ပစ္စည်းကအစ ကိုယ်သယ်တာ၊ ကိုယ်ကျင့်တရားကောင်းတာ . . .**

---

**နိုင်ငံကျော် တဗျာဆရာကြီးဦးတင်မိုးရဲ့ သမီးတစ်ဦးအနေနဲ့ ဒီလုပ်ငန်းကို ဝါသနာပါလို့ လုပ်ဆောင်တာလား။ ဒါမှမဟုတ် စီးပွားရေးအကျိုးအမြတ်ဖြစ်လို့ လုပ်ဆောင်တာလား။**

Tourism လုပ်ငန်းကို ဝါသနာပါပါတယ် အစ်မ။ အခြေခံကတော့ ကိုယ်တိုင် ခရီးသွားရတာ ဝါသနာအလွန်ပါတယ်။ ငယ်ငယ်ကတည်းက မူလတန်းကျောင်းသူဘဝကတည်းက ကျောင်းက ခရီးတွေသွားရင် အမြဲလိုက်တာပဲ။ ပျော်နေတာပဲ။ ကျွန်မက ကဗျာဆရာဦးတင်မိုးရဲ့ သမီးမို့လို့ ဆိုပြီးပတ်စပို့မရပါဘူး။ ပန်းဆိုးတန်းက ပတ်စပို့



ရုံးကြီးမှာ လူတွေကြိတ်ကြိတ်တိုးပြီး ပတ်စပို့တွေ လျှောက်နေကြတာတွေ ငေးမောခဲ့ရပါတယ်။ ၂၀၀၆ ခုနှစ် ထောက်လှမ်းရေးတွေမရှိတော့မှ ကျွန်မတို့ပတ်စပို့ရပြီး နိုင်ငံခြားခရီးစဉ် ထွက်ဖူးတာပါ။

အဲဒီလိုခရီးတွေထွက်တဲ့အခါ အတွေ့အကြုံအသစ်တွေလည်းရတယ်။ စဉ်းစားစရာတွေလည်း တွေ့တယ်။

ဘယ်သူမဆို ခရီးထွက်ဖို့လိုအပ်တယ်။ ဘယ်အရာကိုတန်ဖိုးထားရမလဲ။ ကိုယ် ဘာကို အတုယူမလဲ။

ဥပမာဆိုရင် ကျွန်မရောက်ခဲ့ဖူးတဲ့ အာရှနိုင်ငံတွေမှာဆိုရင် Shopping Malls တွေမှာ ကြိတ်ကြိတ်တိုးနေတယ်။ Amusement Parks တွေမှာ ကြိတ်ကြိတ်တိုးနေတယ်။ လူငယ်မိန်းကလေးတွေ၊ ယောကျ်ားလေးတွေက ကုန်ပစ္စည်းအသစ်တွေကို ငေးမောနေကြတယ်။ ဝယ်ခြမ်းနေကြတယ်။ ဥရောပနိုင်ငံတွေမှာကျတော့ သူတို့ တန်ဖိုးထားတာတစ်မျိုး။ နယ်သာလန်မှာဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးအတွေ့အကြုံတွေကိုဒိုင်ယာရီရေးပြီး သေဆုံးသွားခဲ့တဲ့ အသက် ၁၂ နှစ်အရွယ် ဂျူးမလေး Anne Frank ရဲ့ ပြတိုက်ထဲ ဝင်ခွင့်ရဖို့ နှစ်နာရီလောက် တန်းစီခဲ့ရတယ်။ ပြင်သစ်က Louvre ပြတိုက်မှာ အသက်ဆယ်နှစ်အောက် ကလေးတွေက ၁၄ ရာစု၊ ၁၅ ရာစု၊ ၁၆ ရာစုကပန်းချီကားတွေ ရုပ်တုတွေ အဲဒီခေတ်က အသုံးအဆောင်တွေကို ရင်သပ်ရှုမော တန်ဖိုးထားလေးစား ကြည့်ရှုနေတာလေးတွေ တွေ့ခဲ့ရတယ်။ သွားတဲ့လာတဲ့အခါမှာလည်း ရထားပဲစီးကြတယ်။ စက်ဘီးစီးကြတယ်။ စက်ဘီးပါကင်တွေဆို လေးထပ်လောက်ထိ ရှိတာကိုတွေ့ရတယ်။ အဲ့ဒီလို ခရီးများများသွားတဲ့အခါ လူတွေက ဘယ်အရာကိုတန်ဖိုးထားရမလဲ။ ကိုယ် ဘာကိုပြင်ရမလဲဆိုတာ သိရှိလာမယ်။ ကျွန်မ

Asian Fame MEDIA GROUP

Package tour တွေကို ရန်ကုန်က ခရီးသွားကုမ္ပဏီတွေနဲ့ရော နိုင်ငံခြားက ခရီးသွားကုမ္ပဏီတွေနဲ့ပါ သွားကြည့်တယ်။ ကွာခြားတာတွေအများကြီးတွေ့ပါတယ်။ ကျွန်မတို့ပြုပြင်ရမှာတွေအများကြီးတွေ့ပါတယ်။ မြန်မာလူမျိုးမှာ ကောင်းတာကတော့ နွေးထွေးတာပေါ့။ စပိန်နိုင်ငံ ဘာစီလိုနာကိုသွားတုန်းကဆိုရင် တစ်နေရာမှာလည်း ချိန်တစ်ခုကို လေးဆယ့်ငါးမိနစ် ပေးတယ်ဆိုပါစို့။ သူတို့အချိန်အတိုင်း အတိအကျမရောက်လို့ဆိုပြီး ရက်ရက်စက်စက်ကို ထားခဲ့တာ တွေ့ခဲ့ဖူးပါတယ်။ လုံးဝစောင့်လည်း မစောင့်ဘူး။ ပြန်ပတ်ခေါ်တယ်ဆိုတာလည်း မရှိဘူး။ ဒါကြောင့် ခရီးတစ်ခါသွားတိုင်း အတွေ့အကြုံအသစ်အဆန်းတွေရပါတယ်။ အတွေးအကြံတွေလည်း တိုးပွားရပါတယ်။

ကိုယ်ဝါသနာပါတဲ့ လုပ်ငန်းအပေါ်ကို စေတနာထားပြီး စနစ်တကျလုပ်ရင် အချိန်တစ်ခုရောက်ရင် အကျိုးအမြတ်ရမယ်လို့တော့ မျှော်လင့်မိပါတယ်။

**ဖခင်ကြီး အမွေအနှစ် စာပေဘက်ကိုရော ဝါသနာမပါဖူးလား။**

အစ်မရေ အဲ့ဒီမေးခွန်းအဖြေကတော့ ဘယ်လိုပြောရမလဲ။ ကိုယ့်ခန္ဓာကိုယ်ထဲက သွေးတွေလဲပစ်မှပဲ စာပေဝါသနာပါတဲ့စိတ်၊ နိုင်ငံချစ်တဲ့စိတ် ပျောက်မယ်ထင်တယ်။

အခုလည်း ကျွန်မတို့ Package Tour တွေလုပ်တော့ သွားမယ့် နေရာတွေကို အင်တာနက်မှာရှာပြီး ဘာသာပြန်ပေးတယ်လေ။ မြို့တွေသွားရမယ့် နေရာတွေ ဒေသန္တရဗဟုသုတတွေကို ဖတ်လို့မဝ၊ သမိုင်းကြောင်းတွေလည်း ပြန်လေ့လာ၊ မြေပုံတွေလည်း ကြည့်၊ ခရီးသည်တွေကို ဟိုဟာလေးလည်း သိစေချင်၊ ဒီဟာလေးလည်း သိစေချင်နဲ့ guide တွေကိုလည်းမှာ၊ ပျော်လည်းပျော်ပါစေ၊ အကျိုးလည်းရှိပါစေ၊ ဗဟုသုတတွေလည်းရပါစေလို့ တွင်တွင်မှာနေမိတယ်။ ကိုယ်တိုင်လည်း itinerary တွေကိုဘာသာပြန်နေတော့ research လုပ်နေတာမဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားရတယ်။ စာတွေဖတ်နေရရင် ပျော်နေတော့တာပါပဲ အစ်မရယ်။

**မြန်မာနိုင်ငံက Package Tour အနေနဲ့ အခု Indonesia နိုင်ငံ ဗောရောဗုဒ္ဓဘုရားကြီးကို ဖူးခွင့်ရအောင် စီစဉ်တာ ညီမတို့ပထမဆုံးဖြစ်လိမ့်မယ် ထင်တယ်။**

အဲဒါတော့ အသေအချာမသိဘူး အစ်မ။ အခု ကျွန်မတို့ အင်ဒိုနီးရှား ဗောရောဗုဒ္ဓဘုရားဖူးခရီး Package Tour လုပ်တော့ မကြားဖူးသူတွေ အများကြီးဆိုတာတော့ သတိထားမိတယ်။

**အခု ဒီမလေးရှား ၂ရက်၊ အင်ဒိုနီးရှား ၃ရက် စုစုပေါင်း ၅ ညအိပ် ၆ ရက်ခရီးစဉ်ဟာ သိပ်ကိုကောင်းပါတယ်။ အခုခရီးစဉ်ကို လူ ၁၀ ယောက်မပြည့်ဘဲ ၆ ယောက်လောက်တည်းနဲ့ ခရီးစဉ်ဖြစ်မြောက်အောင် ထွက်ပေးတဲ့ ရည်ရွယ်ချက်နဲ့ အကျိုးကျေးဇူးကိုသိပါရစေ။**

ခရီးစဉ်တစ်ခုမှာ အနည်းဆုံး လူ ၁၀ ယောက်၊ ၁၅ ယောက်ပြည့်မှ ငွေကြေးအရအကျိုးကျေးဇူးရှိနိုင်ပါတယ်။ အေဒီ ၉ရာစုကတည်းက တည်ထားခဲ့တဲ့ ရောက်ရခဲလှတဲ့ ဗောရောဗုဒ္ဓဘုရားကို မြန်မာတွေကို ဖူးစေချင်တယ်။ ဒီဘုရားကြီးက အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းမှာရှိပြီး မီးတောင်ချော်တွေ၊ တောအုပ်တွေ ဖုံးနေခဲ့လို့ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့ပြီး ၁၈၁၅ ခုနှစ်ကျမှ စင်ကာပူနိုင်ငံတည်ထောင်သူ အင်္ဂလိပ်ဘုရင်ခံ Thomas Stamford Raffles က ပြန်လည် ဖော်ထုတ်တွေ့ရှိခဲ့တာပါ။ ကမ္ဘာ့ အကြီးဆုံးပုထိုးတော်ကြီးလည်းဖြစ်လို့ မြန်မာတွေကို



ဖူးစေချင်ပါတယ်။ ငွေကြေး အကျိုးအမြတ်မရှိပေမယ့် ခရီးသည်တွေရဲ့ ပျော်ရွှင်မှုက ကျွန်မရဲ့ အကျိုးအမြတ်ပါပဲ အစ်မ။ ဒီခရီးစဉ် ကိုလိုက်တဲ့ အစ်မတို့ကိုလည်း ကျေးဇူးတင်ပါတယ် အစ်မ။

**ဆက်လက်ပြီး လုပ်ငန်းကို ဘယ်လိုတိုးချဲ့ဖို့ စီစဉ်ထားပါသလဲ။**

ခရီးစဉ်တွေအများကြီး စဉ်းစားထားပါတယ်။ မြန်မာတွေ အများဆုံး အသွားများတဲ့ ထိုင်းတို့၊ မလေးရှားတို့မှာကိုပဲ သွားနေကျမြို့တွေအပြင်၊ ထူးခြားတဲ့ မြို့လေးတွေ၊ ရွာလေးတွေကို လည်ပတ်ဖို့ ဟီထွင်ထားပါတယ်။ သိပ်မသွားကြတဲ့ နိုင်ငံတွေ ၊ သွားသင့်တဲ့နေရာလေးလည်း သွားဖို့ စဉ်းစားထားပါတယ်။

ပြီးတော့ ကျွန်မ Inbound tour လည်း လုပ်ပါမယ်။ ပြီးခဲ့တဲ့ ၃ လလောက်က ကျွန်မ လွိုင်ကော် ၊ ဒီမောဆို၊ မိုးဗြဲဒေသတွေကို ရောက်ပါတယ်။ ရွာတွေကိုလည်းပတ်ခဲ့ပါတယ်။ တကယ့်ကို ရိုးစင်းတဲ့အလှတွေပါ ။

မြန်မာပြည်က လှပတဲ့နေရာတွေ၊ တန်ဖိုးထားဂုဏ်ယူရမယ့်နေရာတွေ၊ ရိုးရှင်းတဲ့ လူနေမှုဘဝတွေကို နိုင်ငံခြားသားတွေကို ပြချင်ပါတယ်။

**ရုံးခန်းတည်နေရာလေးပြောပါဦး။**

Mandalar Charm Travels & Tours Co.,Ltd, အမှတ် ၂၂၆ ၊ မြေညီထပ် ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ပါ။ ဖုန်းအမှတ် ၂၄၂၀၂၉ နဲ့ ၂၅၆၆၇၂၊ အီးမေးနဲ့ စုံစမ်းမေးမြန်းချင်သူတွေ mandalarcharm@gmail.com နဲ့ ဆက်သွယ်နိုင်ပါတယ်။

**Customers တွေကို ဘယ်လိုစိတ်ခေါ်ပြီး ဘာတွေ ပြောချင်တာ ရှိပါသလဲ။**

ကျွန်မက ခရီးသွားတဲ့အခါ သိပ်ပြီး ပိုက်ဆံမသုံးစေချင်ဘူး။ များများလည်စေချင်တယ်။ များများရောက်စေချင်တယ်။ ခရီး ခဏခဏသွားစေချင်တယ်။

ဝန်ဆောင်မှုအကောင်းစားတွေ မမက်မောစေချင်ဘူး။ စားသောက်ဆိုင်အကောင်းစားတွေနဲ့ ကြယ်လေးပွင့် ဟိုတယ်တွေနဲ့ ပိုက်ဆံမကုန်စေချင်ဘူး။ နတ်ပြည်သွားသလို ဇိမ်ခံဖို့ မသွားစေချင်ဘူး။ တော်သင့်ရုံကြယ်သုံးပွင့်ဟိုတယ်လောက်နဲ့ Low cost လေယာဉ်လောက်နဲ့သွားဖို့ လုပ်ချင်တယ်။ များများလေ့လာစေချင်တယ်။ ဒါပေမဲ့ တစ်ဖက်ကကျတော့လည်း မြန်မာပြည်မှာ ပင်ပင်ပန်းပန်းနဲ့ တစ်နှစ်ပတ်လုံး ရှာဖွေစုဆောင်းထားတာ၊ နိုင်ငံခြားသွားတဲ့အခါ different life လေးကို နေချင်မှာပဲ၊ အပြောင်းအလဲလေးဖြစ်ချင်မှာပဲ၊ ပြီးတော့ အသက်ကြီးတဲ့ လူတွေကျတော့လည်း သက်သောင့်သက်သာလေး လည်ချင်မှာပဲဆိုတဲ့အတွေးတစ်ခုလည်း ရလိုက်ပါတယ်။ အဲဒီတော့ ခရီးစဉ်တွေကို grade ၂ မျိုးနဲ့ ရောင်းရမလားဆိုတာလည်း တွေးနေမိပါတယ်။

နောက်တစ်ခုက ကျွန်မတို့ Package tour တွေထွက်တဲ့အခါ၊ နိုင်ငံခြားဧည့်သည်တွေက မြန်မာတွေကို အထင်သေးတာမျိုး မဖြစ်ချင်ပါဘူး။ အချိန်နာရီတိကျတာ၊ ဧည့်သည်အချင်းချင်း သင့်မြတ်တာ၊ ကိုယ့်ပစ္စည်းကအစ ကိုယ်သယ်တာ၊ ကိုယ်ကျင့်တရားကောင်းတာ၊ ပတ်ဝန်းကျင် Landscape တွေကို စိတ်ဝင်စားတာ၊ သမိုင်းကြောင်းတွေကိုစိတ်ဝင်စားတာ၊ ဘာသာစကားကျွမ်းကျင်တာ၊ နိုင်ငံရေးကိုသိနားလည်တာ ဆိုတာမျိုးနဲ့ မြန်မာတွေတော်တယ်ဆိုတာမျိုးပဲ ပြသချင်ပါတယ်။ အဲဒီလိုဖြစ်ဖို့လည်း ကျွန်မတို့ အများကြီးကြိုးစားရပါဦးမယ်။

**မြသီရိ**



လူမင်း

ဒါကို တရားဥပဒေကရော အာဏာပိုင်အဖွဲ့အစည်းကရော၊ အကျိုးပြုစိတ်ဓာတ်ရှိတဲ့ ပြည်သူတွေကရော ဘယ်လိုပဲ တားဆီးဆီး ဘယ်လောက်ပဲပိတ်ပင်ပင် Drugs ဆိုတာ လုံးဝ ပျောက်သွားတယ်ဆိုတာမရှိဘူး။



မိုးမင်း

လူငယ်ရဲ့စိတ်က စမ်းသပ်ချင်တယ်။ စမ်းသုံးပြီး သုံးရင် ကောင်းတယ်ဆိုပြီး စွဲသွားတယ်။ မူးယစ်ဆေး သုံးတဲ့အခါ ကောင်းတယ်။ အဲဒီကောင်းတာကိုစွဲပြီးသုံးတော့ Side Effect က အဆိုးတွေ အများကြီးဖြစ်သွားတယ်။



သံသာဝင်း

အပေါင်းအသင်းကဆွယ်လို့ ကိုယ်က ဆေးသုံးဖြစ်သွားတယ်ပဲ ကြားဖူးတယ်။ အဲဒီလို လာပြီးဆွယ်တဲ့ သူငယ်ချင်းကို Drugs ရဲ့မကောင်းကြောင်းတွေ ပြောပြီးသူပါမသုံးဖြစ်တော့အောင် လုပ်ပေးပါတယ်ဆိုတဲ့ အကြောင်းမျိုးမကြားဖူးဘူး။

# သူတို့ ပြောတဲ့ D

ဇွန်လရဲ့ ၂၆ ရက်နေ့က "နိုင်ငံတကာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့" ဖြစ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင် ရှေ့နောက်ဝဲယာ လှမ်းကြည့်လိုက်ရုံပဲ တွေ့မြင်နေရတဲ့ ပြဿနာတွေ၊ မျော့တော့ အားနည်းနေတဲ့ ဆေးစွဲနေသူတွေ၊ အရက်ရဲ့ ကျေးကျွန်တွေ၊ ဥပဒေနဲ့ အရေးယူ အပြစ်ပေးနေတဲ့ကြားက နေ့စဉ်ဖမ်းမိနေတဲ့ မူးယစ်ဆေးဝါးပမာဏတွေ၊ နည်းပညာ သစ်တွေနဲ့အတူ ပေါ်ပေါက်လာနေတဲ့ ဆေးဝါးသစ်တွေ . . . ဒါတွေအကြောင်းက မကြားချင်မှ အဆုံးဖြစ်နေတာပါ။ ဒါကြောင့် ရတီလူငယ်တွေ သတိထားမိစေဖို့ ဒီလရဲ့ သူတို့ပြောတဲ့ကဏ္ဍအတွက် 'Drugs' ကို မပါမဖြစ် ထည့်သွင်းရင်းနဲ့ Depression နဲ့ Daddy ဆိုတဲ့ စကားလုံးတွေကိုပါ ဆွေးနွေးဖြစ်ခဲ့ပါတယ်။

arranged by
phyoe su po po

Asian Fame Media Group



## လူမင်း

### Drugs

ကျွန်တော်နားလည်ထားတာတော့ Drugs ဆိုတာက ပုံမှန်စိတ်ဖြစ်တည်မှုကို ပြောင်းလဲစေတတ်တယ်။ မူးယစ်စေတတ်တယ်။ အဲဒီလို ဖြစ်စေတဲ့ ဆေးဝါးတွေလို့နားလည်ထားတယ်။ လောကမှာ Drugs ဆိုတာကို မကောင်းဘူးဆိုတာ သိကြပါတယ်။ ဒါကို တရားဥပဒေကရော အာဏာပိုင်အဖွဲ့အစည်းကရော၊ အကျိုးပြုစိတ်ဓာတ်ရှိတဲ့ ပြည်သူတွေကရော ဘယ်လိုပဲ တားဆီးဆီး ဘယ်လောက်ပဲ ပိတ်ပင်ပင် Drugs ဆိုတာ လုံးဝပျောက်သွားတယ်ဆိုတာမရှိဘူး။ တစ်မျိုးမဟုတ်တစ်မျိုး အမြဲအသစ်အဆန်းတွေ ပေါ်နေတယ်။ ခေတ်အဆက်ဆက်မှာ ပပျောက်ခဲ့တာမရှိဘူး။ ဒီတော့ ကျွန်တော်တို့က ဘယ်လိုဘက်က လှည့်ပြီး တားဆီးနိုင်မလဲပေါ့။ တကယ်သုံးစွဲနေတဲ့သူတွေကို သူတို့ကိုယ်တိုင်သုံးစွဲချင်စိတ် မရှိအောင် လက်တည့်မစမ်းမိအောင် အသိပညာပြန့်ပွားမှုအပိုင်းကနေပိုပြီး မီဒီစီးစီးလုပ်ရလိမ့်မယ်။ နောက်ပြီးတရားသဘောအရ ပြောရမယ်ဆိုရင် လူ့ရဲ့စိတ်ကိုက မကောင်းမှုမှာ မွေ့လျော်တယ်။ ဒီတော့ လူ့ရဲ့စိတ်ဓာတ်ခိုင်မာဖို့လိုတယ်။ လူငယ်တွေကို ဒီလို Drugs မှာ လက်တည့်မစမ်းမိအောင် ပညာများများပေးရမယ်။ ဒီလိုအရာက လက်တည့်စမ်းဖို့၊ စမ်းသပ်ဖို့ မလုပ်သင့်တဲ့အရာပါ။ အဓိကကတော့ ကိုယ့်စိတ်ကို ကိုယ်နိုင်ဖို့လိုတယ်။ ဘယ်သူဘာပြောပြောကိုယ်က လက်တည့်မစမ်းဖို့လိုတယ်။ ကိုယ်မစမိရင် နောက်ပိုင်း Drugs သုံးတာကြောင့်ဖြစ်လာမယ့် နောက်ဆက်တွဲ ပြဿနာတွေကို မတွေ့ရတော့ဘူး။ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်လည်း ဒီလို ဒုက္ခတွေနဲ့ မတွေ့ရတော့ဘူး။ နောက်တစ်ဆင့်က ကိုယ်တိုင်လည်းမသုံးဘူး။ ကိုယ့်ပတ်ဝန်းကျင်က လူတွေကိုလည်း မသုံးမိအောင် ကိုယ်က ကြိုးစားနိုင်ရမယ်။ အခုခေတ်ကာလက အသုံးဘက်ကို ရွေ့လျားလာနေတာလေ။ ပြီးတော့ ကျွန်တော်တို့တစ်တွေက Drugs ကို မစမိတဲ့သူကို လုံးဝမစမိအောင် ကြိုးစားပေးရသလို သူ့ကို စမ်းလို့ စွဲသွားပြီ။ Drugs ရဲ့ နွံထဲနစ်သွားတဲ့သူတွေကိုလည်း ပြန်ပြီး ရုန်းထွက်နိုင်အောင် ကူညီပေးရမယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဘယ်လိုဖြစ်နေလဲဆိုတော့ မူးယစ်ဆေးနွံထဲနစ်နေတဲ့သူတွေကိုဆိုရင် ဖယ်ကြဉ်ထားလိုက်ကြတယ်။ အမှန်ကအဲဒီလိုမလုပ်ရဘူး။ သူ့ကိုအဲဒီနွံထဲက ထွက်လာနိုင်အောင် ဘယ်လိုကူညီပေးရမလဲဆိုတာကို ကြိုးစားရမှာ။ အခုကျွန်တော် သံတမန်အဖြစ်လုပ်နေတဲ့ MANAအဖွဲ့ဆိုရင် ဒီလိုကူညီပေးနေတာပါ။ ဆေးစွဲနေ၊ ဘိန်းစွဲနေတဲ့သူတွေကို ဖမ်းဆီးဖို့သတင်းပေးတဲ့အဖွဲ့ မဟုတ်ပါဘူး။ မစရသေးတဲ့ သူတွေကို မစဖြစ်အောင် ဒီနွံထဲနစ်နေတဲ့သူတွေကို ရုန်းထွက်ချင်လာအောင် ကူညီနေတဲ့အဖွဲ့အစည်းပါ။ အဓိကကတော့ မူးယစ်ဆေးစွဲနေတဲ့သူတွေက ဒီနွံထဲက ရုန်းထွက်ချင်စိတ် ဆေးဖြတ်ချင်စိတ်ရှိလာဖို့ပဲ လိုပါတယ်။ ဒီလိုလူတွေကို ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်က ကူညီ ပေးရမယ်။ မူးယစ်ဆေး ဘယ်လိုဆေးကိုပဲသုံးသုံး အမှန်တော့ ဥပဒေအရ ငြိစွန်းပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်က ဖြတ်ချင်တယ်ဆိုရင် အခုဆိုရင် ဆေးဖြတ်စခန်းတွေ ရှိပါတယ်။ ဝက်ထီးကန်တို့ ရွာသာကြီးတို့မှာ ဖြတ်လို့ရပါတယ်။ ဒီနေရာတွေက ကောင်းတဲ့ ဘက်ကို ရောက်လာဖို့ ကူညီပေးနေတဲ့ နေရာတွေပါ။ တချို့ကကျတော့ ဒါတွေကို နားမလည်တော့ နစ်သထက်နစ်သွားကြတဲ့ သူတွေ ရှိပါတယ်။ ဖြစ်နေတဲ့အခြေအနေမှန်ကို မိသားစု ကလည်း နားလည်ပေးရမယ်။ နောက်ပြီး လူငယ်တွေကို ကျွန်တော်ပြောချင်တာက ဆေးလိပ်မသောက်ကြဖို့ပါ။ ကျွန်တော်က လူငယ်အရွယ် ကျောင်းသားဘဝကတည်းက ဆေးလိပ်သောက်ခဲ့တာပါ။ ကျွန်တော့်ဘဝနဲ့ယှဉ်ပြီး ပြောတာပါ။ ဆေးလိပ်သောက်တဲ့ သူတိုင်းကတော့ မူးယစ်ဆေး သုံးကြစွဲကြတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မူးယစ်ဆေးတွေရဲ့ အစကတော့ ဆေးလိပ်ကလို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။ ဘာလို့လဲဆိုတော့ ဆေးလိပ်သောက်တဲ့ လူငယ်တစ်ယောက်က ဆက်စပ်ပြီး ဆေးခြောက်တို့၊ ဘိန်းမည်းတို့အစုံပဲ ရပ်ကွက်တွေ ကူးသွားနိုင်တယ်။ အစကတည်းက ဆေးလိပ်မသောက်ရင် ဒီလိုရပ်ကွက်တွေကို ကူးသွားမှာ မဟုတ်တော့ဘူး၊ မဆက်စပ်မိတော့ဘူးပေါ့။ ကျန်းမာရေးအရပြောရရင်လည်း ဆေးလိပ်ကဆိုးပါတယ်။ လူအများက အရက်သောက်ရင် ကျန်းမာရေးထိခိုက်မယ်လို့ ပြောကြတယ်။ အမှန်က ဆေးလိပ်ကအရက်ထက်ပိုပြီး ကျန်းမာရေးကို ထိခိုက်စေတာပါ။ ဆေးလိပ်စွဲတာက အရက်ထက်ပိုဆိုးတယ်။ ကျွန်တော်တို့က ဆေးလိပ်သောက်တတ်ပြီဆိုတာနဲ့ ကိုယ်တွေရဲ့

ဒီလိုအရာက
လက်တည့်စမ်းဖို့၊ စမ်းသပ်ဖို့
မလုပ်သင့်တဲ့အရာပါ။
အဓိကကတော့ ကိုယ့်စိတ်ကို
ကိုယ်နိုင်ဖို့လိုတယ်။
ဘယ်သူဘာပြောပြောကိုယ်က
လက်တည့်မစမ်းဖို့လိုတယ်။

Asian Fame Media Group

လက်တစ်ကမ်းမှာရှိတယ်။ ဆေးလိပ်တို့ မီးခြစ်တို့ဆိုတာ လက်တစ်ကမ်းမှာပဲလေ။ သွေးသားဆန္ဒအရလည်း နီကိုတင်းကစွဲလမ်းစေတယ်။ ပြီးတော့ လူရဲ့ အကျင့်ကလည်း စွဲတတ်တယ်။ ဥပမာ - လက်ဖက်ရည်သောက်ပြီးတာနဲ့ ဆေးလိပ်သောက်ရမယ်ဆိုတာမျိုးပေါ့။ အဲဒီလိုအကျင့်က စွဲတတ်တယ်။ အဲဒီတော့ ဆေးလိပ်ကသောက်မိရင် ဖြတ်ဖို့ခက်တတ်ကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းသားဘဝကတည်းက ဆေးလိပ် ခဏခဏ ဖြတ်ဖူးတယ်။ နှစ်လသုံးလလောက် ဖြတ်လိုက် ပြန်သောက်လိုက်နဲ့ပဲ။ မှတ်မှတ်ရရ ဒေါ်အောင်ဆန်းစုကြည် ၆၄ နှစ်မြောက်မွေးနေ့မှာ အမှတ်တရဖြတ်ဖူးတယ်။ အဲဒီတုန်းက အမေစု မလွှတ်သေးဘူး။ အဲဒါက သုံးနှစ်လောက် ဖြတ်သွားတယ်။ သမီးလေး မမွေးခင်အထိပေါ့။ အိမ်ထောင်ကျပြီး ကလေးမရတဲ့ အိမ်ထောင်ရှင်တွေကို ကျွန်တော်ပြောချင်တာက ဆေးလိပ်ဖြတ်တာက ကလေးရဖို့ အခွင့်အလမ်းရှိပါတယ်လို့။ ကျွန်တော်ဆိုရင် အဲဒီလို ဆေးလိပ်ကို သုံးနှစ်ဖြတ်လိုက်တော့ သားလေးကို သဘာဝအတိုင်းရခဲ့တယ်။ နောက်တော့ ပြန်သောက်ဖြစ်ပြီး ဒီနှစ်နှစ်ဆန်းတစ်ရက်နေ့မှာ ပြန်ဖြတ်တယ်။ ဒီတစ်ခါတော့ တစ်သက်လုံးပြန်မသောက်တော့ဘူးလို့ ဆုံးဖြတ်ပြီး ဖြတ်တာ။ ဆေးလိပ်ဖြတ်ချင်တဲ့သူကို ကျွန်တော် အကြံပေးချင်တာက ဆေးလိပ်ဖြတ်ဖို့ဆိုရင် တခြားဘာမှ အစားမထိုးပါနဲ့။ ဥပမာ-ကွမ်းစားတာတို့ ပီကေဝါးတာတို့၊ ဆေးလိပ်အတုသောက်တာတို့တွေ မလုပ်ပါနဲ့။ အဲဒီလိုအစားထိုးလေ ဒီဆေးလိပ်ကို မမေ့ဘဲပိုပြီး သတိရလေလေပဲ။ ကျွန်တော်ကတော့ ဆေးလိပ် ဖြတ်ကတည်းက ဆေးလိပ်ဘူးနဲ့မီးခြစ်ကို ကျွန်တော့်ဘေးမှာထားတယ်။ ရှိနေရဲ့နဲ့ မသောက်မိအောင် ကိုယ့်စိတ်ကို ကိုယ်ထိန်းတယ်၊ ဘာနဲ့မှလည်း အစားမထိုးဘူး။ ပြီးတော့ အချိန်စုတယ်။ ကိုယ်က မနက်ကစပြီး မသောက်ဘူး။ နေ့လယ်ရောက်ပြီဆိုရင် 'ဩော် ငါနေ့တစ်ပိုင်း' ရသွားပြီ။ ညနေရောက်တော့ ငါဒီနေ့ ဆေးလိပ်မသောက်ဘူး။ တစ်ရက်၊ နှစ်ရက်၊ အဲဒီလိုနဲ့ အချိန်စုတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက ဒီနေ့ ဆေးလိပ်ဖြတ်ချင်ရင် အခုပဲစပြီးဖြတ် နောက်ပြီး ဘာမှ အစားမထိုးပါနဲ့။ စိတ်ကိုထိန်းနိုင်ရင် ဖြတ်ပါတယ်လို့။

## Depression

Depression ဆိုတာ စိတ်ကျဝေဒနာလို့ ပြောမှာပေါ့။ ဒီရောဂါရဲ့လက္ခဏာတွေကို လူတွေတော်တော်များများက မသိကြဘူး။ ဒီရောဂါဖြစ်ရင် ပုံမှန်ထက်ပိုပြီး အစားအသောက်စားတာ။ မစားတော့တာ ပုံမှန်ထက်ပိုပြီး အိပ်တာ။ မအိပ်တာ ဒါမျိုးတွေ ဖြစ်တတ်တယ်။ ဒါက "D"ဝင်တာရဲ့ အစပဲ။ ပတ်ဝန်းကျင်ကနေရှောင်ပြီး တစ်ယောက်တည်းနေတာ။ ဒါတွေက Depression ပဲ။ စိတ်ကျဝေဒနာရဲ့ ရောဂါလက္ခဏာတွေကို လူတွေကျယ်ကျယ်ပြန့်ပြန့် သိထားဖို့လိုမယ်လို့ ကျွန်တော်ထင်တယ်။ Depression ဝင်တာက ကိုယ့်ကိုယ်ကိုယ်အလိုမကျမှုက စတာပါပဲ။ ဥပမာ-အောင်မြင်တဲ့ အနုပညာရှင်တွေက ပိုပြီး Depression ဖြစ်တတ်တယ်။ Care လုပ်တဲ့သူများတယ်။ "C" များခဲ့ရင် "D" ပိုဝင်တာပေါ့။ တစ်ချိန်ကျတော့ ကိုယ့်အောင်မြင်မှုတွေ လျော့သွားတော့ ငါ့ကို ပရိသတ်က အားမပေးတော့ဘူးဆိုပြီး "D" ဝင်သွားတယ်။ Stress တွေများရင်လည်း Depression ဝင်တယ်ပြီးတော့ ခေတ်က ဆုတ်ခေတ်လေ။ အရာရာက ဆုတ်ယုတ်နေတာ။ သာသနာပဲဖြစ်ဖြစ်၊ ရာသီဥတုပဲဖြစ်ဖြစ်။ စားစရာသောက်စရာပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ငယ်ငယ်တုန်းက ပေါ့ပေါ့ပါးပါးနဲ့ နေထိုင်လို့ရတယ်။ အခုခေတ်က နေရာတိုင်းသတိထားနေရတယ်။ ပုံမှန်သောက်နေတဲ့ရေ၊ ပုံမှန်စားနေတဲ့ အစားအသောက် ဒါတွေအားလုံးကို သတိထားနေရတယ်။ အန္တရာယ်ပေးနေတာလေ။ ရေ မြေ လေ အားလုံးကို သတိထားနေရတယ်။ ဒီတော့ ဒီခေတ်မှာက Stress တွေက ပိုများလာတယ်၊ စီးပွားရေးတို့၊ လူမှုရေးတို့၊ ပညာရေးတို့ကလည်း ဒီခေတ်မှာ အရမ်းကို ယှဉ်ပြိုင်လာတာကိုး။ နောက်ပြီး အရေးကြီးတာက Depression ဆိုတာ လူကြီးမှာပဲဖြစ်တတ်တာ မဟုတ်ပါဘူး၊ ကလေးလေးတွေမှာလည်း ဖြစ်တတ်တယ်၊ နှလုံးသားနုနယ်တဲ့ ကလေးတွေမှာ ဒီရောဂါဖြစ်ရင် ပိုဆိုးတာပေါ့၊ ဥပမာ - ကလေးနှစ်ယောက်ရှိတာမှာ မိဘကတစ်ယောက်ကိုတော့ လွန်လွန်ကဲကဲတွေ ဂရုစိုက်ပြီး ကျန်တဲ့တစ်ယောက်ကို ဂရုစိုက်မခံရတဲ့ ကလေးက "D" ဝင်သွားတာပဲ။ ဒါကြောင့် မိဘတွေက ကလေးတွေရဲ့စိတ်ကို နားလည်ပေးနိုင်ရမယ်။ Depression မဖြစ်အောင်က တရားသဘောရှိရမယ်။ တရားသဘောကို နားလည်ထားရင် ဖြစ်ခြင်းပျက်ခြင်းဆိုတာကို နားလည်ထားရင် အရာရာကိုခံနိုင်ပြီး Depression မဖြစ်တော့ဘူး။ အလုပ်နဲ့ပတ်သက်လာရင်လည်း Worry တွေကို သေချာသုံးသပ်ပြီး လုပ်ရမယ်။

> ဒီတော့ သားသမီးတိုင်းမှာ ဘယ်လိုအမေမျိုးပဲဖြစ်ဖြစ် အမေ့ကျေးဇူးက ရှိကို ရှိပါတယ်။ အဖေဆိုတာ ကျတော့ တချို့က သွေးသားဆန္ဒတစ်ခုကြောင့် သန္ဓေဖြစ်သွားခဲ့ပေမယ့် သား၊ သမီး ရလို့မှဆန္ဒလည်း မရှိဘူး။

## Daddy

Daddy ဆိုတာအဖေပေါ့။ တခြားသူတွေအတွက်တော့ မပြောတတ်ဘူး။ ကျွန်တော်ကတော့ သားတစ်ယောက်ဘဝဖြစ်တုန်းကလည်း ကိုယ့် Daddy ရဲ့ဦးဆောင်မှု လမ်းညွှန်မှုတွေနဲ့ ဒီလိုဖြစ်လာခဲ့ရတယ်။ ဒီတော့ ကျွန်တော်က အဖေရဲ့မေတ္တာကို ဟိုးအနက်ရှိုင်းဆုံးအထိ နားလည်ခဲ့ပါတယ်။ အခုကိုယ်ကိုယ်တိုင် Daddy ဘဝရောက်တော့မှ အဖေရဲ့ ခံစားချက်ကို ထပ်တူခံစားနိုင်တာပါ။ သားနေရာကနေ အဖေ့ကို နားလည်တာထက် အဖေနေရာကနေ အဖေ့ကို နားလည်တော့မှ ပိုပြီး တန်ဖိုးထားတတ်သွားတာပါ။ အမေ့မေတ္တာနဲ့ အဖေ့မေတ္တာက သက်ရောက်ပုံချင်းတော့ကွဲကြတယ်။ အဖေပီသတဲ့ အဖေကိုပဲ ပြောချင်တာပါ။ အဖေဆိုတဲ့သူတစ်ယောက်က တာဝန်ယူမှုဆိုတာလည်းရှိရမယ်ဗျ။ အဖေပီသတဲ့အဖေတစ်ယောက်ရဲ့ မေတ္တာအင်အားက အမေ့ထက်တော့ မနည်းနိုင်ပါဘူး၊ လောကကြီးမှာ အမေကို ဖောင်းပိုပေးကြတာက။ မကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲဖြစ်ဖြစ်၊ ကလေးမွေးပြီး ချက်ချင်းအမှိုက်ပုံမှာ စွန့်ပစ်ခဲ့တဲ့သူပဲဖြစ်ဖြစ် အနည်းဆုံးတော့ သူက သူ့ရဲ့ဗိုက်ထဲမှာ ကိုးလလွယ်ဆယ်လဖွားဆိုတဲ့ ပဋိသန္ဓေဒုက္ခကြီးကို ခံစားခဲ့ရတာလေ။ ဒီတော့ သားသမီးတိုင်းမှာ ဘယ်လိုအမေမျိုးပဲဖြစ်ဖြစ် အမေ့ကျေးဇူးက ရှိကို ရှိပါတယ်၊ အဖေဆိုတာကျတော့ တချို့က သွေးသားဆန္ဒတစ်ခုကြောင့် သန္ဓေဖြစ်သွားခဲ့ပေမယ့် သား၊ သမီးရလို့မှဆန္ဒလည်း မရှိဘူး။ ရတော့လည်း မေတ္တာမပေးဘူး။ တာဝန်လည်း မယူချင်ကြဘူးဆိုတဲ့ သူတွေရှိတယ်။ ဒါမျိုးဆိုရင် အဖေပီသတဲ့ အဖေမျိုးမဟုတ်ဘူးလေ။ ကျွန်တော့်သားသမီးတွေအတွက်တော့ ကျွန်တော်က အသိတရားနဲ့ အုပ်ချုပ်တဲ့ အဖေတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်၊ ကျွန်တော်တို့ငယ်ငယ် ကျွန်တော်တို့ခေတ်တုန်းက ကျွန်တော် ၁၀ တန်းမှာ အဖေက တုတ်နဲ့ရိုက်ပြီးဆုံးမနေတုန်းပဲ။ ဒါက အဲဒီခေတ်က ပုံပေါ့။ အကြောက်တရားနဲ့ အုပ်ချုပ်တယ်။ အခုခေတ်မှာအဲဒီလိုမရတော့ဘူး။ သူတို့ကို အသိတရားနဲ့ အုပ်ချုပ်မှ ရမယ့်ခေတ်လေ။ သူတို့ကိုယ်တိုင်ကို ဒါက ကောင်းတယ် ဒါက မကောင်းဘူးဆိုတာကိုသိပြီး ဆုံးဖြတ်နိုင်စွမ်းရှိအောင် သွန်သင်ဖို့ပါပဲ။

Asian Fame Media Group
MEDIA GROUP



af MEDIA GROUP
Asian Fame Media Group

# မိုးမင်း

## Drugs

Drugs ရဲ့ အမှန်တကယ် အဓိပ္ပာယ်ကတော့ ဆေးဝါးပေါ့။ ဆေးဝါးဆိုတာ လူတွေအသုံးပြုဖို့အတွက် လိုအပ်တာပေါ့၊ Drugs ဆိုတာ ကြောက်စရာကောင်းတဲ့အရာ မဟုတ်ပါဘူး။ လိုအပ်တဲ့အခါ သုံးဖို့ပါပဲ၊ အသုံးပြုတဲ့သူပေါ်မှာပဲ မူတည်တယ်။ သုံးသင့်သလောက်ပဲ သုံးရမယ်။ ဆေးတိုင်းမှာ Side Effect ဆိုတာ ရှိတယ်။ မြန်မာပြည်ရဲ့ တိုင်းရင်းဆေးဝါးတွေကိုလည်း အင်္ဂလိပ်လိုခေါ်ရင် Drugs ပါပဲလေ။ ခါတ်ပြုမှုလွန်ကဲပြီး မှားယွင်းသွားရင် အဆိပ်ဖြစ်သွားတယ်။ ဆေးဝါးတွေကို မှန်ကန်အသုံးပြုတတ်ဖို့ လိုအပ်တယ်။ ဒါကြောင့် ဆရာဝန်တွေက လမ်းညွှန်ပေးရတာပေါ့။ ဒါကြောင့် အိမ်သုံးဆေးဝါးများ သုံးစွဲနည်းလမ်းညွှန်စာအုပ်တွေ ဘာတွေ ရှိလာတာလေ။ အခု Drugs ဆိုတဲ့စာလုံးကို အနီရောင်နဲ့ဝိုင်းထားပြီး ကြက်ခြေခတ်ထားတယ်။ ဒါဆို ဒီဆေးဝါးကို မသုံးရဘူးလားပေါ့။ ဒါကတော့ မူးယစ်ဆေးကို ပြောတာပါ။ ဒါတောင် မူးယစ်ဆေးဝါးတချို့က မနာကျင်အောင်လုပ်ဖို့နဲ့ စိတ်ပိုင်းဆိုင်ရာကုသရေးတွေမှာ လိုအပ်သေးတာပဲ။ ဒါတွေရဲ့ အာနိသင်ကဘာလဲဆိုတော့ မူးယစ်ထုံထိုင်းစေတဲ့စိတ်ကို ပြောင်းလဲစေတယ်။ စိတ်ကြွဆေးဆိုတာလည်း လိုအပ်မှုတစ်ခုရှိရင်ပေါ့။ ဥပမာ - နိုင်ငံတော်အတွက် ကာကွယ်ရေးလုပ်ဖို့ လူတစ်ယောက်က ၃ ရက်လောက်မအိပ်ဘဲ ကင်းစောင့်ရမယ်ဆိုရင် သူ့အတွက် လိုအပ်နိုင်တယ်။ ဒါပေမဲ့ အဲဒီလိုမလိုဘဲ သုံးတာတော့ မလုပ်ရဘူး။ လူငယ်တွေက မှားယွင်းပြီး သုံးတတ်ကြတယ်။ အထူးသဖြင့် လူငယ်ရဲ့စိတ်က စမ်းသပ်ချင်တယ်။ စမ်းသပ်ပြီးသုံးရင် ကောင်းတယ်ဆိုပြီး စွဲသွားတယ်။ မူးယစ်ဆေးသုံးတဲ့အခါ ကောင်းတယ်။

အဲဒီကောင်းတာကို စွဲပြီးသုံးတော့ Side Effect က အဆိုးတွေ အများကြီးဖြစ်သွားတယ်။ ကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်ကို ကြီးကြီးမားမားနဲ့ ဒုက္ခရောက်စေတယ်။ မူးယစ်ဆေးက သုံးတဲ့သူရဲ့စိတ်ကို ပြောင်းလဲသွားစေတယ်။ ပုံမှန်စိတ်ကူးမဟုတ်တော့ အထူးအဆန်းမဟုတ်တဲ့ စိတ်ကူးတွေ ဖြစ်လာတတ်တယ်။ ကိုယ်တိုင် အတွက်ကတော့ မူးယစ်ဆေးစွဲသူတစ်ယောက်က အလုပ်ပျက်တယ်။ သူအလုပ်ပျက်တာက လုပ်အားကျဆင်းခြင်းပဲ။ လူငယ်တစ်ယောက်ရဲ့ အရည်အသွေးနဲ့ လုပ်အားတွေကျဆင်းတယ်။ အဲဒီလူငယ်ကို ဝိုင်းပြီးပြုစုပေးရတဲ့ ပတ်ဝန်းကျင်က လူတွေရဲ့ အချိန်တွေလည်း ကုန်တယ်။ နိုင်ငံရဲ့တိုးတက်မှုအချိန်တွေလည်း နှောင့်နှေးသွားတယ်။ ဆေးသုံးတယ်ဆိုတာ ဈေးအပေါဆုံးဆေးရဲ့ ဈေးနှုန်းက ၅၀၀၀ ရှိတယ်။ သိန်းကျော်တန်တာ တွေအထိ ရှိတယ်။ ဒီတော့ ကိုယ့်ရဲ့စာရိတ္တပါ ပျက်ပြားသွားတယ်။ အိမ်က ခိုးတယ်။ ပတ်ဝန်းကျင်က ခိုးမယ်။ နောက်ထပ် ဘာဖြစ်နိုင်လဲဆိုတော့ ပိုက်ဆံလိုတော့ ကိုယ်တိုင်သုံးရာကနေ ရောင်းဝယ်ဖောက်ကားသူအဖြစ် ရောက်သွားတယ်။ သူ့လိုပျက်စီးဖို့ တခြားလူငယ်တွေကို ဆွဲခေါ်သွားတယ်။ ဒီငွေတွေကို ပြန်တွက်ရင် နိုင်ငံရဲ့ GDP အထိ ထိခိုက်တယ်။ ဒီလိုကိစ္စတွေ အထိ ဆုံးရှုံးသွားတယ်။ အဲဒါကြောင့် လူငယ်တွေရဲ့ ပတ်ဝန်းကျင်က လူကြီးတွေက ဒီလိုကိစ္စတွေကို သတိထားပြီး ထိန်းပေးရမယ်။ အဲဒီလိုကိစ္စတွေက ရဲက လိုက်ဖမ်းနေရုံနဲ့ ပြီးသွားမှာ မဟုတ်ဘူးလေ။ ဒါဆို ပိုပြီးဆိုးရှိ ရှိလိမ့်မယ်။ ရဲကဖမ်းရုံနဲ့ ပပျောက်သွားရင် နိုင်ငံတကာမှာ ပျောက်နေပြီပေါ့။ သူ့ကို ကာကွယ်ဖို့က ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်ကာကွယ်ဖို့ပါပဲ။ ကိုယ့်ရပ်ရွာထဲက "လူငယ်လေးတွေကို ဂရုစိုက်ပေးရမယ်။ လူငယ်တွေ စုဝေးနေရင် ဂရုစိုက်ပြီး သူတို့လေးတွေ ဘာတွေလုပ်နေလဲ လေ့လာပေးရမယ်။ သူတို့စုတာများလာရင် သူတို့ကို ရပ်ရွာရဲ့ သာရေးနာရေးတွေမှာ ဆွဲခေါ်ပေးရမယ်။ သူတို့စိတ်တွေပြောင်းသွားအောင် လုပ်ပေးရမယ်။ ဒါကို နိုင်ငံတော်က အလေးထားပြီး Project တစ်ခုအနေနဲ့ လုပ်ပေးသင့်တယ်။ စိတ်ကြွဆေးတွေက အရင်တုန်းကပေါ်ခဲ့တဲ့ နံပါတ်ဖိုးထက်ဆိုးတယ်။ ဦးမိုး သံတာမန်လုပ်ပေးနေတဲ့ MANA အဖွဲ့ရဲ့ သဘောအရဆိုရင် လူငယ်တွေ မူးယစ်ဆေးကို အသုံးမပြုမိစေဖို့ ပြီးတော့ မှားယွင်းပြီး သုံးစွဲမိရင်းစွဲနေတဲ့ လူငယ်တွေကိုလည်း ဆေးဖြတ်ဖို့ ကူညီပေးရတယ်။ ပညာပေးလုပ်ငန်းတွေကတော့ နိုင်ငံနဲ့အဝန်း လိုအပ်ပါတယ်။ မူးယစ်ဆေးဖြတ်ထားတဲ့လူငယ်တစ်ယောက်ကို ဝိုင်းပြီး မမုန်းကြပါနဲ့။ ဝိုင်းချစ်ပြီး ဖေးမပေးရမယ်။ လူတွေရဲ့ Behaviour Change ကောင်းလာရင် လူ့အဖွဲ့အစည်းက ပိုပြီးဖွံ့ဖြိုးလာမှာပါ။ အတိတ်က ကိစ္စတွေကိုသာ ပြန်တူးဆွပြီး တွေးနေရင် နိုင်ငံတော်တည်ဆောက်လို့ မရတော့ဘူး။ သူတို့တွေကို လက်တွဲခေါ်ရမယ်။ ဒါမှ နိုင်ငံတိုးတက်မှုက မြန်ဆန်သွားမှာလေ။

## Depression

Depression ဆိုတာ လူတိုင်းမှာ ဖြစ်ကြပါတယ်။ မြတ်စွာဘုရားနဲ့ ရဟန္တာကလွဲရင် Depression က လူတိုင်းဝင်ကြတယ်။ လူအများနားလည်ထားတာက Depression က လူကြီးတွေပဲ ဖြစ်တတ်တယ်ပေါ့။ အမှန်တကယ်တော့ ကလေးတွေမှာလည်း ဖြစ်ကြတယ်။ ကလေးအရွယ်မှာလည်း ဖြစ်သလို teenage အရွယ်မှာလည်း ဖြစ်တတ်တယ်။ မိဘတွေက ကလေးတွေရဲ့ စိတ်ခံစားမှုကို Participate လုပ်ပေးရမယ်။ လူငယ်အရွယ်မှာဖြစ်တဲ့ Depression က ခုနက

> ဆေးသုံးတယ်ဆိုတာ
> ဈေးအပေါဆုံးဆေးရဲ့
> ဈေးနှုန်းက ၅၀၀၀ ရှိတယ်။
> သိန်းကျော်တန်တာတွေအထိ
> ရှိတယ်။ ဒီတော့ ကိုယ့်ရဲ့
> စာရိတ္တပါပျက်ပြားသွားတယ်။
> အိမ်က ခိုးတယ်။
> ပတ်ဝန်းကျင်ကခိုးမယ်။
> နောက်ထပ်ဘာဖြစ်နိုင်လဲ...

ပြောတဲ့ Drugs ကို သွားညှိတတ်တယ်။ Depression ဆိုတာက တိုးတက်တဲ့နိုင်ငံတွေမှာ ပိုပြီးဖြစ်တတ်တယ်။ ဘာလို့လဲဆိုတော့ ရုပ်ဝတ္ထုပစ္စည်းတွေနောက် လိုက်ကြတာလေ။ နိုင်ငံခြားမှာဆို Depression ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာတွေ အများကြီးပဲ။ Depression က Stress ကြောင့်လည်း ဖြစ်တယ်။ Stress တွေ များလာရင် ဖြစ်တာပဲလေ။ အခုမြန်မာပြည်မှာလည်း နောက်ဆို ဖြစ်လာတော့မယ်။ ဘာလို့လဲဆိုတော့ အရစ်ကျပေးဆိုပြီး အခုဒီမှာစပြီးရောင်းပြီလေ။ လူက stress တွေများလာရင် Depression ဖြစ်တယ်။ နောက်ပြီး အသက်ကြီးလာတဲ့အခါ အသက် ၄၀ နောက်ပိုင်း လူတွေက Depression ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ Mental တွေ မြင့်လာပေမယ့် ကိုယ့်ရဲ့ Physical တွေက မလိုက်နိုင်တော့တဲ့ အချိန်လေ။ Depression ဝင်လာတဲ့သူတွေက စကားပြောများလာတတ်တယ်။ တချို့က စကားမပြောတော့ဘူး။ Depression မဖြစ်အောင်က ကိုယ့်ရဲ့ ဘာသာရေးကို အလေးထားပြီး လုပ်ရမယ်။ တရားသဘောကို နားလည်ထားရင် ဘဝမှာကြုံလာရမယ့်ကိစ္စတွေကို ခံနိုင်ရည်ရှိပြီး ရင်ဆိုင်နိုင်တာပေါ့။ နောက်ပိုင်း မြန်မာပြည်က တိုးတက်လာနေပြီ။ လူတွေလည်း အလုပ်တွေ အရမ်းလုပ်နေကြရပြီ။ နောက် Generation တွေမှာ ကြုံရမယ့် Depression က ဦးမိုးတို့ထက်ပိုပြီး ကြီးလိမ့်မယ်။ အဲဒါကြောင့် ဦးမိုးပြောချင်တာက ကိုယ့်ကိုယ်ကိုယ် အရှိအတိုင်း လက်ခံပြီး ရုပ်ဝတ္ထုပစ္စည်းတွေနောက် မလိုက်မိဖို့လိုတယ်။ လူတွေရဲ့ Mind Set တွေကိုပြင်ပေးရမယ်။ လူတွေရဲ့ Stress တွေကို နည်းနိုင်သမျှနည်းအောင် နေရမယ်။ မြန်မာစကားမှာ ရှိပါတယ်။ 'ရ' မရှိဘဲ 'ဝ' မလုပ်ပါနဲ့တဲ့။ အဲဒီစကားကမှန်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေနောက်ကို လိုက်ရင် Stress က ကြီးတာပဲ။ Stress များလာရင် Depression ဖြစ်လာမှာပါ။

## Daddy

Daddy ဆိုတာက အဖေပေါ့။ အဖေဆိုတာက မိသားစုတစ်စုရဲ့ စံပါပဲ။ ကလေးတွေရဲ့ သဘာဝက ငယ်စဉ်ကတည်းက မိဘကိုပဲကြည့်ပြီး အတုယူရင်း ကြီးပြင်းရတာလေ။ အဲဒါကြောင့် ကလေးတွေရဲ့ အပြုအမူတွေက သူ့မိဘတွေနဲ့ တူနေတတ်တာပါ။ အဲဒါကြောင့် အဖေက အရမ်းအရေးကြီးတယ်။ စံရှိတဲ့အဖေဖြစ်ဖို့ ကြိုးစားရမယ်။ ဦးမိုးဆိုရင် ဦးမိုးရဲ့အဖေ စိန်မာဒင်ကို စံထားပါတယ်။ အဖေက မိသားစုကို ချစ်ခင်တာ၊ စောင့်ရှောက်တာ၊ မိန်းမအပေါ် သစ္စာတရားရှိတာ၊ သဘင်လောကအတွက် အလုပ်တွေ လုပ်ပေးနိုင်တာတွေက စံထားရမယ့်ဟာတွေပါပဲ။ အဖေက အားလုံးပြည့်စုံပြီး တော်တဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက အရမ်းအလုပ်လုပ်နိုင်တယ်။ အလုပ်အပေါ် မြိုးသားတယ်။ အလုပ်ကို ချစ်ခင်တယ်။ ဦးမိုးအဖေက အတန်းပညာ မတတ်ရှာပါဘူး။ ဒါပေမဲ့ လေ့လာမှုအားတွေ ကောင်းတော့ အသိဉာဏ်ပညာ ဗဟုသုတပြည့်ဝတယ်။ သားသမီးတွေကိုလည်း အရမ်းအလေးထားတယ်။ အဖေက ကပ်စေးနဲတယ်။ သူက ဆင်းရဲတဲ့မိသားစုက မွေးဖွားလာတော့ လက်မဖွာဘူး။ ဒါပေမဲ့ အလှူအတန်းအပေးအကမ်းတော့ ရက်ရောပါတယ်။ ဘာသာရေးကို လိုက်စားတာလည်း အရမ်းစံထားရလောက်တဲ့ ပုဂ္ဂိုလ်ပါ။ ဦးမိုးက အဖေ့ကိုစံထားပြီး အခုဦးမိုးရဲ့ ကိုယ်ပိုင်မိသားစုကို အဲဒီလိုပဲ စောင့်ရှောက်နေပါတယ်။ ဦးစိန်မာဒင်ကိုမမီပေမယ့် အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။




# သံသာဝင်း

### Drugs

Drugs ဆိုတာကို သံသာတစ်ယောက်တည်းရဲ့ အမြင်ပွာယ်အနေနဲ့ဆိုရင် လူသားတွေကို ဆိုးကျိုးပေးတဲ့အရာပါပဲ။ သာမန်လူတွေမှာတော့ Drugs ဆိုတာနဲ့ နံပါတ်ဖိုးထိုးတာလို့ပဲ ထင်တတ်ကြတယ်။ သံသာဆိုလည်း အရင်တုန်းက Drugs ဆိုတာ ဘိန်းဖြူလိုဟာပဲလို့ ထင်ခဲ့မိတယ်။ အမှန်တော့ Drugs က အများကြီးပါပဲ။ စိတ်ကြွဆေးတွေ စိတ်ကျစေတဲ့ဆေးတွေ အမျိုးမျိုးရှိတယ်။ ဆေးလုံးတွေ ဆေးပြားတွေ ဆေးရည်တွေ၊ ဆေးမှုန့်တွေ အများကြီးရှိတယ်။ လူငယ်ဆိုတာမျိုးကလည်း လက်တည့်စမ်းချင်ကြတဲ့ စိတ်ရှိကြတယ်။ လက်တွေ့မှယုံချင်ကြတာ လူငယ်သဘာဝပဲလေ။ ဘယ်အရာကိုမဆို စမ်းချင်ကြတယ်၊ အဲဒီလို စမ်းရင်းနဲ့ ဒီ Drugs တွေနဲ့ ထိတွေ့ကြတာပဲ။ စမ်းရင်းနဲ့မှ Over Drugs ဘဝကိုရောက်ပြီး ဘဝဆုံးသွားကြတဲ့ လူငယ်တွေ သံသာတို့ လူ့ပတ်ဝန်းကျင်မှာ အများကြီးပဲ တွေ့ဖူး မြင်ဖူး ကြားဖူးကြမှာပါ။ အဓိကကတော့ အပေါင်းအသင်းမှားတာကနေ စကြတာပါပဲ။ Drugs ဆိုတာက သုံးစွဲတဲ့သူကိုတင် ဆိုးကျိုးပေးတာမဟုတ်ဘူး။ သူ့ရဲ့ပတ်ဝန်းကျင်ကလူတွေကိုပါ ဆိုးကျိုးပေးတာပါ။ ငယ်တဲ့အရွယ်မှာ စမ်းသပ်ရင်းနဲ့ စွဲလမ်းသွားပြီး အသက်ကြီးတဲ့အထိ Drugs ရဲ့သားကောင်တွေ ဖြစ်သွားကြရတယ်။ ဒီတော့ Drugs ဆိုတာ မကောင်းဆိုးဝါးတစ်ကောင်ဆိုရင် မမှားဘူးပေါ့။ တချို့လူငယ်တွေကျတော့လည်း လက်တည့်စမ်းကြည့်ပြီး ဒီအကြောင်းကိုသိသွားလို့ ရှောင်လိုက်နိုင်ကြတာမျိုးတွေလည်း ရှိကြပါတယ်။ ဒါကတော့ ကိုယ့်ရဲ့ ပါးနပ်မှုနဲ့လည်း ဆိုင်ပါတယ်။ ဒီကိစ္စက အထူးသဖြင့် လူတစ်ယောက်ရဲ့ခံစားချက်နဲ့ ဆိုင်တယ်။ တချို့က Drugs သုံးတာက ကိုယ့်ဘဝမှာရှိတဲ့ စိတ်ဆင်းရဲစရာ အားလုံးကို ဒါနဲ့ ဖြေဖျောက်လို့ ရနိုင်တယ်လို့ထင်ပြီး သုံးစွဲကြတယ်။ နောက်ပြီး အပျော်လွန်ပြီး သုံးကြတာလည်း ရှိတယ်၊ အခုဆိုရင် Club တွေ သွားကြတယ်။ သူငယ်ချင်းတွေနဲ့ ပျော်ပါးကခုန်ကြတယ်။ ပျော်ပါးကခုန်ကြတဲ့အထိက ပြဿနာမရှိသေးပေမယ့် အဲဒီလိုနေရာမှာက အပေါင်းအသင်းနဲ့တွေ့ပြီး အပေါင်းအသင်းမှားပြီး Drugs နဲ့ ထိတွေ့သွားနိုင်တယ်၊ များသောအားဖြင့် လူငယ်တွေအတွက်က Drugs ဆိုတာ ထိတွေ့ပြီးသွားရင် ပြန်ပြီးရုန်းထွက်ဖို့ခက်ပါတယ်။ ကိုယ့်စိတ်ကိုကိုယ်ပြန်ပြီး Control လုပ်နိုင်ဖို့ကကျတော့ ပြောသလောက်တော့ မလွယ်ဘူး။ ပါးနပ်ဖို့လိုတယ်လေ။ Drugs ကိုစွဲလမ်းသွားတဲ့ သူဆိုတာ အရက်စွဲတာမျိုး ဆေးလိပ်စွဲတာမျိုးနဲ့ မတူဘူး။ ဘဝပါပျက်သွားလောက်တဲ့ အထိဖြစ်တာပါ။ တချို့ဆို ဆေးရုံတောင်တက်ပြီး ဖြတ်ရတယ်ဆိုတာမျိုးအထိ ဖြစ်သွားတယ်၊ လနဲ့ချီ Care လုပ်ပြီး ရေရှည် Treatment လုပ်ကြရတယ်၊ Drugs ကကောင်းသလားဆိုတော့ ဒါကတော့ သုံးတဲ့သူတွေပဲ သိလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ဘဝနဲ့ရင်းရလောက်အောင်တန်လားဆိုတာတော့ ပြန်ပြီး မေးခွန်းထုတ်ရလိမ့်မယ်။ ပြီးတော့ Drugs ဆိုတာ ဝယ်ရတာ မလွယ်သလိုဈေးတွေကလည်း မပေါဘူး။ ဒီတော့ ဒီဆေးရဖို့အတွက် ကိုယ့် Character ပါပျက်စီးသွားကြတာတွေရှိတယ်။ ဆေးဝယ်ဖို့ ခိုးတယ်ဝှက်တယ်။ လုယက်တယ်ပေါ့။ နောက်ပြီး ဆေးသုံးတဲ့သူက Personality ပါ ကျသွားတာပါ။ လန်းဆန်းတဲ့ အသွင်အပြင်မရှိတော့ဘူး။ မျက်လုံးတွေကလည်း သာမန်နဲ့မတူဘဲ ဂနာမငြိမ်ဖြစ်တတ်တယ်။ အပြောအဆိုတွေကလည်း သာမန်မဟုတ်တော့ဘူး။ ဒါကြောင့် ဒီလိုကိစ္စတွေ အထိရင်းပြီး ဆေးသုံးရတာ တန်ရဲ့လားပေါ့။ လူငယ်တစ်ယောက် အတွက်ကတော့ အပေါင်းအသင်းက အဓိကပါပဲ။

သံသာကြားဖူးတာကတော့ အပေါင်းအသင်းကဆွယ်လို့ ကိုယ်က ဆေးသုံးဖြစ်သွားတယ်ပဲ ကြားဖူးတယ်။ အဲဒီလို လာပြီးဆွယ်တဲ့ သူငယ်ချင်းကို Drugs ရဲ့ မကောင်းကြောင်းတွေပြောပြီး သူပါမသုံးဖြစ်တော့အောင် လုပ်ပေးပါတယ်ဆိုတဲ့ အကြောင်းမျိုးမကြားဖူးဘူး။ ဒီတော့ သံသာ

Asian Fame Media Group

အမြင်ကတော့ Drugs နဲ့ ပတ်သက်ပြီး လူငယ်တွေကို ပညာပေးတွေ များများလိုလိမ့်မယ်။ နောက်ပြီး ပတ်ဝန်းကျင်ကလည်း လိုတယ်။လူတစ်ယောက်က ဆေးသုံးမိလို့ စွဲသွားပြီ။ ဒါပေမဲ့ ဒီဆေးက မကောင်းဘူးဆိုတာသိပြီး သူက ဖြတ်ချင်စိတ်ရှိပြီ။ ဒီလိုအချိန်မှာ သူနဲ့တွေ့ရမယ့် ပတ်ဝန်းကျင်က တအားအရေးကြီးပါတယ်။ သူ့မိဘ၊ သူ့ရဲ့ဆရာသမား၊ သူငယ်ချင်းဒါတွေက သူ့ကို ကောင်းကောင်းပံ့ပိုးပေးပြီး သူဆေးဖြတ်သွားနိုင်အောင် ကူညီပေးရမယ်။ လမ်းမှန်ကိုပြပေးနိုင်တဲ့သူတွေ ဖြစ်ဖို့လိုတယ်။ သူ့ကို နားလည်ပြီး ဖေးမပေးရတယ်။ ဆေးသုံးတဲ့သူတွေရဲ့ Emotion တွေ Feeling တွေက အတက်အကျ တအားမြန်တယ်။ သူတို့ရဲ့ အတွေးတွေက ပုံမှန်ရှိမနေတတ်ဘူး။ ဒါကို နားလည်ပေးပြီး ဖေးမပေးနိုင်ရမယ်။ နောက် အရေးကြီးတာက သူကဆေးဖြတ်ပြီပေါ့။ ဆေးဖြတ်ပြီးသွားတဲ့ သူတစ်ယောက်က Society ထဲ ပြန်ရောက်လာတဲ့အချိန်မှာ သူ့ကိုပိုပြီး Care လုပ်ပေးရမယ်။ လူတွေက ဘယ်လိုသဘောမျိုးရှိတတ်လဲဆိုတော့ "ဟာ ဒီကောင်က ဆေးသမားဖြစ်ဖူးတယ်ဆိုပြီး Discriminate လုပ်တတ်ကြတယ်။ လူ့အဖွဲ့ အစည်းထဲက ဖယ်ချင်ကြတယ်။ ဒီတော့ ဒီလူက ဒီနေရာမှာ သူ့ကို နေရာမပေးတော့ သူ့ရဲ့ နဂိုနေရာပြန်ရောက်သွားပြီး နောက်ထပ် Drugs User အဖြစ် ပြန်ရောက်သွားတယ်။ ဒါကြောင့် အဲဒီလိုခွဲခြားတာ နှိမ်ချဆက်ဆံတာမျိုးတွေ မလုပ်ဘဲ တန်းတူလေးထားပြီး နေရာပေးစေချင်ပါတယ်။ လူဆိုတာ ဘဝမှာမှားသွားနိုင်ပါတယ်။ အဲဒီအမှားကို မှားမှန်းသိပြီး အမှန်ပြန်ပြင်တာကို သံသာတို့က ဝိုင်းပြီးပံ့ပိုးပေးရမယ်လေ။

သံသာအမြင်ပြောရရင်တော့ စီးပွားရေးဒုက္ခ၊ ကျန်းမာရေးဒုက္ခ၊ လူမှုရေးဒုက္ခတွေ မျိုးစုံနဲ့ တွေ့ရတဲ့ Drugs ဆိုတာကို လုံးဝမထိတွေ့မိပါစေနဲ့လို့ ပြောချင်ပါတယ်။

### Depression

Depression ဆိုတာက စိတ်ကျတာပေါ့။ အခုခေတ်မှာ Depression ခံစားရတဲ့ သူတော်တော်များတယ်။ အရင်တုန်းကတော့ သူများ Depression ဖြစ်တာကို နားမလည်ခဲ့ဘူး။ ဒါပေမဲ့ ကိုယ်ကအသက်လည်းရလာပြီး ကိုယ်တိုင်လည်း Depression ခံစားရပြီးတော့မှ ဒါကို နားလည်နိုင်သွားတယ်။ Depression ဆိုတာလည်း ထူးဆန်းတယ်ပြောရမယ်။ ဖြစ်နေတဲ့သူက ကိုယ်တိုင်မသိနိုင်ဘူး။ ဘေးကလူကပဲ ကြည့်ပြီး သိရတယ်။ အခုဆိုရင် Depression ဆိုတာကို လူငယ်တွေက ခေတ်စကားနဲ့ "D" ဝင်နေတယ်လို့ ပြောကြတယ်။ စိတ်ကျတာက လူကြီးမှ မဟုတ်ဘူး။ လူငယ်တွေမှာလည်း ဖြစ်ပါတယ်။ အင်မတန်တက်ကြွနေတဲ့ အရွယ် လူငယ်တွေမှာဝင်တဲ့ Depression က ပိုတောင် ဆိုးတတ်သေးတယ်။ အခုခေတ်ကာလမှာ Depression သမားတွေ ပိုများတယ်ဆိုတာ ခေတ်ရဲ့အခြေအနေကြောင့်လည်း အများကြီးပါပါတယ်။ ဒီခေတ်ရဲ့ စီးပွားရေးအခြေအနေ၊ ပညာရေး၊ လူမှုရေးဒါတွေက Depression အများကြီး ဖြစ်စေတာပေါ့။ အားငယ်စိတ်တွေ ပူပန်မှုတွေ တအားများတဲ့သူက Depression ဖြစ်နိုင်ခြေပိုများတယ်။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်နေတဲ့ သူတွေပေါ့။ နောက်ပြီး စီးပွားရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ် ကိုယ်လုပ်တာတွေက မအောင်မမြင်ဖြစ်တာမျိုး၊ မှားယွင်းသွားတာမျိုးတွေ ဖြစ်နိုင်တယ်။ ဒီလိုအချိန်မှာ ကိုယ့်ကိုဘေးကနေ Support လုပ်ပေးမယ့်သူလိုတယ်။ Support ဆိုတာ နှစ်သိမ့်ပေးတာမျိုး၊ အားပေးစကားပြောပေးရုံပါပဲ။ ဒီလိုလေးတောင်မရှိခဲ့ရင် အဲဒီလူက Depression ဝင်သွားတာပဲ။ လူအများစုက ကိုယ်လိုချင်တာ မရတော့ဘူးဆိုတဲ့အချိန်မှာ Depression ဖြစ်သွားတယ်။ ဒီလိုအခြေအနေနဲ့ တွေ့နေတဲ့သူကို မိသားစုတွေ အသိုင်းအဝိုင်းတွေက နားလည်ပေးနိုင်ရမယ်။ သူက တစ်ယောက်တည်းနေချင်တယ်တို့ ဘယ်သူ့ကိုမှ စကားမပြောချင်တော့ဘူးတို့တွေ ဖြစ်တတ်တယ်။ ဒါကို နားလည်ပေးပြီး သူ့ကိုပေးမပြီး စောင့်ရှောက်မပေးလိုက်ရင် ခဏနဲ့ပျောက်သွားမှာပါ။ အဲဒီလို ဖေးမတာမလုပ်ပေးခဲ့ရင် သူက Depression ရဲ့ နောက်ဆက်တွဲတွေ ဖြစ်လာနိုင်တယ်။ စိတ်ထွက်ပေါက်တစ်ခုအနေနဲ့ လျှောက်လုပ်တာပေါ့။ ဥပမာ-ဆေးစွဲသွားတာတို့၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာတို့အထိ လုပ်သွားနိုင်တယ်။ ကိုယ်က Depression မဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာတော့ သံသာကသိပ်ပြီး မသိဘူး။ ဒါပေမဲ့ သံသာ့အမြင်အရဆိုရင်တော့ ကိုယ်က ကိုယ့်ဘဝကို Prepare လုပ်ထားရမယ်။ ဘဝဆိုတာ အချိုအကွေ့ အင်မတန်များပါတယ်။ တစ်သမတ်တည်းရှိမနေဘူး။ အောင်မြင်တာတွေ ရှိသလို ဆုံးရှုံးတာတွေလည်း ရှိမှာပဲ။ ဒါတွေကို ခံနိုင်ရည်ရှိအောင် ကိုယ်က ပြင်ဆင်ထားရမယ်။ ဘယ်လိုပြင်ဆင်ရမလဲဆိုတော့ ဘာသာရေးလုပ်တာပေါ့။

သံသာဆိုရင် ခရစ်ယာန်ဆိုတော့ ဘုရားဆုတောင်းတာလုပ်တယ်။ ကိုယ်နဲ့ဆိုင်ရာ ဘာသာရေးကိုလုပ်ရင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားလို့ရတယ်၊ တရားသဘောကို နားလည်ထားတော့ ကောင်းတာပေါ့။ Depression ဆိုတာက လူတိုင်းဖြစ်နိုင်တယ်။ အရွယ်တကူ ဖြစ်နိုင်တဲ့ ကိစ္စပါ။ Depression ရလို့ လုပ်မိလုပ်ရာလုပ်လိုက်တဲ့ ထွက်ပေါက်တွေကနေ နောက်ဆက်တွဲဆိုးကျိုးတွေက အန္တရာယ်ဖြစ်တာ၊ ဒါကြောင့် လူတိုင်းဟာ ကိုယ့်ဘဝအတွက်ကြိုပြီး Prepare လုပ်ထားဖို့ လိုပါတယ်။

### Daddy

Daddy ဆိုတာကတော့ အဖေပေါ့။ သံသာဆိုရင် ငယ်ငယ်တုန်းက ဖေဖေနဲ့ တစ်ရုပ်တည်းတူတာတဲ့။ မေမေဆိုရင် ခဏခဏ ပြောတယ်။ လမ်းဘေးမှာသာ သွားပစ်ထားခဲ့လည်း အိမ်ပြန်ရောက်လာမှာပဲတဲ့ ဘာလို့လဲဆိုတော့ ဖေဖေနဲ့ တစ်ရုပ်တည်းတူတော့ အိမ်ကိုပြန်လာပို့ကြမှာတဲ့။ သံသာက အသားညိုတာ ဆံပင်ကောက်တာတွေကအစ ဖေဖေနဲ့ တထေရာတည်းတူတာ။ အခုကျမှသာ မိတ်ကပ်တွေ ဘာတွေပြင်လိုက်ရင် မသိကြတဲ့လူတွေက မေမေနဲ့ တူတယ်လို့ ပြောကြတာ၊ အမှန်က သံသာက ဖေဖေနဲ့တူတာပါ။ နောက်ပြီး သမီးတွေအတွက် Daddy ဆိုတာက ပိုပြီးနက်ရှိုင်းတယ်။ ဘာလို့လဲဆိုတော့ အဖေတွေက သမီးတွေကို ပိုပြီးချစ်တတ်ကြတယ်လေ။ သံသာတို့မှာ မောင်နှမ ၄ ယောက်ရှိတယ်။ ၄ ယောက်လုံးကို ပြုစုပျိုးထောင်တဲ့ပုံရော၊ ဆုံးမတဲ့ ပုံစံရောတော့ ဖေဖေရော မေမေရောက ညီတူညီမျှပဲ လုပ်ပေးခဲ့တာပါ။ တချို့မိသားစုဆိုရင် ရှိတတ်တယ်လေ အကြီးဆုံးမို့လို့တို့ အငယ်ဆုံးမို့လို့တို့နဲ့ ပိုချစ်တာမျိုးတွေရှိတတ်တယ်။ သံသာတို့မိသားစုက အဲဒီလိုမရှိခဲ့ဘူး။ အားလုံးအတူတူပဲ။ သားသမီးကို သွန်သင်တာမှာ အမေတစ်ယောက်တည်းထက် အဖေရောအမေရောပါရင် ဒီသား၊ သမီးတွေအတွက် ပိုကောင်းတာပေါ့။ များသောအားဖြင့် အဖေတွေက သား၊ သမီးကို ဆုံးမစရာရှိရင်တောင် အမေကတစ်ဆင့် ပြောခိုင်းတတ်တာမျိုးလေ။ ဒီတော့ လူတွေက အဖေကို မေ့နေတတ်ကြတယ်။ အဖေတွေရဲ့ မေတ္တာကိုလျစ်လျူရှုထားတာတွေ ရှိကြတယ်။ အမှန်ကတော့ အဖေက အမေတွေနဲ့ အတူတူပါပဲ။ အဖေဆိုတာမျိုးက သူတို့စိတ်ထဲမှာရှိတာကို မဖော်ပြတတ်ကြဘူး။ အမေကတော့ ပြောစရာရှိပြော၊ ဆူစရာရှိဆူ၊ ရိုက်စရာရှိ ရိုက်တာပဲ။ ဒီတော့ သား၊ သမီးတွေက အမေနဲ့ပိုပြီး ရင်းနှီးသွားတယ်။ အမှန်ကတော့ အဖေ့မေတ္တာက အမေ့မေတ္တာ အတိုင်းပါပဲ။ သား၊ သမီးကို စိတ်ပူတတ်တယ်။ ချစ်တတ်တယ်။ စိုးရိမ်တတ်ကြပါတယ်။ သံသာ့အဖေက သား၊ သမီးတွေနဲ့ အရမ်းရင်းနှီးအောင်နေတယ်။ ဖေဖေ့အလုပ်က နိုင်ငံခြားအမြဲသွားနေရပြီး သံသာတို့နဲ့ အမြဲမနေရပေမယ့် သား၊ သမီးတွေနဲ့ ရင်းနှီးအောင်နေတယ်။ သံသာတို့မောင်နှမတွေကို နိုင်ငံခြားခေါ်သွားပြီး ပြင်ပဗဟုသုတတွေရအောင် လုပ်ပေးတယ်၊ ပြီးတော့ မေမေကဆိုရင် ကိုယ်ပူဆာတာတွေကို အကုန်ဝယ်ပေးချင်မှ ဝယ်ပေးတာ၊ ဝယ်ပေးဖို့ မလိုဘူးထင်ရင် မေမေက လုံးဝမဝယ်ပေးဘူး။ ဖေဖေက အဲဒီလို မဟုတ်ဘူး။ လုံးဝမငြင်းဘူး။ သားသမီးပူဆာရင် အကုန်မဖြစ်ဖြစ်အောင် ဝယ်ပေးတယ်၊ သံသာအတွက်တော့ Daddy ဆိုတာ ပြီးပြည့်စုံမှုပါပဲ။

**ဖြိုးစုဝိုင်**



ဓါတ်ပုံ - ခင်ဝေထက်

# လူငယ်များ သတိထားရှောင်ရှားစရာ

မြင့်သူဇာထွန်း

ကမ္ဘာအရပ်ရပ်က လူငယ်လူတွေကြားမှာ ရင်ဆိုင်ဖြတ်သန်းကြရတဲ့ ပြဿနာတစ်ခုရှိနေပါတယ်။ အဲဒါကတော့ မူးယစ်စိတ်ကြွဆေးများကို ရှောင်ရှားဖို့ ကြိုးစားကြရတဲ့ပြဿနာပါပဲ။ စိန်ခေါ်စမ်းသပ်မှုနဲ့ ပြားယောင်း လှည့်စားမှုတွေကြားမှာ ဖျတ်လတ်တက်ကြွဆဲလူငယ်လေးတွေဟာ တစ်ကြိမ်တစ်ခါတော့ တိမ်းချော်လွဲမှားတတ်ကြပါတယ်။ မူးယစ်ထိုင်းစေသလား၊ ဆူပွက် တက်ကြွစေသလားဆိုတာရယ် သူ့နောက်က အာရုံခံစားမှုရယ်ဟာ ဆော့ကစားစမ်းသပ်စရာ ပြိုင်ပွဲတစ်မျိုး မဟုတ်ခဲ့တာတော့ အသေအချာပါပဲ။ ဒါကြောင့် ဒီကျရှုံးနစ်နာရမှုတွေကို အပြီးသတ် ကျော်နိုင်းပစ်ဖို့အတွက် ကမ္ဘာ့လူငယ်ထုဟာ Uniting to Prevnt Drug Abuse လို့ ကြွေးကြော်ခဲ့ကြဖူးပါတယ်။ 'မူးယစ်ဆေးဝါး ကာကွယ်ဖို့ တို့လူငယ်တွေစည်းရုံးစို့' ဆိုတဲ့ ကြွေးကြော်ဆောင်ပုဒ်ကို ယနေ့လူငယ်တွေအတွက် ပြန်လည်အမှတ်ရစေဖို့ ဒီကဏ္ဍကနေ လှုပ်နှိုးလိုက်ပါရစေ။ ဒီမူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ မှတ်သားစရာတွေကိုတော့ စိတ်ကျန်းမာ/ ဆေးစွဲ အထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်လွင် က ပြောပြခဲ့ပါတယ်။

**လူငယ်တွေသိထားသင့်တဲ့ မူးယစ်ဆေးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများလို့ သတ်မှတ်ကြပုံကို ရှင်းပြပေးစေချင်ပါတယ်ဆရာ။**

မူးယစ်ဆေးဝါးဆိုတာ narcotic လို့ခေါ်တာပေါ့။ အဲဒီမူးယစ်ဆေးဝါးဆိုတာ ပြောရရင် စွဲစေတတ်သော ဆေးဝါးများပေါ့လေ၊ ပညာရှင်များရဲ့ သတ်မှတ်ချက်အရဆိုရင် အရက်ကနေ စတာပါပဲ။ စွဲစေတတ်တယ်၊ မူးယစ်ဆေးဝါးပဲ၊ ဒါပေမဲ့ ဥပဒေထဲမှာတော့မပါဘူး။ နောက် စိတ်ကြွဆေး၊ စတီးမျူးလက် အဲဒါတွေကတော့ ဥပဒေတွေထဲမှာပါတယ်။ နောက် အိပ်ဆေး၊ စိတ်ငြိမ်ဆေး (ဒိုင်ယာဇီပင်လိုဟာမျိုး)။ အဲဒါကျတော့လည်း စွဲတတ်တဲ့ဆေးလည်းဖြစ်တယ်၊ လူငယ်တွေလည်း သုံးလေ့ရှိကြတယ်။ နောက်ဆေးခြောက်။ ထို့အတူပဲ ကိုကင်း။ ဒါကလည်း အင်မတန် အန္တရာယ်ပေးတယ်။ နောက်လှုံ့ဆော်မယ့် အာရုံကို ဖြစ်စေသော ဆေး။ ဟယ်လိုဆီနိုဂျင် (Hallcinogen) လို့ ခေါ်တယ်။ သူကအမြင်အာရုံ၊ အကြားအာရုံ၊ အတွေ့အထိအာရုံတွေဟာ သာမန်လို မဟုတ်ဘူး၊ စိတ်ရောဂါမှာမှဖြစ်တဲ့ အာရုံကို ဒီဆေးတွေသောက်ပြီး ရယူပျော်နေကြတယ်။ ဒါမျိုးတွေ။

Asian Fame Media Group

(ကိုကင်းနဲ့ ဟယ်လိုဆီနိုဂျင်က မြန်မာပြည်မှာတော့ သိပ်ပြဿနာမရှိဘူး။ ဒီမှာသိပ်မရှိတာ) နောက် ဘိန်း။ ဘိန်းကနေထုတ်လုပ်လိုက်တဲ့ မော်ဖင်း၊ ပက်သဒင်း၊ နောက် ကိုဒင်း၊ အဲဒါက ချောင်းဆိုးပျောက်ဆေးရည်၊ (ဟိုခေတ်က ကိုမီသာဇင်ဖန်ဆီဒိုင်းဆိုတာလေ အခုတော့ မရှိတော့ဘူး) ဘိန်းဖြူ ဟီးရိုးအင်း။ နောက်အငွေ့ပျံစေသော ဆေးဝါးများဆိုတာ ရှိတယ်။ volatile solvent အဲဒါက ဓာတ်ဆီတို့၊ ရေနံဆီတို့လို အငွေ့ပျံစေတယ်။ ထို့အတူ ကော်လေ၊ ကော်ရှူတယ်ဆိုတာ။ အဲဒါကလည်း စွဲစေတတ်တယ်။ ဒါပေမဲ့ ဒါကို ဥပဒေမှာ အရက်လိုပဲ အရေးယူလို့မရဘူး။ အဲဒီထဲမှာ အရက်နဲ့ ကော်ရှူတာကတော့ ဥပဒေအရ အရေးယူလို့မရဘူး။ သို့သော် လူငယ်တွေကော်ရှူနေတာလည်း ပြဿနာပဲပေါ့လေ။ အဲ ဘိန်းတို့၊ စိတ်ကြွဆေးနဲ့ ဒိုင်ယာဇီပင်တွေ၊ ဆေးခြောက်။ ဒါတွေက ဥပဒေနဲ့လည်း ငြိစွန်းတယ်။ အန္တရာယ်လည်း များတယ်။

**အဲဒီမှာ မူးယစ်ဆေးနဲ့ စိတ်ကြွဆေးကိုလည်း ခွဲခြားရှင်းပြပေးပါဦးဆရာ။**

မူးယစ်ဆေးနဲ့ စိတ်ကြွဆေးကို ခွဲပြောမယ်ဆိုရင် စိတ်ကြွဆေးဟာ မူးယစ်ဆေးဝါးဥပဒေ သတ်မှတ်ချက်ထဲမှာ ပါတယ်။ အခု ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေ အခုလက်ရှိကျင့်သုံးနေတဲ့ ဥပဒေပေါ့။ အဲဒီအထဲမှာပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ အလွယ်တကူရရှိမှုဆိုတာ ၁၉၇၀ လောက်က ဘိန်းဖြူက မြန်မာပြည်ကိုစရောက်လာတာ၊ ဒီမှာ လွယ်ကူစွာရရှိမှုတွေ ဖြစ်ခဲ့တယ်။ စစလောက် အထိ။ အဲဒီနောက်ပိုင်းကနေစပြီး သက်ဆိုင်ရာဌာနတွေရဲ့ ထိထိရောက်ရောက် အရေးယူတာတွေရယ် လူထုအားလုံးနဲ့ရောပူးပေါင်းပါဝင် တာရယ်ကြောင့် ဘိန်းကရှားလာတယ်။ ရုပ်ပိုတော် တော်ခက်ခဲသွားတယ်။ ဒါပေမဲ့ နောက်တစ်မျိုးက ဘိန်းကရှားသွားပေမယ့် နောက်ပိုင်းမှာကျတော့ စိတ်ကြွဆေးတွေ များလာတယ်။ အခုဘိန်းဖြူဘိန်းမည်းတွေ ဖမ်းဆီးတွေ့မိလာတာတွေလည်း ပြန်တွေ့နေရတယ်။ ဒါနည်းနည်းတော့ သတိထားစရာပဲ။ အားလုံးပူးပေါင်းဆောင်ရွက်မှုလိုတယ်ပေါ့။

**တချို့ဆေးတွေ (Tramadol တို့လို) ဟာ ကုသဆေးတွေအဖြစ်နဲ့လည်း သုံးကြတယ်ဆိုတော့ လူငယ်တွေဟာ ဆေးရဲ့အသုံးဝင်ပုံကို နားလည်မှုလွဲပြီး လမ်းလွဲလိုက် အသုံးချနိုင်ကြတယ် မဟုတ်လားဆရာ။ ဒါကိုရောင်းချနေတဲ့ ဆေးဆိုင်တွေအပါအဝင်လူငယ်တွေကို ဘယ်လိုပညာပေးတွေ**



**လုပ်သင့်တယ်လို့ ထင်ပါသလဲ။**

Tramadol ဟာကိုက်ခဲနာကျင်မှုအတွက် ဆေးဝါးကုသမှုမှာအသုံးပြုတဲ့ ဆေးတစ်မျိုးဖြစ်တယ်။ အဲဒီလိုပဲ အခြားဆေးဝါးတွေလည်း ရှိပါတယ်။ ဥပမာ Sosegon ပေါ့။ နောက် Lomotil ဝမ်းပိတ်ဆေး။ ဒါတွေကလည်း ကိုက်ခဲနာကျင်မှုကို ပျောက်စေတဲ့ ကုသမှုဆိုင်ရာဆေးပေါ့။ ဒါပေမဲ့ အဲဒီဆေးတွေအထဲမှာ ပါဝင်တဲ့ မူးယစ်ဆေးတွေက အမျိုးအစားအလိုက်ရှိတယ်။ Tramadol နဲ့ Lomotil မှာ ဘိန်းထဲကဟာ တစ်မျိုးပါတယ်။ ဆိုဆိုဝွန်ဆိုလည်း ပန်တာဆိုဇင်းဆိုတဲ့ မူးယစ်ဆေးဝါးတွေပါတယ်။ ဒီတော့ ကိုက်ခဲနာကျင်မှုတွေအတွက် ကောင်းပေမယ့်လို့ (အဲဒီ အထဲမှာပါတဲ့ ဘိန်းဓာတ်ကြောင့်ကောင်းတာမှန်ပေမယ့်) ဒါကိုလူငယ်တွေက အလွဲသုံးစားလုပ်ပြီး သောက်တတ်ကြတော့ ဆေးစွဲသွားတယ်။ အဲဒီ ဥစ္စာက ဘိန်းပါတော့ သူတို့အတွက် ဒါကိုများများသုံးတဲ့အခါ ဒုက္ခရောက်ကြရတယ်။ ဒါတွေကို လူငယ်တွေကို အသိပေးဖို့ ပညာပေးဖို့လိုတယ်။

**အခုလို တိုးတက်ပွင့်လင်းနေတဲ့ ခေတ်ကြီးမှာ ဒီလိုဆေးမျိုးတွေကို လက်တစ်ကမ်းက ဆေးဆိုင်တွေမှာ ရှာလို့ရနေနိုင်တာတွေကို ထိထိရောက်ရောက် တားဆီးနိုင်မယ့် ဘယ်လိုနည်းတွေ လုပ်သင့်ပါသလဲ။**

ဆေးဆိုင်တွေက ဒီလို ထရမဒေါ်တို့လို ဆေးတွေက အရင်က ကုသမှုဆေးအဖြစ် သတ်မှတ်ခဲ့ပြီး ဆရာဝန်တွေက ကုသမှုအတွက် သုံးခဲ့တယ် ဆိုတော့ဆေးဆိုင်တွေမှာ ဝယ်လို့ရတယ်ပေါ့။ အမှန်တော့ သိပ်လွယ်လွယ်ကူကူမဟုတ်ပေမယ့် လူငယ်တွေက ဒါကိုသိလာတော့ (ကိုမက်သာဇင်မှာ ကိုဒင်းပါတာမျိုးကို) အလွဲသုံးစားလုပ်ကြတော့ သက်ဆိုင်ရာကနေ ဆေးဆိုင်တွေကို ပညာပေးလာကြတယ်။ ပြီးတော့ ဒါကို ရောင်းတဲ့အခါမှာ သတ်မှတ်ဆေးအနေနဲ့ တားမြစ်တာတွေ လုပ်ထားကြတယ်။ တစ်ခါတစ်ခါကျတော့ တချို့ဆေးတွေက မှတ်ပုံတင်မဟုတ်တော့ (အမျိုးမျိုးသော နည်းလမ်းတွေနဲ့ ဝင်လာတာတွေ) ဒါကို တချို့ဆိုင်တွေကလည်း ပညာပေးထားပေမယ့် ရောင်းနေကြတယ်။ ဒါကို အရေးယူတော့ ဆောင်ရွက်သင့်တာပေါ့လေ။ ဥပဒေအရမဟုတ်တောင် ပညာတော့ ပေးရမှာပေါ့။ Hypnotic က တော့ အိပ်ဆေးပေါ့လေ။ ဒိုင်ယာဇီပင်က စိတ်ငြိမ်ဆေး tranquilizer ကတော့ လူနာအတွက် စိတ်ပိုင်းဆိုင်ရာအနေနဲ့ ကုသရာမှာ တော်တော်အသုံးဝင်ပေမယ့် သူ့ကိုလည်း အခု သတ်မှတ်ဆေးအနေနဲ့ လုပ်ထားရတယ်။ ဒါတွေက အမှန်တော့ ကုသနှုန်းထားနဲ့ ပေးတော့ ဘာမှမဖြစ်ပေမယ့် လူငယ်တွေက ဒါကို အလွဲသုံးစားလုပ်ပြီး အလုံးရေအဆပေါင်းများစွာ (ဥပမာ ၅၀-၁၀၀) သောက်ကြတယ်။ ဒါကသူ့ရဲ့ဆောင်ရွက်မှုကိုက ဆန့်ကျင်ဘက်အကျိုးဖြစ်တယ်။ paradoxical effect ဖြစ်လာတယ်။ ပြောင်းပြန်ဖြစ်တာပေါ့။ အဲဒီအချိန်မှာ စိတ်ကကြွလာပြီး ရန်ရှာတာ၊ ရိုင်းစိုင်းတာတွေဖြစ်လာတယ်။ အရင်ကတော့ ဒါတွေကို လမ်းဘေးဆေးဆိုင်တွေမှာရတယ်။ အခုကတော့ အရင်ကလောက်တော့ မများတော့ဘူး၊

**သောက်ခြင်း၊ ရှူခြင်း၊ သွေးကြောထဲ စိမ့်ဝင်အောင်လုပ်ခြင်းစတဲ့ နည်းအမျိုးမျိုးနဲ့ ဆေးသုံးစွဲပုံတွေနဲ့ အဲဒါတွေ ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကိုလည်း သိချင်ပါတယ်။**

မူးယစ်ဆေးဝါးကတော့ သုံးပုံက တချို့က ပါးစပ်ကနေ မျိုတယ်။ သောက်တယ်ပေါ့ကွာ။ ပြီးတော့ ရှူတယ်။ ဘိန်းဖြူလိုဟာမျိုးဆိုရင် ဇီးကရက်နဲ့ ရှူတယ်၊ ဆေးခြောက်ဆိုရင် ဆေးပေါ့

Asian Fame Media Group

လိပ်နဲ့ရှူတယ်။ ကိုမက်သာဇင်ဆိုရင် သောက်တယ်။ အဲဒီလိုပဲ သောက်တယ်။ ရှူတယ်။ နှာခေါင်းဝမှာတော့ပြီး ရှူတယ်။ နှိုက်သွင်းလိုက်တာပေါ့။ ဒါပေမဲ့လို့ ဆေးစွဲလာရင် နောက်ပိုင်းကျတော့ ငွေကြေးအရရော၊ အာရုံအရရော အဲဒီခံစားမှုကိုရချင်တဲ့အခါ အကြောထဲကို ဆေးသွင်းတယ်။ ဒီတော့ ထပ်ခါထပ်ခါသုံးတော့ သွေးကြောထဲကို ဆေးထိုးကြတဲ့အကျင့် ဖြစ်လာတယ်။ အကြိမ်ပေါင်းများစွာပေါ့။ ဒါကြောင့် ဆေးထိုးသုံးစွဲမှု ဖြစ်လာတယ်ပေါ့။ ဘယ်လိုနည်းနဲ့ပဲသုံးသုံး နောက်ဆက်တွဲ အန္တရာယ်တွေ ရှိလာတယ်။ စိတ်ပိုင်းဆိုင်ရာမှာ ပြဿနာဖြစ်လာတယ်။ လူမှုဝန်းကျင်မှာကြည့်ခံရတဲ့ ပြဿနာတွေဖြစ်လာတယ်။ စိတ်ရောဂါအနေနဲ့ဆိုရင် ဆေးခြောက်ရှူတဲ့လူဆိုရင် ဆေးခြောက်ရှူတဲ့သူက ဆေးခြောက်ကြောင့်တဲ့ရောဂါ၊ စိတ်ကြွဆေးသုံးတဲ့သူမှာလည်း စိတ်ရောဂါရတယ်။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာထိခိုက်မှုအနေနဲ့ဆိုရင် ဦးနှောက်နဲ့ အာရုံကြောမှာ ထိခိုက်လာတယ်။ နောက်ဘိန်းဖြူထိုးတဲ့ လူမျိုးကျတော့ သူ့ရဲ့ကိုယ်ခန္ဓာဖွဲ့စည်းမှုအင်္ဂါတွေ ထိခိုက်လာတယ်။ အသည်းတွေ၊ အဆုတ်တွေ ထိတာမျိုးပေါ့။ နောက်တစ်ချက်က ဒီလိုဆေးထိုးသုံးစွဲသူတွေမှာ ဆေးထိုးအပ် sharing လုပ်သုံးစွဲကြတဲ့အတွက် HIV ပိုးတွေကူးစက်ကြတာအများဆုံးတွေ့ရတယ်။ အပ်ဝေငှသုံးစွဲသူတွေမှာ အများဆုံးတွေ့ရတဲ့ အန္တရာယ်ကျရောက်မှုပဲ။ ပြီးရင် အသည်းရောဂါတွေကြတယ်ပေါ့။

**ရာဘဆေးတွေမှာပါတဲ့ ဓာတုဓာတ်ငွေ့တွေဟာ ဦးနှောက်နဲ့အာရုံကြောကို ထိခိုက်နိုင်တယ်လို့ကြားဖူးပါတယ်။ ဒီလို အလားတူ ဆေးဝါးတိုင်းရဲ့ တစ်သက်တာ ထိခိုက်မှုရရှိနိုင်စေတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ ဘာတွေ ရှိတတ်ပါသလဲ။ နောက် အခုကာလမှာရော ဒီလိုဆေးဝါးတွေ အမျိုးအစား ဘယ်လောက်ရှိနေပြီလဲလို့လည်း သိချင်ပါတယ်။**

ရာဘ (ရာမ၊ မြင်းဆေး)၊ Ice၊ Ecstasy (သိပ်နာမည်ကြီးတယ်။ သိပ်ဈေးကြီးတယ်) ဆိုတာတွေ အများကြီးရှိတယ်။ ဒါတွေက သုံးလိုက်ရင် ဘာတွေဖြစ်လာလဲဆိုတော့ ဦးနှောက်နဲ့ အာရုံကြောကို ထိခိုက်တယ်။ နောက် စိတ်ကို ထိခိုက်တယ်။ ဘယ်လောက်ကြာကြာသုံးစွဲမှလဲဆိုတာတော့ အချိန်အတိအကျ မပြောနိုင်ဘူး။ ဒါပေမဲ့ ဒီလိုအချိန်အတိုင်းအတာတစ်ခုမှာ ဒီလို စိတ်ရောဂါဖြစ်လာပြီဆိုရင် သိပ်ကြောက်ဖို့ကောင်းတယ်။ ဘာတွေဖြစ်လာလဲဆိုတော့ သူတစ်ပါးအပေါ်မှာ မကောင်းထင်၊ တလွဲထင်တဲ့စိတ်ကို ဘယ်လိုမှပြင်လို့မရဘဲ အန္တရာယ်ပြုတယ်။ ကိုယ့်ရဲ့အနီးဆုံးလူတွေကို အန္တရာယ်ပြုတယ်။ ထိုက်ခိုက်တယ်။ ဓားနဲ့ထိုးတယ်။ ရိုက်တယ်။ သေအောင်ထိ အန္တရာယ်ပြုတယ်ပေါ့။

**ဆေးစွဲသူတစ်ယောက်ရဲ့လက္ခဏာတွေက ဘာတွေပါလဲဆရာ။**

ဆေးသုံးစွဲထားတဲ့သူမှာ သူတို့မှာ ဆေးသုံးစွဲထားတယ်လို့သံသယဖြစ်စရာ လက္ခဏာအမျိုးအစားတွေက ဥပမာ ဘိန်းဆိုရင် သုံးထားပြီးရင် မျက်စိမှေး၊ အိပ်ငိုက်၊ လျှာလေးအာလေး၊ ဒယိမ်းဒယိုင်၊ ကြာမြင့်စွာအိပ်တယ်။ နောက်ဆေးထိုးအပ်ရာတွေလည်း တွေ့ရတတ်တာပေါ့လေ။ ဒါတွေက ဘိန်းအမျိုးအစားတွေ။ စိတ်ကြွဆေးတွေသုံးထားရင်တော့ အရမ်းလန်းဆန်းနေတယ်။ ဘာမဆို လုပ်ချင်ကိုင်ချင်စိတ်များနေတယ်။ စိတ်တွေတက်ကြွလွန်နေတယ်။ အဲဒီဆေးစွဲသွားပြီဆိုရင် ယင်းထလက္ခဏာများလို့ခေါ်တယ်။ စိတ်ပိုင်းဆိုင်ရာ အနေနဲ့ သုံးစွဲနေကျအချိန်မှာ မသုံးစွဲရရင်ဖြစ်တယ်။ ဒါတွေက ဆေးအမျိုးအစား

> တစ်ခါတစ်ခါကျတော့
> တချို့ဆေးတွေက
> မှတ်ပုံတင်ဖဟုတ်တော့
> (အမျိုးမျိုးသောနည်းလမ်းတွေနဲ့
> ဝင်လာတာတွေ)
> ဒါကိုတချို့ဆိုင်တွေကလည်း
> ပညာပေးထားပေမယ့်
> ရောင်းနေကြတယ်။ ဒါကို
> အရေးယူတော့ဆောင်ရွက်သင့်တာ
> ပေါ့လေ။ ဥပဒေအရမဟုတ်တောင်
> ပညာတော့ပေးရမှာပေါ့။

အလိုက် အများကြီးရှိတယ်။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ ဆေးသုံးလိုစိတ်တွေပြင်းထန်စွာ ခံစားရတယ်။ စိုးရိမ်လွန်တယ်။ ဂနာမငြိမ်ဘူး။ စိတ်ဓာတ်ကျတယ်။ စိတ်တိုတယ်၊ မိမိကိုယ်ကိုယ်သတ်သေလိုစိတ်တွေဖြစ်တယ်။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာအနေနဲ့ သမ်းဝေတယ်။ နှာရည်ယိုတယ်။ ချွေးသီးချွေးပေါက်တွေကျတယ်။ ကြက်သီးတွေထတယ်၊ မျက်ရည်ကျတယ်။ ကိုက်ခဲတယ်။ အိပ်မရဘူး။ ဝမ်းလျှောတယ်။ ဗိုက်အောင့်တယ်။ အိပ်မပျော်ဘူး။ ဒါက ဆေးမသုံးရတော့ဘူးဆိုရင် ဖြစ်တဲ့ ဆေးထလက္ခဏာတွေ။

**စိတ်ကိုပြောင်းလဲစေတဲ့ ဆေးတွေအနက်မှာ သောက်တဲ့ရေထဲ ထည့်ခတ်ပြီးသုံးကြတဲ့ ဆေးတွေ (တချို့လိင်စိတ်ကြွဆေး) ဟာ ဗဟုသုတမရှိတဲ့ လူငယ်တွေအတွက် ကျရောက်လာနိုင်တဲ့ အန္တရာယ်တွေဖြစ်နေတော့ ဒါကိုဘယ်လိုနည်းနဲ့ ကာကွယ်နိုင်ပါသလဲဆရာ။**

ဒီလိုဆေးတွေကို အမျိုးမျိုးသော ရည်ရွယ်ချက်တွေနဲ့ သုံးကြပါတယ်။ ဒီလိုဆေးဝါးတချို့ကို သူတစ်ပါးအပေါ် မသမာစိတ်နဲ့ သုံးချင်ကြတဲ့အခါ အချိုရည်တို့ သောက်ရေတို့ (သောက်ရေကတော့ ဖြစ်ခဲပါတယ်) ကော်ဖီ၊ လက်ဖက်ရည်တို့ပေါ့။ အဲဒီမှာခတ်ကြတာ။ အရင်ကတော့ အများအားဖြင့် အိပ်ဆေးတို့ စိတ်ငြိမ်ဆေးတို့ကို ထည့်ကြတယ်။ ပြီးမှ အဲဒီလူရဲ့ပစ္စည်းကို ယူတယ်။ နောက် အခုနောက်ပိုင်းကျတော့ စိတ်ကြွဆေးကိုထည့်ပြီးတော့ (အထူးသဖြင့် မိန်းကလေးတွေကို) ကာမကို လှုံ့ဆော်ရယူတယ်ပေါ့။ တချို့ကျတော့ လိင်ပိုင်းဆိုင်ရာဆေးတွေနဲ့ ပတ်သက်လို့ အမျိုးသမီးတွေအတွက် ဆေးကိုထည့်ခတ်တဲ့အခါ (ကိုယ့်ချစ်



သူ ရည်းစားပဲဖြစ်ဖြစ်ပေါ့လေ) အဲဒီမိန်းကလေးရဲ့ စိတ်က မမှန်တော့ဘူးဖြစ်လာတယ်ပေါ့။ ဒါက လိင်ပိုင်းဆိုင်ရာ ရယူလိုမှုနဲ့ဖြစ်တာ။ ဒါတွေကတော့ မကောင်းတာတွေပေါ့လေ။ ဒါပေမဲ့ တချို့မိန်းကလေးတွေကကျတော့လည်း သူတို့ရဲ့လိင်ပိုင်းဆိုင်ရာ လုပ်ငန်းအဆင်ပြေဖို့အတွက် ဒီလိုဆေးတွေကို သုံးလေ့လည်းရှိကြတယ်။ ဒါလည်း တကယ်တော့ မှားတာပဲ၊ နောက် ယောကျ်ားလေးတွေတချို့ကျတော့လည်း ဒီလို လိင်ပိုင်းဆိုင်ရာ ဟော်မုန်းဆေးတွေကို လွဲမှားတဲ့အသိနဲ့ (အသက်ငယ်ငယ်နဲ့) မလိုဘဲသုံးကြတဲ့အခါ သူတို့မှာ ကိုယ်ခန္ဓာ ကျန်းမာရေးအရ လိင်ပိုင်းဆိုင်ရာပြဿနာတွေဖြစ်လာတယ်။ ထိခိုက်လာတယ်။ တချို့မှာ ဒီစိတ်ကြွဆေးတွေကို နှစ်ဦး နှစ်ဖက်လုံးသုံးလာကြတဲ့အခါ ဒုက္ခရောက်ပြီး ဆေးရုံရောက်လာကြတဲ့



Asian Fame Media Group



ပြဿနာတွေလည်း ရှိတယ်။ ဒါတွေက တကယ် ဖြစ်ပျက်နေတဲ့ ပြဿနာတွေပဲ။ ဒါတွေကို ဘယ်လိုတာကွယ်ရမယ်ဆိုတာကတော့ ဒီဇဟုသုတတွေကို သိထားရမှာ၊ လိုက်နာရှောင်ကြဉ်ရမှာကတော့ မြည်သူလူထုတင် မကဘူး၊ အဓိကကျတဲ့ လူငယ်တွေ ကိုယ်တိုင်ပါ ပါဝင်ရမှာပါ။

**ဆေးစွဲသူတစ်ယောက်ဟာ ဆေးကို တစ်ခါတည်းအပြတ်ဖြတ်တယ်ဆိုတဲ့အခါမျိုးမှာ ကြုံတွေ့ရနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာပြဿနာအပြင် ခန္ဓာကိုယ်သွေးသားရဲ့ ပြဿနာတွေကရော ဘာတွေရှိတတ်ပါသလဲ။**

ဆေးစွဲနေသူတစ်ယောက်ဟာ ဆေးဖြတ်တော့မယ်ဆိုရင် တစ်ခါတည်းနဲ့ ကုံးဖြတ်တယ်ဆိုတာမျိုးပေါ့။ အစိမ်းကြီး အပြတ်ဖြတ်လိုက်တာ ရှိပါတယ်။ အဲဒီမှာ စိတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆေးဖြတ်လက္ခဏာတွေမှာ ဆေးထတဲ့ ယင်းထတဲ့ ပြဿနာကိုတွေ့ရပါတယ်၊ ယင်းထတာကို တော်တော်ခံစားရပါတယ်၊ ဘယ်လိုဖြစ်လဲဆိုတော့ တချို့က သူ့နံပင်ကို တိုယ်ရည်ကိုယ်သွေးမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေပြီး လုံးဝ အနာမခံနိုင်တဲ့သူမျိုးတွေကျတော့ နည်းနည်းလေးဖြစ်တာနဲ့ မခံနိုင်တော့ဘဲနဲ့ ပြန်သုံးတယ်၊ ဒါပေမဲ့လို့ တကယ်တမ်းကျတော့ တချို့နိုင်ငံတွေမှာ ဘာဆေးမှမပေးဘဲနဲ့ ဒုံးဖြတ်တာတွေရှိတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ကို ဘေးကနေကြည့်ပြီးတော့ စနစ်တကျစောင့်ရှောက်တယ်။ သူတို့ကို ဘေးကနေကြည့်ပြီး care ကောင်းကောင်းလုပ်တယ်။ အားပေးစကားပြောရင်းနဲ့ ဆေးကိုတုံးဖြတ်တယ်။ နှစ်ရက် သုံးရက် လောက်ကြာတဲ့အခါ သူဟာ ဆေးမသုံးဘဲနေနိုင်ကြောင်းကို ပြောပေးတယ်။ encourage လုပ်တယ်။ စိတ်ကို မြှင့်တင်ပေးပြီး အားပေးတယ်ပေါ့။ ဒါမျိုးကို တချို့နိုင်ငံတွေမှာလုပ်နေတယ်။ ဒါပေမဲ့လို့ လူနာကို ခံစားနေရတာကို မကြည့်ရက်တော့ ဆေးအစားပေးပြီး ဖြတ်တာမျိုးတွေကိုပဲ လုပ်လေ့လုပ်ထရှိတယ်။ ဒါပေမဲ့ ခုနကလို ယတိပြတ်ဖြတ်တာကိုတော့ လိုအပ်လာရင် လုပ်ကြပါတယ်။ အဲဒီနည်းကို cold turkey လို့ခေါ်တယ်။ ဆရာဝန်တွေ အနေနဲ့တော့ အများအားဖြင့် ဆေးပေးပြီးဖြတ်ကြပါတယ်။

ဆေးအစားထိုးပေးဖြတ်တာကတော့ ဆေးဆိပ်ဖြေကုသခြင်း detoxification နည်းမှာ ဘိန်းအမျိုးအစားဆေးဝါးကို သတ်မှတ်အစက်ရေ drop နဲ့ တဖြည်းဖြည်း လျှော့ဖြတ်သွားတယ်။ အကိုက်အခဲဆေးနဲ့ စိတ်ပိုင်းဆိုင်ရာဆေးတွေ ပေးရင်းနဲ့ နှစ်ပတ်လောက်အတွင်းမှာ လျှော့ဖြတ်သွားတယ်။ ဒါပေမဲ့ အခုအခါမှာတော့ ဆေးကုသမှု နည်းလမ်းတစ်ခုအနေနဲ့ မီသာဒုံးအစားထိုးကုသခြင်း (MMT) နဲ့လည်း ရေရှည်ကုသမှုအနေနဲ့လည်း ကုသမှုကိုပေးနေပါတယ်။ ဒါက လနဲ့ချီကြာတယ်။ ဒါကတော့ ဆေးဖြတ်ရင်းနဲ့ အလုပ်လုပ်နေလို့ ရတယ်ပေါ့။

**လုပ်ထုံးလုပ်နည်းမူအရ ဆေးစွဲနေသူတစ်ယောက်ဟာ ဆေးဖြတ်ပြီးကုသမှုခံယူဖို့ဆိုရင် အရင်ဆုံးမှတ်ပုံတင်ရတယ်ဆိုတော့ ဒီစနစ်ဟာ မိသားစုအပါအဝင် ပတ်ဝန်းကျင်ကိုဝန်မခံချင်တဲ့ တာယက်ရှင်လူငယ်တွေအတွက် လူမှုရေးရှုထောင့်ကကြည့်ရင် အခက်အခဲဖြစ်နေတယ်ဆိုတော့ ဒါကို ဖြေရှင်းနိုင်မယ့်နည်းလမ်းမရှိဘူးလားလို့ သိချင်ပါတယ်။**

ဆေးစွဲသူတစ်ယောက်အနေနဲ့ ၁၉၉၃ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများ ဥပဒေ ပြဋ္ဌာန်းခဲ့စဉ်တုန်းကတော့ ဆေးစွဲသူဟာ သက်ဆိုင်ရာကျန်းမာရေးဌာနက ဖွင့်လှစ်ထားတဲ့ ဆေးဖြတ်ကုသမှု ဆေးရုံမှာ မှတ်ပုံတင်ကုသရမယ်။ အခုလက်ရှိကျင့်သုံးနေတဲ့ ၁၉၉၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေမှာတော့ ဆေးစွဲသူတွေကို သက်ဆိုင်ရာဆေးစွဲရောဂါကုဌာနမှာ မှတ်ပုံတင်ကုသနိုင်သလို ကျန်းမာရေးဝန်ကြီးဌာနအသိအမှတ်ပြု ဆေးကုဌာန(ပုဂ္ဂလိက)တွေမှာလည်း ကုသခွင့်ကိုခွင့်ပြုတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ လူနာ(ဆေးစွဲသူ)များ အနေနဲ့ရော သူ့မိသားစုအနေနဲ့ရော ဆေးကုဌာနတွေမှာ မှတ်ပုံတင်ဆေးကုသရမှာကို ရှုံ့ကြတယ်၊ မသွားချင်ကြဘူး။ တခြားနိုင်ငံတွေကလည်း ဒါကိုဝေဖန်ကြတယ်။ ဆေးသုံးစွဲသူတို့ ဥပဒေအရ ရာဇဝတ်မှုကဲ့သို့ အပြစ်ဒဏ်ပေးခြင်း (ထောင်ဒဏ်ပေးခြင်း)မျိုးကိုလည်း ဝေဖန်ကြပါတယ်။ ဒါကြောင့် အခုဆေးစွဲသူများနဲ့ ပတ်သက်တဲ့ သက်ညာတဲ့ ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်မှုတွေကိုလည်း စဉ်းစားနေပါတယ်။

**ဆေးစွဲဖူးသူအားလုံးရဲ့ အစဇာစ်မြစ်ဟာ ဆေးလိပ်သောက်ခြင်းကဖြစ်တယ်လို့ သုတေသနပြုချက်တွေမှာပါကြောင်း ကြားဖူးပါတယ်။ ဒီလိုဆိုရင် အခြေခံပြဿနာဖြစ်တဲ့ ဆေးလိပ်ရောင်းချမှုတွေကို ပညာပေးလုပ်ဆောင်မှုတွေ တိုးမြှင့်သင့်တယ်လို့ ဆရာ့အနေနဲ့ မထင်ဘူးလားရှင့်။**

မူးယစ်ဆေးနဲ့ပတ်သက်လို့ရှိရင် အမြဲတမ်းပြောကြလေ့ရှိတာက ဆေးလိပ်ပေါ့လေ။ 'မူးယစ်အစ ဆေးလိပ်က'လို့ ပြောကြလေ့ရှိပါတယ်။ ဆေးခြောက်ရှုရင် ဆေးပေါ့လိပ်သောက်မှရှုလို့ ရမှာပေါ့။ ထို့အတူပဲ ဘိန်းဖြူရှုရင်လည်း စီးကရက်ထဲထည့်ရှုတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးသုံးစွဲခြင်းအစသည် ဆေးလိပ်ကလို့ ပြောတယ်။ ယေဘုယျပြောရရင် ဆေးလိပ်မသောက်ရင်ကို မူးယစ်ဆေးစဖို့ ခက်တယ်လို့ပြောကြတာပေါ့။ အဲဒီတော့ဆေးလိပ်နဲ့ပတ်သက်လို့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ရင် ဆေးလိပ်ကိုအစ Gate လို့ သတ်မှတ်ကြတယ်။ ဒီတော့ ဆေးလိပ်ကိုမသောက်ကြအောင် ပညာပေးကြတယ်။ အခုဆိုရင် ဆေးလိပ်ဆေးရွက်ကြီး ဥပဒေလုပ်ထားပြီးပြီ။ အဲဒီတော့ ဆေးလိပ်ကနေ မူးယစ်ဆေးအစ မဖြစ်ရအောင် ပညာပေးမှုကလည်း ဒီထဲမှာပါနေပါတယ်။

**မြင့်သူဇာထွန်း**

Asian Fame Media Group



# ဆာလောင်မှုကိုသိပ်ခြင်း မှ ဝေးရာဆီ . . . .

နှင်း

ကျွန်မ ရှောပင်းမောလ်တွေကို ရောက်တိုင်း မဖြစ်မနေ ရောက်သွားတတ်တဲ့နေရာတစ်ခုက စားသောက်ဆိုင်တန်းတွေ။ စားသောက်ဆိုင်တန်းမှာ စားစရာတွေမှာယူပြီး စောင့်နေရတဲ့အချိန်တွေမှာ ဟိုဟိုသည်သည် မျက်စိကစားမိတိုင်း စိတ်ကသိကအောက် ဖြစ်ရစမြဲ။ ကျွန်မမျက်စိရှေ့မှာ မြင်နေရတဲ့ စားပွဲဝိုင်းတွေမှာ မိသားစုနဲ့လာရောက်စားသောက်သူတွေ ( အထူးသဖြင့် ဒေသခံတွေ) မလိုအပ်ဘဲ အစားအသောက်တွေကို လောဘတကြီး မှာယူစားသောက်တတ်ကြပြီး သူတို့ပြန်ချိန်မှာ မကုန်ဘဲကျန်ရစ်တဲ့ စားစရာတွေက တစ်ပုံတစ်ပင်။

သန့်ရှင်းရေးဝန်ထမ်းလေးတွေက စားကြွင်းစားကျန်တွေကို သိမ်းဆည်းပြီး အမှိုက်ပုံးထဲကို ပစ်ထည့်နေပေမယ့် သူတို့မျက်ဝန်းမှာနှမြောတဲ့ အရိပ်လေးတွေ ဖျတ်ခနဲ ပေါ်ပေါ်လာတတ်သည်။ မိသားစုတစ်စု မှာယူစားသောက်ပြီး ကျန်ရစ်ခဲ့တဲ့ စားကြွင်းစားကျန်တွေက သာမန်လူတန်းစား မိသားစုတစ်ခုအတွက် ညစာတစ်နပ်စာ လုံလောက်ရုံမက ပိုလျှံနေတတ်သေးသည်။

ဒီထက်ပိုလို့ဆိုးတာက ယူအေအီးနိုင်ငံမှာရှိတဲ့ ကော်ဖီဆိုင်၊ စားသောက်ဆိုင်တွေအားလုံးလိုလို တစ်နေ့တာ ရောင်းလို့မကုန်တဲ့ အစားအသောက်တွေကို ဆိုင်သိမ်းချိန်မှာ အမှိုက်ပုံးထဲ

Asian Fame Media Group




စွန့်ပစ်တာကို တွေ့ရပြန်သည်၊ ဒါကလည်း အပူပိုင်း နိုင်ငံတစ်ခုရဲ့ အစားအသောက်အရည်အသွေး ထိန်းသိမ်းရေး စနစ်တစ်ခုကြောင့်မို့ သတ်မှတ်ထားတဲ့စနစ်ကို အပြစ်ဆိုလို့မရနိုင်ပါ။ ဒါပေမဲ့ စားသောက်ဆိုင်တစ်ဆိုင်စီက စွန့်ပစ်လိုက်တဲ့ စားသောက်ကုန်တွေကလည်း မနည်းမနော ပမာဏ။

သူငယ်ချင်းတစ်ယောက်ကတော့ အာရှနိုင်ငံတစ်ခုမှာ သူလုပ်ခဲ့ဖူးတဲ့ ကမ္ဘာကျော် ကော်ဖီဆိုင်တစ်ဆိုင်အကြောင်း မျှဝေခဲ့ဖူးသည်။ ညဘက်ဆိုင်ပိတ်ချိန်ရောက်တိုင်း ဆိုင်မှာရောင်းမကုန်ဘဲ ကျန်နေတဲ့ စားစရာတွေကိုစုစည်းပြီး မိဘမဲ့ဂေဟာက ကလေးတွေရဲ့ နောက်နေ့မနက်စာအတွက် လှူဒါန်းတဲ့ အစဉ်အလာလေးက တကယ့်ကို ချစ်စရာ။

တစ်လောက ကျွန်မအိမ်မှာ မိသားစုတစ်စုကို ထမင်းစားဖိတ်တော့ ရှစ်နှစ်အရွယ်ကလေးလေး တစ်ယောက်ပါလာပြီး လူကြီးတွေစားသလို ထမင်းပန်းကန်ထဲမှာ ရှိသမျှ ထမင်းရော ဟင်းပါ ကုန်စင်အောင်စားတာကို သတိထားမိခဲ့ပါသည်။ တကယ်တော့ ကလေးတွေဟာ အစားအသောက်ကို အဖိတ်အစင် အများဆုံးဖြစ်အောင် စားတတ်တဲ့ အလေ့အထရှိသူတွေ။

ဒါကြောင့်လည်း ကျောင်းတွေမှာ နေ့လယ်စာထမင်းဘူးတွေရဲ့ ၃၃ ရာခိုင်နှုန်းဟာ အမှိုက်ပုံးထဲမှာ ကျန်ရစ်လေ့ရှိတယ်လို့ ဆိုကြသည်။ ကိုယ့်အိမ်မှာပဲဖြစ်ဖြစ် သူတစ်ပါးအိမ်မှာပဲဖြစ်ဖြစ် ကိုယ်နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ ပန်းကန်ထဲမှာရှိသမျှ ကုန်စင်အောင်စားနိုင်တဲ့ ကလေးတစ်ယောက်ဟာ တကယ့်ကို လေးစား

> ကမ္ဘာပေါ်မှာရှိတဲ့ လူခုနစ်ယောက်စီမှာ တစ်ယောက်ဟာ ဆာလောင်မွတ်သိပ်မှုတွေနဲ့ အိပ်ရာဝင်ရစမြဲ။

ချီးကျူးထိုက်တဲ့ ကလေးလို့ ဆိုလို့ရပါသည်။

ကျွန်မတို့ တစ်ဦးချင်း တစ်ယောက်ချင်းစီမှာ အစားအသောက်ကို လိုအပ်သလောက် ကိုယ်စားနိုင်သလောက် ချင့်ချိန်စားသောက်တတ်တဲ့ အလေ့အထလေးတွေ မွေးယူဖို့ လိုအပ်လှသည်။ မလိုအပ်ဘဲ လောဘတကြီးမှာယူစားသုံးပြီး အစားအသောက်တွေကို ဖိတ်စင်စေတဲ့ အကျင့်လေးတွေ သတိတရနဲ့ ပြုပြင်ဖို့ လိုအပ်လှသည်။

နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာ အတိုင်းအတာနဲ့ အစားအသောက် စွန့်ပစ်နှုန်းက တန်ချိန်ပေါင်း ၁.၃ ဘီလီယံရှိပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ စွန့်ပစ်လိုက်တဲ့ အစားအသောက် ပမာဏကို ခွဲခြမ်းစိတ်ဖြာကြည့်တော့ တောင်အာဖရိကတိုက်တစ်ခုလုံးအတွက် တစ်နှစ်စာ အစားအသောက် ထုတ်လုပ်မှုပမာဏနဲ့ ထပ်တူကျနေတာကို ဝမ်းနည်းစရာကောင်းအောင်တွေ့ရ ပြန်ပါသည်။

ကမ္ဘာပေါ်မှာရှိတဲ့ လူခုနစ်ယောက်စီမှာ တစ်ယောက်ဟာ ဆာလောင်မွတ်သိပ်မှုတွေနဲ့ အိပ်ရာဝင်ရစမြဲ။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ နေ့စဉ်နေ့တိုင်းလိုလို အသက်ငါးနှစ်အောက် ကလေးငယ် နှစ်သောင်းကျော်ဟာ အစာရေစာ ငတ်မွတ်ခေါင်းပါးမှုကြောင့် အသက်ဆုံးရှုံးနေဆဲ။

အဲဒီ အရေအတွက်တွေဟာ ဂဏန်းသင်္ချာ တွေမဟုတ်ဘဲ လူ့အသက်တွေဆိုတာ ကျွန်မတို့ ထမင်းစားတိုင်း သတိထားပြီး ဆင်ခြင်မိမယ်ဆိုရင် နှမ်းတစ်စေ့လည်း ဖြစ်နိုင်သလို အုတ်တစ်ချပ်လည်း ဖြစ်နိုင်ပါသည်။

အစားအသောက် ဖြုန်းတီးသူ မလိုအပ်ဘဲ အဆမတန်စားသုံးသူတွေကို စစ်တမ်းကောက်ရာမှာ အဝလွန်သူများနဲ့ ဆယ်ကျော်သက်များကို တွေ့ရတယ်လို့ စစ်တမ်းတစ်ခုက ဆိုပါသည်၊

အဝလွန်သူများဟာ သူတို့ခန္ဓာကိုယ်က အမှန်တကယ် လိုအပ်တဲ့ ကယ်လိုရီပမာဏထက် ကျော်လွန်ပြီး အစားကျူးတတ်ကြသည်၊ အလားတူပဲ ဆယ်ကျော်သက်ကလေးငယ်များဟာလည်း ဟော်မုန်းပြောင်းလဲမှုနဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံ ပြောင်းလဲမှုကြောင့် အစားကို အငမ်းမရ စားတတ်ကြသည်၊ အဲဒီလူတန်းစားနှစ်ရပ်ကို အစားအသောက်ဖြုန်းတီးသူတွေရယ်လို့ သတ်မှတ်ကြသည်။

ဒါပေမဲ့လည်း လူတွေကို ဘယ်သူတွေက ဘယ်လိုစားသင့်တယ် ဘယ်သူတွေကတော့ ဘယ်လို မစားသင့်ဘူးရယ်လို့ ဝေဖန်ပိုင်းခြားဖို့ လမ်းညွှန်ချက်ပေးဖို့ကျတော့ မဖြစ်နိုင်ပြန်။

ဒီနှစ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် သတ်မှတ်ထားတဲ့ ဆောင်ပုဒ်လေးက "စဉ်းစားပါ စားသုံးပါ။ ကယ်တင်ပါ" ဆိုတဲ့ဆောင်ပုဒ်လေး။

တကယ်ဆို ကျွန်မတို့ သတိမထားမိတဲ့အချိန်မှာကတည်းက အစားအသောက်တွေဟာ ပုံစံမျိုးစုံနဲ့ အလေအလွင့်ဖြစ်နေခဲ့သည်။

သီးနှံတွေ ရိတ်သိမ်းချိန်၊ ရိတ်သိမ်းပြီးချိန် စားသောက်ဖို့ ပြင်ဆင်ချိန်နဲ့ ကျွန်မတို့စားသုံးပြီး စွန့်ပစ်ချိန်အထိ စားသောက်ကုန်ရဲ့ ၃၃ ရာခိုင်နှုန်းက လေလွင့်ပျက်စီးစာရင်းသို့ ရောက်ရှာသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းပြီးချိန်မှာ တန်ချိန်သန်းပေါင်း ၁၅၀ ခန့် လေလွင့်ပျက်စီးမှုတွေ ရှိခဲ့သည်။ အဲဒီပမာဏဟာ ဆာလောင်မွတ်သိပ်နေသူတွေကို ကူညီဖို့ လိုအပ်တဲ့ စားသောက်ကုန်ရဲ့ ခြောက်ဆမက များပြားတဲ့ ပမာဏလို့ ဆိုကြပြန်သည်။

Asian Fame Media Group

ဗြိတိန်နိုင်ငံက အိမ်ထောင်စုဝင်တွေ စွန့်ပစ်တဲ့ ပေါင်မုန့်နဲ့ ကွေကာအုပ်ပမာဏက ငတ်မွတ်ခေါင်းပါးမှုကြုံနေရတဲ့ လူသန်း၃၀ အတွက် လိုအပ်တဲ့ စားနပ်ရိက္ခာပမာဏနဲ့ ညီတူညီမျှ တစ်ထပ်တည်းကျနေခဲ့သည်။

အလားတူပဲ ဗြိတိန်နိုင်ငံက အရောင်းဆိုင်တွေကိုတင်ပို့တဲ့ အသီးအနှံတွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ သတ်မှတ်ထားတဲ့ အရှည်အသွေးနဲ့ မကိုက်ညီတဲ့အတွက် ဆိုင်တွေပေါ် မရောက်ခင်ကတည်းက လေလွင့်ဆုံးရှုံးခြင်းသို့ ရောက်ရသည်။

ဥရောပနိုင်ငံတွေမှာ ဖမ်းဆီးရရှိတဲ့ ငါးတွေရဲ့ လေးဆယ်ရာခိုင်နှုန်းက ခြောက်ဆယ်ရာခိုင်နှုန်း အထိဟာလည်း သတ်မှတ်ထားတဲ့ အမျိုးအစားမဟုတ်လို့၊ သတ်မှတ်ထားတဲ့ အရွယ်အစားမဟုတ်လို့ဆိုတဲ့ စံချိန်စံနှုန်း သတ်မှတ်ချက်တွေကြောင့် စားသုံးသူလက်ထဲ မရောက်ဘဲလေလွင့်ပျက်စီး စာရင်းဝင်ခဲ့ပြန်သည်။

ဒါကြောင့်လည်း ဥရောပ၊ ဗြိတိန်နဲ့ အမေရိကန်နိုင်ငံတွေက ထွက်လာတဲ့ အစားအသောက်အလေအလွင့်တွေရဲ့ လေးပုံတစ်ပုံသော အတိုင်းအတာနဲ့တင် တကယ့်ကိုလိုအပ်နေတဲ့ လူဆယ်သန်းလောက်ကို ကယ်တင်နိုင်တယ်လို့ ဆိုကြလေရော့သလားမသိ။

နေရာတိုင်းမှာ အစားအသောက် လေလွင့်ပျက်စီးမှုတွေလျှော့ချဖို့ တတ်စွမ်းသရွေ့ကြိုးစားနေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရှိသလို တစ်ဦးချင်းအသိစိတ်နဲ့ ဦးဆောင်နေသူတွေကိုလည်း တွေ့ရတတ်သည်။

လန်ဒန်နိုင်ငံအရှေ့ပိုင်းက Obalende Su- ya Express ဆိုတဲ့ နိုင်ဂျီးရီးယား စားသောက်ဆိုင်တစ်ဆိုင်ကတော့ မှာယူထားတဲ့ အစားအသောက်ကို ကုန်စင်အောင်မစားဘဲ ချန်ထားတတ်သူတွေကို နှစ်ပေါင်ခွဲ ဒဏ်ငွေကောက်ခံလေ့ရှိသည်။

ဂျပန်နိုင်ငံကတော့ စားသောက်ကုန်ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို အစားအသောက်လေလွင့်မှုနှုန်း လျှော့ချဖို့ ၂၀၀၆ ခုနှစ်မှာ ၄၈ ရာခိုင်နှုန်းသတ်မှတ်ပေးခဲ့သည်။ ၂၀၁၂ မှာတော့ အစားအသောက်အလေအလွင့် လျှော့ချမှုနှုန်းကို ၆၆ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် ကူညီပေးနိုင်ခဲ့သည်။

အစားအသောက်လေလွင့်မှုရဲ့ နောက်ကွယ်မှာ လူ့စွမ်းအားအရင်းအမြစ် ရေမြေနဲ့ သဘာဝသယံဇာတ လေလွင့်မှုတွေဟာ ဆက်စပ်နေစမြဲမို့ အစားအသောက်လေလွင့်မှုကို ကန့်သန့်ထိန်းချုပ်နိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေမှာ သေချာလှသည်။

ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုအပြောင်းအလဲတွေကိုဖြစ်စေတဲ့ ဖန်လုံအိမ်က ထုတ်လွှတ်တဲ့ ဓာတ်ငွေ့ပမာဏကိုလျှော့ချဖို့အတွက် အစားအသောက် လေလွင့်နှုန်းလျှော့ချရေးဟာ အရေးပါတဲ့အခန်းကဏ္ဍအဖြစ် ဆက်နွှယ်နေခဲ့ပြန်သည်။

လက်ရှိမှာ ကျွန်မတို့ ဖြုန်းတီးနေဆဲဖြစ်တဲ့ စွန့်ပစ်အစားအသောက် ပမာဏရဲ့ ၁၅ ရာခိုင်နှုန်းလောက်ကို လျှော့ချနိုင်မယ်ဆိုရင် တကယ်တမ်းအာဟာရ လိုအပ်နေတဲ့ လူနှစ်ဆယ့်ငါးသန်းကို ကူညီကယ်တင်ဖို့ မျှော်လင့်နိုင်သေးသည်။

<u>နေ့စဉ်ဘဝတွေမှာ အစားအသောက်တွေ လေလွင့်မှုကို လျှော့ချဖို့ သိပ်မခက်ခဲလှတဲ့ နည်းလမ်းလေးတွေကို စဉ်းစားကြည့်မယ်ဆိုရင် . . .</u>

**၁။** ရေခဲသေတ္တာထဲမှာ တကယ်လိုအပ်တဲ့ အစားအသောက်စာရင်းနဲ့ တကယ်မလိုအပ်တဲ့ အစားအသောက်စာရင်းကို ပြုစုထားပါ။

**၂။** ဈေးဝယ်တဲ့အချိန်တိုင်း တကယ်မလိုအပ်တဲ့ အစားအသောက်တွေ မဝယ်မိအောင် ဈေးစာရင်းလေးနဲ့ စနစ်တကျဈေးဝယ်ပါ။

**၃။** ရေခဲသေတ္တာအပေါ်ဆုံးက ရေခဲတဲ့ အကန့်လေးကို အသုံးချတတ်ပါစေ။ အချို့သော စားသောက်ကုန်များကို ရေခဲထားပြီး အချိန်အတော်ကြာအထိ ထိန်းသိမ်းထားနိုင်တဲ့အတွက် ရေခဲတဲ့ အကန့်လေးကို မမေ့ပါနဲ့။



**၄။** စားသောက်ဆိုင်တွေမှာ အစားအသောက်တွေ အော်ဒါမှာတဲ့အချိန်မှာ ကိုယ် စားနိုင်မယ့် ပမာဏကိုသာ မှာယူစားသုံးပါ။ မီးနူးတစ်ပေါ်က အစားအသောက်စာရင်းက မလိုအပ်ဘဲ လောဘတကြီး မှာယူစေဖို့ မြူဆွယ်နေတယ်ဆိုတာကို မမေ့ပါနဲ့။

**၅။** စားသောက်ဆိုင်မှာ စားသောက်ပြီးချိန်အထိ စားစရာတွေ စားပွဲပေါ်မှာ ကျန်နေသေးတယ်ဆိုရင် အိမ်ကို ပြန်သယ်ဖို့ တောင်းဆိုတတ်ပါစေ။ (အချို့အချို့သော ပွဲလမ်းသဘင် အခမ်းအနားတွေကို မဆိုလိုပါ။ မိသားစု သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် စားသောက်တဲ့ပွဲတွေအတွက်သာ ဆိုလိုခြင်းဖြစ်ပါတယ်)

**၆။** ကျွန်မတို့ဝယ်ယူမိတဲ့ သစ်သီးသစ်နှံအများစုဟာ ကျွန်မတို့ အမှိုက်ပုံးထဲမှာသာ နေရာယူလေ့ရှိတာကို သတိမူပြီး သစ်သီးဝယ်တိုင်း စဉ်းစားပြီးမှ ရွေးချယ်ပါ။

**၇။** စားကြွင်းစားကျန်တွေကို မြေဩဇာအဖြစ် အသုံးချတတ်ပါစေ။ သစ်ခက်သစ်ရွက်တွေလိုပဲ ကျွန်မတို့ သောက်လေ့ရှိတဲ့ ကော်ဖီမှုန့်တွေဟာ သစ်ပင်စိုက်ပျိုးဖို့အတွက်ကောင်းမွန်တဲ့ မြေဩဇာတစ်မျိုးဖြစ်ပါတယ်။

**၈။** အစားအသောက်ဖြုန်းတီးခြင်းဟာ ငွေဖြုန်းတီးခြင်း ဖြစ်တယ်ဆိုတာကို မမေ့ပါနဲ့။

**၉။** ကျွန်မတို့အိမ်မှာ ပိုလျှံနေတဲ့ အစား အသောက်တွေကိုတကယ်လိုအပ်နေတဲ့ အိမ်နီးချင်းမိတ်ဆွေတွေကို မျှဝေခြင်းဟာ မြတ်သော အလှူဒါနလည်းဖြစ်တဲ့အတွက် ပေးကမ်းစွန့်ကြဖို့ လက်မတွန့်ပါနဲ့။

**ကျွန်မတို့ချစ်သောကမ္ဘာမြေကျန်းမာပါစေ။**

**ချစ်ခင်စွာဖြင့်**

**နှင်း**




Asian Family Media Group

# ခန်းခြောက်လာနေသော မြေအောက်ရေကြောများ

■ ကျော်ဦး ■

အိန္ဒိယနိုင်ငံ တီရှုပူမြို့နေ ဆူရက်ရှ်ပွန်နူးဆွာမိသည် သူဌေးတစ်ယောက် မဟုတ်သော်လည်း နှစ်ဧကကျယ်လယ်ကွင်းကိုပိုင်ပြီး ကားနှစ်စီးလည်းရှိကာ အိမ်ဖော်လည်း ထားနိုင်သူဖြစ်သည်။

သူ့စီးပွားရေးကောင်းရခြင်း၏ အကြောင်းရင်းမှာ အိမ်ဘေးရှိ ရေကန်ကြီးကြောင့် ဖြစ်သည်။ သူ့ခြံဝင်းထဲရှိ စက်ရေတွင်းများမှ စုပ်ယူ၍ ယင်းရေကန်ထဲသို့ ဖြည့်တင်းထားသော မြေအောက်ရေများကို တစ်နေ့လျှင် ရေကား ၁၀ စီးခန့်က လာရောက်ဝယ်ယူကြသည်။ ဆူရက်ရှ်ပွန်နူးဆွာမိသည် အခြားဘာမှလုပ်စရာမလို ရေကန်ထဲရေဖြည့်နေရုံမျှနှင့် ဝင်ငွေမှန်မှန်ရနေသည်။ ဆူရက်ရှ်သာ မဟုတ်၊ သူ့အိမ်နီးချင်းအချို့သည်လည်း ရေရောင်းစားခြင်းဖြင့် ဝင်ငွေကောင်းနေကြသည်။

သို့သော် ယင်းငွေရပေါက်မှာ တာရှည်ခံမည် မဟုတ်ကြောင်း သူတို့သိနေကြသည်။ အကြောင်းမှာ စက်ရေတွင်းများသည် တဖြည်းဖြည်းခန်း ခြောက်လာနေ၍ ရေစုပ်မရဖြစ်ကာ ပို၍နက်သော တွင်းသစ်များ တူးနေကြရသောကြောင့် ဖြစ် သည်။

တီရှုပူမြို့ရှိ ဆေးဆိုးပန်းရိုက်စက်ရုံများက ဆူရက်ရှ်ပွန်နူးဆွာမိနှင့် သူ၏အိမ်နီးချင်းများထံမှ ရေကို ဝယ်နေကြသည်။ ယင်းစက်ရုံများသည် တစ်ချိန်က မြို့အနီးရှိ ကာဗာရီမြစ်မှ ရေကို သို့လှောင်



Asian Family Media Group
MEDIA GROUP

ထားသော ကန်မှရေကို ရယူခဲ့သည်။ သို့သော် မြစ်ညာအရပ်မှ လယ်သမားများက မြစ်ရေကို ဖြတ်ယူခဲ့သဖြင့် ဟီရှူပူမြို့သို့ရောက်သော် ကာဗာ ရီမြစ်ရေသည် အချိန်အတော်များများတွင် ခန်းလုနီးပါး ကျဆင်းသွား၍ စက်ရုံများသည် ရေရောင်းသူများထံမှ ရေကို ဝယ်သုံးနေကြရသည်။

အိန္ဒိယတွင်သာမဟုတ်၊ ကမ္ဘာ့နေရာအတော်များများတွင် မြေအောက်ရေကို တူးယူရောင်းစားနေမှုသည် အတော်အဆင်ပြေနေသော စီးပွားရေးလုပ်ငန်းဖြစ်နေသည်။ ကနဦးကတော့ ရေထုတ်ရောင်းနေသူများရော၊ ဝယ်သုံးသူများကပါ မြေအောက်ရေကို စဉ်ဆက်မပြတ် ထုတ်ယူနိုင်လိမ့်မည်ဟု ထင်ခဲ့ကြသည်။ ပြန်ပြည့်နိုင်သည့်ပမာဏထက် ကျော်လွန်၍ ထုတ်သုံးမိကာ ရေတွင်းထဲရှိ ရေမျက်နှာပြင် နိမ့်ကျလာပြီး ထုတ်၍မရတော့မှ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်လာကြသည်။ ဤတွင် ပို၍နက်သော စက်ရေတွင်းများကို ထပ်တူးရသည်။ တွင်းသစ်များပါ ရေခန်းသောအခါမှ မြေအောက်ရေသည် ထုတ်ချင်တိုင်း ထုတ်၍မရပါလားဟု သိလာကြသည်။

အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးမှုတော်လှန်ရေးပေါ်ပေါက်သည်ဟု ဆိုရလောက်အောင် သီးနှံအထွက်ကောင်းသည်။ သို့သော် စိုက်ပျိုးရေးအတွက် အဓိကပံ့ပိုးပေးနေသည့် အိန္ဒိယမြေအောက်ရေကြောများသည် လျင်မြန်စွာခန်းခြောက်လာနေခြင်းကြောင့် ယင်းသို့ အထွက်ကောင်းနေခြင်းသည် ရေရှည်ခံမည်မဟုတ်ပေ။ အိန္ဒိယ၏ မြေအောက်ရေထုတ်သုံးမှုပမာဏသည် မိုးရေ မြေပေါ်ရေတို့မှ သဘာဝအလျောက် ပြန်စိမ့်ဝင်နိုင်သည့် ပမာဏထက် များစွာ ပိုလွန်နေသည်။ တစ်နည်းဆိုရလျှင် လက်ရှိအိန္ဒိယမျိုးဆက်များသည် အနာဂတ်မျိုးဆက်များ သုံးရမည့် မြေအောက်ရေများကို ကြိုတင်ထုတ်ယူသုံးစွဲနေသည်ဟု ဆိုနိုင်သည်။

နောက်ဆုံးခန့်မှန်းချက်အရ မြေပေါ်မှ သဘာဝအလျောက် ပြန်လည်စိမ့်ဝင်သည့်ပမာဏမှာ တစ်နှစ်လျှင် ၂၉ ကုဗမိုင်မျှသာ ဖြစ်သော်လည်း အိန္ဒိယသားတို့သည် တစ်နှစ်လျှင် မြေအောက်ရေ ၀၆ ကုဗမိုင်ကို စုပ်ယူနေကြသည်။ ပြန်ပြည့်နိုင်သည်ထက် တစ်နှစ်လျှင် ၁၇ ကုဗမိုင်မျှ ပိုထုတ်နေကြသည်။ အလားတူ အိန္ဒိယ၏ အနောက်ဘက် အိမ်နီးချင်းပါကစ္စတန်သည် ၈ ဒသမ ၄ ကုဗမိုင်၊ အမေရိကန်သည် ၇ ဒသမ ၂ ကုဗမိုင်၊ တရုတ်နှင့် အီရန်တို့သည် ၄ ဒသမ ၈ ကုဗမိုင်စီ ပြန်ပြည့်နိုင်သည့် ပမာဏထက် ပိုထုတ်နေကြသည်။ တစ်ကမ္ဘာလုံးဆိုလျှင် ကုဗမိုင် ၆၀ မျှ မြေအောက်ရေ ပိုသုံးနေကြသည်။ အဓိက ပိုထုတ်နေကြသော နိုင်ငံများမှာ အီဂျစ်၊ ဥဇဘက်ကစ္စတန်၊ လစ်ဗျား၊ အယ်လ်ဂျီးရီးယား၊ မော်ရော့ကို၊ ဆီးရီးယား၊ အစ္စရေးနှင့် ဩစတေးလျတို့ ဖြစ်ကြသည်။

မြေအောက်ရေကို အများဆုံးအသုံးပြုနေသော နေရာမှာ စိုက်ပျိုးရေးကဏ္ဍတွင်ဖြစ်သည်။ ရေအသုံးစုစုပေါင်း၏ ၃ ပုံ ၂ ပုံကို စိုက်ပျိုးရေးအဖြစ် အသုံးချနေကြသည်။ ဤအတိုင်းဆက်သွားနေလျှင် ရေလုံးဝပြတ်မည့် အခြေအနေသို့ ရောက်နိုင်ကြောင်း အမေရိကန်နိုင်ငံရှိ အချို့ဒေသများက ညွှန်းဆိုနေသည်။ အမေရိကန်နိုင်ငံ တက္ကဆပ်ပြည်နယ်မှ တောင်ဒါကိုတာပြည်နယ်အထိ ကျယ်ပြန့်သော အိုဂါလာလာမြေအောက်ရေကြောမှ ရေများကို လယ်ကွက်များထဲသို့ အဓိကပေးသွင်းနေသည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီ။

ယင်းရေတွင်းများမှရသော ရေဖြင့် စိုက်ပျိုးမှုကြောင့် နိုင်ငံတကာဂျုံဈေးကွက် လိုအပ်ချက်၏ ၄ ပုံ ၃ ပုံမျှအထိကိုပင် ထုတ်လုပ်ပေးနေခဲ့သည်။ သို့သော် အိုဂါလာလာရေများကို ထုတ်ယူနေသော စက်ရေတွင်းများ တစ်တွင်းပြီးတစ်တွင်း ခန်းခြောက်လာနေသည်။ ရေအထွက်နည်းလာနေသည်။

ထိုသို့မြေအောက်ရေ ပမာဏလျော့ကျလာနေခြင်းကို လစ်ဗျားနိုင်ငံတွင်လည်း တွေ့နေရသည်။ လစ်ဗျားခေါင်းဆောင်ဟောင်း ကဒါဖီသည် လစ်ဗျားတောင်ပိုင်းရှိ မြေအောက်ရေကြောမှ ရေများကို အမေရိကန်ဒေါ်လာ ဘီလျံ ၃၀ အကုန်အကျခံ၍ နိုင်ငံမြောက်ပိုင်းသို့ ပို့လွှတ်ခဲ့သည်။ "မဟာလူလုပ်မြစ်" ဟု အမည်ပေးထားသော ယင်းစီမံကိန်းတွင် ရေပို့ပိုက်လိုင်းအရှည်စုစုပေါင်းမိုင် ၂၀၀၀ ကျော် ပါဝင်သည်။ နေတိုးအဖွဲ့၏ ကဒါဖီဖြုတ်ချရေးလုပ်ဆောင်ချက်အရ လစ်ဗျားကို ဗုံးကြဲရာတွင် ယင်းပိုက်လိုင်းများပါဝင်ခဲ့သော်လည်း ရေပို့လွှတ်ခြင်း ရပ်တန့်မသွားခဲ့ပေ။ သို့သော် ထုတ်ယူပမာဏများလွန်းလှသည့်အတွက် စက်ရေတွင်းများ ခန်းလာနေရာ နေတိုးဗုံးဒဏ်ကြားမှ ရေပို့နိုင်ခဲ့သေးသော စီမံကိန်းကြီးသည် မိမိနိုင်ငံသားများ ရေအထုတ်လွန်သည့်ဒဏ်ကိုမူ မခံနိုင်တော့ဘဲ နှစ်များမကြာမီ ပို့စရာသုံးစရာရေမရှိဖြစ်သွားနိုင်သည့် အခြေအနေကို ကြုံနေရသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏အဆိုအရမူ မိမိပိုင်နက်ထဲမှ ရေကောင်းရေသန့်ခန်းခြောက်သွားနိုင်သည့် ဒေသမှာ ဂါဇာကမ်းမြောင်ဒေသဖြစ်သည်။ ပါလက်စတိုင်းလူမျိုးတို့နေထိုင်ပြီး မြေထဲပင်လယ်ကမ်းစပ်တွင် တည်ရှိသော ဂါဇာတွင် မြေပေါ်မြစ်ချောင်း လုံးဝမရှိချေ။ ပင်လယ်ရေငန်မှ ရေချိုချက်စက်ရုံများကို တည်ရန်လည်း မတတ်နိုင်၍ ယင်းဒေသနေ ပါလက်စတိုင်းလူမျိုး ၁ ဒသမ ၇ သန်းသည် မြေအောက်ရေကိုသာ လုံးလုံးအမှီပြုနေရသည်။ ယင်းတို့ ထုတ်ယူနှုန်းသည် ပြန်ပြည့်နိုင်သည့်နှုန်းထက် ၃ ဆခန့်များနေသဖြင့် မြေအောက်ရေပြင်နိမ့်ကျကာ ဆားငန်ရေများ တိုးဝင်လာနေသည်။ ၂၀၁၆ ခုနှစ်တွင် မြေအောက်ရေများသည် အငန်ဓာတ်ကဲလွန်းပြီး သောက်သုံး၍မရဖြစ်တော့မည်ဟု ခန့်မှန်းထားကြသည်။

ဂါဇာ၏ ပြဿနာသည် ယင်းဒေသနေ ပါလက်စတိုင်းများအတွက်သာ မဟုတ်၊ တစ်ကမ္ဘာလုံးအတွက် အချက်ပေးသံဖြစ်သည်။ ရေသည် မရှား၊ သို့သော် သောက်နိုင်သုံးနိုင်သည့် ရေသည် ရှားလာရုံသာမဟုတ်၊ ဒေသအများအပြားတွင် ရှာ၍ပင်မရနိုင်တော့သည့် အခြေအနေရောက်ရန် နီးကပ်လာနေသည်။

ရေကို မည်သည့်အရာနှင့် အစားထိုးကြပါမည်နည်း။

**ကျော်ဦး**



## နွေဦးကဗျာ



ဆောင်းကို ဖြတ်ကျော်လာတယ်
တောင်ဘက် မှန်တကနေ လွင့်ကြိုနေတဲ့
လေရူးတွေလေ
နွေဦးကို ကဗျာဖွဲ့

ရိုးမျက်နှ သင်းသင်း
ဖုန်တထောင်းထောင်း
ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတုန်း
နွေက ဗိုးဆီ တည့်တည့် ရောက်လာ။

နွေဟာ...
အဝါရောင်တီးတွဲရား စကတ်နဲ့
အနီရောင် ဘီရှပ်ကို ဝတ်ဆင်ပြီး
လင်းလင်း ပွင့်ပွင့်လှနေ။

ရေသီးသံသနေရာမှာ
ရွက်ဟောင်းတွေလည်းအခါခါ
ကြွေခဲ့ပြီ
ဂိမှာန်နွေ။

မကောင်းခြင်းတွေကို ခြွေချ
ကောင်းသတင်းနဲ့ လှပါစေ
ကမ္ဘာမြေ ။

ဇော်ကမင်းခေါင်(ညောင်လေးပင်)

"ဖူးနသစ်လွင်
ကဗျာဥယျာဉ်ကဏ္ဍ"၏
ပရိသတ်များဖြစ်သည့်
ကဗျာဝါသနာရှင်များအတွက်
အထူးအစီအစဉ်တစ်ရပ်အဖြစ် ပေးပို့လာသော
ကဗျာများအနက်မှ သင့်တော်ရာအချို့ကို
**Yati** မဂ္ဂဇင်း၏ **facebook** စာမျက်နှာထက်တွင်
အပိုဆောင်းကဗျာအဖြစ်
ဖော်ပြပေးသွားမည်ဖြစ်သောကြောင့်
စာမျက်နှာထက်တွင် ပုံနှိပ်ဖော်ပြခြင်း
မခံရသူများအနေဖြင့် အွန်လိုင်းတွင်
မိမိတို့၏ ကဗျာများကို
စောင့်မျှော်ဖတ်ရှုနိုင်ကြောင်း။

## မိသားစု

အလုပ်မထင် ကိုရွှေတွေက စ
သိသိသာသာ တိုးဝင်မှုတွေအထိ
တစ်စုတစ်စည်းတည်း
ကျစ်ကျစ်လျစ်လျစ်
သိပ်သိပ်သည်းသည်း
အချစ်ကြီးချစ်ကြ

အမြစ်ပြုတ်ထွက်
အချစ်အလှအခက်တွေနဲ့
သစ္စာမပျက်ဖို့ ဖန်တီး
သားသားမီးမီးတွေနဲ့ ကမ္ဘာ
အခက်အခဲ
ဂယက်ထဲမှာ
နှစ်လွှာတစ်ရွက်စိတ်နဲ့
ထိတ်စရာတွေကို ပယ်ဖျက်
မိသားစု အိပ်မက်ကဗျာ
နွေးထွေးတဲ့ နေရာ
မွေ့မြတဲ့ နေရာ
ငြိမ်းချမ်းရေး တေးသံသာ
တိုက်စ်တွေ
အတူဆိုလိုက်ကြစို့ကွာ ။

မောင်သွေးချစ်(ကျွန်းချောင်း)



Asian Fame Media Group

## ပွဲကိုင်ရှင်ထာဝရအဖေ

သိပ်ကြင်နာတဲ့ လူတစ်ယောက်
ကမ္ဘာမြေပေါ်က ပျောက်ဆုံးသွားတာ
ဆယ်နှစ်ဆိုတဲ့ မှတ်တိုင်တစ်ခုတောင် ကျော်ခဲ့ပြီ။
ဒါပေမဲ့...
နွေးထွေးမှုတွေပေးဆဲ
အကြင်နာအငွေ့အသက်တွေ လွှမ်းခြုံဆဲ
အားပေးစကားတွေ ကြားယောင်ဆဲ
ဘယ်တော့မှ မပျောက်ပျက်တော့မယ့် အမှတ်တရ သင်္ကေတတွေ
ရင်ထဲမှာ ကျန်ခဲ့ဆဲပါ။
ပွဲကိုင်ရှင်ရယ်...
ရွှေမိုးလေးတော့ ဆံချင်သေးတယ်
ပီတိမျက်နှာကို တဝကြီး မြင်ချင်သေးတယ်
နောင်ဘဝမှာ ပြန်ဆုံရိုးလား အဖေရယ်။
ဘယ်တော့မှ မေ့မရသူကို ပေးရင် ဂုဏ်ယူတဲ့
အပြုံးနဲ့ ကြွေလိုက်ချင်ရဲ့
ထာဝရ အဖေရယ်။

ဝေမြိုင်(ရေတည်)



Asia Frame Media Group
MEDIA GROUP



## အချစ်အကြောင်းဆွေးနွေးခန်း

အများကတွေးတော့
ပန်းနဲ့ ရေးတဲ့ အကွက်ရာပေါ့
ဒါပေမဲ့ စုရုံနာကျင်လို့
အရောနှက်နှက်ထင်ဖေတဲ့
ဝေဒနာအရင်းအမြစ်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား။
သူငယ်ချင်းရေ
အချစ်အကြောင်းသိဖို့အတွက်
ဓမ္မ ပညာရှင်ပလေတို့ရဲ့
ပုရာဏ်ကျမ်းကြီးကို ဖတ်ကြည့်နေဖို့ မလိုပါဘူး
အချစ်အတွက်ကြည့်နိုင်သလို
အချစ်အတွက်လည်း ကြေကွဲနိုင်တာပါပဲ
အချစ်နဲ့ ရှင်သန်ထမြောက်ခဲ့ချိန်မှာ
အထီးကျန်နှလုံးသားတွေရဲ့
ပေါက်ကွဲရာဇာတ်တွေလည်း နားစွင့်ဖိခဲ့မှာပေါ့
အချစ်ဆိုတာ
နတ်ဆိုးတွေ စကားထာဝှက်ထားတဲ့ပုစ္ဆာ
ဒါမှမဟုတ်
မာယာရဲ့ လက်တစ်ဖက်နဲ့ ကွယ်ဝှက်ထားတဲ့ သစ်ပင်
အင်း... ဖြစ်ချင်လည်း ဖြစ်ခဲ့မှာပေါ့
ငါသိတဲ့ ငါ့အတွေးအကြောင်း
အပေးတွေ မထူစမ်းပါနဲ့ကွယ်
ကဲ... ရဲရဲနားထောင်စမ်းသူငယ်ချင်း
ရယူခြင်းနဲ့ ပေးဆပ်ခြင်းကင်းတာကိုပဲ
ချစ်ခြင်းလို့
လက်ခံလိုက်ရအောင်။

မိုးဝေ

## တောမှောက်မှုဆိုး

အရွယ်ရောက်ဆဲတွေက
လွန်လွန်လူးလူးနဲ့
ချက်ကြိုးမပြတ်ခင်ကတည်းကပေါ့

လေမတိုက်တဲ့ကြီး
မိုးမရွာတဲ့လမ်း
အဲဒီပန်း…ဘာပန်းလဲ။

အမှန်တရားအောက် ချဉ်းကပ်ရင်း
အမှားတစ်ရန်ကို
ဈေးမဆစ်တဲ့အကျိုးအနှီး
အရိပ်ရဲ့အရောင်တွေ
အထည်လဲဝတ်လိုဝတ်
အဖိ၊ အဖွဲ့၊ အနင်း၊ အခြွေတွေနဲ့
ဖွေးဖက်ကျကျ အရုပ်တွေလည်း
ထင်းချင်ကိုင်းကောင်လိုပေါ့

ဒီလိုနဲ့ …
ချစ်ခြင်း၊ မုန်းခြင်းတွေကြား
ခြေကုန်လက်ပန်းကျ
သံသရာအလည့်မှာ
မဟာဝိရဒ္ဓမှောက်
ခုထောက် အလျားမှောက်ရသည့်တိုင်
ဦးမညွတ်ချင်သေးဘူး ။

သုံးမြို့





## "ကျွန်တော့်ဘဝရဲ့ သရုပ်ဆောင် ပန်းချီကားထဲက သူသူ"

သူသူ နှင်းရည်လိုက်ပြုံးလိုက်တိုင်း
ငါ့ အနာဂတ်တွေ တောက်ပလာတယ်
မျှားသူတစ်ယောက်ရဲ့ လက်မှာ
ငါဟာ ချိတ်လား အစာလား သားကောင်လား
(ဒိုက်ကို ဖျော်တော့မယ့် မိုးရယ်)
ငါ့စိတ်တွေ အပြုံးစားခံလိုက်ရ
လူ့ဘဝဆိုတာ အစမ်းအခေါက်ရှိတဲ့ ပြိုင်ပွဲချိန်ရှာမှ
သူပေးတာပါ
အရာရာဟာ နှင်းရိုးနေမှ ပြည့်စုံတဲ့အခါ
နှင်းအပြုံးကို မသေမခံလိုပ် ကမ္ဘာထဲ
ထည့်ရေးကြည့်မိတယ်
ကောင်းပါတယ် နှင်းစိတ်နဲ့ငါ အသက်ရှူနေရတာ
ကောင်းပါတယ် နှင်းပုံရိပ်နဲ့ငါ အိပ်စက်နေရတာ
ကောင်းပါတယ် နှင်းစကားလုံးတွေနဲ့ငါ ရင်ခုန်နေရတာ
ကမ္ဘာမြေထဲ ချစ်ခြင်းတရားတွေနဲ့ ရှင်သန်နေထိုင်ရတာလည်း
အဆင်ပြေပါတယ်

ငါ့ရဲ့ ပရွှန် ပန်းချီကားထဲက
နတ်သမီးမလေး သူသူရေ…
ငါ နိုက်နေတဲ့ ကမ်းနွဲမှာ
တလောမီးတွေပဲ အထပ်ထပ်
ပညတ်တရားတွေပဲ တသက်သက်
မျှော်လင့်ချက်တိုင်း မပြည့်စုံနိုင်သေးမယ့်
မင်းနဲ့ ပတ်သက်လာရင်
အချစ်မှ မဟုတ်ပါဘူး (အလွမ်းပဲဖြစ်ဖြစ်)
အမြုံမှ မဟုတ်ပါဘူး
အသည်းကွဲအရောပဲ ဖြစ်ဖြစ်
မက်မောမိတာပဲ
ချစ်ခြင်းတရားရဲ့ တောက်ပမှုမှာ
ကြယ်ကလေးလည်း ဂုဏ်သရေရှိပါတယ်
သူသူ…
ကိုယ့်မေတ္တာတရားကို မှုန်မဟုတ်တောင်မှ
မိတ္တူလေလေတော့ ကူထားပေးပါ ။

မင်းလှိုင်ထွန်း

Asian Fame Media Group
MEDIA GROUP



## တို့ရွာကြီးရဲ့ ကောက်ရိုးပီး

ရွာထိပ်က ဘိုသောကြီးရဲ့
ပေါက်နွမ်းနေပြီဖြစ်တဲ့
ရေဒီယို အိုကြီးဆီမှ
တရုတ်ရဲ့ ငိုညည်းသံနှင့်အတူ
ကမ္ဘာကြီးပူနွေးလာပြီဆိုလား ဘာဆိုလာပဲ…။

ဒီပေမဲ့လေ…
တို့ရွာရယ် ချမ်းလှချည်လား…
မှုံခြင်းယင် ပေါလှချည်လား…
အမိုက်တွေ ထောလှချည်လား…
အမှောင်က ဆောလှချည်လား…

သည်အချိန် တို့တွေရဲ့ ရှေ့
ဟုန်းခနဲ မီးတောက်ကြီး
အလှုံတွေ ထိန်လင်းညီးလို့…

ဒီအချိန်မှာတော့…
တို့ရွာကြီး နွေးလေတော့မည်…
မှုံခြင်းယင် ဝေးလေတော့မည်…
အမိုက်တွေ ဆွေးလေတော့မည်…
အမှောင်လည်း သွေ့လေတော့မည်…

သည်အချိန် တို့တွေရဲ့ရှေ့
ဟုန်းခနဲ မီးတောက်ကြီး
ပြာမှုန်တွေ လေဟုန်စီးလို့…

ဘာတွေရယ် ဘယ်လိုဖြစ်
ဘာတွေထဲ နှစ်တော့မှ
ဘွာဆိုပြီးထားရစ်မှာလား
အတွေးတို့ မှုန်ဝိုးဝါးနေတုန်း…
တို့ရွာကြီး အရင်အတိုင်း…

ဆောလွန်းတဲ့ အမှောင်ထဲမှာ
ပေါလွန်းတဲ့မှုံခြင်ယင်တွေနဲ့
တို့ရွာရဲ့ အထောသုံးက
အရင်တုန်းကအတိုင်း…
အမိုက်တွေပဲလေ…။

အမှောင်ခိုင်



## မှတ်သုန် တမ်းချင်း

အလွမ်းတွေ ဖရိုဖရဲနဲ့
စိတ်ကူးတွေ မရိုက်သိမ်းရသေးတဲ့ ဟယ်မပေါ်
အမှတ်တမဲ့ ခြေချမိတိုင်း
သတိရခြင်းတွေက မိုးရနံ့ပါပါနဲ့
ငါ့ဆီ အလည်လာတယ်…
အတိတ်တွေ ရေခြစ်ထားတဲ့
လေပြည်တွေနဲ့
မင်းပါနဲ့ မှတ်သုန်ရယ်…
ကစဉ့်ကလျား ကန့်လန့်ကာနောက်က
အဝါအကွဲ မိုးစက်တွေ
လေပြည်တွေ မွှေနှောက်တိုက်တိုင်း
ရင်ခွင်ဆီ အလှုအယက်နာရှိ
အလွမ်းတွေနဲ့ ရှုပ်ရှိ
တမ်းတခြင်းက ရင်ကိုလာဆွတယ်
ခင်ရိုင်းရိုင်း နှိမ်တိမ့်နဲ့
ကျေကွဲခြင်းက သစ်စာဖပင်ကို
နင်ကျင်မှုတွေ တဖြုတ်ဖြုတ်ခြွေချ
မလွမ်းလောက်ဘူး ဆိုတာတွေက
အမှန်တကယ်
မလွမ်းစစ်စစ်တွေ ဖြစ်လာကြတဲ့အခါ
အတိုးကျုံးခြင်းနဲ့တော့ ရင်နီးဖူးပါရဲ့
ဒီပေမဲ့… ဇာတ်သိမ်းခန်းကို ငါကြောက်တယ်…။

ခန့်ညားနိုင်

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို '**ဖူးနုသစ်လွင်ကဗျာဥယျာဉ်**'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။
ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်** ကို
အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group
MEDIA GROUP

မောင်အိမ်မံ

# ဒါရိုက်တာ ဝိုင်း၏ ပျားရည်နှင်းစက်

## ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်



ဝတ္ထုနေနေဝ်၊ ဇာတ်ညွှန်း သီဟစိုး၊ ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် 'ပျားရည်နှင်းစက်' သည် လူတန်းစားအမြင်ကွာဟမှုကို အနုပညာဖြင့် ဖွဲ့စည်းရိုက်ကူးပြသထားသည့် ဗီဒီယိုဇာတ်ကား တစ်ကားဖြစ်သည်။

လူတန်းစားအနေဖြင့် နိုင်မင်းထက် (ပြေတီဦး)သည် တစ်ကောင်ကြွက်၊ မက်မန်းခြံမှ အလုပ်သမားတစ်ဦး ဖြစ်သည်။ သူနှင့် အတူတကွ မက်မန်းခြံတွင်လုပ်နေသည့် ကိုရွှေတိုး (ဇော်ဝင်းနိုင်-မန်း) သည် သူ၏ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်သည်။ မက်မန်းခြံပိုင်ရှင် သူဌေးတွင် သမီးတစ်ဦးရှိသည်။ သူဌေးသည် သူ့သမီးကို အများသူတကာနှင့် ဆက်ဆံခွင့်မပေး။ အဝေးသင်တက္ကသိုလ်ကိုပင် ဆရာများကို အိမ်သို့ခေါ်ပြီး သင်နိုင်းသည်။ စာမေးပွဲမေးခွန်းများကိုလည်း သူများဖြေပြီးမှ အိမ်တွင်ဖြေခိုင်းသည်။ ဆိုလိုသည်မှာ ဘွဲ့ကိုမယူ၊ စာတတ်ရန်သာ လိုသည်။ နိုင်မင်းထက်နှင့် သူဌေးသမီးဟန်နီချိုလဲ့ရည် (စိုးမြတ်နန္ဒာ) တို့ ရင်းနှီးကာ ချစ်သူများဖြစ်ကြပြီး နောက်ဆုံးသမီး၏ဆန္ဒအရ အဖေက သူတို့နှစ်ဦးကို လက်ထပ်ပေးလိုက်သည်။ ဖခင်ဆုံးပြီး စီးပွားရေးလုပ်ငန်းများကို ဟန်နီဦးစီးလုပ်ကိုင်ရာ နိုင်မင်းထက်၏အခန်းကဏ္ဍမှာ လျော့နည်းလာသည်။ အိမ်ထောင်ဦးစီးတစ်ယောက်၏ အခန်းကဏ္ဍ (Role) ကို မရတော့သည့်အဆုံး နိုင်မင်းထက်အိမ်ပေါ်က ဆင်းသွားသည်။ ထိုစဉ် ဟန်နီ၌ ကိုယ်ဝန်ကျန်ခဲ့သည်၊ ကလေးမွေးပြီး ကလေးရှစ်နှစ်ပြည့်သောအချိန်တွင် အောင်ထိုက်ကုမ္ပဏီ၌ ရှယ်ယာဝင်ပြီး ဒါရိုက်တာလူကြီးဖြစ်လာသည်။ ထိုအချိန်တွင် နိုင်မင်းထက်သည် အောင်ထိုက်ကုမ္ပဏီ၏ Marketing Manager ဖြစ်သည်။ ရှယ်ယာအသစ်ဝင်သည့် ဒါရိုက်တာသည် ဟန်နီချိုလဲ့ရည်မှန်းသိသည့်နေ့တွင်ပင် နိုင်မင်းထက်က အောင်ထိုက်ကုမ္ပဏီမှ နုတ်ထွက်

Asian Image Media Group

ရာ ဟာန်နီက တစ်လကြိုတင် ရမည်ဟုပြောသဖြင့် တစ်လစောင့်ရသည်။ ထိုတစ်လအတွင်းတွင် သူတို့အချင်းချင်း ထိတွေ့မှုကို ပဋိပက္ခနုနုလေးများဖြင့် ရိုက်ပြသည်။ နောက်ဆုံး သူ ထွက်လာစဉ် ကိုယ်ဝန်ကျန်ခဲ့ပြီး သမီးလေး မွေးခဲ့သည်။ အဆိုပါ သမီးလေးယမင်းချိုသည် ယခု ရှစ်နှစ်ပင်ရှိနေကြောင်း သိလာခဲ့ရသည်။ သူမာနကိုလျှော့ပြီး သမီးလေးကိုအကြောင်းပြုကာ သူတို့နှစ်ဦးညှိနှိုင်းပြီး ပြန်လည်ပေါင်းသင်းကြသည်။ နေနေဝ်၏ ဇာတ်လမ်းများသည် အများအားဖြင့် ကောင်းတတ်သည်။ သို့ရာတွင် ဤဇာတ်လမ်းများသည် ထူးထူးခြားခြား ဘာမှမရှိ။ သို့ရာတွင် ဤလောကကြီး၌ ဘာမှမရှိသော နိုင်မင်းထက်၌ ယုံကြည်ချက်ရှိသည်။ ထို့အပြင် မာနရှိသည်၊ အဆိုပါမာနမှာ ယောကျ်ားမာန၊ အိမ်ထောင်ဦးစီးမာန၊ ပစ္စည်းမဲ့လူတစ်ဦး၏ မာနဖြစ်သည်ကို နေနေဝ်ကပြသည်။ နေနေဝ်သည် ဤဝတ္ထု၌ စာရေးဆရာ၏ ရပ်တည်ချက်ကို ပြတ်သားစွာ ပုံဖော်မှုမရှိ။

(၂)

ဝတ္ထုကို ဇာတ်ညွှန်းရေးသားရခြင်းသည် စကားလုံးများကို အရုပ်အဖြစ် ပုံသွင်းရသည့် အလုပ်ဖြစ်သဖြင့် ထင်သလောက်မလွယ်။ ဝတ္ထု၊ ဇာတ်လမ်းမရှိဘဲ ဇာတ်ညွှန်းရေး၍ မရနိုင်။ ရလျှင်လည်း မကောင်းနိုင်၊ ရုပ်ရှင်ကားတစ်ကား၏ အဓိကအသက်သွေးကြောမှာ 'ဝတ္ထု' ဖြစ်သည်။ ထိုဝတ္ထုကို ရုပ်ရှင်အဖြစ်ပြောင်းလဲရာတွင် အဓိကအကျဆုံးမှာ 'ရိုက်ညွှန်း' ဖြစ်သည်။ အရုပ်၊ အသံ၊ နောက်ခံတီးလုံးစသည်တို့ကို စနစ်တကျထည့်သွင်းရသည်။ 'စကားပြော' သည် ရုပ်ရှင်ကားတစ်ကား၏ သုံးပုံတစ်ပုံထက် မပိုသင့်ပါဟု ပညာရှင်များက ဆိုကြသည်။

နေနေဝ်၏ ဝတ္ထုသည် ထူးထူးခြားခြား သိပ်မရှိလှပါဘူးဟု ကျွန်တော် ဆိုခဲ့ပြီးပြီ။ သို့ရာတွင် နေနေဝ်သည် သူပြောလိုသည်များကို 'ပဋိပက္ခ' လေးများဖြင့် တည်ဆောက်ပြောပြသွားသည်။ ဇာတ်ညွှန်းရေးသူ သီဟစိုးသည်လည်း 'ပဋိပက္ခ' များကို လှသဘာဝ plot ကလေးများဖြင့် တည်ဆောက်သည်။ ဝိုင်းသည် ထို plot ကလေးများကို လှလှပပရိုက်နိုင်ခဲ့ပါ၏။ ထိုအခါ 'ပျားရည်နှင်းစက်' သည် ကောင်းနေပါ၏။

(၃)

'ပျားရည်နှင်းစက်' သည် ဘဝချင်း မတူသူနှစ်ဦး အတူပေါင်းသင်းနေထိုင်မှုမှ ပေါ်ပေါက်လာသော ပဋိပက္ခမီးပွားလေးများမှ မီးတောက်ကြီးဖြစ်၊ ကြီးကျယ်သွားကာ နောက်ဆုံး အိမ်ထောင်ရေး ပြိုကွဲသွားပုံကို ရိုက်ပြထားသည်။

ဇာတ်ညွှန်းဆရာသည် ဇာတ်၏အဖွင့်မှာပင် ပရိသတ်စိတ်ဝင်စားသွားစေရန် စနက်တံကို စတင်မီးရှို့လိုက်သည်။ ရှယ်ယာ ၅၀ ရာခိုင်နှုန်း ပါဝင်လာသည့် ဒါရိုက်တာနှင့် ဝန်ထမ်းများကို မိတ်ဆက်ပေးလိုက်သည်။ ထိုစဉ် Marketing Manager ဦးနိုင်မင်းထက်က မတ်တတ်ရပ်ကာ အလုပ်မှ နုတ်ထွက်သည်။ ထွက်ရသည့်အကြောင်းကို ဒါရိုက်တာက မေးသည်။ မပြော၊ ပြောခိုင်းလာသဖြင့် "ရှယ်ယာပိုင်ရှင် ဒါရိုက်တာဒေါ်ဟာန်နီချိုဟာ ကျွန်တော့်ရဲ့ဇနီးဟောင်း ဖြစ်နေလို့ပဲ" ဟု ဖြေလိုက်ရာ အားလုံး ဟယ်ခနဲဖြစ်သွားကြသည်။

ရုပ်ရှင်ဟူသည် ပဋိပက္ခများလေလေ၊ လှုပ်လေလေ၊ ပရိသတ်စိတ်ဝင်စားလေလေ ဖြစ်သည်။ ထို့ကြောင့်လည်း လူကြိုက်များသော ဇာတ်ကားတိုင်းသည် Conflict များသည်။ ဇာတ်အဖွင့်မှာပင် ပရိသတ်က ဟာန်နီသည် နိုင်မင်းထက်၏ ဇနီးဖြစ်ခဲ့ဖူးသည်ဟု သိသွားပြီး သူတို့ဇာတ်လမ်းကို အလိုလိုသိချင်လာကြသည်။

သည်နည်းဖြင့် ဇာတ်ကို သယ်ဆောင်သွားပြီး ထိုဘဝဟောင်းကို 'ဝိုင်း' သည် F.B ဖြင့် ပြန်ပြန်ပြသည်။ ထိုအခါ ရုပ်လုံးဖော်ပစ္စည်းများအဖြစ် စက္ကူလေယာဉ်ပျံ၊ ပန်းပွင့်၊ နှစ်ယောက်ထိုင်ခုံ၊ ပန်းခြံကားများကို သုံးသည်။ ဒါရိုက်တာသည် စိတ္တဇနာမ်၊ ဖြစ်မှုနာမ်များ Abstraet Nouns များကို အရုပ်များဖြင့် ပြရမည်။ ထိုအခါ အတတ်ပညာလိုလာသည်။ ရုပ်လုံးဖော်ပစ္စည်း လိုလာသည်။ မောင်ဝဏ္ဏ၏ 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း' တွင် ဘူးညွှန့်၊ ငရုပ်သီးဆုံ၊ ရေနွေးအိုးတို့သည် ရုပ်လုံးဖော်ပစ္စည်းများဖြစ်သည်။ မောင်ဝဏ္ဏသည် ထိုဇာတ်ကားဖြင့် ဒါရိုက်တာဆုရခဲ့သည်။

(၄)

'ပျားရည်နှင်းစက်' သည် dialogue ကောင်းသည်။ လူပါးစပ်က လူစကားပဲပြောသည်။ နတ်စကားမပြော။ ဇာတ်ကောင်တစ်ကောင်တွင် သူ့စရိုက်ရှိပြီးသား ဖြစ်သည်။ သူသည် အရေးအခင်းတစ်ခုနှင့် ကြုံလာတိုင်း သူ့စရိုက်အတိုင်းပြုမူဆောင်ရွက်မည်၊ စကားပြောမည်။

ဤဇာတ်ကားတွင် သာမန်ဟုထင်ရသော ပဋိပက္ခများ များစွာရှိသည်။ ချစ်သူဘဝတွင် မမြင်နိုင်ခဲ့သော၊ မသိခဲ့ရသော အတွေးအမြင်၊ အယူအဆ၊ ဆုံးဖြတ်ချက်များဖြစ်သည်။ အထူးသဖြင့် စွန့်စားတတ်သော ဟာန်နီ၊ အပြောင်းအလဲကြိုက်သောဟာန်နီ၊ သတ္တိရှိသောဟာန်နီ၏ လုပ်ရပ်သည် နိုင်မင်းထက်၏ မာနကို ပုတ်ခတ်သလိုဖြစ်လာပြီး နောက်ဆုံး ခြံကိုရောင်းမည့်ကိစ္စကို ဆုံးဖြတ်ရာတွင် "အိုက်စံအား ဒီခြံကို ဘယ်သူပိုင်သလဲ" ဟုမေးပြီး ရောင်းနိုင်းလိုက်ခြင်းသည် နိုင်မင်းထက်၏ အိမ်ထောင်ဦးစီးအခန်းကဏ္ဍလုံးဝပျောက်ဆုံးသွားသည်ဟု ယူဆယုံကြည်ပြီး နိုင်မင်းထက်အိမ်မှ ဆင်းသွားခဲ့သည်။

အချိန်ကာလ၊ နေရာဒေသတို့၏ စဉ်ဆက်ဖြစ်ပေါ်ညီညွတ်မှုများလည်း ကောင်းသည်။ အိမ်ထောင်ရေးဘဝတိုင်းတွင် ကြုံတွေ့ရင်ဆိုင်နိုင်သည့် ပဋိပက္ခများကို ရိုက်ကူးပြသထားသဖြင့် အိမ်ထောင်ပြုမည့်သူတိုင်း၊ အိမ်ထောင်ရှင်တိုင်း ကြည့်သင့်သောကားဟု ဆိုရမည်။

(၅)

ငွေကြေးပြည့်စုံသော အသိုက်အဝန်းတွင် ပေါက်ဖွားလာသော တစ်ဦးတည်းသော သမီး၊ ရဲရင့်သော၊ သတ္တိရှိသော၊ စွန့်စားသောအိမ်ထောင်ရှင်မိန်းမ ဒေါ်ဟာန်နီချိုလဲ့ရည်အဖြစ် သရုပ်ဆောင်ရသော စိုးမြတ်နန္ဒာသည် ဇာတ်ကားတစ်ကားလုံး ဟာန်နီဖြစ်နေသည်။ အားတိုက်ခံရသည်ဟု ဖုန်းဆက်သည့်အခန်း၊ ရွှေအိုးကို "ကျွန်မကို မမုန်းသေးဘူး" ဟု ပြောသည့်အခန်း၊ လက်ဖက်ရည်ဆိုင်တွင် ပြေတီဦးထသွားသည့်အခန်းတို့၌ သူမ၏ သရုပ်ဆောင်မှုက အလွန်ပီပြင်သည်၊ တစ်ကောင်ကြွက် အလုပ်သမားတစ်ဦး။ မာနကို ထိပါးပုတ်ခတ်လျှင် မခံနိုင်သော အိမ်ထောင်ဦးစီးတစ်ဦး၊ ကုမ္ပဏီဝန်ထမ်း နိုင်မင်းထက်အဖြစ် သရုပ်ဆောင်ရသော ပြေတီဦးသည် ဇာတ်ကောင်စရိုက်ဝင်သည်။ သို့ရာတွင် တစ်ခါတစ်ခါ ပြေတီဦး၏ ကိုယ်ပိုင်ဟန်များ အနည်းငယ်ရောစွက်ပါဝင်သည်။ မက်မန်းခြံဝန်ထမ်း၊ ငယ်မွေးခြံပေါက်ရွှေအိုးအဖြစ် သရုပ်ဆောင်ရသော ဇော်ဝင်းနိုင်၏ သရုပ်ဆောင်မှုသည် ဇာတ်ကားတစ်လျှောက်လုံး ပီပြင်သည်။

ခြုံ၍ဆိုပါမည်။ ကမ္ဘာကြီးတစ်ခုလုံးကို ဆန်းစစ်လိုက်ပါလျှင် အခြေခံအကျဆုံးယူနစ်သည် မိသားစုဘဝတစ်ခုဖြစ်သည်။ ထိုမိသားစုဘဝတစ်ခု သာယာနေပါမှ ဤကမ္ဘာကြီးငြိမ်းချမ်းနေမည်ဖြစ်သည်။ သို့ဆိုပါလျှင် ဝိုင်း၏ 'ပျားရည်နှင်းစက်' သည် မိသားစုဘဝတစ်ခု သာယာချမ်းမြေ့ရေးတွင် လိုအပ်နေသော လိုအပ်ချက်များကို ထောက်ပြ၊ ရိုက်ပြထားသော ဗီဒီယိုဇာတ်ကားတစ်ကားဖြစ်နေသဖြင့် ယနေ့ ပလူပျံအောင် ထွက်နေသော ဗီဒီယိုကားများထဲတွင် ဇာတ်ကားကောင်းလေးတစ်ကားဟု ဆိုသင့်မည် ထင်ပါသည်။

မောင်အိမ်စံ

## ယခုလအညွှန်း

၁။ ဆရာရိပ်
၂။ စုန်းသောက်ရေ
၃။ ကြင်နာခွင့်လေး

Asian Fame Media Group



ဝတ္ထုတိုရသ

# မောင်မောင်စိုး

## မိုးပေါ်ကအပ်နှင့် မြေပေါ်ကအပ် ပွတ်ကာသီကာ

(၁)

မေလထဲဝင်လာပြီမို့ နယူးယောက်မြို့ နွေဦးရာသီလှပလာသလို ခဏရောက်နေသူ ကိုဝေလင်းအဖို့လည်း ခပ်နွေးနွေးရှိလာတယ်။ အိမ်ရှင်ကိုခင်မောင်နောက် လိုက်ပါလာရင်း စာပေ

Asian Fame Media Group

ဟောပြောပွဲပြုလုပ်မယ့် တရုတ်တန်းကို မြေအောက်ရထားစီးကာ လိုက်ပါလာခဲ့တယ်။ ဇမာလိုအသံ ခပ်ကျယ်ကျယ်ရယ်ရယ်မောမော ပြောဆိုနေသံတွေ ကြားလိုက်ရတော့ အဲ့လည်းဩစိတ်ထဲမှာလည်း ပေါ့ပါးလာသလိုလို။

၂၀၀၀ ပြည့်နှစ်တလေ။

မြန်မာပြည်မှာ အဲသည်လို မကြားရတဲ့နှစ်တွေ ဘယ်လောက်ရှိခဲ့ပြီလဲ။ မတွေးချင် မတောချင်။ လွတ်လွတ်လပ်လပ် ဟောပြောကြတာတွေကို သာ ကြုံတုန်းကြုံခိုက် အားပါးတရ နားထောင်လိုက်မယ်။ ကြေးမုံဦးသောင်း၊ ဒါရိုက်တာဝင်းဖေ၊ ကဗျာဆရာတင်မိုးနဲ့ ကာတွန်းဝင်းထွန်းတို့ စင်မြင့်ပေါ် ရောက်နေကြပြီ။

(၂)

ဦးရာလူ ကြုံရာဝင်ထိုင်ကြနဲ့ ခန်းမကြီး ပြည့်လုနီးပါး ဖြစ်နေပြီ။ တခြားပြည်နယ်တွေကလည်း လာကြတယ်ဆိုပဲ။ ဆရာကြီးတွေကြား ချိုလိမ်လေးကိုက်တဲ့ ကလေးပမာလို့ ဟာသနှောကာ ဂါရဝစကားနဲ့ ကာတွန်းဝင်းထွန်း မိတ်ဆက်လိုက်ကတည်းက ပရိသတ်က ပြုံးနေကြလေပြီ။ သူသိသလောက် ရိုးရိုးလေး ပြောနေပုံက သဘောကျစရာပါ။ စင်မြင့်ပေါ်မှာ ကပ်ထိုင်နေသော တင်မိုးနဲ့ ဝင်းဖေတို့က နှစ်ကိုယ်ကြား ကိုးတိုးပြောနေကြတယ်။

တစ်နေရာမှာ ကြိုက်တဲ့စကားလုံးရှာမရလို့လားမသိ၊ ရှေ့မဆက်နိုင်ဘဲ ကာတွန်းဝင်းထွန်းရပ်နေရာ နားထောင်ကြသူတွေလည်း ပြုံးနေကြတယ်။ ကိုဝေလင်းဘေးခုံက အမျိုးသမီး ခပ်တိုးတိုးပြောပုံက

"ဒါမျိုးတွေ့ဖူးပါတယ်၊ ပဲခူးခရိုင်အသင်း ကျိုက်လတ်ကို ဟောပွဲစားတွက်တုန်းက"

"ဟုတ်လိမ့်မယ်၊ ကျွန်တော်တကာယက်ရှင်ရှု"

မယုံနိုင်လောက်အောင် အံ့ဩသွားသူ အမျိုးသမီးက အကဲခပ်ရင်း ခပ်တိုးတိုးမေးတယ်။

"ကိုဝေလင်းလား"

"ဟုတ်ပါတယ်၊အစ်မကြီးက"

"အစ်မကြီး မဟုတ်ပါဘူး၊ နွယ်နီပါ၊ ဝါရှင်တန်က George Washington University ဆေးရုံမှာ လုပ်တယ်၊ ကိုဝေလင်းကတော့ အရင်က အတိုင်းပဲနော်"

မေးကြဖြေကြရင်း ဟောပြောပွဲ နားထောင်ရင်း အတိတ်ကအရိပ်တွေ ပြန်သတိရကြလေရဲ့။

(၃)

ရန်ကုန်တက္ကသိုလ် ပဲခူးခရိုင်အသင်းရဲ့ အဲဒီကျိုက်လတ်ခရီးမှာ ကျပန်းစကားပြောပွဲပါတယ်။ မဲနှိုက်ပြီး ကျရာအကြောင်းကို ၅ မိနစ်ထက်မနည်း ၁၀ မိနစ်ထက်မများ ပြောရတာပါ။ အခမ်းအနားမှူးက အာဝဇ္ဇန်းရွှင်ရွှင် အကြောင်းအရာကလည်း ချစ်ရေးချစ်ရာမို့ ကျောင်းသူတွေ များမှများ။ မဲလိပ်လေးကို ဖတ်ရင်း အခမ်းနားမှူးက

"ခုပြောမယ့်သူက စကားပြောကောင်းသူလို့ တက္ကသိုလ်နယ်မြေမှာ နာမည်ကြီးနေတဲ့ ကိုဝေလင်းပါ၊ သင့်ရှေ့က အမျိုးသမီးကို အရမ်းကြားအောင် ချစ်ရေးဆိုပြပါတဲ့၊ သူ့ကိုမြင်ရင် ချစ်ရေးမဆို ဘဲနဲ့တောင် . . ."

ပရိသတ်ရဲ့ဟားသံ၊ လက်ခုပ်တီးသံ၊ ရယ်မောနှံသံတွေကြား အခမ်းနားမှူးအသံ ပျောက်သွားကာ မိုက်ခရိုဖုန်းရှေ့ ရောက်လာသော ကိုဝေလင်းက

"ချစ်ရေးဆိုဖို့ဆိုတာ လွယ်ပါတယ်၊ သာကီဝင်မင်းမျိုးသတ္တိနဲ့ ရည်းစားစာရေးနည်း စာအုပ်ထဲက ကူးပြီး စာကိုက်ကာသည့်လိုက်ရုံပေါ့နော်။ ခုတော့ အားလုံးကြားအောင် ပြောရမယ်ဆိုတော့ ကိုယ့်လောက် ရုပ်မပြောင့် အပြောမကောင်းသူတွေ၊ အင်း . . . ခက်တာက ရှေ့က ချောချောလှလှတွေထဲ ရွေးဖို့ဆိုတာ . . ."

ကျောင်းသူများရဲ့ လက်ခုပ်သံကြား ယောက်ျားတစ်သံက

"ဟေ့ကောင် အလွတ်ကျက်ထားတာတွေ ပြောလေကွာ၊ ၂ မိနစ်တောင်မပြည့်သေးဘူး"


"ကိုဝေလင်း ဆက်ပြောပါ"

အခမ်းအနားမှူးက သတိပေးလိုက်ရာ ကိုဝေလင်း စကားလုံးလည်း ရှာမရ၊ ရှေ့လည်းမဆက်နိုင် ဖြစ်နေစဉ် ရှေ့တည့်တည့်က အမျိုးသမီးက ပြုံးကြည့်ရင်း အားပေးသလို ကြင်နာမျက်လုံးကို မြင်လိုက်မှ အကြာကြီး ရှေ့မတိုးသာ နောက်မဆုတ်သာ ဘဝက လွတ်မြောက်ကာ

"အဟမ်း အဟမ်း၊ ခုလိုတွေ့လိုက်ရတော့လည်း ပြောရတော့မယ်လေ"

အမျိုးသမီးက လက်ခုပ်တီးကာ ပြုံးပြီး အားပေးနေလေပြီ။

"တကယ်ချစ်တဲ့လူကို တကယ်



တွေ့တော့လည်း သီချင်းထဲက စာသားတွေနဲ့ ဆိုပြလို့ဘယ်ရပါ့မလဲ၊ အလွတ်ကျက်ထားတဲ့ ကဗျာထဲကဟာတွေ ရွတ်နေရင် ရှုပ်ချောသူရဲ့ အသိဉာဏ်ကို စော်ကားရာကျမယ်လေ၊ ပြီးတော့ အမှတ်ပေး ဒိုင်လူကြီးတွေ ပိုသိကြပါတယ်၊ အချစ်ဆိုတာ နှလုံးသားကလာတယ်ဆိုတာ"

"ဟေ့ကောင် ဖားမနေနဲ့ အမျိုးသမီးကို မပြောရဲဘူးမဟုတ်လား"

ဆက်ပြုံးနေသော ကျောင်းသူကိုဆက်ကြည့် ဆက်အားတက်သမို့ စကားဆက်လိုက်ပုံက

"ကျွန်တော့်နှလုံးသားက ပေါက်ဖွားလာတဲ့ အချစ်ကို သူ့နှလုံးသားဆီ ပို့လိုက်ပြီပြီလေ"

"အလကားကောင်ဖွတ် ဖွတ်ကျား"

"တကယ်ပါ၊ ဒါကနှစ်ယောက်ချင်းသာသိကြတာ ရဲဘော်တို့ ရိပ်မိလို့ ဘယ်ဖြစ်ပါ့မလဲ"

"အဖြေကကော"

ကျောင်းသူများက အော်မေးလို့

"မျက်လုံးနဲ့ မေးလိုက်တာကို မျက်လုံးနဲ့ ပြန်ပေးတဲ့အဖြေကို ရလိုက်ပြီ၊ ကျန်တာကိုတော့ ပညာရှိဒိုင်များ ဆက်လုပ်ကြပါခင်ဗျာ၊ ကျွန်တော်ကတော့ ချစ်သူလေးရဲ့ အဖြေ ရင်ဝယ်ပိုက်ကာ"

ကိုဝေလင်း အမျိုးသမီးကို ဆက်မကြည့်ရဲသမို့ ကျပန်းစကားဝိုင်းကနေထွက်ခဲ့ပြီး တခြားအုပ်စုများဆီ ပေးလိုက်လျှောက်လိုက်နဲ့ ဘယ်လောက်ကြာသွားတယ် မသိ၊ အသံချို့စက်ကနေ ဆုလာယူဖို့ ကြေညာသံ ထပ်တလဲလဲကြားနေရသမို့ ကျပန်းစကားဝိုင်းသို့ ပြန်ရောက်ရ၊ ဖဲကြိုးအပြာရောင် ပတ်ထားတဲ့ဘူးဆုယူပုံကို ပြုံးကြည့်နေသူလေးနဲ့ ဆုံရပြန်လေရာ ရင်ဖိုဖိုနဲ့ အားမွေးပြီး လှမ်းပေးလိုက်တော့

"မဟုတ်တာ၊ ကိုဝေလင်းရတဲ့ဆုပဲဟာ"

"ဒါပေမဲ့ ခင်ဗျားကြောင့်ရတာ"

"ခင်ဗျားမဟုတ်ပါဘူး၊ နွယ်နီပါ Second MB တပါ၊ ဘာလဲဖွင့်ကြည့်ရအောင်လား"

"နွယ်နီ ယူထားလေ၊ နှစ်ယောက်ထဲကျတော့မှ ဖွင့်ကြည့်ကြတာပေါ့"

"သီရိဆောင် 4D မှာနေတယ်၊ တနင်္လာ နေ့လာခဲ့၊ ငါးနာရီလောက်မှ အဆောင်ပြန်ရောက်မှာနော်"

(၄)

သီရိဆောင်မှာ သွားတွေ့၊ ဘူးကိုဖြေကြည့်ကြရာ ညစ်လိုက်လှချင်အသံမြည်တဲ့ ချစ်စရာအရုပ်ကလေး၊ နွယ်နီပဲ ယူထားပါဆိုတော့ ခေါင်းညိတ်၊ စကားရပ်ပြောကြရင်း ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီး၊ ရန်ကုန်မှာ ကိုယ်ပိုင်အိမ်ရှိသူ ဘီအေအင်္ဂလိပ်စာ ဂုဏ်ထူးနောက်ဆုံးနှစ်ကျောင်းသား ကိုဝေလင်းနဲ့ တောင်တန်းဒေသ ထောက်ပံ့ကြေးနဲ့ ကျောင်းလာတက်တဲ့ ဆေးကျောင်းသူနွယ်နီတို့ရဲ့ ကိုယ်စီအနေအထားပေါ်လွင်လာတယ်။

မကြာခဏတွေ့ဆုံကြရင်းရင်းနှီးနှီးစကားပြောကြရင်း ကြည်နူးရင်ခုန်ကြပေမယ့် စည့်ခန်းထဲ မဝင်ဖြစ်၊ နှစ်ယောက်တွဲမထိုင်ရ၊ အရုပ်လေးကို နွယ်နီကညှစ်လို့ အသံမြည်တဲ့အခါ ပြိုင်တူရယ်ကြ အပြုံးကိုယ်စီနဲ့ ကြည့်ကြတာလောက်သာ၊ နွယ်နီရဲ့ ရပ်တည်ချက်က ပိုနိုင်ပိုပြတ်သားသကိုး။



Asian Fame Media Group

နှစ်တွေကူးလာတဲ့ အထိ အဆက်အသွယ်မပြတ် ခင်မင်မှု တိုးလာပါရဲ့၊ ကိုဝေလင်းရင်တွင်း ရှိတာကို ဖွင့်မပြောရဲ။ ဆရာဝန် ဖြစ်လာလျှင် အခွင့်အလမ်းပိုသာတဲ့ ရန်ကုန်မှာလုပ်ကိုင်ဖို့ နွယ်နီက စိတ်ကူးပုံမရ၊ သူ့ဒေသပြန်ရမယ်၊ ပြန်ချင်တယ်၊ ပြန်မယ်ဆိုတာ နည်းနည်းလေးမှ မဖုံးကွယ်။

သတင်းစာဆရာဖြစ်ချင်သူ ကိုဝေလင်းက ရန်ကုန်သည်သာ သူ့ကမ္ဘာ၊ TheNation မှာလုပ်ချင်ကြောင်း ပြောလိုက်ကတည်းက မမေးဘဲရလိုက်တဲ့ အဖြေပိုက်ကာ ဒေါက်တာနွယ်နီ တောင်တန်းဒေသ ပြန်ကာ ဆရာဝန်လုပ်တယ်၊ ရန်ကုန်မှော် ကိုဝေလင်းနဲ့ အခင်အမင်ပျက်စရာလည်း အကြောင်းမရှိသမို့ စာရေးလာတိုင်းစာပြန်ဖြစ်တယ်။

ကိုယ့်ဒေသမှာ တတ်လာတဲ့ ဆေးပညာနဲ့ကုသပေးရတာ ဝမ်းသာကျေနပ်သော်လည်း အားမရ၊ လိုနေတာတွေက အများကြီး။ လိုအပ်နေတာတွေ အကုန်လုံးကို လုပ်ပေးချင်တယ်။ ဆေးရုံမှာ ကလေးအထူးကု ဆရာဝန်ထက် သားဖွားမီးယပ်ဆောင်ကို ခဲ့ချင်တယ်၊ အမျိုးသမီးကြီးငယ်တို့ မသိနားမလည်ဘဲထင်ရာလုပ်မိ ကိုယ်ဝန်ဖျက်ချလို့ ဗိုက်ထဲကလေးရော လူကြီးပါ သေနေကြတာကို ရင်နာလို့ မဆုံး၊ သူနာပြုချုပ် ဒေါ်တင်ပုနဲ့ မေထရွှန်စင်သီယာတို့နဲ့ တွဲမိလာတော့ နွယ်နီအားတက်ရတယ်။

ကိုဝေလင်းဆီ စာပြန်တဲ့အခါလည်း စိတ်ပြေလက်ပြေ ထည့်သင့်တာလေးတွေ ထည့်ရေးရတယ်၊ အိမ်မှာ ဆေးခန်းဖွင့်ထားလို့ ဗိုက်ဆံတွေ ထားစရာရှိလားလို့ မေးလာတာနဲ့ သဘော်သီး တစ်လုံး၊ ငှက်ပျော တစ်ဖီး၊ ကြက်တစ်ကောင်၊ ဘော်ဒီအိတ်ထဲက ကျပ်တန်လေးတစ်ရွက် ရတဲ့အခါလည်း ရပါရဲ့၊ သူတို့ကျေနပ်သွားတာကိုပဲ ဘဝင်ခိုက်ဆုံး။ အချိန်ပဲ လိုတယ် လုပ်ချင်တာတွေ များလွန်းလို့၊ နွယ်နီ့ကိုသိပ်ခင်ကြတာ သိပ်အားကိုးကြတာ ကိုဝေလင်းရေ။

ကိုဝေလင်း လာလည်လာရင် ဝအောင်ကျွေးနိုင်တယ်၊ နွယ်နီတို့



ဒေသ ဘယ်လောက်နောက်ကျကျန်ရစ်နေတယ်ဆိုတာ သတင်းစာထဲရေးဖို့ လေ့လာပြီး ရေးမိတယ်။ ရန်ကုန်ပြောင်းဖို့ စိတ်မကူးဘူးလားဆိုတဲ့ အမေးကိုတော့ နွယ်နီစိတ်ဆိုးလို့ ခပ်ပြတ်ပြတ်ဖြေလိုက်တယ်၊ ဒီဒေသက ခြေတစ်ဖဝါးမခွာလို့။

ဟုတ်တယ်၊ နွယ်နီ့ဇာတိက ခြေတစ်ဖဝါးမခွာဘူး။

(၅)

လက်ချင်းသံများနဲ့အတူ ကာတွန်းဝင်းထွန်း ဟောပြောလို့ ပြီးသွားတာမို့ ကိုဝေလင်းစိတ် ခန်းမထဲ ပြန်ရောက်လာကာ နွယ်နီ ဘာကြောင့် ဒီကိုရောက်လာသလဲဆိုတာ အရမ်းသိချင်လာတယ်။ နှစ်ယောက်အပြင် ရောက်လာတော့ နွယ်နီက

"ကိုဝေလင်း အံ့သြနေလား နွယ်နီ ဒီမှာလာလုပ်နေလို့"

ပါတီအစည်းအဝေးမှာ အိပ်ငိုက်မိတာက စတယ်။ တကယ်တော့ ပါတီကို ဆန့်ကျင်တာ မဟုတ်ဘူး၊ စိတ်မဝင်စားရင် အိပ်ငိုက်တာ အကျင့်မဟုတ်လား။ အတန်းထဲ ပွဲထဲ ရှင်းပြပေးမယ့် ကျေနပ်ကြပုံမရဘူး၊ မတက်ကြဘူးတဲ့၊ မတတ်နိုင်ဘူးလေ၊ ဆေးရုံမှာ အောက်တန်းစာရေးတစ်ယောက်ခန့်ဖို့ စည်းဝေးပွဲမှာ ရှင်းပြတာကို သွားနားထောင်ရတယ်။

နောက်တစ်ကြိမ် အဲဒီကိစ္စ မပြတ်သေးလို့ဆိုတော့ ကိုဝေလင်း စဉ်းစားကြည့်ပါ၊ နွယ်နီ ဘာမှမသိတာ၊ နားထောင်ရုံသက်သက်နဲ့ လူနာတွေကိုပစ်ပြီး မသွားနိုင်ဘူးလို့ ကောင်းကောင်းမွန်မွန် ပြောလိုက်ပေမယ့်မရဘူး၊ ပညာပေးတယ်၊ စိတ်ညစ်တယ်၊ ဝှံစမ်းရေးကော်မရှင်ဖွဲ့ပြီး စစ်တယ်။ ပါတီရဲ့ဦးဆောင်မှုကို စော်ကားလို့ဆိုကာ စွဲချက်တင်တယ်။

ဆမအရုပ်သိမ်းခံရနိုင်တယ်လို့ တိုးတိုးတိတ်တိတ် သတိပေးသူကပေး၊ ဝန်ချတောင်းပန်လိုက်လို့ တိုက်တွန်းသူကတိုက်တွန်း၊ နွယ်နီ ဘာမှားလို့လဲ၊ မလုပ်နိုင်ဘူး။ ဆရာဝန်ဖြစ်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရလဲ ကိုဝေလင်းအသိဆုံးပါ။ နွယ်နီ လုပ်နေတာတွေကို သိတဲ့မြင်တဲ့ စေတနာထားသူတွေရဲ့ အကူအညီနဲ့ ခပ်လျှိုလျှိုနေ သိုသိုသိပ်သိပ်စီစဉ်ပြီးလွတ်ထွက်ခဲ့ရတာ ကိုဝေလင်းရေ။

ရင်နင့်သွားသော ကိုဝေလင်း ဘာပြောရမှန်းမသိ။ မတွေ့ကြရတဲ့ နှစ်တွေ မနည်းလှ၊ နွယ်နီက လှပဆဲ အရွယ်တင် ပြည့်ဖြိုးကာ အရပ်တောင် ပိုမြင့်လာသလားလို့ထင်ရ၊ ကြင်နာသံနဲ့

"ဒီမှာလုပ်ရ ကိုင်ရတာတော့ အဆင်ပြေမှာပေါ့နော်"

"ရောက်စကတော့ စာမေးပွဲတွေ ဖြေရ၊ စာကျက်ရနဲ့ ရုန်းကန်ရတယ်၊ ခုတော့ အဆင်ပြေသွားပါပြီ၊ အဘက်ဘက်ကပြည့်စုံတဲ့ ဒီလိုဆေးရုံကြီးမှာလုပ်ရကိုင်ရတာ ဘယ်လောက်ကောင်းကောင်း၊ ဘယ်သူ့ကိုမဆို ကုသပေးပါမယ်လို့ ကျမ်းကျိန်ပြီးမှ ဆရာဝန်ဖြစ်ရတာဆိုတော့ ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့။ Professional လေ၊ ကိုဝေလင်းက အင်္ဂလိပ်စာတော်သူမို့ ပိုနားလည်မှာပါ။

အမေရိကန်မှာလည်း တောင်တန်းပြာတွေ၊ စိမ့်စမ်းတွေ၊ ပန်းလှလှတွေ၊ ချောင်းတွေရှိလို့ ဖြေသာတယ်၊ အစားထိုးမရတာကတော့ နွယ်နီတို့အရပ်က တောသူတောင်သားတွေ၊ သူတို့ကို ရှင်းမပြနှုတ်မဆက်ဘဲ ထွက်လာခဲ့ရတာ စိတ်မကောင်းဘူး။ သူတို့ရဲ့ ခင်မင်မှုမျိုး ဘယ်တော့မှ ပြန်ရနိုင်မှာမဟုတ်ဘူး။ သိပ်လွမ်းတယ်။

ကိုဝေလင်း သွားနားထောင်လေ၊ နွယ်နီမဝင်တော့ဘူး။ အမျိုးသားလာခေါ် လိမ့်မယ်။ ကိုဝေလင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဝါရှင်တန်လာလည်ချင်လည်း George Washington University Hospital မှာမေးလို့ ဖုန်းဆက်လို့ရပါတယ်။ နွယ်နီဆိုတဲ့နာမည်နဲ့ အရင်က စာလုံးပေါင်းအတိုင်း"

နွယ်နီက တဝကြီးပြောလိုက်ရလို့လား၊ ခင်ပွန်းသည် လာတော့မှာမို့လားမသိ၊ စိတ်လက်ပေါ့ပါးသွားပုံနဲ့။

နွယ်နီ့အမျိုးသားက ဘယ်သူလဲဆိုတာ ကိုဝေလင်းသိချင်တယ်၊ မိတ်ဆက်ပေးမယ်လို့ ဆိုထားပေမယ့် သူရင်မဆိုင်ရဲသမို့ ဟောပြောပွဲခန်းထဲ ပြန်ဝင်ခဲ့တယ်။ ဝါရှင်တန်ကို သွားလည်ဖို့ဝေးလို့ တယ်လီဖုန်းပင်မဆက်၊ မြန်မာပြည်သို့သာ ပြန်ရောက်လာတယ်။ နွယ်နီလုပ်တာ ဒုသမ္မတတက်တဲ့ဆေးရုံလို့ အိမ်ရှင်ကိုခင်မောင်က ပြောပြတယ်။

(၆)

၂၀၁၃ ခု၊ ဖေဖော်ဝါရီလ။

ရန်ကုန်မြို့မှာ နေထွက်ကတည်းက ပူနေနှင့်ပြီ။ တော်ဝင်နှင်းဆီ ငြိမ်းချမ်းရေးခန်းမထဲမှာတော့ အေးနေတယ်။ ကဗျာဆရာတင်မိုး အထိမ်းအမှတ်ပွဲသို့ အလာမှာကတည်းက ကိုဝေလင်း နယူးယောက်စာပေဟောပြောပွဲကို ပြန်လည်သတိရလာခဲ့တယ်။ ရုပ်ရှင်ဒါရိုက်တာဝင်းဖေကို စင်မြင့်ပေါ်မှာ တွေ့လိုက်ရတော့ အိပ်မက်လားလို့ သူ့ကိုယ်သူမယုံနိုင်။ နယူးယောက်မှာလား။ ရန်ကုန်မှာ ဟုတ်ရဲ့လား။ မြန်မာပြည်ကို ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလို့ ထင်ထားခဲ့တာကိုး။

မြန်မာပြည်လည်း ပြောင်းလဲရေးလမ်းပေါ် လျှောက်နေပြီလေ။

ဟုတ်သားပဲ ပြန်လာကြသူတွေ အများကြီး။ ကိုဝေလင်းမှာလည်း တွေးစရာတွေ အများကြီး ရှိလာပြီ။ နွယ်နီကော ပြန်မလာဘူးလား။ ပြန်လာရင် နွယ်နီ့အမျိုးသားကောပါလာမှာလား။ သိချင်တာ မသိရဲတာတွေ၊ ကိုဝေလင်းကျုပန်းစကားပြောပွဲတုန်းက သုံးခဲ့တဲ့စကားလုံးအတိုင်း ဆိုရသော်

**မဝံ့မရဲ နှလုံးသားရဲ့ အမေးအတွက် မရေမရာမပြတ်မသား ဦးခေါင်းမှာ အဖြေမရှိ။**

**မောင်အောင်မွန်**

**တာကိုးနီးယားပြည်နယ်**

**၂၀၁၃၊ ဧပြီလ ၅ ရက်။**

Asian Fame Media Group
MEDIA GROUP

# ကျွန်တော့်မနက္ခာကို ညှမ်းနေပါသည်

## ငြိမ်းချမ်းသာ



(၁)


တစ်ခါတစ်ခါ၌ . . .

နောက်ကျခြင်း၊ လွဲမှားခြင်း၊ ပျောက်ရှခြင်းများကြောင့် လူတို့၏ အနာဂတ်များ အငွေ့ပျံပျောက်ဆုံးသွားတတ်ပါသည်။

(၂)

မနက္ခာ ကျွန်တော့်ကို ရက်စက်ခဲ့သလားလို့ တစ်ယောက်ယောက်က မေးလာလျှင် ကျွန်တော်ထိုမေးခွန်းကို မဖြေဆိုနိုင်ပါ။ ထိုမေးခွန်းအတွက်အဖြေမှာ လက်ဖျံမှာ သူ့အမည်ကို တက်တူးထိုးထားတဲ့ အနာဂတ်အကာန်းနဲ့ ချာတိတ်လေးတစ်ယောက်ကို ဘာလို့များ မနက္ခာ ချစ်ခဲ့ပါသနည်း။ သူ့အတွက် ထိရှလွယ်လွန်းတဲ့ စိတ်အစုံကြောင့် ရန်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ နွံတတ်လွန်းတဲ့ လူမိုက်လေးတစ်ယောက်ကို ဘာလို့များ မနက္ခာချစ်ခဲ့ပါသနည်း။ အချစ်ဟာ ပေးလိုက်၊ ယူလိုက်၊

Asian Fame Media Group



နူးညံ့လိုက်၊ ခက်ထန်လိုက်၊ မြတ်နိုးလိုက်၊ ရွံမုန်းလိုက်နဲ့ လိုဘ်သလို အပြောင်းအလဲလုပ်လို့ ရနိုင်ပါသလားဆိုသော မနန္ဒာအား မေးရန် မေးခွန်းများသာဖြစ်ပါသည်။

အရာရာကို နားမလည်စွာ၊ နာကြည်းစွာ နာကျင်လျက် ခံပြင်းဒေါသများဖြင့် လောင်မြိုက်နေသော နှလုံးသားက မနန္ဒာကို သတိရနေသည်။ ထိုသတိရခြင်းထဲတွင် အမုန်းတွေမပါ။ ထိုသတိရခြင်းထဲတွင် နူးညံ့သော အလွမ်းတွေသာ ပါဝင်သည်။ ထိုသတိရခြင်းထဲတွင် ကျွန်တော့်တစ်ဘဝလုံး ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ခဲ့သော အချစ်တစ်ခုနှင့် မနန္ဒာဆိုသော မိန်းမတစ်ယောက် ပါဝင်သည်။ ထိုအတိတ်ကို ကျွန်တော်ငေးကြည့်ရင်း ကျွန်တော်ပုလောင်သလောက် မနန္ဒာ အေးမြပါစေ၊ ဘေးမခပါစေနဲ့ ဟု အမြဲဆုတောင်းဖြစ်ပါသည်။

မနန္ဒာ ကျွန်တော့်ကို ထားရစ်ခဲ့သည့်တိုင် မနန္ဒာက ကျွန်တော့်ကို တကယ်ပင်ချစ်ခဲ့ပါသည်ဟု ကျွန်တော်ယနေ့တိုင် ယုံကြည်ဆဲ။ ထိုယုံကြည်မှုဖြင့်ပင် ကျွန်တော့်လို မိုက်သော၊ ကန်းသော၊ အရိုင်းဆန်လွန်းသော လူတစ်ယောက်၏ဘဝကို ခဏမျှ ငြိမ်းအေးစေခဲ့သော မနန္ဒာကို ကျေးဇူးတင်နေဆဲ။ စဉ်းစားတတ်လွန်းသော ဦးနှောက်နှင့် ဆင်ခြင်တုံတရားအပြည့်ရှိသော မနန္ဒာကတော့ဖြင့် ကျွန်တော့်ကို မေ့နေပြီထင်ပါသည်။

(၃)

မနန္ဒာ၏ ဆင်ခြင်တုံတရားတွင် ကျွန်တော့်ဘဝဆောက်တည်ရာ မဲ့ခဲ့သည်ကို မနန္ဒာသိမည်မထင်ပါ။ ထိုသို့ ဆောက်တည်ရာမဲ့ဘဝဖြင့် အထီးကျန်လွန်းလှသော ကျွန်တော့်ကို သတိရသေးပါရဲ့လား မနန္ဒာ။ “ကြာရင် မင်းတို့ကို မေ့သွားမှာပါ” တဲ့။ ဟုတ်ကဲ့ . . . မနန္ဒာ၊ အချစ်ဆိုတာ သတိရတဲ့လူ ဒုက္ခရောက်စေဆိုတဲ့ အသွားထက်ထက်နဲ့ ဓားပေါ်က ကျိန်စာတစ်ပုဒ်ဖြစ်တဲ့အကြောင်း ကျွန်တော် ခံစား၊ နာကျင်တတ်ခဲ့ပါပြီ။

မနန္ဒာရေ . . . ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးနေတဲ့ လူငယ်တစ်ယောက်ရဲ့ဘဝထဲကို အနာဂတ်

ထဲကို (အဲဒီထက်ပိုခံစားတတ်ရင်) နှလုံးသားထဲကို ဝင်ကြည့်ပါလား။ လမ်းမရှိတော့တဲ့ အိပ်မက်၊ မျှော်လင့်ချက်မရှိတော့တဲ့ မနက်ဖြန်၊ အချစ်မရှိတော့တဲ့ ဘဝထဲမှာ ကျွန်တော်နေထိုင်နေပါသည်။ မနန္ဒာ . . .၊ မနန္ဒာဟာ ကျွန်တော့်ရဲ့ တစ်ခုတည်းသော ရှင်သန်ရာဖြစ်တယ်လို့ ကျွန်တော် တဖွဖွပြောခဲ့လွန်းလို့များ ကျွန်တော့်ကို ချန်ထားရစ်ခဲ့တာလား မနန္ဒာ။

မသေချာခြင်းဟာ ဘဝဖြစ်တယ်။ အဲဒီမသေချာခြင်းဘဝထဲမှာ အသင့်ပြုလုပ်ထားသော မနက်ဖြန်တွေ ရှိတယ်လို့ ကျွန်တော့်ဘက်ကတော့ အာမမခံနိုင်ပါ။ ထို့ကြောင့် အချစ်တစ်ခုဖြင့် ဘဝကို တည်ဆောက်မရဆိုသော စကားကိုလည်း ကျွန်တော်မယုံကြည်ပါ။ မသေချာခြင်းအမှောင်ကို အချစ်နှင့်လင်းစေနိုင်သည်ဟုသာ ယခုထိ၊ မနန္ဒာ ကျွန်တော့်ကို ထားရစ်ခဲ့သည့်အချိန်အထိ ကျွန်တော် ယုံကြည်နေဆဲဖြစ်ပါသည်။

(၄)


"အချစ်ဆိုတာ ဆင်ခြင်ခြင်းရဲ့ ဟိုးဘက်မှာ ရှိနေမယ်ဆိုရင် မနန္ဒာကတော့ အဲဒီဆင်ခြင်ခြင်းထဲကပဲ အချစ်ကို မျှားပြီးချစ်မယ်"

"အနာဂတ်လှလှတွေကို ကိုယ့်အတွက် တောင့်တနေတာ မဟုတ်ဘူး။ ကိုယ့်ဆင်ခြင်ခြင်းက လောဘကြီးလွန်းတယ်၊ ဒါကို တစ်နေ့ မင်းနားလည်မှာပါ"

"ဘာအကြောင်းပြချက်မှ မကောင်းဘဲ အချစ်နဲ့ တို့ဆီကိုလာခဲ့တဲ့လမ်းကပဲ မင်းလှည့်ပြန်ပါ၊ ဒါနဲ့မှ မလုံလောက်သေးရင် တို့ စကားတစ်ခွန်းထပ်ပြောမယ်၊ တို့ မင်းကို ချစ်လို့မရတော့ဘူး မချစ်နိုင်တော့ဘူး"

(၅)

ကျွန်တော် မနန္ဒာကို ချစ်တယ်လို့ပြောပြီးနောက်မှာပဲ မနန္ဒာက ကျွန်တော့်ဘဝကြီးကို တစ်စစီဆွဲဖြဲပြီး တစ်ခုချင်းစီ ပြန်ဆက်တယ်။ ဆက်ရာတွေအထပ်ထပ်နဲ့ ကျွန်တော့်ဘဝထဲမှာ မနန္ဒာကြောင့် ကျွန်တော် ခေါင်းမငုံ့သင့်ဘဲ ခေါင်းငုံ့လိုက်ရတာတွေ အများကြီး၊ မနန္ဒာကြောင့်



အချစ်ဆိုတာ
လိုအပ်ချက်နဲ့
လိုအင်ဆန္ဒတွေကြားက
ကွာဟချက်ကို
မသိကျိုးကျွန်ပြုနိုင်လောက်တဲ့
အထိ မနန္ဒာအတွက်
အရေးမပါခဲ့ဘူး။
မနန္ဒာ. . . .

ကျွန်တော်မရှုံးသင့်ဘဲ ရှုံးလိုက်ရတာတွေအများကြီး။ ကျွန်တော် မငိုသင့်ဘဲ ငိုခဲ့ရတာတွေ အများကြီး။ အဲဒါတွေအားလုံးအတွက် ကျွန်တော် မနန္ဒာဆီက ပြန်တောင်းခဲ့တာ အချစ်တစ်ခုတည်းပါ မနန္ဒာရယ်။ မနန္ဒာရဲ့ အချစ်တစ်ခုတည်းကိုပဲ ကျွန်တော် ပြန်တောင်းခဲ့တာပါ။

ခုတော့လည်း အရာအားလုံးဟာ အရာရာနဲ့ အကြောင်းကြောင်း။ ဟောင်းနေတဲ့အတိတ်ကို ဟူးဆွတော့လည်း ဒဏ်ရာတွေပဲ ရပါတယ်။ အဲဒီဒဏ်ရာတွေကို သေချာပြန်စစ်ကြည့်တော့လည်း ကြေကွဲခြင်းတွေပဲ ရပါတယ် မနန္ဒာရယ်။ ခုဆို ကျွန်တော့်မှာ မနန္ဒာကိုလွမ်းတဲ့အလွမ်းတွေကလွဲပြီး ဘာမှမရှိတော့ပါဘူး။ ဘာမှမရှိတော့တဲ့အထဲမှာ ကျွန်တော့်အသက် ငွေ့ငွေ့လေးသာကျန်နေပြီး အဲဒီအသက်နဲ့အမျှ မနန္ဒာကို ခုထိချစ်နေသေးတယ်ဆိုတာကိုတော့ ဘယ်အခြေအနေပဲ ရောက်ရောက်ယုံပါ မနန္ဒာရယ်။

(၆)

ဝေးခဲ့ရတယ်။ မနန္ဒာတောင်းဆိုတဲ့အတိုင်း၊ မနန္ဒာရဲ့ နူးညံ့တဲ့ စကားဓားသွားခပ်မြမြတွေ အတိုင်း၊ မနန္ဒာမျှော်လင့်သော အနာဂတ်လှလှတွေနဲ့ ကျွန်တော့်ကို အတူတကွထားလို့မရတဲ့အခါ မနန္ဒာနဲ့ ကျွန်တော်ဝေးခဲ့တယ်။ ဝေးခဲ့တယ် . . . ဘယ်ဘဝရဲ့အဆက်တွေလဲလို့ မေးယူရတဲ့အထိ နာကျင်ခြင်းကရင်နဲ့မဆံ့အောင် ပူလောင်ရင်း ဝေးခဲ့တယ်။

အချစ်ဆိုတာ လိုအပ်ချက်နဲ့ လိုအင်ဆန္ဒတွေကြားက ကွာဟချက်ကို မသိကျိုးကျွန်ပြုနိုင်လောက်တဲ့အထိ မနန္ဒာအတွက် အရေးမပါခဲ့ဘူး။ မနန္ဒာ . . ခင်ဗျားရဲ့ဆင်ခြင်ခြင်းဟာ ခင်ဗျားရဲ့လောဘတရားကို နာမည်လှလှလေးပေးပြီး အရောင်ပြောင်းထားတဲ့ မာယာပါပဲ။ စဉ်းစားဉာဏ်မရှိတဲ့ အသည်းနှလုံးရဲ့ စကားကို ခင်ဗျားဘဝနဲ့ ဆက်ဆက်ကြားတဲ့အခါ ခင်ဗျားကြောင့် အနာဂတ်တစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားတဲ့ ကျွန်တော့်ကို သတိရပေါ့။

ကျွန်တော့်ဘက်ကတော့ အချစ်ဆိုတာကို ရိုးရိုးသားသား အဓိပ္ပာယ်ဖွင့်ဆိုတိုင်း မနန္ဒာဆိုတဲ့ အမည်နာမထက် ဘာမှပိုမရပါဘူး။ မနန္ဒာကြောင့် ဒုက္ခကို အိပ်မက်လို လက်တွေ့မက်နေရသူဆိုပေမယ့် မနန္ဒာကို ကျွန်တော် ခုထိ ချစ်နေဆဲပါပဲ။

(၇)

ဟုတ်တယ် မနန္ဒာ။

မိန်းမတစ်ယောက်ရဲ့ အနာဂတ်ကို ဝယ်ယူဖို့အထိ မနန္ဒာစကားနဲ့ပြောရရင် ဘာမှအာမခံချက်မရှိတဲ့ ပိုင်ဆိုင်မှုက မနန္ဒာကို ဖြားယောင်းဖို့ နောက်ကျနေတဲ့ ကျွန်တော့်ရဲ့ ရိုးသားမှုပဲ။ ငွေကြေးဟာ အလဲအလှယ်ပစ္စည်းတစ်ခုထက် ဘာမှမပိုဘူးဆိုပေမယ့် မေးခွန်းတစ်ရာကို အဖြေတစ်ခုတည်းနဲ့ မှန်အောင်ဖြေဖို့ရာ 'ငွေ' တစ်ခုပဲ တတ်နိုင်ခဲ့တယ်ဆိုတဲ့အသိကို နောက်ကျမှရခဲ့တာ ကျွန်တော် မှားခဲ့တယ်။

ဟုတ်တယ် မနန္ဒာ။

မဆုံဆည်းခဲ့သင့်တဲ့ လူတွေကို လွဲမှားခြင်းတစ်ခုနဲ့ ဆုံဆည်းပေးခဲ့တာ အချစ်ဖြစ်တယ်။ ကျွန်တော်ကတော့ အဲဒီလွဲမှားခြင်းမှာပဲ အသည်းကွဲနာကျင်နေရသည့်တိုင် မနန္ဒာကို လွမ်းရင်း မျော်ရှင်စွာငိုနေပါ့မယ်။ နာကျင်ရလွန်းလို့ ဒဏ်ရာဟာ ဒဏ်ရာနဲ့မတူတော့တဲ့အခါ မနန္ဒာ အနမ်းတွေကို တမ်းတပါ့မယ်။

ကျွန်တော့်ဘဝထဲက မနန္ဒာ ပျောက်ရှသွားရင် ကျွန်တော်ဘာဆက်ဖြစ်မယ်လို့ မနန္ဒာငဲ့ကြည့်ဖူးလား။ မနန္ဒာကို ချစ်တဲ့အချစ်နဲ့ တည်ဆောက်ထားတဲ့ အနာဂတ်လမ်းမှာ မနန္ဒာမရှိတော့တဲ့အခါ ဘယ်အထိ ပျက်စီးသွားမယ်ဆိုတာကို မနန္ဒာတွေးကြည့်ဖူးလား။ ကျွန်တော်ဟာ ကျွန်တော်ဖြစ်တယ်လို့ သက်သေပြစရာ မနန္ဒာပဲရှိခဲ့တဲ့ ဘဝမှာ မနန္ဒာမရှိတော့တဲ့အခါ ကျွန်တော့်ကိုယ်ကျွန်တော် ပျောက်ဆုံးခဲ့ရပါတယ်။

(၈)

မနန္ဒာ . . .၊

အချစ်စစ်မှန်ရင် မကြေကွဲပါရစေနဲ့လား

မကြေကွဲပါရစေနဲ့လား

မကြေကွဲပါရစေနဲ့လား

ကြေကွဲရမယ်ဆိုရင်လည်း

အချစ်စစ်ကြောင့်သာကြေကွဲပါရစေလား။

အဲဒီလို နာနာကျင်ကျင် ဆုတောင်းခဲ့ဖူးတဲ့ ကျွန်တော့်ကို တစ်ခါတလေ သတိရဖြစ်တယ်ဆိုရင်လည်း ကျွန်တော်ကျေနပ်ပါတယ်။


(၉)

တစ်ခါတစ်ခါ၌ . . .

နောက်ကျခြင်း၊ လွဲမှားခြင်း၊ ပျောက်ရှခြင်းများကြောင့် လူတို့၏ အနာဂတ်များ အငွေ့ပျံပျောက်ဆုံးသွားတတ်ပါသည်။ ။

ငြိမ်းချမ်းသာ

Asian Fame Media Group



# ကျောက်မျက်များနှင့် သင့်တင့်မျှတသောကုန်သွယ်မှု (၂)

သိန်းပိုင်(M,Engg.Geol)

### ယခင်လမှအဆက်
### ကျောက်မျက်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း

ကျောက်မျက်တူးဖော်ခြင်းနှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်းသည် ကြိမ်ဖန်များစွာကြာလာသောအခါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများအဖြစ် ဖြစ်တည်လာပါသည်။ အာရှဒေသတွင် ဆင်များထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းအတွက် "ဆင်များအတွက် မြများ" (Emeralds for Elephants) ခေါင်းစဉ်ဖြင့် လေလံပွဲပြုလုပ်ခဲ့ရာ ကျောက်မျက်နယ်ပယ်မှ အမေရိကန်ဒေါ်လာတစ်သိန်းနှစ်သောင်းကျော် နှင့် "World Land Trust" အဖွဲ့မှ အမေရိကန်ဒေါ်လာတစ်သိန်းခွဲတို့ကို ရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် 'ခရစ္စတီး' လေလံပွဲမှ အကျိုးအမြတ်မယူသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့ ၄ ဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၂.၄ သန်းကျော်ကို ရှာဖွေပေးနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင်လည်း ထိုကဲ့သို့အဖွဲ့များအတွက် အကျိုးရှိစေရန် နောက်ထပ်လေလံပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။ ယင်း ဥပမာနှစ်ခုသည် လုံလောက်သော အထောက်အထားများအနေဖြင့် ထိန်းသိမ်းထားသင့်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများအတွက် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်းကဏ္ဍမှ ရန်ပုံငွေများကို တိုးတက်ရရှိလာစေရန် ဆောင်ရွက်သင့်ပါသည်။



သို့သော်လည်း ယင်းဆောင်ရွက်ချက်များသည် ကျောက်မျက်များတူးဖော်ထုတ်ယူခဲ့သည့် ဒေသများနှင့် ဆက်စပ်မှုမရှိဘဲ ဖြစ်နေပါသည်။ ဥပမာအားဖြင့် အစိမ်းရောင်ဥဒေါင်းကျောက် (Tsavorite) များကို လေလံတင်ရောင်းချရလျှင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကင်ညာနိုင်ငံရှိ 'Tsavo' အမျိုးသားဥယျာဉ် ပတ်ပတ်လည် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် တိုက်ရိုက်ရန်ပုံငွေများ ထားရှိသင့်ပြီး ထပ်ဆင့်တန်ဖိုးနှင့်အတူ ယင်း ကျောက်မျက်များကို


Asian Fame Media Group

လျှုဒါန်းသင့်ပါသည်။ ယင်းလုပ်ရပ်ကို ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့သည့် နေရာရှိ အခြားများစွာသော ဥယျာဉ်များနှင့် ထိန်းသိမ်းကာကွယ်ထားသော သစ်တောများ အတွက် လိုအပ်သော ရန်ပုံငွေများကိုလည်း ချဲ့ထွင်သွားနိုင်ပါသည်။ ဥပမာအနေဖြင့် မိုဇမ်ဘစ်နိုင်ငံရှိ 'Niassa' အမျိုးသား သစ်တော ဥယျာဉ်နှင့် ကမ္ဘောဒီးယားနိုင်ငံရှိ 'ကာဒါမွန် တောင်တန်း (Cardamon Mountains) တို့ ဖြစ်ပါသည်။ ယင်းရန်ပုံငွေများသည် ထိခိုက်လွယ်သော အပင်နှင့်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆီသို့သာမက ထိုဒေသရှိ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သဘာဝခရီးသွားလုပ်ငန်းစီမံကိန်းများကို အထောက်အပံ့ပေးခြင်း (သို့) အတိတ်က ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့သည့်နေရာများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းတို့ကိုလည်း ကူညီဆောင်ရွက်နိုင်ပါသည်။

ယခုအခါ ကုမ္ပဏီအများစုသည် ရေရှည်တည်တံ့နိုင်သော အပြောင်းအလဲအဖြစ် တစ်ကျော့ပြန်ကျောက်မျက်ရတနာများ (ဥပမာအားဖြင့် လက်ဝတ်ရတနာများ) ရောင်းချခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများကို ပြုလုပ်နေကြပြီဖြစ်ပါသည်။ ယခင်ကတည်းကလည်း ကျောက်မျက်ရတနာတူးဖော်ခြင်းနှင့် ဆက်စပ်လျက် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချရန် လိုအပ်လျက်ရှိသဖြင့် ယခုကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ကျောက်မျက်များကို တစ်ကျော့ပြန်ကျောက်မျက်များအနေဖြင့် စဉ်းစားရခြင်းမှာ ၎င်းကျောက်မျက်များသည် ပြည်သူလူထုထံမှ ကြိုတင်ပိုင်ဆိုင်ပြီးသားဖြစ်နေပြီး တစ်ပတ်ပြန်လည်၍ လက်လီရောင်းချခြင်းကြောင့် ဖြစ်ပါသည်။ တစ်ကျော့ပြန်ကျောက်မျက်ရတနာများကို ရေရှည်တည်တံ့နိုင်မြဲမှုအတွက် အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ယင်းကုမ္ပဏီများအကြား လိုငွေပြနိုင်မှုအလားအလာ နှစ်ခုမှာ အငြင်းပွားလျက်ရှိပါသည်။ ပထမဦးစွာ အရှေ့အာဖရိကနိုင်ငံများရှိ ကျောက်မျက်များတူးဖော်ထုတ်လုပ်နေသည့် အဖွဲ့အစည်းများက လက်ရှိတူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းများကို လျှော့ချလိုက်ပါက ငွေပိုင်းရေးတိုးတက်ဖွံ့ဖြိုးနေမှု အခွင့်အလမ်းနှင့် လွဲချော်သွားနိုင်သည်ဟု ထင်မြင်ယူဆနေခြင်းဖြစ်ပါသည်။ ဒုတိယအနေဖြင့် ယင်းကျောက်မျက်များသည် တစ်ကျော့ပြန်ကျောက်မျက်များ ဖြစ်ခဲ့လျှင်တောင်မှ ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြေရာများနှင့်ပတ်သက်၍ ပြောစရာအနည်းငယ်တော့ ရှိပါသည်။ ဥပမာအားဖြင့် အတိတ်ကာလက ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုကို ဆက်စပ်နေသည်ကို ဘာမျှမသိရှိခဲ့ရပါ။ ထို့ကြောင့် ယင်းကုမ္ပဏီများအနေဖြင့် ရှေးဟောင်းကျောက်မျက်များကို ရောင်းဝယ်ခြင်းအားဖြင့် အတိတ်ကာလက သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို ထေမိစေရန် ကူညီထောက်ပံ့ပေးခြင်းသည် စဉ်ဆက်မပြတ် အငြင်းအခုန်ဖြစ်မှုကို တိုးပွားလာစေနိုင်ခြင်းမှာ အထင်အရှားပင် ဖြစ်သည်။

## ကျောက်မျက်တစ်ပွင့်ကို မည်သည့်နေရာမှ ရရှိခဲ့ပါသလဲ

စိန်နှင့်ရွှေများကဲ့သို့ မဟုတ်ဘဲ များစွာသော အရောင်ရှိကျောက်မျက်များသည် ယင်းတို့၏ ထွက်ရှိရာမူရင်းဒေသကို သိပ္ပံနည်းကျ အဆင့်မြင့် ခွဲခြမ်းစိတ်ဖြာခြင်း နည်းစနစ်များကို အသုံးပြု၍ အသုံးအဖြတ်ပေးနိုင်ပြီး ကျောက်မျက်များအတွင်း



ရှိ အမှတ်အသားများနှင့် ဓာတုဖွဲ့စည်းပုံကိုလည်း ခန့်မှန်းနိုင်ပါသည်။ တန်ဖိုးကြီးပတ္တမြားများ၊ နီလာများ၊ မြများနှင့် အခြားအမျိုးအစားကျောက်မျက်များသည် သီးခြားလွတ်လပ်သည့် ကျောက်မျက်ဓာတ်ခွဲခန်းများမှ အစီရင်ခံစာလက်မှတ်များနှင့်အတူ အစဉ်အမြဲ နီးနီးစပ်စပ် ရောင်းဝယ်လေ့ရှိကြပြီး သက်ဆိုင်ရာကျောက်မျက်တစ်ခုချင်းစီ၏ မူလထွက်ရှိရာ နိုင်ငံဒေသကိုလည်း ထင်မြင်ချက် တစ်ခုအနေဖြင့် ပေးတတ်ကြပါသည်။ ယင်းတို့အတွက် အဓိကအကြောင်းပြချက်မှာ မူရင်းထွက်ရှိရာနိုင်ငံနှင့် နယ်ပယ်ဒေသမှ ကျောက်မျက်တစ်ပွင့်၏တန်ဖိုးကို ဆုံးဖြတ်ရန်အတွက် အရေးကြီးသောအချက်နှစ်ချက် ဖြစ်ပါသည်။ (ဥပမာအားဖြင့် မြန်မာနိုင်ငံ၊ မိုးကုတ်ဒေသမှထွက်ရှိသော ပတ္တမြား) တစ်ဖန် မူရင်း ထွက်ရှိရာဒေသသည် ကျောက်မျက်တစ်ပွင့်၏တန်ဖိုးသတ်မှတ်မှုအပေါ် လွှမ်းမိုးမှုရှိပြီး အရောင်ရှိကျောက်မျက်များ၏ မူရင်းထွက်ရှိရာဒေသသတ်မှတ်မှုအတွက် လိုအပ်ချက်သည် ရွှေကဲ့သို့များစွာသော အခြားသယံဇာတရင်းမြစ်များနှင့် မတူ ကွဲပြားခြားနားပါသည်။

ပတ္တမြားတစ်ပွင့်သည် တန်ဇန်းနီးယား၊ မြန်မာ၊ မာလာဂါစီ၊ တာဂျစ်စသည်ဖြင့် ယင်းကျောက်၏ မူလထွက်ရှိရာဒေသကို သိရှိခြင်းအားဖြင့် ယင်းနိုင်ငံများရှိ ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့ရာ နေရာဒေသများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိတိကျကျရည်မှန်းလုပ်ဆောင်ရမည့် နည်းလမ်းတစ်ခုကို ဖြစ်စေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာက ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့သည့် သက်ဆိုင်ရာနိုင်ငံမှ နေရာများဆီသို့ ရည်မှန်းချက်တိတိကျကျဖြင့် ရန်ပုံငွေများကို သေချာစွာ ပြုလုပ်ပေးနိုင်မည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်မျက်၏ မူလထွက်ရှိရာနေရာဒေသကို ဆုံးဖြတ်ခြင်းသည် ကျောက်မျက်များကို ရောင်းဝယ်ဖောက်ကားရာ၌ ယင်းသတင်းအချက်အလက်များကို ရရှိထားခြင်းအားဖြင့် ရည်ရွယ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်းများအတွက် ရန်ပုံငွေတည်ထောင်ရန် အမှန်တကယ်လိုအပ်ပြီး အပိုကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါသည်။

## အနာဂတ်အတွက် ပုံစံတစ်ခု

အတိတ်ကာလက ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့မှုများကို ထည့်မတွက်ဘဲ ကျောက်မျက်ရတနာလုပ်ငန်းတွင်မှ ဘောင်နှင့်ပုံစံများ ထွက်ပေါ်လာခြင်းသည် အလွန်အရေးပါပါသည်။ အမှန်တကယ်မှာ လက်ရှိတွင် ကျောက်မျက်များ တူးဖော်ထုတ်လုပ်နေသည့် နေရာအားလုံးကို အလေးထားနေခြင်းထက် အတိတ်ကာလက တူးဖော်ထုတ်လုပ်ခဲ့ကြသည့် အခြားသော ဥစ္စာရာနိုင်နှုန်းကို လေ့လာဆန်းစစ်ခြင်းအား တန်ဖိုးထား၍ ယင်းကိုရန်ပုံငွေများ တိုးတက်ရရှိရန် အသုံးပြုနိုင်ပြီး ယင်းတို့သည် သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်းများဆီသို့ ဦးတည်သွားကာ အတိတ်ကာလက ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့မှုနှင့် ဆက်စပ်သွားပါသည်။

အတိတ်ကာလက ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့မှုနှင့် ဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေး ရန်ပုံငွေများအတွက် သက်သေအထောက်အထားများ လိုအပ်ပြီး လောလောဆယ်တွင်လည်း ကျောက်မျက်များ တူးဖော်ထုတ်လုပ်နေမှု၏ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုပုံစံဖြင့် စီမံကိန်းများကို ရည်ရွယ်လုပ်

ဆောင်သင့်ပါသည်။ အချို့သော စီမံကိန်းများအတွက် အလှူရှင်များနှင့် နိုင်ငံတော်အစိုးရများထံမှ အလှူငွေများ ရှာဖွေနေခြင်းထက် ကျောက်မျက်ရတနာကုန်သွယ်ရောင်းဝယ်မှု ကဏ္ဍမှ ပိုမိုကြီးမားသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ရန်ပုံငွေများ ရရှိနိုင်ပါသည်။ ရန်ပုံငွေကာလတွင် လတ်တလော ထုတ်လုပ်နေသည့် ၂ ရာခိုင်နှုန်းထက်နည်းသော ကျောက်မျက်များမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာတစ်သန်းရဖို့ထက် ယနေ့ဈေးကွက်ထဲတွင် ရောင်းဝယ်ဖောက်ကားနေကြသည့် ၉၈ ရာခိုင်နှုန်းသော ကျောက်မျက်အဟောင်းများမှ ရန်ပုံငွေအမေရိကန်ဒေါ်လာ တစ်သန်း



ရရှိရန်မှာ ပိုမိုလွယ်ကူရှင်းလင်းပေသည်။ ယင်းနှစ်ခုမှာ အပြန်အလှန်အားဖြင့် သီးခြားစီဖြစ်မနေသည်မှာ သိသာထင်ရှားသော်လည်း သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန်နောက်ထပ်နည်းလမ်းများနှင့် အရောင်ရှိကျောက်မျက်များ၏ လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင်သည် ဝင်ငွေရရှိရေးအတွက် အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်ပြီး ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများ ကုန်ခန်းသွားပြီးနောက် ရေရှည်အသက်မွေးဝမ်းကြောင်းအတွက် ဆက်လက်တည်တံ့ရန် လိုအပ်ပါသည်။

ခေတ်မှီပြန်မွမ်းမံချက်များနှင့်အတူ ကျောက်မျက်ရတနာလုပ်ငန်းသည် လက်လီအရောင်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံမှ ၁၅ ဘီလီယံအကြားရှိပြီး အခွန်ဘဏ္ဍာကောက်ခံမှုမှာ ၀.၁ ရာခိုင်နှုန်းရှိ၍ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀ သန်းမှ ၁၅ သန်းကြားရှိ၍ သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်းများကို မြှင့်တင်ဆောက်ရွက်နိုင်ပါသည်။ နောက်ထပ်ရွေးချယ်စရာ နည်းလမ်းတစ်ခုမှာ ပုံမှန်ကျောက်မျက်လေလံပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဒေသများအတွင်း သဘာဝပတ်ဝန်းကျင်ပြန်လည် ထူထောင်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်းများအတွက် ရန်ပုံငွေတိုးတက်ရရှိစေရန် ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် အစိမ်းရောင်ဥဒေါင်းကျောက် (Tsavorite) များကို လေလံတင်ရောင်းချနိုင်ပြီး ရရှိလာသော ရန်ပုံငွေဖြင့် 'Tsavo' အမျိုးသားဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ 'Cardamon' တောင်တန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်းများအတွက် ကမ္ဘောဒီယားနီလာကျောက်များကို ရောင်းချခြင်းတို့ ဖြစ်ပါသည်။ တကယ်တော့ များစွာသော အဖိုးတန်ကျောက်မျက်များသည် ယင်းတို့၏ မူလထွက်ရှိရာနိုင်ငံနှင့် နေရာတို့ကို သက်သေခံလက်မှတ်များတွင် ပူးတွဲဖော်ပြပေးခြင်းအားဖြင့် လက်ရှိကျောက်မျက်ရတနာလုပ်ငန်း၌ ဖြစ်နိုင်ချေရှိသော နည်းပညာပုံစံတစ်ခုအနေဖြင့် တိုက်တွန်းဖော်ပြအပ်ပါသည်။

အကယ်၍ ကျောက်မျက်ရောင်းချသောနေရာသည် ကျောက်မျက်ထွက်ရှိရာ မူရင်းနေရာအမှန်တကယ်ဖြစ်ပါက ၎င်း၏အမည်နာမကို လူမှုစီးပွားဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့်တကွ ကျင့်ဝတ်နှင့်ညီသော အကိုင်းအခက်များ ပါဝင်လာစေရန်အထိ တိုးချဲ့နိုင်ပါသည်။ အရောင်ရှိကျောက်မျက်များသည် အစဉ်အမြဲဆိုသလို



သဘာဝတရားနှင့် ရင်းရင်းနှီးနှီး ဆက်စပ်လျက်ရှိပါသည်။ အမျိုးသားဥယျာဉ်များ မကြာခဏဆိုသလို သက်ရှိကမ္ဘာ၏ ရတနာများအနေဖြင့် တွေ့မြင်နေရပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တွင်းထွက်ကမ္ဘာ၏ ကျောက်မျက်များသည် ယင်းတို့ကို အထောက်အပံ့ပေးနိုင်ရန် အသုံးပြုကောင်း အသုံးပြုနိုင်ပါလိမ့်မည်။


အရောင်ရှိ ကျောက်မျက်များလုပ်ငန်းသည် ကျောက်မျက်များ ထုတ်လုပ်သည့် နိုင်ငံပေါင်း ၅၀ ကျော်တွင် အကွဲကွဲအပြားပြား ဖြစ်နေပါသည်။ ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှုတွင် စဉ်ဆက်မပြတ်တိုးတက်စေရန် လုပ်ဆောင်နိုင်မှုမရှိသေးပါ။ သို့သော်လည်း ကျောက်မျက်လုပ်ငန်းသည် ကျောက်မျက်များကို မှာယူရာတွင် အလွန်အရေးကြီးပြီး ကျောက်မျက်များတူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ရာတွင် အလွန်တရာအရေးကြီးသည် ဆိုသည်မှာ သိသာထင်ရှား၍ အမြင်ကျယ်ရန် လိုအပ်ပါသည်။ အရောင်ရှိကျောက်မျက်အဟောင်းများ၏ ၉၈ ရာခိုင်နှုန်းကို ခြေတွက်ရန်လိုအပ်ပါသည်။ အခြားသော စက်မှုလုပ်ငန်းများနှင့် မတူဘဲ အရောင်ရှိကျောက်မျက်များသည် သူတို့၏ မူရင်းနိုင်ငံကို နောက်ကြောင်းပြန်ခြေရာကောက်ရန် ကြိုးပမ်းမှုများစွာ ပြုလုပ်နိုင်ပါသည်။ ယင်းကိစ္စသည် ရေရှည်တည်တံ့ခိုင်မြဲနိုင်မှု ပြဿနာရပ်များကို ရည်ညွှန်းသည်သာမက ကျောက်မျက်ရတနာများ ကုန်သွယ်မှု၏ကြီးမားသော အစိတ်အပိုင်းတစ်ခုနှင့် လက်လီရောင်းချခြင်း၊ ဝယ်ယူသုံးစွဲသူများအားလုံး စုပေါင်းထားသည့် အကျိုးသက်ရောက်မှုများကိုလည်း ရရှိစေနိုင်သည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။


သဘာဝအလှအပများနှင့် ကောင်းမွန်သော အထောက်အပံ့များ နှစ်ခုစလုံးကို မြှင့်တင်ပေးရန် အဖိုးတန်ကျောက်မျက်များကို ထုတ်လုပ်ရောင်းချခြင်းသည် ကျောက်မျက်များတူးဖော်ပြီး နှစ်ကာလကြာရှည်သည့်တိုင်အောင် ကျောက်မျက်တစ်ပွင့်၏ အပိုတန်ဖိုးများကို လျှုဒါန်းထောက်ပံ့ပေးခြင်းအားဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေပါသည်။ ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများ၊ သဘာဝခရီးသွားလုပ်ငန်းများ၊ မြေဆီလွှာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းစသည်တို့ကို ကျောက်မျက်များ တူးဖော်ခဲ့သည့် တွင်းဟောင်းများကို ပြန်လည်ဖို့ပေးခြင်းနှင့် လက်ရှိ လုပ်ကိုင်လျက်ရှိသော ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများကိုလည်း တိုးတက်သော အလေ့အကျင့်များနှင့် လုပ်ကိုင်မှုသာလျှင် ဒေသဆိုင်ရာလူဦးရေနှင့် စီးပွားရေးစနစ်အတွက် အကျိုးအမြတ်များ ရရှိစေမည်ဖြစ်ပါသည်။ သို့ပါ၍ ကျောက်မျက်တစ်ပွင့်၏ 'မူလအစ' (တူးဖော်ထုတ်လုပ်ခဲ့သည့် မူရင်းနေရာနှင့်နိုင်ငံ) ဟူသည့် ဝေါဟာရအား အဆင့်အတန်းသစ်တစ်ခုဆီသို့တိုင် သယ်ဆောင်သွားနိုင်စေရန် ကျောက်မျက်လောကသားအားလုံး ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။


**သိန်းဝိုင် (M.Engg.Geol)**

Ref: Laurent E. Cartier, "Conservation gemstones: Beyond fair trade.", pp 30-37, Incolor, All About Colored Gemstones, Summer 2012, Issue 20.

# ရတီစာအုပ်စင်



မိချမ်းဝေ
ငွေ့ရည်ဖွဲ့ လွမ်းမက်ခြေရာ

နှလုံးသားကို တိမ်းမူးစွဲမက်စေသော မင်းလယ်မြင်ကို အခြေပြုကာရသစာများ ရေးဖွဲ့တတ်လေ့ရှိသော စာရေးဆရာမမိချမ်းဝေ၏ ကမ်းရိုးတမ်းဝတ္ထုတိုများ စုစည်းထားခြင်းဖြစ်သည်။ ဆရာမမိချမ်းဝေကိုယ်တိုင် ရေးသားထားသောအမှာစာတွင် သူမ၏ဇာတိမြို့ဖြစ်သော်လည်း အနုပညာနှလုံးသွေးတို့ နိုးကြားခွန်သည့် စာရေးချင်စိတ် အရှိဆုံးအရွယ်တွင် ရောက်ရှိသွားခဲ့သော တနင်္သာရီတိုင်း မြိတ်မြို့မှ သန္ဓေတည်လာသော စာများဖြစ်ကြောင်း ဖော်ပြထားသည်။ မြို့ပြနှင့်ခြားနားသော ဒေသဓလေ့များ၊ ဒေသိယ စကားသံလေသံများဖြင့် စိတ်ကိုညှတ်နူးပျော်ဝင်လာအောင် ဖမ်းစားထားသည့်အမြင်နုသက်သော ရင်ခုန်ခံစားမှုများနှင့်အတူ ဘဝအရောင်အသွေးစုံညီတွင် စီးဝင်ခံစားစေနိုင်သည့်စာများ ဖြစ်သည်။ မဂ္ဂဇင်းစုံစာမျက်နှာများထက်တွင် ဖော်ပြခဲ့ပြီးသော ဝတ္ထုတို အပုဒ် ၂၀ ပါဝင်သည်။ ဤစာအုပ်ကို အနာဂတ်တာလ စာပေဆက်ဆံရေးမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။

တင်နိုင်တိုး
သမိုင်းအတွေး သမိုင်းအရေး

သမိုင်းမှတ်တမ်းများကို စုဆောင်းပြုစုရေးသားခြင်းသည် လှခေါင်၏ဝန်ကို ထည့်ဝင်သယ်ပိုးမှုတစ်ရပ်ဖြစ်သည်ဟုဆိုလျှင် ဤစာအုပ်သည် လူသားမျိုးနွယ်စုတစ်ခုသာမက တိုင်းပြည်၏ ဝန်ကိုပါ တစ်စိတ်တစ်ပိုင်း ထမ်းပိုး သယ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ ဆရာတင်နိုင်တိုးသည် ဤစာအုပ်တွင် ရှေးမြန်မာရာဇဝင်သမိုင်း၌ ထင်ရှားခဲ့သော ပျူမင်းဆက်အကြောင်း ရှူးပါး အထောက်အထားများနှင့် တင်ပြခြင်း၊ ထိုမှခေတ် အဆက်ဆက် စီးဆင်းလာကာ ပုဂံ၏ တစ်စိတ် တစ်ဒေသ၊ ကုန်းဘောင်၏ စိတ်ညှတ်နူးဖွယ်ဖြစ်ရပ်စုံများ၊ လူအများနှုတ်ဖျားတွင် ဖဏ္ဍာရီသဖွယ် ခေတ်စားခဲ့သော ရှင်မွေ့နွန်း၊ မင်းနန္ဒာဇာတ်လမ်းအထိပါ သုံးသပ်ဖော်ပြထားကြောင်း တွေ့ရသည်။ ဤစာအုပ်ကို လင်းလွန်းခင်စာပေမှ ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး တန်ဖိုးမှာ ၁၈၀၀ ကျပ် ဖြစ်သည်။

ကလောင်စုံ
ခုနှစ်လွှာဝတ်ရုံ (၂)

ခေတ်ပြိုင် ရွှေအမြုတေ ကလောင်ရှင်များ၏ ဝတ္ထုတိုများကို စုစည်းထားသည့်စာအုပ်ဖြစ်သည်။ ချမ်းထက်ဟန်၊ ညီငယ်လေး၊ ထွန်းတောက်ထွဋ်(သချာ)၊ မြေမှုန်လွင်၊ မှူးဆက်ပိုင်(ရွှေတောင်) တို့မှအစပြုကာ ငွေဇင်ယော်ဦး (မိုးကုတ်)၊ ယုယ၊ စံပယ်ဖြူနု တို့အပါအဝင် စာရေးဆရာ၊ ဆရာမ ၁၄ ဦးတို့၏ ဝတ္ထုတိုများ ပါဝင်သည်။ ဘဝစုံတွင် ကျင်လည်နေကြသော အတွေ့အကြုံများကို အတွင်းလှိုက်ဖောက်ဝင်ကာ ရေးသားထားသော စာများပါသကဲ့သို့ပင် နှလုံးသွေးတွင် တွယ်ငင်စူးနစ်ရာမှ မွေးဖွားလာသော အတွေးစိတ်လှိုင်းများလည်း ပါဝင်သည်။ ရေခြားမြေခြားတွင် ရှင်သန်ရသော မြန်မာလူငယ်တစ်ဦး၏ ရင်တွင်းခံစားချက်၊ အငြိမ်းစားကျလူ့အရွယ်များ၏ ဘဝဖြတ်သန်းရာ အတွေ့အကြုံ၊ အောက်ခြေအလွှာမှာ ကျင်လည်ရှင်သန်ရသော လူ့သဘာဝများကို စုံလင်စွာ ဖတ်ရှုခံစားကြရမည်ဖြစ်သည်။ လင်းလွန်းခင်စာပေမှ ထုတ်ဝေပြီး စာအုပ်တန်ဖိုး မှာ ၂၀၀၀ ကျပ်ဖြစ်သည်။

Asian Farm Media Group

## Gold Roast ကော်ဖီမစ်၏ ကံထူးရှင်ရွေးချယ်ပွဲ



Myanmar Distribution Group Co.,Ltd မှ ထုတ်လုပ်ဖြန့်ချိမည့် Gold Roast ကော်ဖီမစ်၏ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားကို မေလ ၃ ရက် ညနေက Park Royal Hotel တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် Super Model အဖွဲ့နှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်ပါဝင်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

ကံထူးရှင်များကို ရွေးချယ်ရာ၌ Lucky Money Draw ကံထူးရှင်များကို ကွန်ပျူတာစနစ်သုံး ၍ ရွေးချယ်ပေးကာ SIP (Special Incentive Program) ဆုရ ကုန်သည် ၁၀ ဦးအား ဆုချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

## ကိုရီးယားစတိုင် Lotteria Quick & Service Restaurant ဖွင့်လှစ်



အစားကောင်း ကြိုက်နှစ်သက်သူများအတွက် အာရှနံပါတ် (၁) ကိုရီးယား စားသောက်ဆိုင်ဖြစ်သော Lotteria Restaurant ကို ဧပြီ ၂၇ ရက်၊ နံနက် ၁၀ နာရီက ဆိုင်တည်ရှိရာ Junction Square တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အဆိုတော် မေဆွိ၊ အကယ်ဒမီ အိန္ဒြာကျော်ဇင် နှင့် ကောင်းမြတ်၊ စိုင်းစိုင်းခမ်းလှိုင်တို့ တက်ရောက်ခဲ့ကြသည်။ Lotteria Restaurant သည် အာရှနှင့် တခြားနိုင်ငံများတွင် အောင်မြင်မှုရရှိနေသော Asia No (1) Quick Service Restaurant ဖြစ်ကြောင်း သိရသည်။ Lotteria Restaurant တွင် Burger မျိုးစုံ စုံလင်စွာ ရရှိမည်ဖြစ်ပြီး ပိတ်ရက်မရှိ ဖွင့်လှစ်ထား သောကြောင့် စားသုံးသူများ အဆင်ပြေမှု ရရှိနိုင်မည် ဖြစ်သည်။

## ချက်ထရီယမ်ဟိုတယ် ၅ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား



ချက်ထရီယမ်ဟိုတယ် ရှိုင်ရယ်လိတ် ရန်ကုန် ၏ ၅ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဧပြီလ ၂၆ ရက်၊ ညနေ ၆ နာရီခွဲမှ ည ၉ နာရီအထိ ချက်ထရီယမ်ဟိုတယ်၊ ရေကူးကန်ဘေးတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် Chatrium Hotel & Residences ၏ မန်နေဂျင်းဒါရိုက်တာ Mrs. Savitri Ramparupa က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Pisanu Suvanajata က ဝမ်းမြောက် မင်္ဂလာစကား ပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ဧည့်ခံခြင်း၊ Chatrium Hotel Royal Lake Yangon ၏ A Remarkable Journey စတင်ဖြစ် တည်လာသည့် အချိန်မှစ၍ ယနေ့အထိ အမှတ်တရ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုများကို ပရိုဂျက်တာဖြင့် ပြသခဲ့သည်။

## မြန်မာနိုင်ငံဆရာဝန်အသင်း၏ ၁၀ နှစ်ပြည့်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီလ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်ကလေးဆေးရုံကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ လူငယ် ၂၅ ဦးတို့က ကလေး ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော သွေး အမျိုးအစားနှင့် အရေးပေါ် သွေးလိုအပ်မှု ပြဿနာများအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ကာ



လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ လူငယ်ဖွံ့ဖြိုးမှုအစဉ် ၁၀ နှစ်ပြည့်ခြင်း အထိမ်းအမှတ်အဖြစ် အဆိုပါ လူငယ်အဖွဲ့သည် နှစ်ဆန်း တစ်ရက်နေ့က ဆည်းဆာရိပ် ဘိုးဘွားရိပ်သာ နှင့် HHHP (HIV ကူးစပ်ခံ မိဘမဲ့ ကလေးများဂေဟာ) တို့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းနှင့် နှစ်ဆန်း ၂ ရက်နေ့တွင် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆီမီး ၁၅၀၀ လှူဒါန်း ပူဇော်ခြင်းများလည်း ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

Asian Fame Media Group



# Q&A ၏ မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ

မမရတီ

ညီမလေးက ၂၀၀၅ ခုနှစ်ကတည်းက ရတီကို တစိုက်မတ်မတ် ဖတ်လာတဲ့ ပရိသတ်တစ်ယောက်ပါ။ တစ်ခါမှလည်း အခုလို စာ မရေးခဲ့ဖူးပါဘူး။ အခုတော့ သိချင်တာလေး (ပြောရရင် သူငယ်ချင်းနဲ့ ငြင်းခုံနေတာ) ရှိလာလို့ပါ။သရုပ်ဆောင် ဝတ်မှုန်ရွှေရည်နဲ့ သရုပ်ဆောင်ဖွေးဖွေးက ဖအေတူ၊ မအေကွဲ ညီအစ်မလို့ ညီမလေး သူငယ်ချင်းက ပြောပါတယ်။ ညီမလေးကတော့ ညီအစ်မ တစ်ဝမ်းကွဲလို့ သိထားလို့ပါ။ အဲဒါမမရတီ အမှန်ကို ဖြေပေးပါနော်။ ရတီမဂ္ဂဇင်းအမြဲတမ်းတိုးတက်အောင်မြင်ပါစေ။
ငုဝါခင်၊ အမှတ် ၃၃၊ ဗိုလ်ဗထူးလမ်း၊ ၃ ရပ်ကွက်၊ ဘိုကလေးမြို့။

**ညီမလေးငုဝါခင်က ရတီပရိသတ်ဆိုတာသိရလို့ ကျေနပ်ပါတယ်။ ဝတ်မှုန်ရွှေရည်နဲ့ ဖွေးဖွေးတို့နှစ်ယောက်က တစ်ဝမ်းကွဲ ညီအစ်မတွေဆိုတာ မှန်ပါတယ်။ အဖေညီအစ်ကိုအရင်းက မွေးထားကြတာလို့ သိရပါတယ်။ ကဲ ညီမလေးငုဝါခင် ရဲ့ သူငယ်ချင်းကို မမရတီရဲ့ အဖြေလေးပြလိုက်ပေါ့ကွယ်။**

သို့ မမရတီ မင်္ဂလာပါ

စန္ဒာက ကုမ္ပဏီဝန်ထမ်းတစ်ယောက်ပါမမရတီ။ ရတီမှာပါတဲ့ beyond the women ကဏ္ဍနဲ့ သူတို့ပြောတဲ့လိုအခန်းမျိုးတွေကို မှန်မှန်ဖတ်ပါတယ်။ မှတ်သားစရာတွေနဲ့ အတုယူစရာတွေပါတဲ့ ကဏ္ဍတွေဖြစ်လို့ ကြိုက်ပါတယ်။ တွေးစရာတွေလည်း အများကြီး ရပါတယ်။ ဘယ်လုပ်ငန်းမျိုးမှာမဆို အုပ်ချုပ်တဲ့နေရာမှာ နေကြရတဲ့သူတွေဟာ အမြဲတမ်းကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နေဖို့ လိုတာပေါ့နော်။ တစ်ခါတလေမှာ စန္ဒာတို့လို ဝန်ထမ်းလောကမှာ လွဲချော်နေတာတွေရှိတတ်ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ လက်တွေ့ပြဿနာ ကွာခြားတာတွေကို မြင်နေရပါရက်နဲ့ ဘာမှမတတ်နိုင်တာတွေ တစ်ပုံကြီးပါ။ စည်းကမ်းဥပဒေနဲ့ လုပ်ငန်းမြန်ဆန်ပြီးမြောက်ရေးမှာ ဘယ်ဟာက ပိုအရေးကြီးတယ်လို့ မမရတီထင်လဲဟင်၊ အထူးသဖြင့် အုပ်ချုပ်တဲ့နေရာမှာ နေရသူတွေဟာ စာများများဖတ်ပြီး တွေးတောဆင်ခြင်တတ်ဖို့ လိုတာပေါ့နော်။ မမရတီလည်း စိတ်ချမ်း သာ စရာတွေ ပိုင်ဆိုင်ပါစေ။

စန္ဒာလှိုင်ထွန်း ၊အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်။

**ညီမလေး စန္ဒာရေ**

**ရတီရဲ့ အထူးကဏ္ဍတွေကို ပုံမှန်အားပေးနေတယ်ဆိုလို့ ပိုင်းတော်သားတွေက ဝမ်းသာနေပါတယ်။ တစ်ခါတလေမှာလည်း စန္ဒာပြောသလို သီအိုရီနဲ့ လက်တွေ့ကွာခြားချက်တွေများ ရှိတတ်ပါတယ်။ အထူးသဖြင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းတွေဟာ ပိုလို့မလူးသာမလွန့်သာရှိတတ်မှာပါ စန္ဒာရေ။ နယ်ပယ်စုံမှာ ရှုန်းကန်လှုပ်ရှားနေကြရသူတိုင်းဟာ စာပေနဲ့ မကွင်းကွာသင့်တာတော့အမှန်ပါပဲ။ စာပေကသာ ဘဝနဲ့ယှဉ်တဲ့ အသိဉာဏ်နဲ့ လူသားပီသတဲ့ ဆင်ခြင်တုံတရားတွေကို ပေးနိုင်တဲ့ အရာပါ။**



AsianFame Media Group

မင်္ဂလာပါ မမရတီ

ရတီဝိုင်းတော်သားတွေရှိသမျှအကုန်လုံး အဆင်ပြေ၊ ကျန်းမာ၊ ပျော်ရွှင်၊ သုခအဖြာဖြာနဲ့ ပြည့်စုံပါစေ။ မမရေ မတွေ့တာကြာပြီနော်။ သတိရပေမယ့် ဘဝအတွက် စစ်တိုက်နေရတယ် မမရယ်။ ဘဝဆိုတာ ပြီးပြည့်စုံမှုတွေရှိမှ သုခဆိုတာ ရှိလာမှာပေါ့နော်။ အခုတော့ မမရယ်. . ထွေရာလေးပါး ပိုးတဝါးနဲ့ ချာချာလည်ရင်း နောက်ဆုံးတော့ နေဝင်ချိန် ရောက်တော့မယ်။ စိတ်ပျက်တယ်မမရယ်။ ဒါနဲ့ ရတီမှာ ကိုခန့်တစ်ယောက် မတွေ့တာကြာပေါ့နော်။ ကိုစိုင်းစိုင်းလည်း ဘယ်ပျောက်နေပါလိမ့် မမရတီ။

ရတီရဲ့အမာခံပရိသတ် ပူတူတူးလေး၊ ရွှေကျင်မြို့။

**ညည်းချင်းတွေက ကြားရတာ ကူပြီးမောစရာပါလား ပူတူတူးလေးရယ်။ ကိုခန့်ကို ရတီစာမျက်နှာထက်မှာ တွေ့ရဖို့ ကြိုးစားပေးပါမယ်။ စိုင်းစိုင်းကတော့ ဧပြီလကမှ မွေးနေ့ဖျော်ဖြေပွဲ လုပ်ထားပါသေးတယ် ပူတူတူးလေးရေ မပျောက်ပါဘူး။ ရတီဝိုင်းတော်သားတွေအတွက်ဆုတောင်းပေးလို့လည်း ကျေးဇူးတင်ပါတယ်နော်။**

မမရတီ

ကျွန်တော်က စာဖတ်ဝါသနာပါလို့ ထွက်သမျှမဂ္ဂဇင်း၊ ဂျာနယ်တွေ ဖတ်ဖြစ်ပါတယ်။ အခုဆိုရင် နေ့စဉ်ထုတ်သတင်းစာတွေပါ ဖတ်ဖြစ်နေပါတယ်။ အခုလိုစာရေးတာက မဂ္ဂဇင်းနဲ့တော့ မဆိုင်ပေမယ့် ရင်ဖွင့်လို့ရတဲ့ကဏ္ဍတစ်ခုဖြစ်လို့ ရင်ဖွင့်တာပါ။

ဂျာနယ်တွေ၊ သတင်းစာတွေမှာ မိန်းကလေးငယ်ငယ်လေးတွေ စော်ကားခံရတဲ့သတင်းတွေ တော်တော်များများ ဖတ်လာရပါတယ်။ အဲဒါတွေဟာ တော်တော်စိတ်ပျက်စရာကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ မိန်းကလေးရဲ့ မိဘမောင်နှမ၊ မိသားစုတွေအားလုံး တော်တော်ရင်နာပါတယ်။ ဒါကြောင့် အခင်းဖြစ်တာကို ဖော်ပြတာကို ချင့်ချိန်ကြရင် ကောင်းမယ်ဗျာ။ ပွင့်လင်းမြင်သာမှုရှိလာလို့ သတင်းအမှန်တွေ ဖော်ပြသတိပေးတာ မှန်ပေမယ့် (၅) နှစ်၊ (၆)နှစ်အရွယ်ကလေးတွေ အနိုင်ကျင့်ခံရတာကို ရေးသားတာတွေများလာရင် လူတိုင်းက စိုးရိမ်ပူပန်စိတ်များလာမယ်ထင်လို့ပါ။ တစ်ဖက်ကလည်း(တာဝန်ရှိသူတွေအနေနဲ့) ထိထိရောက်ရောက် နှိမ်နင်းအရေးယူပေးနေတာမှန်ရင် ကောင်းပါတယ်။ ဂျာနယ်မှာ ခဏခဏပါလာလို့ ဘာမှ မထူးဆန်းတဲ့အဖြစ်အပျက်လိုမျိုး ဖြစ်သွားမှာစိုးလို့ပါ။

မောင်စိုး၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

**မောင်စိုးရဲ့ ထင်မြင်ယူဆချက်က လက်ခံစရာပါပဲ။ တနယ်ဇင်းကျင့်ဝတ်မှာ ထိခိုက်နစ်နာသူရဲ့ ဂုဏ်သိက္ခာကို ရှမ်းပါးမယ့် ဖော်ပြမှုတွေမပြုလုပ်ရတာ ကျင့်ဝတ်ရှိပါတယ်။ ဒါပေမဲ့ မှုခင်းတွေချည်းပဲ သီးသန့်ဖော်ပြတဲ့ ဂျာနယ်တောင်ရှိသေးတာဆိုတော့ ဆင်ခြင်သတိထားစရာအဖြစ် ဖော်ပြကြတာပေါ့ကွယ်။ မမရတီတို့ ငယ်ငယ်က ဒါမျိုးတွေဟာ ကြားရရှားပါးတဲ့ ကိစ္စတွေပါပဲ။ ဒီတော့ ခုလိုအခါမှာ ရင်နာစရာ၊ စိတ်မကောင်းစရာအဖြစ် မြင်တွေ့နေရတာပေါ့။ မိန်းကလေးရှင်တွေဘက်က ကိုယ်ချင်းစာပေးတဲ့ မောင်စိုးကို ကျေးဇူးတင်ကြမှာပါ။ ကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူပေးရင် ဒီလိုဖြစ်ရပ်မျိုးတွေ နည်းပါးသွားဖို့ မမရတီတို့လည်း မျှော်လင့်ပါတယ်။**


မမရတီရေ

ကျွန်မတို့ဈေးထဲမှာ နေ့တိုင်းလိုလိုပြောင်းနေကြတာ နိုင်ငံရေးအခြေအနေ ပြောင်းလဲတယ် မပြောင်းလဲဘူးဆိုတဲ့ ကိစ္စပါပဲ၊ ဂျာနယ်တွေထဲမှာ ပါပါနေတဲ့ ပွင့်လင်းမြင်သာတဲ့အခြေအနေ၊ မီဒီယာလွတ်လပ်ခွင့်တွေဟာ တကယ်ပဲ ပြောသလိုအခြေအနေ ရောက်ပြီလား။ ဒါဆို ကျွန်မတို့တွေအတွက် ဘာတွေ ထူးခြားပြောင်းလဲလာမှာလဲလို့ သိချင်တာ တကယ်ပါပဲ။ ကျွန်မတို့ နေ့တိုင်းဝယ်နေရတဲ့ဈေးတွေကလည်း ဘာမှထူးခြားမှုမရှိဘူး။ လိုင်းကားစီးရတဲ့အခါမှာလည်း ဘာမှပြောင်းလဲမှုမရှိဘူးလို့ ခံစားရတော့ နှစ်စုစုဝငြင်းနေရတာ ပေါ်ပြူလာပါပဲ။ မမရတီရော ဘယ်လိုမြင်လဲဟင်။

ဝါဝါ၊ ယုဇနပဉ္စာ၊

ဝါဝါရေ


**ညီမလေး ပြောတဲ့ ပြောင်းလဲပြီ၊ မပြောင်းလဲဘူးဆိုတဲ့ကိစ္စဟာ စဉ်းစားစရာပါပဲ။ တချို့နိုင်ငံရေးလှုပ်ရှားသူတချို့ကတော့ နိုင်ငံရေးအပြောင်းအလဲဆိုတာ ဝုန်းခနဲ ချက်ချင်းကြီး ပြောင်းလဲတာမျိုး မဟုတ်ပါဘူးတဲ့။ ဘယ်လိုအပြောင်းအလဲမဆို ဖြည်းဖြည်းချင်း ပြောင်းလဲမှုဖြစ်ပေါ်လာတာပါတဲ့ ဝါဝါရေ။ ပြောင်းလဲမှုဆိုတာကတော့ တကယ်ပဲ ရှိတယ်ဆိုတာကို ယုံကြည်ထားပါလို့ ဆိုလာပါတယ်။ မမရတီကတော့ နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုမှာ နိုင်ငံသားတိုင်း ကိုယ်တိုင် ပါဝင်ကြရမယ်လို့လည်း ထင်မိပါတယ်။ ပြည်တွင်းက သာမန် လူတန်းစားတွေအတွက် ပြောင်းလဲမှုက မသိသာပေမယ့် နိုင်ငံခြားက လာရင်းနှီးမြှုပ်နှံတဲ့သူတွေအတွက်တော့ ပြောင်းလဲမှုက သိသာတယ်လို့ ပြောကြပါတယ်။ ဒီတော့ ဖြည်းဖြည်းချင်း စောင့်ကြည့်တာကိုသာ အကောင်းဆုံး အဖြစ် အကြံပေးလိုက်ပါရစေ။**





■ ဝတ္ထုတိုရသ ■

Asian Fame Media Group



ကျွန်တော် အလုပ်က ပြန်လာတိုင်း နေ့စဉ်ဆိုသလို ကျွန်တော်တို့ နေထိုင်တဲ့ သရဖီလမ်းသွယ်လေးမှာ မုန့်ပဲသရေစာမျိုးစုံနဲ့ ဆေးလိပ်မျိုးစုံ ရောင်းချတဲ့ ပိုးဥရဲ့ဆိုင်မှာ သားနဲ့သမီးအတွက် မုန့်ထုပ်လေးတွေဝယ်ရင်း၊ ထမင်းစားပြီးသောက်ဖို့ စီးကရက် တစ်လိပ်ပါ ဝယ်နေကျဖြစ်လို့ ခပ်ဝေးဝေးကနေ ပိုးဥတို့ဆိုင်လေးကို လှမ်းကြည့်လိုက်တော့ ခနော်ခနဲ့ ဖြစ်သလို ဆောက်ထားတဲ့ဆိုင်လေးဟာ ကျွန်တော့်မြင်ကွင်းထဲကနေ ပျောက်ချင်းမလှ ပျောက်ကွယ်နေတယ်။ ပိုးဥတို့အိမ်ရှေ့ရောက်တော့ အစအနတောင် မမြင်ရတော့ဘဲ ဆိုင်လေးက တကယ့်ကိုပျောက်ကွယ်သွားလေပြီ။ အိမ်ထဲကို စူးစမ်းကြည့်သော်လည်း ပိုးဥရဲ့ အရိပ်အယောင်ဆိုလို့ မတွေ့ရတော့၊ အားများဖြစ်ပါလိမ့်လို့တွေးပူရင်း မသန်းရင်ရဲ့ဆိုင်မှာ ဈေးဝယ်ရင်းနဲ့တျမှ စုံစမ်းတော့မယ်လို့ စဉ်းစားမိတယ်။

တကယ်တော့ ပိုးဥတို့ဆိုင်မှာ ဈေးဝယ်ရခြင်းက ပိုးဥကို သနားလို့ တမင်သက်သက် အားပေးခြင်းဖြစ်သည်။

Asian Fame Media Group
af MEDIA GROUP

ပိုးဥဆိုတဲ့ကောင်မလေးဟာ အသက်နှစ်ဆယ်စွန်းစွန်းဖြစ်ပေမယ့် ဉာဏ်ရည်မပြည့်ရှာဘူး၊ စကားပြောရင်လည်း ထစ်အနေသလို စကားတစ်လုံးထွက်လာဖို့ ခက်ခက်ခဲခဲ အားယူရပါတယ်။ ငယ်ငယ်က ပိုလီယိုရောဂါခံစားရပြီး ခေါင်းလေးကလည်း မသိမသာစောင်းနေတဲ့ အပြင် ခြေတစ်ဖက်ကလည်း ဆာနေသေးတယ်။ ဒီကလေးက ကျွန်တော်တို့ မျက်စိရှေ့တင် ကြီးပြင်းလာသူလေးပါ။

ငယ်ငယ်တုန်းက သူ့အမေ ဒေါ်ခင်မြင့်ကိုယ်တိုင် အနီးမှာ ရှိတဲ့ မူလတန်းကျောင်းကို ချိုပိုးပြီး ပို့ပါသေးတယ်။ နှစ်နှစ်လောက်ပဲ တက်ရတယ်၊ အဆင်မပြေမှုတွေများလို့ ကျောင်းနုတ်ခဲ့ရတယ်။ ကျွန်တော်တို့သိသလောက် ဒေါ်ခင်မြင့် အသက်လေးဆယ်လေးနှစ်ကျမှ ပိုးဥကိုမွေးတယ်၊ နွားအိုမ နောက်ကျသားလို့ ဆိုရမှာပါ။ ပိုးဥကိုမွေးတော့ အစ်ကိုအစ်မ(၇)ယောက် မွေးပြီးနေပြီ၊ အကြီးဆုံး ခင်သီတာတောင် ဘွဲ့ရပြီးလို့ အလုပ်ဝင်နေပြီ။ ဒီတော့ မအေကြီးကို ကြီးကောင်ကြီးမားကျမှ ကလေးမွေးတယ်ဆိုပြီး ရှက်ကြလို့။ နောက်ဆုံးမှ လူလောကထဲ မရဲတရဲတိုးဝင်လာပြီး အသက်ရှူခွင့်ရတဲ့ ပိုးဥကို မုန်းကြတယ်။ ပိုးဥကိုချစ်သူများကတော့ မိဘနှစ်ပါးနဲ့ ပိုးဥထက် အသက် (၇) နှစ်ကြီးတဲ့ ကျော်အောင်မိုးဆိုတဲ့ အစ်ကိုက ပိုးဥလေးကိုထိန်းရတော့ ချစ်ရှာတယ်၊ ကျန်အစ်ကို၊ အစ်မများကတော့ ချိုပိုးဖို့ဝေးလို့၊ ငိုရင်လည်း ငိုပြန်ပြီ၊ ဆော့ရင်လည်း ဆော့ပြန်ပြီလို့ မြည်တွန်တောက်တီးတတ်သူများပါ။

ကံကောင်းခြင်းတွေနဲ့ ဝေးကွာခဲ့တဲ့ပိုးဥဟာ အသက်ဆယ်နှစ်အရွယ်မှာ ဖခင်ကြီးက ဆုံးပါးသွားပြန်တယ်။ ပိုးဥရဲ့ အစ်မအကြီးဆုံး ခင်သီတာက အိမ်ထောင်ကျပြီး ကလေးမွေးတော့ ပိုးဥက ကျောင်းလည်းမနေတော့တဲ့အတွက် ကလေးထိန်းရတယ်။ မသန်မစွမ်းနဲ့ဆိုတော့ အစ်မကြီးရဲ့ အရိုက်အနှက်လည်း မကြာခဏခံရတယ်။ နောက်ဆုံးကလေးမထိန်းရတဲ့အချိန်မှာ ပိုးဥက ရပ်ကွက်ထဲလျှောက်လည်တော့တာပဲ။ ကျန်းမာရေးချို့ယွင်းတဲ့ ကလေးမို့ တစ်ရပ်ကွက်လုံးက ပိုးဥကို သနားချစ်နဲ့ချစ်ကြတယ်။

လူဖြစ်ပေမယ့် လူစဉ်မမီရှာတဲ့ ပိုးဥလေးဟာ အခြားကလေးတွေကစားရင် ဝင်မကစားနိုင်ဘဲ ဘေးက ငေးကြည့်နေရှာတဲ့ မြင်ကွင်းဟာ အလွန်သနားစရာကောင်းလှတယ်။ ကျွန်တော့်သားနဲ့သမီး ကစားပြီးရင် ပိုးဥကို အိမ်ခေါ်လာလေ့ရှိတဲ့ အတွက် ပိုးဥကို ဇနီးသည်က သစ်သီးများနဲ့အတူ ထမင်းကျွေးလေ့ ရှိတယ်။ အလားတူပဲ ခေါင်းရင်းအိမ်က အဘိုးကြီး ဒေါ်သိန်းတို့ညီအစ်မ နှစ်ဦးကလည်း ပိုးဥအမေ ဒေါ်ခင်မြင့်နဲ့ သူငယ်ချင်းဖြစ်နေတာကြောင့် မုန့်ဖိုးပေးတတ်၊ ထမင်းကျွေးတတ်သလို ပိုးဥရဲ့နားခိုရာလေး ဖြစ်ခဲ့တယ်။

ပိုးဥရဲ့အစ်ကိုတွေ၊ အစ်မတွေက ပညာတတ်တွေဖြစ်တော့ ရပ်ကွက်ထဲကလူအများနဲ့ ရောရောနှောနှော မနေကြဘူး၊ အနံကြီးကွင်းကျယ်တွေပေါ့လေ။ ပိုးဥတစ်ယောက်သာ ရပ်ကွက်ထဲက အိမ်ပေါင်းစုံရောက်ဖူးတယ်။ အရွယ်လေးရလာတော့ ပိုးဥအမေက သူတို့အိမ်ရှေ့မှာ ဆိုင်လေးဆောက်ပြီး ဈေးရောင်းနိုင်းမှ ခြေကုပ်မိသွားတယ်။ ဒါတောင် ဆိုင်ပိတ်ရင် ကျွန်တော်တို့အိမ်ဘက် လာလေ့ရှိတယ်။ ဒါကြောင့်လည်း ပိုးဥကို သနားလို့ ဝယ်ယူအားပေးကြတော့ သူ့ဆိုင်လေးဟာ သူ့ဝမ်းတစ်ထွာအတွက် စားဖို့သောက်ဖို့ရနေတာပေါ့။

ဟော. . . ခုတော့ ပိုးဥဆိုင်ပိတ်လိုက်ပြီ၊ ဘာကြောင့် များလည်းလို့ စဉ်းစားရင်း မသန်းရင်တို့ဆိုင်ထဲကို ဝင်လိုက်တယ်။

"ဟော. . . ကိုဇော်ဝင်း၊ ပိုးဥဆိုင်ပိတ်လိုက်လို့ ကျွန်မဆိုင်ရောက်လာပြီလား"

"အေးဗျာ. . . ပိုးဥဆိုင်က ဘယ်လို ဖြစ်သွားတာလဲ၊ မနက်တုန်းသွားရင်းတောင် ကြည့်သွားသေးတယ်၊ ဆိုင်တော့ မဖွင့်သေးဘူး"

"ဒီလို ကိုဇော်ဝင်းရေ. . . ပိုးဥတို့ အိမ်နံရံကို ရောင်းလိုက်ပြီလေ၊ ဒါကြောင့် ဆိုင်လည်း ဖျက်လိုက်တာနေမှာပေါ့"

"ဗျာ"

ကျွန်တော့်ရင်ထဲမှာ အမျိုးအမည်မသိသော ဝေဒနာတစ်ခု ဝင်ရောက်တိုးဝင်လာတော့တယ်။ အိမ်ရောင်းလိုက်ပြီဆိုတော့ ပိုးဥတစ်ယောက် ဘယ်သောင်ဘယ်ကမ်းဆိုက်လေမလဲလို့ စဉ်းစားမိတော့ ပိုးဥအတွက် စိတ်မကောင်းဖြစ်ရတယ်။ မောင်နှမအားလုံးထဲမှာ မျိုးစေ့မအောင်မြင်လို့ ညှပ်ကျန်ရှင်သန်တဲ့ အပင်ပေါက်စလေးဖြစ်နေလေတော့ အနာဂတ်ကို ဘယ်လိုနည်းနဲ့ ပုံဖော်မလဲလို့ စဉ်းစားမိတယ်။

" ပိုးဥအတွက် စိတ်မကောင်းလိုက်တာမသန်းရင်ရယ်၊ ပိုးဥကို လိုလားချစ်ခင်သူဆိုလို့ ရပ်ကွက်ထဲကလူနဲ့ သူ့အမေသာရှိတော့ . . ."

"သွေးသားပဲ ကိုဇော်ဝင်းရယ်၊ ပိုးဥကို ပစ်ထားကြမှာတော့ မဟုတ်ပါဘူး၊ သူများအတွက်မပူနဲ့ . . . . ကိုယ့်အတွက်ပဲ ပူပါတော့ရှင်"

မသန်းရင်နဲ့စကားပြော ဈေးဝယ်ပြီး အိမ်ပြန်လာတော့ ကျွန်တော့် အိမ်ခေါင်းရင်းက ဒေါ်ကြီး ဒေါ်မြသိန်းအိမ်မှာ ကွက်ကြည့်ကွက်ကြည့်

ကွက်ကြည့်ကွက်ကြည့်လုပ်နေကြလို့
ကျွန်တော်အိမ်ထဲကိုဝင်ကြည့်လိုက်ရင်ပဲ
ပိုးဥငိုနေတာတွေ့ရတဲ့အတွက်
ကျွန်တော်လည်း အခြေအနေသိချင်တာနဲ့ . . .

လုပ်နေကြလို့ ကျွန်တော်အိမ်ထဲကို ဝင်ကြည့်လိုက်ရင်ပဲ ပိုးဥ ငိုနေတာ တွေ့ရတဲ့အတွက် ကျွန်တော်လည်း အခြေအနေသိချင်တာနဲ့ အိမ်ထဲဝင်လိုက်တယ်။

"ဟဲ့ . . ပိုးဥ ဘယ်လိုဖြစ်တာလဲဟာ၊ ဘာလို့ ငိုနေတာလဲ၊ ဦးလေးကို ပြောစမ်း"

ပိုးဥက ဘာမှပြန်မပြောနိုင်ရှာဘဲ ရှိုက်ကာရှိုက်ကာငိုနေတော့တယ်။

"ဒီလို မောင်ဇော်ဝင်းရေ၊ မခင်မြင့်တို့က အိမ်ရောင်းပြီးပြီ၊ တစ်ပတ်အတွင်း ဖယ်ပေးရမယ်လေ၊ ဒါကြောင့် ပိုးဥဆိုင်လေး ဖျက်လိုက်တာ၊ ဒီည ရပ်ကွက်ရုံးမှာ နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ကြမယ်လေ၊ အိမ်မှာ အတူနေသူဆိုလို့ သူ့အထက် ကျော်အောင်မိုးတို့ လင်မယားနဲ့ သူ့အမေပဲရှိတော့



ပိုးဥကို ဘယ်သူက ခေါ်ထားမလဲ မသိဘူး၊ မခင်မြင့်ကလည်း မကျန်းမာတော့ သားသမီးတွေက မအေမသေခင် အမွေလိုချင်ကြပြီလေ၊ ဒီည နင်သိရမှာပါ"

"ဟင့် . . . ပိုး . . . ပိုး . . . ပိုးပိုး မ . မလိုက်ဘူး ဒီ . ဒီမှာပဲ နေ . နေတော့မယ်၊ ဘယ်သူမှ လက် . လက်မခံရင်ရပ် . ရပ်ကွက်ရုံးဘေး . ဘေးက . . . ဈေး . . ဈေးဆိုင်မှာ အိပ် . . . အိပ်မယ်၊ ပိုး . . ပိုးပိုး လိုက်သွားရင် . . . သူ . . သူတို့ . . ရိုက် . . . ရိုက်ကြလိမ့်မယ် . . ."

ပိုးပိုးအကြောင်း ကြားရတော့ ကျွန်တော်စိတ်ထိခိုက်ရသလို ပိုးပိုးကို ချစ်ခင်ရင်းနှီးသူ လမ်းသူလမ်းသားများကလည်း စိတ်မကောင်းဖြစ်ရတယ်။

♦

ညဘက်ကျတော့ ကျွန်တော် ရပ်ကွက်ရုံးရောက်သွားချိန် ငွေချေပြီးလို့ အိမ်အရောင်းအဝယ်စာချုပ်ချုပ်ပြီး နေပြီ။ ဝယ်သူတွေပြန်သွားကြတော့ အိမ်ရောင်းရတဲ့ငွေတွေကို မိခင်ဒေါ်ခင်မြင့် အပါအဝင် သားသမီး ရှစ်ယောက်ကို အချိုးကျခွဲဝေပေးဖို့ သားသမီးများက တောင်းဆိုသလို ကျော်အောင်မိုး တစ်ယောက်ကလွဲရင် ပိုးဥက စိတ်ထားမမှန်လို့လျှော့ပေးရင် ကောင်းမယ်ဆိုပြီး ပြောကြတယ်၊ လူမမာတစ်ပိုင်းဖြစ်နေတဲ့ ဒေါ်ခင်မြင့်က ဘာမှဝင်မပြော၊ ရပ်ကွက်လူကြီး ဦးအောင်တင်ကပဲ အကျိုးအကြောင်းပြောပြီး ဖျန်ဖြေပေးတယ်။

"ဒီလိုတော့ မဖြစ်နိုင်ဘူးလေ . . . .၊ သူလည်း မိသားစုစာရင်းဝင် သမီးတစ်ယောက်ပဲ၊ အိမ်ရောင်းရငွေ သိန်း (၂၇၀) ဆိုတော့ သူ့ဝေစု သိန်း(၃၀) တော့ ရရမှာပေါ့"

"ဒါဆိုရင် ကျွန်မဝေစုရယ်၊ အမေ့ဝေစုရယ်၊ ပိုးဥဝေစုရယ်၊ ပေါင်း သိန်း(၉၀)ကို ကျွန်မ သိမ်းထားမယ်၊ ပိုးဥနဲ့အမေက ကျွန်မနဲ့ လိုက်နေပေါ့"

အကြီးဆုံးသမီး ခင်သီတာက ပြောတော့ ကျန်အစ်ကို၊ အစ်မများကလည်း ပိုးဥကို သူလေးရတဲ့ဝေစုနဲ့အတူတူ သူခေါ်မယ်၊ ငါခေါ်မယ် ဖြစ်ကြပါလေရော။ သည်တော့က ပိုးဥက ခေါင်းတစ်ခါခါ လည်တစ်ခါခါနဲ့ . . . .။

"မ . . . မလိုက်ဘူး၊ ဘယ် ဘယ်သူ့ဆီမှ မ . . မနေဘူး၊ ဒီ . . ဒီရပ်ကွက်ထဲမှာပဲ နေ . . နေမယ်၊ အိမ် အိမ်ငှားနေ . . နေမယ်၊ ပိုး . . ပိုးပိုး ပိုက်ပိုက်ဆံကိုလည်း ဘယ် . . ဘယ် သူ့မှ မ . . မပေးနိုင်ဘူး၊ အမေနဲ့ပိုး . ပိုးပိုးတို့ ဒီ . . ဒီရပ်ကွက်ထဲမှာပဲ နေ . . နေမယ်နော်"

ပိုးပိုးက မိခင်ဘက်သို့ လှည့်ပြီး ထစ်ထစ်ငေါ့ငေါ့ပြောရင်း အသနားခံတယ်။

"ပိုးပိုး . . နင်ဘယ်လိုဖြစ်နေတာလဲ၊ လူကြီးတွေ စီစဉ်တာကို ဘာမှ ဝင်မပြောနဲ့၊ ငါ အမေ့ကို ဒီမှာမထားနိုင်ဘူး၊ အမေက ကျန်းမာရေးကောင်းတာမဟုတ်ဘူး၊ ညည်းနေခဲ့ရင် ငွေတော့ ပေးမထားနိုင်ဘူး"

ခင်သီတာကပြောတော့ ပိုးပိုးက သူမ,ရထားတဲ့ ငွေထုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အကြောက်အကန်ငြင်းတယ်။

"ပိုး . . ပိုးပိုး ဒီ . . ဒီရပ်ကွက်ထဲမှာပဲ နေ . . နေမယ်၊ ဘယ် . . ဘယ်မှ မလိုက်ဘူး"

ပိုးဥရဲ့စကားကြောင့် အသက်အကြီးဆုံးလည်းဖြစ်၊ ဩဇာအရှိဆုံးလည်းဖြစ်တဲ့ ခင်သီတာက တစ်စခန်းထပြန်ပါလေရော။

"မိပိုးဥ . . အရူးမ၊ ဒီရပ်ကွက်ထဲမှာ ညည်းအမျိုးရှိလို့လား၊ ညည်းလို ကျပ်မပြည့်တဲ့လူကို ဘယ်သူခေါ်ထားမှာလဲ၊ ညည်းဒီမှာ နေခဲ့ရင် ညည်းပိုက်ဆံ တစ်ပြားမှ ရမယ်မထင်နဲ့"

ခင်သီတာရဲ့စကားကြောင့် တစ်လုံးမှဝင်မပြောခဲ့တဲ့ ဒေါ်ခင်မြင့် ခေါင်းထောင်လာတယ်။ ပိုးဥကို သနားတဲ့ အကြည့်နဲ့ ကြည့်ပြီး . .။

"ဘယ်လိုပဲဖြစ်ဖြစ် လုပ်စားကိုင်စားဖို့ ပညာမရှိတဲ့ကလေး အတွက်တော့ ပေးရမှာပေါ့ သမီးကြီးရယ်၊ သူ့အတွက်မပေးရင် အမေလည်း သမီးနဲ့လိုက်မနေတော့ဘူး၊ သမီးလေးကိုလည်း ရင့်ရင့်သီးသီးမပြောပါနဲ့ဟယ် . . ."

ဒေါ်ခင်မြင့်စကားကြောင့် ခင်သီတာ စိတ်ဆိုးသွားတော့တယ်။

"အမေ့သဘောပဲလေ၊ ဒါပေမဲ့ သမီးကတော့ သမီးအကြီးဆုံးဆိုတော့ အမေ့ကို ကျပ်မပြည့်တဲ့သူနဲ့ မထားနိုင်ဘူး"

အကြင်နာတရား ခေါင်းပါးလှတဲ့ မောင်နှမတွေပါလားလို့ ရုံးခန်းထဲမှာ ရှိသူအားလုံးက အံ့ဩကုန်ကြတယ်။ သားသမီးချင်းအတူတူ ကံတရားချင်းမတူပါလားလို့ ကျွန်တော်တွေးမိတယ်။ မျိုးစေ့များလိုပဲ ပက်ဖျန်းရင် အောင်မြင်တဲ့ မျိုးစေ့ရှိသလို မအောင်မြင်တဲ့ ပင်ညှပ်လေးလည်း ပါလာတတ်ပါလားလို့ တွေးမိပြီး ပိုးဥကို ပိုလို့ သနားနေမိတယ်။

"ကဲ ကဲ မောင်ဇော်ဝင်းရေ၊ ဒေါ်မြသိန်းကို ခဏခေါ်ပေးပါလား"

ရပ်ကွက်ဥက္ကဋ္ဌက ခေါ်ခိုင်းလိုက်တော့ ကျွန်တော်လည်း ဒေါ်မြသိန်းကို အပြေးအလွှား သွားခေါ်ခဲ့ရတယ်။ ဒေါ်မြသိန်း ရုံးခန်းကို ရောက်တော့ ဥက္ကဋ္ဌက မေးပါတယ်။

"ဒေါ်မြသိန်းရေ . . ပိုးဥကလည်း ဘယ်မှမလိုက်ချင်ဘူး၊ ဒီရပ်ကွက်မှာပဲ နေချင်တယ်လို့ပြောတယ်၊ ဒေါ်မြသိန်းနဲ့ ဒေါ်ခင်မြင့်က ငယ်သူငယ်ချင်းတွေဆိုတော့ ပိုးဥ ဒီမှာနေရင် ဒေါ်မြသိန်းရဲ့ အိမ်မှာ ထားပေးနိုင်မလား"

"ဥက္ကဋ္ဌကြီးရယ် ပိုးဥ ဝမ်းကျွတ်ကတည်းက ကျွန်မပဲ မီးနေစောင့်လုပ်ပေးခဲ့တာ၊ သံယောဇဉ်လည်းရှိပါတယ်၊ အသနားလည်းပိုလို့ လာတိုင်း ထမင်းကျွေး၊ ဆုံးမပြီး သမီးလေးတစ်ယောက်လိုထားတာပါ. . "

"ဒါဆို ရပြီ၊ ဒေါ်ခင်မြင့်ရော . . သဘောတူရဲ့လား၊ ကျန်တဲ့ မောင်နှမတွေကရော သဘောထားဘယ်လိုရှိသလဲ၊ ပြောကြပါ"

"ကျွန်မကတော့ မမြသိန်းကို ယုံတယ်၊ ဒါကြောင့် သူ နေခဲ့ချင်ရင် နေခဲ့ပေါ့. . "

"ဒါဆို ညီအစ်ကိုမောင်နှမတွေကရော. . . ဘာပြောစရာရှိလဲ၊

အချိန်လည်း မနည်းတော့ဘူး"

ဥက္ကဋ္ဌကပြောတော့ ငွေသား မထည့်ပေးဘူးလို့ ဆိုကြပြန်တယ်။

"ကဲ ဒီလိုလုပ်၊ ဒီငွေကို ဒီည တော့ ကျွန်တော်တို့ရုံးမှာပဲ သိမ်းထားမယ်၊ မနက်ဖြန် ပိုးဥကို ခေါ်ပြီး ငွေစုစာအုပ် လုပ်ပေးမယ်၊ ဒေါ်မြသိန်းကိုရော လစဉ်စားစရိတ် ဘယ်လောက်ပေးရမလဲ"

"ရပါတယ် . . . ပေးချင်သလောက်သာ ပေးပါ၊ ကျွန်မတို့ညီအစ်မက ဈေးထဲမှာ နေ့ပြန်တိုးပေးစားနေတော့ ပိုးဥကို ကျွေးထားနိုင်ပါတယ်"

ဥက္ကဋ္ဌက စဉ်းစားဟန်ပြုရင်း အကြံပေါ်လာသောဟန်နဲ့ အစီအစဉ်ကို ပြောပြတယ်။

"ကောင်းပြီလေ ဒါဆိုရင် ဒေါ်မြသိန်းကို ငွေသုံးသိန်းအပ်ထားမယ်။ နေ့ပြန်တိုးပေးပြီး ထမင်းစရိတ်နှစ်သောင်းနုတ်၊ တစ်သောင်းကိုတော့ ပိုးဥမုန့်ဖိုး၊ အဝတ်အစားနဲ့ အထွေထွေသုံးဖို့ လစဉ်ပေးပါ၊ ဒါဆို ဒေါ်မြသိန်းလက်ခံနိုင်မလား"

"ပြောစရာလိုလို့လား ဥက္ကဋ္ဌကြီးရယ်၊ ကောင်းသလိုသာ ကြည့်စီစဉ်ပါ၊ ကျွန်မတို့က ပိုးဥအပေါ် သမီးလေးလို သံယောဇဉ်ဖြစ်နေရတာပါ၊ ဒေါ်ခင်မြင့်တို့သားအမိ သဘောတူရင် ပြီးတာပါပဲ"

သည်လိုနဲ့ အမွေခွဲဝေရေးကိစ္စပြီးသွားခဲ့တော့တယ်။

◆

နောက်ရက်ကစပြီး ပိုးဥလည်း ဒေါ်မြသိန်းအိမ်ရောက်တော့တယ်။ ကျော်အောင်မိုးလည်း အိမ်ပြောင်းနေပြီ၊ ဘယ်ကို ပြောင်းမယ်ဆိုတာတော့ ဘယ်သူမှ မသိကြဘူး။ ကျော်အောင်မိုး အိမ်ပြောင်းသွားပြီး နှစ်ရက်အကြာ ပိုင်ရှင်အသစ်က လာကြည့်တယ်၊ စတိုခန်းထဲမှာ ပွစာကြဲနေတဲ့ ပစ္စည်းတွေကို ရှင်းပေးဖို့ ပိုးဥနေတဲ့ ဒေါ်မြသိန်း အိမ်ကိုလာပြောတော့ ပိုးဥက ကျွန်တော့်ဇနီးကို အကူအညီ တောင်းပြီး၊ သမီးများနဲ့အတူ သွားရှင်းပေးမယ်လို့ဆိုတဲ့အတွက် ကျွန်တော့်ဇနီးနဲ့ ကြီးကြီးသိန်းက ကျွန်တော်ပါ လိုက်သွားပေးပါဆိုလို့ လိုက်ခဲ့ရတယ်။ တစ်အိမ်လုံးမှာတော့ အမှိုက်ပုံကြီးဖြစ်နေတယ်။ စတိုခန်းထဲမှာလည်း ဓာတ်ပုံအဟောင်းများက မှန်မရှိတော့ဘဲ ဆေးသားပြယ်နေပြီ။ ပြီးတော့ ဂုန်နီအိတ်နဲ့ထည့်ထားတဲ့ ပန်းချီကားချပ်အချို့၊ ကုလားထိုင် အကျိုးအပဲ့များနဲ့ မသုံးဘဲ ထိုးသိပ်ထည့်ထားတဲ့ ခြင်ထောင် အဟောင်း၊ စောင်အဟောင်းများကို အပြင်ထုတ်ပြီး ကျွန်းလည်းနဲ့ ကြီးကြီးသိန်းရဲ့အိမ် သယ်ချလာခဲ့ကြတယ်။ ကြီးကြီးသိန်းတို့က ပိုးဥကို အခန်းတစ်ခန်း ပေးထားတဲ့အတွက် ကုလားထိုင် အကျိုး၊ စားပွဲအကျိုးမှလွဲပြီး ပိုးဥက သူ့မအခန်းထဲ သွင်းတော့တာပဲ။ အိမ်နီးနားချင်းတွေကလည်း ချစ်စနိုးနဲ့ ဝိုင်းဟားကြတော့ ပိုးဥခမျာ မျက်နှာငယ်လေးနဲ့ တောကြည့် တောင်ကြည့် လုပ်နေရှာတယ်။

ပိုးဥဟာ ကြီးကြီးသိန်းတို့ အိမ်ရောက်တော့ ကြီးကြီးသိန်းညီမ အန်တီလှနဲ့ မနက်ဆို နေ့ပြန်တိုးကောက်ရင်း ဈေးဝယ်ထွက်တယ်။ အန်တီလှကလည်း ပိုးဥကို အဝတ်အစားအသစ်များ ဝယ်ဆင်တဲ့အတွက် ပိုးဥတစ်ယောက်ပြောင်ပြောင်ရောင်ရောင် ဖြစ်လာတယ်။ ပိုးဥတစ်ကိုယ်လုံးမှာ အလှအပဆိုလို့ ဖြောင့်စင်းမည်းနက်နေတဲ့ မျက်ခုံးနဲ့၊ ဝါဖန့်ဖန့် အသားအရေကလွဲပြီး ဘာမှ မပိုင်ဆိုင်ထားပါ။ ဒါပေမဲ့ အလှဆုံးကတော့ စိတ်အလှပါ။ ညဘက်ရည်နိမ့်ပေမယ့် သနားတတ်တယ်၊ တစ်ဖက်သားကို ကူညီတတ်တယ်၊ လူတကာခိုင်းရင် လုပ်ပေးချင်လို့ ကျွန်တော်ကပင် ကြီးကြီးသိန်းကို တိုးတိုးတိတ်တိတ်ပြောရတယ်။ ကြာရင် လူတကာ့ခိုင်းဖတ်ဖြစ်သွားမှာစိုးလို့ပါ။

မကြာပါဘူး . . . ညဘက်ကြီး ကျော်အောင်မိုး ရောက်လာလို့ ကြီးကြီးသိန်းက ကျွန်တော့်ကိုခေါ်တယ်။

"ကျော်ကျော် . . . မိုးချုပ်လှချည်လား၊ မင်းတို့ အခု ဘယ်မှာနေကြသလဲ"

ကျော်အောင်မိုးက ခေါင်းကုတ်ရင်း . . .

"ယောက္ခမအိမ်မှာ လိုက်နေတာဗျာ၊ လူကများတော့ ညဘက်သူခိုးဝင်ရင် နှင်းမိမှာသေချာတယ်၊ ဒါကြောင့် ရွှေပြည်သာဘက်မှာ အိမ်တစ်လုံးဝယ်မလို့၊ ငွေက မလောက်ဘူးဖြစ်နေတယ်"

ကျော်အောင်မိုးက စကားမဆက်ပဲ ရပ်ထားတဲ့အတွက် ကြီးကြီးသိန်းကပဲ ဆက်ပြောတယ်။

"ဒီလို မောင်ဇော်ဝင်းရေ . . . ငွေမလောက်လို့ ပိုးဥဆီကငွေကို ခဏချေးချင်လို့တဲ့၊ မနက်ဖြန်ဘဏ်မှာ ထုတ်ပေးပါလို့ဆိုတယ်"

ကျွန်တော် မျှော်လင့်ထားသလိုဖြစ်လာပြီဆိုတော့ ထူပြီးအံ့သြမနေတော့ပါဘူး။ တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကျွန်တော်တင်မကပါဘူး၊ ရပ်ကွက်ရုံးကလည်း မျှော်လင့်ထားပြီးသားပါ။

"ပိုးဥရဲ့သဘောကို မေးကြည့်ဦးလေ"

"ပိုးဥကပေးမယ်တဲ့ ကိုဇော်ဝင်းရဲ့၊ ကျွန်တော် အိမ်ဝယ်ပြီးရင် ပိုးဥ လာနေမယ်ဆိုလည်း ကျွန်တော်ခေါ်ထားမှာပါ၊ ပိုးဥက ကျွန်တော့်နှမအရင်းပါဗျာ၊ သူစိမ်းကောင်းတယ်ဆိုတာ သွေးသားမုန်းသလောက် ရှိမှာပါ"

ကျော်အောင်မိုးရဲ့စကား ကြားရတော့ မဟုတ်မခံ အန်တီလှက အနာပေါ်တုတ်ကျသလိုမျိုး ဒေါသထွက်လို့နေတယ်။

"ဒီမှာ မောင်ကျော်၊ မင်းစကားက ငါတို့ညီအစ်မတင်မကဘူး၊ ရပ်ကွက်ထဲက ပိုးဥကို ချစ်တဲ့လူတွေအားလုံးကိုပါ စော်ကားရာရောက်ပါတယ်၊ မင်းဒီမှာ မထားချင်ရင် မင်းညီမကို အချိန်မရွေး ပြန်ခေါ်သွား၊ မလိုက်ချင်ရင် ကြိုးတုပ်ပြီးခေါ်သွားလို့ရတယ်၊ မင်း ညီမပိုက်ဆံကိုလည်း တို့လက်နဲ့မထိဘူး၊ ဒေါ်ခင်မြင့် မျက်နှာရယ်၊ ပိုးဥကို ချစ်လို့ မွေးထားတာ"

အန်တီလှ ဒေါပွပြီး ပွဲကြမ်းတော့ ကျော်အောင်မိုး လျှော့သွား





တယ်။

"ကျွန်တော်ပြောတာ ဒီသဘော မဟုတ်ပါဘူး အန်တီ လုရယ်၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော်တို့ ညီမလေးအပေါ်မှာ တာဝန်မကျေလို့ စိတ်မကောင်း ဖြစ်ရတာပါ၊ ခွင့်လွှတ်ပါခင်ဗျာ၊ ကဲ.. ကျွန်တော် ပြန်လိုက်ဦးမယ်၊ ညီမလေး... အစ်ကို မနက်ဖြန် ဘဏ်သွားဖို့လာခေါ်မယ်နော်"

ကျော်အောင်မိုး ပြန်သွားတော့ ကျွန်တော်တစ်လှည့်၊ ကြီးကြီးသိန်းတစ်လှည့်၊ အိမ်နီးချင်းများတစ်လှည့် ပိုးဥ ငွေမထုတ်ပေးရေး တရားဟောကြတယ်။ ရှေးက စကားပုံလို ဟောရင်းသာပျံတော်မူမယ်၊ တရားနာသူက တရားမရဘူးဆိုတဲ့ အတိုင်းသွေးက စကားပြောလာတဲ့အခါ ပိုက်ဆံပေးမယ်ချည်းပဲ ပြောနေတော့၊ အားလုံးက လက်လျှော့လိုက်ကြတော့တယ်။ ငအားလေ... သူတို့က မောင်နှမအရင်းတွေ မဟုတ်လား။

"ပြောမရလည်း ညည်းထိုက်နဲ့ညည်းကံပေါ့ ပိုးဥရယ်၊ အန်တီလုတို့ကတော့ နှင့်ငွေသုံးသိန်းကို အတိုးရင်းပွားလုပ်ပေးပြီး နှင့်ဘဝလေးကောင်းအောင် ဖန်တီးပေးမှာပဲ"

◆

တစ်လခန့်ကြာတော့ ကျော်အောင်မိုးက သူ့ကတိအတိုင်း ပိုးဥကို လာခေါ်တယ်။ ကြီးကြီးသိန်းနဲ့ ကျွန်တော့်ဇနီးက ငိုကြတယ်၊ ပိုးဥကလည်း မလိုက်ချင်ပေမယ့် သူ့အစ်ကိုခေါ်တော့ လိုက်မယ်လို့ ဆိုတယ်။ ပြီးတော့ ပြောသေးတယ်။ ပိုးဥပိုက်ဆံ တစ်ဝက်ပါလို့ ပိုးဥအိမ်မို့လိုက်နေမယ်လို့ ဆိုပြန်သေးတယ်။ အန်တီလုက သူ့အပ်ထားတဲ့ ငွေ(၃)သိန်းကို သက်သေများရှေ့မှာ လက်မှတ်ထိုးပြီး ပြန်ပေးလိုက်တယ်။ ပိုးဥက သွားခါနီး ဂုန်နီအိတ်ထဲက ခေတ်ပုံအဟောင်းနဲ့ ပန်းချီကားအဟောင်းတွေကို ဇစ်ပါတဲ့ မြွေရေခွံအိတ်ထဲထည့်ပြီး အပေါ်က သူ့မအဝတ်အစားတွေထည့်ကာ သူ့မအစ်ကိုနဲ့ လိုက်သွားတော့တယ်။ ကြီးကြီးသိန်းက ငိုလို့သာနေတယ်။ အန်တီလုက မငိုတဲ့အပြင် ကြိမ်းဝါးနေတော့တယ်၊

"ခြေနှစ်ချောင်း မကယ်ကောင်းဘူးဆိုတဲ့စကား သိပ်မှန်တာပဲ"

ကြီးကြီးသိန်း ငိုတာ မပြောနဲ့လေ၊ ကျွန်တော်တို့ မိသားစုပင် ဟာတာတာကြီးဖြစ်ပြီး စိတ်မကောင်း ဖြစ်ရတယ်။ ပိုးဥ ထွက်သွားပြီး သုံးလေးရက်အထိ ကြီးကြီးသိန်းက ပိုးဥကို သတိရ ကြောင်းပြောပြီး ငိုတတ်ဘယ်လို့ ကျွန်တော့်ဇနီး ပြန်ပြောတော့ ကျွန်တော်စိတ်မ ကောင်းဖြစ်ရပြန်တယ်၊ ပိုးဥ အဆင်ပြေစေကြောင်း ဆုတောင်းနဲ့ မှတစ်ပါး မတတ်နိုင်တော့ပါ။

မိုးသည်းတဲ့နေ့တစ်နေ့မှာ ကျွန်တော် ရုံးကပြန်လာတော့ ဇနီးက ဝမ်းသာဝမ်းနည်းပုံနဲ့ ဆီးပြောတယ်။

"အစ်ကို ပိုးဥ ပြန်ရောက်လာပြီ သူ့ယောက်မက ရိုက်လို့တဲ့၊ ဟိုမှာလည်း မပျော်ဘူးနဲ့တူပါတယ် အစ်ကိုရယ်၊ အိတ်တစ်လုံးဆွဲပြီး ပြန်ရောက်လာတယ်၊ ကြီးကြီးသိန်းက ပိုးဥကိုသနားလို့ လက်ခံချင်ပေမယ့် အန်တီလုကတော့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာစိုးလို့ လက်မခံတော့ဘူးတဲ့.."

ကျွန်တော့်ရင်ထဲမှာ ခံစားမှုတစ်မျိုးဖြစ်သွားတယ်။ ဒီကောင်မလေးဘယ်လိုဖြစ်ပြီး ပြန်ရောက်လာပါလိမ့်။

"အခု ဘယ်ရောက်သွားပြီလဲ"

"ရပ်ကွက်ရုံးဘေးက စက်ဘီးပြင်ဆိုင်မှာ သွားထိုင်နေမှာပေါ့"

"ကဲ... မိန်းမရေ အစ်ကိုတို့ လင်မယား သွားကြည့်ရအောင်၊ သနားပါတယ်"

"ခုကတည်းက ကြိုပြောထား ရဦးမယ်နော် အစ်ကို၊ အိမ်ခေါ်ထားလို့တော့ မဖြစ်ဘူးနော်"

ဇနီးဖြစ်သူက ဗိုးရိမ်စကားဆိုလာတယ်။

"အေးပါကွာ၊ ရပ်ကွက်ဥက္ကဋ္ဌကြီးကို အကြောင်းကြားပြီး ထိန်းပေးရမှာပေါ့"

ကျွန်တော် ရပ်ကွက်ရုံးရောက်သွားတော့ ပိုးဥကို လူကြီးများကြားထဲမှာ တွေ့ရတယ်။ ပိုးဥက ကျွန်တော်တို့ လင်မယားကို တွေ့ပြီး ဝမ်းနည်းကာ ငိုရှိုက်နေတယ်။ တွယ်ရာမဲ့ ပန်းကလေးတစ်ပွင့်ရဲ့ ငိုကြွေးသံက သားသမီးချင်းကိုယ်ချင်းစာပြီး ကျွန်တော့်ရင်ထဲ ဆို့နင့်နေတော့တယ်။

"ပိုးဥ... ဘာလို့ ပြန်လာတာလဲ"

ပိုးဥက ငိုရှိုက်နေရာက...

"ယောက်.. ယောက်မက ပိုးပိုးပိုးကို ရိုက်.. ရိုက်တယ်၊ အိမ်ဝယ်ဝယ်ပြီးတော့ အဲ.. အဲဒါ ပိုး.. ပိုးပိုး အိမ်မဟုတ်ဘူးတဲ့၊ အ.. အစ်ကိုရှိမှ ထ.. ထမင်းကောင်း

Asian Fame Media Group

ကောင်းစား. . စားရတာ၊ ပိုး . . ပိုးပိုးမှာ ပါ. . ပါသွားတဲ့ ငွေ. . ငွေသုံး သိန်းလည်း ယောက် ယောက်မပဲ ယူ. . ယူလိုက်တယ်၊ ဒါကြောင့် ပိုး . . ပိုးပိုး အဲ. . အဲဒီက ထွက်လာတာ၊ ကြီး. . ကြီးကြီးသိန်းတို့ အိမ် . . အိမ်မှာ နေ. . နေလို့ မ . . မရတော့ဘူးတဲ့၊ ပိုး. . ပိုးပိုး ယောက်. . ယောက်ျားပဲ ယူ. . ယူတော့မယ်"

ပိုးပိုးစကားကြောင့် ဥက္ကဋ္ဌကြီး အပါအဝင် အားလုံး မျက်လုံးပြူးကုန်တော့တယ်။ ကျွန်တော်လည်း အံ့ဩလွန်းလို့ ဘာမှမပြောနိုင်အောင် ဖြစ်သွားတယ်။

"ဟဲ့ ပိုးဥ ဟုတ်ကောဟုတ်ရဲ့လား၊ သမီးကို ဘယ်သူယူမှာလဲ၊ သမီးမှာ ရည်းစားရှိလို့လား"

"ရှိ. . ရှိတယ် ဘဘ၊ စက် စက်ဘီးပြင်တဲ့ ကို. . ကိုရေအေးက သ. . သမီးရဲ့ ချစ်. . ချစ်သူ၊ သ . . သမီးကို ယူ. . ယူမယ်လို့ တ. .



တစ်ခါက ပြော. . ပြောဖူးတယ်"

"ဟာ"

"အို"

"ဟင်"

အားလုံးရဲ့ နှုတ်များက ပြိုင်တူထွက်လာတဲ့ အသံများပါ။ ပိုးဥပြောတဲ့ မောင်ရေအေးဟာ အသက်သုံးဆယ်ခန့်ရှိပြီး၊ ဆွဲ့အနေသူတစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့ စိတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာက အကောင်းပကတိ၊ မိခင်မုဆိုးမကြီးကို စက်ဘီးပြင်ဆိုင်ဖွင့်ပြီး လုပ်ကိုင်ကျွေးမွေးနေသူဖြစ်တယ်။

ဘယ်အချိန်က ကြိုက်လိုက်ပါလိမ့်၊ ဟုတ်ကောဟုတ်ပါရဲ့လားလို့ ကျွန်တော် တွေးမိသလို၊ ပိုးဥ အမွေရလို့ ငွေမက်တာလည်း ဖြစ်နိုင်တယ်လို့ ကျွန်တော် ကောက်ချက်ချနေမိတယ်။

"ကဲ. . မောင်ဇော်ဝင်းပဲ မောင်ရေအေးကို ခေါ်လိုက်ပါဦး၊ သူ့အမေပါ ခေါ်ခိုင်းလိုက်"

ကျွန်တော် စက်ဘီးတစ်စီးနဲ့ ပြေးခေါ် ရပြန်သည်။ မောင်ရေအေးတို့ သားသမီးနှစ်ယောက်လုံး လိုက်လာကြတယ်။

"လာ လာခေါ်နှင်းကြည်၊ မောင်ရေအေးလည်း ထိုင်ဦး၊ ကိစ္စကတော့ ပိုးဥကိစ္စပဲ၊ ပိုးဥက မောင်ရေအေးနဲ့ ချစ်ကြိုက်နေတယ်လို့ပြောတယ်၊ ဟုတ်လား မောင်ရေအေး"

မောင်ရေအေးက ပိုးဥကိုငေးပြီး ရီဝေဝေတဲ့မျက်လုံးများနဲ့ စိုက်ကြည့်နေတယ်။ အတန်ကြာမှာ လက်ဟန်ခြေဟန်နဲ့ ဟုတ်မှန်ကြောင်း ပြောတယ်။

"ဟုတ်ပြီ ဒါဆိုရင် ပိုးဥမှာ နေစရာမရှိဖြစ်နေတယ်၊ ပြီးတော့ ပိုးဥမှာ အမွေရတဲ့ငွေ တစ်ပြားမှမရှိတော့ဘူး၊ ဒါဆိုရင် မင်း ယူနိုင်မလား၊ မင်း လုပ်ကျွေးရမှာနော်၊ စဉ်းစားပြီးမှ ဖြေ"

မောင်ရေအေးက လက်ဟန်ခြေဟန်နဲ့ပြောပြီး ခေါင်းညိတ်တယ်။ သူ ငွေမမက်ကြောင်းလည်း လက်ဟန်ခြေဟန်နဲ့ ပြောတယ်။

"ကဲ ခေါ်နှင်းကြည် သဘောကရော"

"ကျွန်မက ကျွန်မသား နှစ်သက်တယ်ဆိုရင် ဘာမှပြောစရာမရှိပါဘူး"

"ကျေးဇူးတင်တယ်ဗျာ၊ မိန်းကလေးတစ်ယောက်ကို ကယ်တင်လိုက်လို့ အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒါဆို ဒီညပဲ လက်မှတ်ထိုးပေးလိုက်မယ်၊ ခေါ်သွားတော့၊ အဆင်ပြေတဲ့နေ့မှာ မင်္ဂလာဆွမ်းကျွေးလိုက်ပေါ့၊ ကျွန်တော်တို့ ရပ်ကွက်က ကြည့်ပြီးစီစဉ်ပေးမယ် ဟုတ်လား"

မထင်မှတ်ဘဲ ပွဲကပြတ်သွားပြီး အဆင်ပြေသွားတယ်။

ပိုးဥ ယောက်ျားရသွားလို့ လတ်တလော ကျွန်တော်စိတ်အေးသွားပါပြီ။ နောင်ခါလာ နောင်ခါ ချေးလို့ပဲ တွက်လိုက်တော့တယ်။

•

လူ့ဘဝမှာ တစ်သက်လုံး ကံနိမ့်တဲ့အချိန်ရှိသလို အခွင့်အရေးရတဲ့အခါလည်း ရှိတတ်ပါတယ်။ ပိုးဥလည်း အခုတော့ ကုသိုလ်အကျိုးပေးချိန်တန်နေပြီလို့ ဆိုရမလားမသိဘူး။ မောင်ရေအေး ကပဲ နှာမည်နဲ့လိုက်ဖက်အောင် ရင်တွင်းအေးချမ်းလို့ပဲလား၊ ခေါ်နှင်းကြည်ကပဲ သားဖြစ်သူနဲ့ ဘဝတူမို့ ကြည်ဖြူလေသလား မသိ၊ ပိုးဥဘဝလေး ရေထိပန်းပမာ လန်းဆန်းနေတော့တယ်။ လင်မယားနှစ်ယောက်လုံး စက်ဘီးပြင်ဆိုင်မှာ အမြဲလိုလို ရှိနေတတ်တယ်။ ခက်တာက ပိုးဥက ဆိုင်ဖွင့်ဖို့လာတိုင်း သူ့အိတ်ကြီးကို အမြဲယူလာတတ်တယ်။ သူ့အပြောက သူများအိမ်ဘေးက အဖီလေးမှာ ငှားနေရတော့ လုံခြုံမှုမရှိလို့ ယူလာတယ်လို့ဆိုတယ်။ အဲဒီအချက်က ပိုးဥရဲ့ စိတ်ထား အပြည့်အဝ မဟုတ်ဘူးဆိုတာ ထင်ရှားနေ သလိုပါ။

ကျွန်တော်တို့လမ်းအဝင်မှာ ပေတစ်ထောင်အထိ ကတ္တရာလမ်းခင်းထားပြီး ခြံကျယ်အိမ်ကျယ်နဲ့ သူဌေးများနေတဲ့လမ်းဖြစ်တယ်။ ကုမ္ပဏီဖွင့်ထားတဲ့ တိုက်ရှိသလို၊ လုပ်ငန်းရှင်ကြီးများနေတဲ့လမ်းဖြစ်တယ်။ လမ်းအဆုံးမှာတော့ ဘဝသမားများ၊ လူလတ်တန်းစားများ

MEDIA GROUP
Asian Fame Media Group

နေတဲ့ လမ်းသုံးခွဲ၁ခွဲ ထွက်ပြီး နေထိုင်ကြတယ်။ ရပ်ကွက်ဘေးမှာတော့ ဈေးကလေးရှိနေတယ်။ ဒီနေရာတစ်ဝိုက်က လူဦးရေများသလို စည်ကားမှုလည်း ရှိတယ်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေနဲ့ ည(၁၁) နာရီ လောက်အထိ စည်းကားလှတယ်။ ပိတ်ရက်တစ်ရက်မှာ ကျွန်တော် သူငယ်ချင်းများနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း....။

"သူခိုး... သူခိုး ဖမ်းပေးကြပါ"

ပြေးလွှားလှုပ်ရှားသံနှင့်အတူ ထွက်ပေါ်လာတဲ့အသံကြောင့် ဆိုင်အပြင်ဘက်ကို လှမ်းကြည့်တော့ ပိုးဥဖြစ်နေတယ်။ လူတစ်ယောက်က ရှေ့ကပြေး၊ ပိုးဥက နောက်ကလိုက်လို့။ ကျွန်တော်နဲ့အတူ သူငယ်ချင်းများပါ ပိုးဥနောက်ကို ပြေးလိုက်ကြတယ်၊ ရှေ့နောက်ညှပ်ပြီး သူခိုးနောက်လိုက်တော့ သူခိုးက ပိုးဥအိတ်ကြီးကို ဧရာမတိုက်ကြီးရဲ့ ခြံထဲကို ပစ်သွင်းပြီး လူအုပ်ကြားထဲက ပြေးဝင်ပျောက်ကွယ်သွားတယ်။

လူသံများကြောင့် တိုက်ထဲက နိုင်ငံခြားသားဖြစ်ဟန်တူတဲ့ လူတစ်ဦးနဲ့ တိုက်ပိုင်ရှင်များပါ ထွက်လာကြတယ်။ ပိုးဥရဲ့အိတ်ကလည်း မြက်ခင်းပေါ်မှာ ပြန့်ကျဲလို့နေတယ်။ တိုက်ပိုင်ရှင်က ခြံတံခါးဖွင့်ပေးတော့ လမ်းလူကြီးနဲ့ ကျွန်တော်တို့က အကျိုးအကြောင်းပြောပြတယ်။ ပိုးဥက ငိုရှိုက်ရင်းသူ့ပစ္စည်းတွေကို လိုက်ကောက်နေတယ်။ နိုင်ငံခြားသားနဲ့ အတူရပ်ကြည့်နေတဲ့ အိမ်ပိုင်ရှင်သူဌေးက ပိုးဥလက်ထဲက ပစ္စည်းများကို ကြည့်ပြီး...။

"သမီး ဒီပန်းချီကားလေး ခဏပြပါလား"

ပိုးဥက မပြဘဲ ဖက်တွယ်ထားတယ်။

"ပိုးဥ ပြလိုက်လေ"

ကျွန်တော်က ပိုးဥကို ချော့မော့ပြောမှ ပိုးဥက လက်ထဲရှိ ပစ္စည်းများကို သူဌေးရှေ့ ထုတ်ပြလိုက်တယ်။

"ဟာ ဒီပန်းချီကားချပ်က နှစ်ပေါင်းပန်းချီကားချပ်ပဲ"

သူဌေးက အံ့ဩစွာဖြင့် အဝတ်တစ်ခုနဲ့ ဖုန်များကို ခါထုတ်လိုက်တယ်။ ပန်းချီကားရဲ့ ဘောင်ကွပ်ထားတဲ့ ကနုတ်ပန်းတွေလည်း ဆွေးမြေ့ပြီး ဖုန်အလိမ်းလိမ်းနဲ့ဖြစ်နေတယ်။ ပန်းချီကားချပ်က ဖုန်သုတ်လိုက်မှ ရုပ်လုံးပေါ်လာတယ်။ ကုန်းဘောင်ခေတ်ကို ပုံဖော်ရေးဆွဲထားသော ပန်းချီကားဖြစ်မယ်လို့ ခန့်မှန်းကြရတယ်။ ထန်းလုံးကြီးများကာရံထားတဲ့ ခံတပ်ပုံသဏ္ဌာန်နဲ့ သိုင်းပြိုင်ပွဲလုပ်နေတဲ့ပုံပါ၊ နေလုံးကလည်း အရောင်ထွက်နေသလိုထင်ရတယ်။ သိုင်းကစားနေသူများရဲ့ ခြေသလုံးမှာလည်း ဆေးမင်ကြောင်များထိုးထားတဲ့ အမျိုးသားများက သျှောင်ထုံးနဲ့ဖြစ်တယ်။

"သမီး... ဒီပန်းချီကားကို ရောင်းမလား"

"မ.. မရောင်းဘူး"

ပိုးဥက ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

"အဖိုးတန်တဲ့ ဒီပန်းချီကားကို သမီးလည်း ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ပျက်စီးသွားရင် နှမြောဖို့ကောင်းတယ်၊ ဦးက ပြုပြင်ပြီး ခည့်ခန်းမှာချိတ်မှာ၊ ရောင်းရင် ဈေးကောင်းပေးမယ်၊ ဒီက ဆရာကြီးတို့လည်း ပြောပေးပါလား"

"ဟုတ်သားပဲ ပိုးဥ၊ နင့်အိတ်ကြီးကို ဟိုထားဒီထားနဲ့ ပျောက်သွားရင် ဘယ်လိုလုပ်မလဲ၊ ရောင်းလိုက် ပါလား၊ ဆရာကြီးက ဘယ်လောက်ပေးမလဲ"

"ကျွန်တော်က ရှေးဟောင်းပစ္စည်းစုတာ ဝါသနာပါတယ်ဗျ၊ ဒီက သမီးလည်း ရင်းနှီးစားသောက်ရအောင် ဆယ်သိန်းပေးမယ်၊ ရောင်းမလား"

ရှေးဟောင်းပစ္စည်းတွေ စုဆောင်းသည်ဟူသော သူဌေးစကားကြောင့် ပိုးဥမပြောနဲ့၊ ကျွန်တော်တို့အားလုံးပင် အံ့ဩသွားတော့တယ်။

"ရောင်းလိုက် ပိုးဥ ရောင်းလိုက်၊ ဒါမှ နင် ရွှေလေးဘာလေး ဝယ်ရမှာပေါ့။ စက်ဘီးအပိုပစ္စည်းဆိုင်လည်း တိုးချဲ့ဖွင့်ပေါ့၊ ဒါထက် မောင်ရေအေးရော"

"ကို.. ကိုရေအေး ပစ်.. ပစ္စည်း သွားဝယ်တာ၊ ပိုး.. ပိုးပိုးလည်း အိပ်.. အိပ်ချင်တာနဲ့ အိပ်.. အိပ် ပျော်သွားတုန်း အိတ်.. အိတ်ကို ဆွဲပြေးတဲ့လူနဲ့ တွေ့.. တွေ့တာပဲ"

ထိုအချိန် ဥက္ကဋ္ဌကြီးပါရောက်လာတော့ ပိုးဥရဲ့ ပန်းချီကားကို ရောင်းအဝယ် စာချုပ်ချုပ်ဆိုပြီး ငွေ(၁၀)သိန်းကို ဥက္ကဋ္ဌကြီးရဲ့ လက်ထဲထည့်တယ်။

"ကဲ ပိုးဥ၊ မောင်ရေအေး ပြန်လာရင် အကျိုးအကြောင်းပြောပြပေတော့၊ အဘတို့ မောင်ဇော်ဝင်းတို့ကိုင်ပြီး ရွှေရောကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ် ကြားလား"

> ဟုတ်ပြီ... ဒါဆိုရင် ပိုးဥမှာ
> နေစရာမရှိဖြစ်နေတယ်၊
> ပြီးတော့ ပိုးဥမှာ အမွေရတဲ့ငွေ
> တစ်ပြားမှမရှိတော့ဘူး၊ ဒါဆိုရင်
> မင်း ယူနိုင်မလား၊ မင်း
> လုပ်ကျွေးရမှာနော်၊ စဉ်းစားပြီးမှ ဖြေ

ထိုအခိုက် မောင်ရေအေး ပြန်ရောက်လာလို့ ဥက္ကဋ္ဌကြီးနဲ့ ကျွန်တော်က အကျိုးအကြောင်းပြောပြတော့ မောင်ရေအေးကလည်း ဝမ်းသာကြောင်း လက်ဟန်ခြေဟန်နဲ့ပြန်ပြောတယ်။

"ပိုးဥ ရတဲ့ငွေကို ရွှေလေးဘာလေးဝယ်၊ မောင်ရေအေးကိုလည်း ဈေးရင်းဖို့ တစ်သိန်းလောက်ပေးပြီး ငွေစုစာအုပ်လည်းလုပ်ထား ကြားလား"



ဥက္ကဋ္ဌကြီးစကား ကြားရသောအခါ ပိုးဥက မျာမျာသလဲ ခေါင်းခါတယ်။

"တစ်.. တစ်သိန်းပဲ ယူ ယူမယ်၊ ကျန်.. ကျန်တဲ့ငွေကို အစ်အစ်ကို ကျော်အောင်မိုးကိုပေး.. ပေးလိုက် မယ်၊ အစ်.. အစ်ကိုက အခု အ.. အလုပ်မရှိဘူး၊ ဒုတ်.. ဒုက္ခရောက်ရောက်နေတယ်"

ပိုးဥရဲ့ ပြတ်ပြတ်သားသားစကားကို ကြားရတော့ ကျွန်တော်အပါအဝင် လူကြီးအားလုံးက "ဟိုက်"ခနဲ ဖြစ်သွားပါတော့တယ်။ ပိုးဥတစ်ယောက် သွေးကစကားပြောလာပြီ။ အနေအေးတဲ့ မောင်ရေအေးကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြတယ်။

ဩော် ပိုးဥ ပိုးဥ၊ ဘဝမလှပေမယ့် စိတ်အလှရှိနေလေတော့ အကျိုးပေးကောင်းပေမယ့် သူတစ်ပါးကိုသာ ပေးဆပ်ရမည့် ဇာတာ ပါလာလေရော့သလား၊ စိတ်ထားကောင်းလျှင် တစ်ချိန်မှာ လသာချိန်လေးရောက်လာမှာ အမှန်ပဲလို့ ကောက်ချက်ချရင်း ပိုးဥရဲ့ဖြူစင်မှန်ကန်သောစေတနာကြောင့် ယခုပစ္စုပ္ပန်သာမက နောင်သံသရာအဆက်ဆက်မှာလည်း ငြိမ်းချမ်းသာယာပြီး လောင်းရိပ်ကင်းတဲ့ ပန်းလေးလို အစဉ်ထာဝရ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပွင့်လန်းနိုင်ပါစေလို့ ကျွန်တော့်ရင်ထဲက ဆုတောင်းအခါခါ ပြုလိုက်မိပါတော့တယ်....။

**နီနီနိုင်(သထုံ)**



မိန်းမနှယ်. . . နာမည်ကြီးကိုက ဘာစိတ်ကူးနဲ့ မှည့်ထားတယ်မသိပါဘူး။ မိန်းမမှန်းမသိ၊ ယောကျ်ားမှန်းမသိ၊ လုံးမှန်းမသိ ပြားမှန်းမသိ၊ ရှမ်းကယားလည်း မဟုတ်၊ ဇန်းကုလားလည်းမဟုတ်၊ ဆန်းတော့ဆန်းဆန်းပြားပြားပဲ။ ဆန်းသာ ဆန်းတယ် ဟိုဗီဒီယိုထဲက မင်းသမီးတွေလို လှတပတတော့လည်း မဟုတ်ပြန်ဘူး။ အင်း. . . ဒါပေမဲ့လို့ စိတ်ဝင်စားစရာတော့အကောင်းသား. .။ ကျုပ်တော့ အဲဒါကိုပဲ စဉ်းစားနေမိတော့တာပဲ။ ဘာလို့မှန်းလည်း မသိဘူး . . သူကျုပ်တို့ရပ်ကွက်ထဲ ရောက်လာကတည်းက ကျုပ်မှာ စားလည်း ဒီအကြောင်း၊ အိပ်လည်း ဒီအကြောင်း။ ဒီဟာမ ဒုက္ခပေးပေးလွန်းလှချည့်ရဲ့တော်။

မိန်းမကလှတော့ အလှသားပါ။ လှတယ် ဆိုလို့ ဗီဒီယို မင်းသမီး မို့မို့မြင့်အောင်လို ပျော့ပျော့ပျောင်းပျောင်း နွဲ့နွဲ့ နှောင်းနှောင်းကလေးတော့ မဟုတ်ဘူး။ ယောကျ်ားတစ်ယောက် လောက်တော့ အသာကလေး ကိုင်ပေါက်နိုင်လောက်တဲ့ ကိုယ်လုံးကိုယ်ပေါက်။ တစ်တုံးတစ်ခဲ လုံးကြီးပေါက်လှဆိုတာမျိုးပေါ့။ အဲဒါကြောင့်ထင်ပါရဲ့ မိန်းမက ဘယ်သူ့ကိုမှ ထီမထင်တဲ့ပုံမျိုး။

# ညှိုးသည်လော

၊ကျောက်ဆည်၊

ဝတ္ထုတိုရသ

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
AF MEDIA GROUP

ထိမထင်ဆို ဟိုတစ်လောက ကျုပ်တို့အရပ်ထဲ နာရေးတစ်ခု မယ် ယောက်ျားဘသားတွေကြား သူတင် ကိုယ်တင် ပိုကာဒေါင်းလို့၊ ဘာ အောက်မေ့လဲ။ အမယ် သူကများ တောင် ဖဲဝိုင်းအားလုံးကို အုပ်ချုပ် နေလိုက်သေး။ နာရေးမှာ လာကစား ကြတဲ့လူတွေကလည်း အစ်မ၊ အစ်မ နဲ့ သူ့စကားနားထောင်ကြသတဲ့. . အံ့ရော။ အမယ် ကောင်မက နာရေး အိမ် ဖဲလာရိုက်တယ်လို့များ စုတ်တိ စုတ်ဖားလာ တယ်လို့ မထင်နဲ့။ မျက်နှာပြောင်ကြီးလာတယ် မထင် နဲ့။ ခြယ်သလာ လိုက်တာများ မှုန် ကော့လို့။ လိုင်နာ ဆိုတာကဆွဲထား လိုက်သေး။ နှုတ်ခမ်းနီပါးပါးက ပွတ်လာလိုက်သေး။ အံ့ပ သူမို့ နာရေး အိမ်လာရဲတယ်။ အဲ ကြည့် လို့တော့ အကောင်းသားပဲ။ အဲဒါကို အိမ်က ကိုဟဝ္ဂါက သွားငမ်းကြော ထနေ တာမြင်လို့ ကျုပ်မယ် အူတော တုန်ပြီး ဒေါ်တွေ ပွလာလို့ အိမ်က ဟာကို ဒိုက်ခေါက်ဆွဲလိမ်ရသေး တယ်။

အင်း ခက်တော့ခက်ပါရဲ့။ အခု တစ်လောအရပ်ထဲ သူ့ယောက်ျား၊ ကိုယ့်ယောက်ျားပဲ ပြောရဦးမယ်၊ ယောက်ျားတွေ အတော်များများ ဟာ ဒီမိန်းမအကြောင်းပဲ ပြောနေကြ တယ်။ ဒီမိန်းမဟာ မကြာသေးခင်မှ ကျုပ်တို့အရပ်ထဲ ပြောင်းလာသူ ဆိုတော့ အားလုံးက စိတ်ဝင်စားနေ ကြတယ်။ အထူး သဖြင့် ယောက်ျား ပိုင်းက ပိုပြီးစိတ်ဝင်စားကြတယ် ပြောရမှာပေါ့။ ဘာတဲ့ သူတို့ပြော နေသံကြားရတာ။ သူကဟိုဟာကြီး ဆိုပဲ။ ဟိုဟာဆို တာဟိုဟာပေါ့။ ကြက်ပေါ့။ ရေသောက်တဲ့ ကြက်ကို ပြောတာ။

ရေသောက်တယ်ဆိုတာ ဝရမ် သောက်တာကိုပြောတာ။ ဟုတ် တယ် သူက ညနေညနေဆိုရင် ဝရမ်ဆိုလားပဲ၊ နီနီအရက်တွေလည်း သောက်တတ်တယ်တဲ့။ စစ်ကလက် ဆိုတာတော့ လက်ကြားက မချ တမ်းပဲ။ အလွှတ်သောက်ပဲ။ စတိုင် တော့ အကျသား။ ဒါကြောင့်လည်း ယောက်ျားတွေ အတော်များများ က သူ့ကိုသဘောကျတာနေမှာ။ မျက်စိ စားပွဲ ထိုင်နေလိုက်ကြတာများ ကဏန်းမျက်လုံးတွေက အဘခေါ်ရ လိမ့်. . . ယောက်ျားတွေများ တ ကတည်း။

သူရောက်လာကတည်းက ကျုပ် မယ် အိပ်ကောင်းခြင်းမအိပ်ရ စားကောင်းခြင်းမစားရ ဖြစ်နေရ တယ်ဆိုတာ စိတ်မချလို့၊ အိမ်က ယောက်ျားကိုစိတ်မချလို့ အရိပ် တကြည့်ကြည့်လုပ်နေရတာ။ ပြော လို့ရတာမဟုတ်ဘူး ယောက်ျားဆို တဲ့ အမျိုးဟာ လက်သာတာကို ကြိုက်သတဲ့လေ။ ဒီကောင်မက လှပုံကသာနွဲ့နွဲ့နှောင်းနှောင်းမရှိ တာရယ်၊ ဟန်ပန်ကျတော့ ပျော့ပျော့ ပျောင်းပြီး၊ အသံကလေးများ ဆိုချို လို့။ နားထောင်လို့တောင် ကောင်း သေး။ ကျုပ်တောင် တစ်ခါ လားသူနဲ့ စကားပြောဖူးပါတယ်၊ နားထဲစွဲက ရောပဲ၊ တတ်လည်း တတ်နိုင်တဲ့ မိန်းမ။ ဒါ့ကြောင့် အိမ်က ကိုအဝ္ဂါ ကို စိတ်မချတာပေါ့။

ပြောသာပြောတာပါ၊ အိမ် ကယောက်ျားက ကိုလူရိုးရေစိုက် ထားတာပါ။ ဒါမျိုး ယောင်လို့ အိပ်မက်မက်ကြည့်မယ့် ယောက်ျား စားမျိုး မဟုတ်ပါဘူး။ ဒါမျိုး သတိ မယ့်သူလည်း မဟုတ်ပါဘူး။ ဒါမျိုး မက်စရာကတဲ့ ယောက်ျားတွေ အဖို့တော့ အိုင်တော်ကန်သာ ကူးခပ်ချိုးချင်စရာ မဟာအခွင့် အရေးကြီးပေါ့။ အဲလို ယောက်ျားတွေ ထဲ ရပ်ကွက်လူကြီး အဲ ရပ်ကွက်ထဲ က အသက်ခပ်ကြီးကြီးလူတွေ တောင်ပါသေးရဲ့။ အရပ်ထဲက မိန်းမသားတွေအဖို့တော့ ရင်တ ထိတ်ထိတ်နေရသလို ဒီမိန်းမကို ရွံစရာ အော့နှလုံးနာဖွယ်လို့ထင် တယ်။ နို့ပြီးတော့ ရပ်ကွက်နာတယ် ဆိုပြီးတော့လည်း မကြည်ဖြူနိုင် ကြဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ဒီအရပ်ထဲမရှိစေချင်တာတော့ မိန်းမသားတစ်တွေရဲ့ သဘောထား အမှန်ပဲ။ သူမရှိမှ ကျုပ်တို့ စိတ်ပေါ့ ပါးနေနိုင်မှာ။ အဟုတ်ပြောတာ။

ဪ မေ့တော့မလို့။ သူ့ နာမည်က 'လေခါ'တဲ့။ ဘာကြီးမှန်း မသိပါဘူး။

♦

လေခါတဲ့။ စဉ်းစားကြည့်ဦး လေ . . လုံးလား၊ ပြားလား ဘာမှန်း မသိတဲ့နာမည်။ ဒီနာမည်ဟာ တစ်နေ့တခြား အရပ်ထဲလူပြောသူ ပြောများလာတယ်။ နေရာတကာ သူ့အတင်းတွေက ထွေးလာတယ်။ နို့ပြီး ဟိုမှာသည်မှာ သူ့သတင်းတွေ က မွှေးလာတယ်၊ သူ့အတင်းတွေ ထွေးလာတာက ထုံးစံအတိုင်းနာ ခေါင်းရှုံ့စရာမကောင်းတာတွေပေါ့။ မြို့ပေါ်က ယောက်ျားတော်တော် များများ သူ့ဆီ အခစားလာကြ သတဲ့။ အခုဆိုရင် သူ့ဆီမှာ သူ့ တစ်ယောက်တည်းတောင်မက တပည့်တပန်းတွေတောင် ရောက် နေဆိုပဲ။ အခုရောက်နေတဲ့ တပည့်မ တွေက ငယ်လည်းငယ်၊ ချောလည်း ချောဆိုပဲ။ သူ့ ကယ်တင်ထားတဲ့ ဆက်ရက်တောင်ပံကျိုးတွေပေါ့၊ ဆက်ရက် အေဂျင်စီပေါ့၊ အေဂျင်စီ ဆိုတာလား၊ အေဂျင်စီဆိုတာ လူတွေပြောပြောနေတဲ့ မော်ဒယ် အေဂျင်စီလိုမျိုးတဲ့။ အရပ်ထဲက လူတွေပြောနေကြတာကို ပြောတာ ပါ။ ကျုပ်ကတော့ ဘယ်သိပါ့မတုံး။ ကျုပ်က ဟို အနောက်ကျိုးတောက ထက်လာတာ ဆိုတော့ အေဂျင်စီ တွေ၊ ဘီဂျင်စီတွေ မပြောတတ် ပေါင်။

ယောက်ျားတွေ အတော်များများဟာ ဒီမိန်းမအကြောင်းပဲ ပြောနေကြတယ်။ ဒီမိန်းမဟာ မကြာသေးခင်မှ ကျုပ်တို့အရပ်ထဲ ပြောင်းလာသူဆိုတော့ အားလုံးက စိတ်ဝင်စားနေကြတယ်။ အထူး သဖြင့် ယောက်ျားပိုင်းက ပိုပြီး စိတ်ဝင်စားကြတယ် ပြောရမှာပေါ့။

ကျုပ်ပြောချင်တာက အဲလို ပေါ့။ သူက အရပ်ထဲမှာ မကောင်း တာ လုပ်စားနေတော့ ကျုပ်တို့တွေ၊ အနေကျုံ့တာပေါ့။ နို့ပြီး သူတို့ရဲ့ အေဂျင်စီဝေဟာကြောင့်မို့ အရပ်ထဲ လူတွေ တရှုံ့ရှုံ့ဖြစ်နေတော့ မျက်စိ နောက်တယ် တကတည်း၊ ကျုပ်

Asian Fame Media Group


ဒေါအပွဆုံးက ဒီမိန်းမ ကျုပ်ယောက်ျားကိုလာပြီး မချိုမချဉ် ပြည်တည်တည်လုပ်တာကိုပဲ။ ကျုပ်နဲ့ကျုပ်ယောက်ျားလမ်းထိပ်က လက်ဖက်ရည်ဆိုင်ထွက်ပြီး လက်ဖက်ရည် သောက်ရင် ဒီမိန်းမနဲ့မကြာမကြာ ဆုံတတ်ပြီ။ ကျုပ်ယောက်ျားကို သရိုးသရီလုပ်နှုတ်ဆက်တာကို အမုန်းဆုံးပဲ။ ကျုပ်ယောက်ျားကို လာမြူနေတာမှာပေါ့၊ ကောင်မက မသိရင်ခက်မယ် ဟွန်း။

သူ့သတင်းတွေ မွှေးလာတယ်ဆိုတာက ဒီလိုတော့၊ သူက အခု ရပ်ကွက်ထဲမှာ အားကိုးစရာ သူ့ရဲကောင်းတစ်ယောက်ဖြစ်လာတယ်တဲ့။ ဟိုတစ်လောက ရပ်ကွက်ထိပ်က အရက်ဆိုင်မှာ ကျုပ်တို့အရပ်ထဲက ချာတိတ်တစ်သိုက်၊ တခြားအရပ်ကလူတွေနဲ့ ရိုက်ပွဲဖြစ်ကြရာမှာ ကျုပ်တို့ချာတိတ်တွေ လိုမ့်ခံနေရတုန်း၊ အဲဒီမိန်းမ ရောက်လာပြီး ဝင်ဆော်ထည့်လိုက်တာ ဟိုကောင်တွေ၊ ထိပ်ပေါက် ခေါင်းကွဲနဲ့ခွေးပြေး ဝက်ပြေးပဲတဲ့။

နို့ပြီးတော့ တလောဆီကလည်း၊ ကျုပ်တို့အရပ်ထဲ သူခိုးတွေ သောင်းကျန်းနေတာ၊ မယ်မင်းကြီးမက သူခိုးတွေကို ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းပြီး၊ ရဲစခန်းကို ကိုယ်တိုင်ပို့တယ်တဲ့. . . အံ့ရောပဲ။ သူခိုးတစ်ယောက်ကများဆို သူ့ကို မိန်းမပဲဆိုပြီး၊ အထင်သေးတဲ့အပေါက်နဲ့ဝင်လုံးသတဲ့။ သူခိုးက ဇလကလည်းကောင်းကောင်းဆိုတော့ ဇလအားကိုးနဲ့ မိုက်တာပေါ့၊ အဲဒီလိုဇလတောင့်တဲ့အကောင်ကြီးကို ကျုပ်တို့ရဲ့ သတ္တိခဲမမက ပညာစွမ်းပြ၊ ကိုင်ပေါက်ထည့်လိုက်တာ သူခိုးဇလ ကားခနဲ၊ ကွေးခနဲဆိုပဲ။

အဲသလို သူ့သတင်းမွှေးတာတွေရော၊ အတင်းတွေးတာတွေရော အမျိုးမျိုး၊ အဖုံဖုံ ကြားနေရပေမယ့် ကျုပ်ကတော့၊ ဒီဟာမကို ကြည့်မရတာ အမှန်ပဲ။ ပိုဆိုးတာက ကျုပ်ယောက်ျားနဲ့တင်မောင် ပတ်သက်နေတာကိုပဲ၊ တင်မောင်ဆိုတာလား. . . တင်မောင်ဆိုတာ ပွဲစားယောင်ယောင်၊ ဘာယောင်ယောင် ကလေကဝကောင်၊ အင်း. . . သူများယောက်ျားပြောရတာ မကောင်းပါဘူးလေ၊ အဲဒီ တင်မောင်ဆိုတဲ့ကောင်က ကျုပ်ယောက်ျားလုပ်တဲ့ 'ပိုင်း'ထဲ လိုက်ချင်သတဲ့။ 'ပိုင်း'ဆိုတာ ဆိုင်ကယ် ပွဲစားတန်းကိုပြောတာ။ အဲ့ဒီမှာ ကျုပ်ယောက်ျားက ဝယ်ရောင်း လုပ်တယ်။ ကျုပ်ယောက်ျားက ရိုးသားတော့၊ လုပ်လို့ကိုင်လို့ ကောင်းတယ်။ အဆင်ပြေတယ်။

ကျုပ်ယောက်ျားအဆင်ပြေနေတာမြင်တော့ တင်မောင်က သူပါ လိုက်လုပ်ချင်တယ်လို့ ကျုပ်ယောက်ျားကို အပူကပ်တယ်။



အိမ်က ကိုမနေဘဖြူ သဘောရိုး သဘောဆိုတော့ လိုက်ခဲ့ပါပေါ့။ ရပါတယ်ပေါ့။ ကျုပ်က သတိပေးပါသေးတယ်၊ တော်နဲ့ဖြစ်ပါ့မလား လို့လေ။

"ဖြစ်ပါတယ်ကွာ. . သမုဒ္ဒရာရေပဲ၊ ဘယ်သူသောက် သောက်ပါ။ ကိုယ်တစ်ယောက်တည်း သောက်လို့မကုန်ပါဘူး"

"တော် ဖြစ်တယ်ဆိုရင်၊ ပြီးတာပါပဲ။ ပြီးမှ ဘာသံ၊ ညာသံ မကြားချင်ဘူး. . . "

ကျုပ်ပြောနိုင်တာက ဒါပဲလေ။ ဒီထက်ပိုပြီး ကျုပ်လိုကောင်မက ဘာပြောတတ်မှာတဲ့တုံး။ ကျုပ်သဘောမတွေ့တာက အဲဒီ တင်မောင်ဆိုတဲ့အကောင်ဟာ လက်ထဲနယားကလေးများ ရွှင် အဲ . . . အခုဆို ရင်တော့ ခြသေ့်ပေါ့။ ခြသေ့်ကလေးများ လက်ထဲရွှင်လာ ပြီလားဆို၊ ဖာဖဲအရက်၊ ဆယ့်နှစ်မျိုးဂျင်းသုပ် အကုန်လုပ်တဲ့ အကောင်။ ပြောချင်တာက အဲဒီတင်မောင်ဆိုတဲ့ကောင်ဟာ ဟိုမိန်းမ အိမ်ကိုဝင်ထွက်၊ သွားလာနေတယ်ဆိုတာကိုပဲ။

အဲဒီမိန်းမနဲ့ ပတ်သက်နေတဲ့ကောင်ဟာ၊ ကျုပ်ယောက်ျားနဲ့လည်း လာပြီး ပတ်သက်နေတာကို ကျုပ်ဘဝင်မကျဖြစ်နေတာပဲ။ တကယ်ဆို ကျုပ်ယောက်ျားက အရပ်ထဲမှာ အနေမှန်တယ်ဆိုတဲ့ သိက္ခာနဲ့နေတာ တစ်ရပ်လုံးအသိ။ တစ်ရွာလုံးအသိ။ ဖွတ်ကြီးလို့ မိချောင်းနာမည်ပျက်မှာစိုးလို့။ ကိုယ့် ယောက်ျားအနေဆိုဘာပြောစရာ လိုလို့တုံး။

♦

ရယ်စရာတော့ အကောင်းသားပဲ။ သူ အခု ယောက်ျားယူလိုက်ပြီတဲ့ သီလား။ သူ ယူလိုက်တဲ့ယောက်ျားက အငယ်လေး။ စတိုင်ကမိုက်တယ်။ ဒီကောင်လေးကို ကောင်မက၊ ဘယ်လိုခေါ်တယ်မှတ်တုံး။ ဟင်း. . ဟင်း. . နှာခေါင်းကလေထွက်တဲ့ အသံနဲ့'မောင်'တဲ့။ မောင်လို့ ခေါ်တာနေမှာပါ။ ကြားရတာရယ်စရာကြီး။ သူ့ဟာကလေးကလည်း မ, မ, နဲ့၊ တောက်တဲ့ထမနဲ ကပ်နေတာ မျက်စိများတောင် ရှက်ပ။

ညားကာစကတော့ကောင်းပ။ အရပ်ထဲ ပလူးနေတာဆိုလည်း ယိုလူမရှက်၊ မြင်သူရှက်။ နောက်အတော်လေးကြာသွားတော့ နည်းနည်းနိုးသွားတယ်ထင်တယ် ကောင်လေးက၊ သူ့အနား သိပ်မကပ်တော့ဘူး။ ဘီယာဆိုင်တွေမှာ အချိန်ကုန်လာတာများနေတယ်။ အရက်ကလေးတမြမြနဲ့နေတာ များနေတယ်။ အပေါင်းအသင်းတွေနဲ့ ပေါ့လားဝါးလားအချိန်ကုန်နေတော့တယ်။ တစ်မျိုးတော့ သနားစရာပဲ။ ဒီကောင်မ သူ့ဟာလေးနောက်လိုက်ရတဲ့ဒုက္ခ ပိုလာတယ်။

ပြောရဦးမယ်. . . တစ်ခါသားများတော့၊ ညဘက် အတော်ညဉ့်နက်ကြီး သူ့ကောင်လေး၊ မြို့ထဲလမ်းက အုတ်ခုံတစ်ခုမှာ မူးပြီးမှောက်နေတယ်လည်းဆိုရော၊ ကောင်မ ဘာပြောကောင်းမလဲ ထဘီတိုတိုဝတ် ခေါင်းတင်မောင်းတင် သွားပြီး၊ တုတ်တုတ်ခိုင်ခိုင် သူ့ကောင်လေးကို ပခုံးပေါ် ထွေ့ခနဲကောက်တင် အရပ်ထဲအထိ ထမ်းခေါ်လာတာများ တကယ်။ ပြောသံကြားတာတော့ ကောင်လေးက တစ်မြို့ထဲပေါက်တဲ့ ငှက်ကလေးတွေနဲ့အတူ မကစားရလို့ဆိုပဲ။ ဒါတော့ ဘယ်မိန်းမဖြစ်ဖြစ် တစ်ဆစ်စီ ဘယ်ဝေစားနိုင်ပါ့မတုံးနော့။ ရွှေမန်ကျည်းမှမဟုတ်တာဘဲ။ နို့ပေမဲ့ ဒီလိုဖြစ်တယ်ဆိုတော့ ကျုပ်ဝမ်းသာတယ်။ ဒါမှ ဒီဟာမ ကိုယ်ချင်းစာတတ်သွားမှာ။ ကျုပ်တို့ အဲဒီလိုခံစားနေရတာ ဒါမှ ဒီကောင်မသိသွားမှာ။ အခု ဝဋ်လည်ပြီလေ၊ ကောင်းတယ်။ ဝဋ်ဆိုတာနောင်ဘဝထိတောင် မနေဘူးတဲ့။ အခု ဒီကောင်မ ကျုပ်တို့လိုခံစားနေရပြီ။ ဒါလောက်တင် ဘယ်

ကလိမ့်ဦးမတုံး၊ အခု ဒီကောင်မ ဆွေးပြီလေ။

ကျုပ်ပြောသားပဲ ဝဋ်ဆိုတာ နောက်ဘဝ မကူးပါဘူးလို့။ နောက်ဆုံးတော့ ဇာတ်သိမ်းသွားတာပဲ ဆိုသလို၊ နောက်ဆုံးတော့ ကောင်လေးက၊ သူမွေးထားတဲ့ မယ်တော်ချောချော အဲ မော်ဒယ်ချောချော လေးကို မ,ပြေးပါရော။ ကောင်မ နောက်ပိုင်း မင်းသမီးကိုဖြစ်ရော။ အဲဒီနောက် ဒီမိန်းမမျက်နှာ ရွှင်ရွှင်ပျပျကို မရှိတော့ဘူး။ လင်ပူမိတဲ့



မျက်နှာဆိုတာ ဒါမျိုးပြောတာထင်ပ။ အဲဒီလောက် ဖြစ်သွားတယ်ဆိုတော့လည်း ကျုပ်ရင်ထဲ တကယ် စိတ်မကောင်းဖြစ်မိတယ် . . အဟုတ် ပြောတာ။ လမ်းတွေ့ရင် မှိုင်တိုင်တိုင်၊ ငေးတေးတေးနဲ့ ပြုံးပြတာတောင် အသက်မပါဘူး။ ဟန်ဆောင်နေမှန်း သိသာတယ်။

နို့ပေမဲ့ ဒီကောင်မက သူ့အလုပ်တော့ အပျက်မခံဘူး။ ဘာမှမဖြစ်ခဲ့သလို ပိုနေမြဲ၊ ကျားနေ မြဲ လုပ်နေမြဲ ကိုင်နေမြဲ။ ဖောက် သည်တွေကလည်း လာနေမြဲ။ ညဖက်အလုပ်ရှာရင်း၊ ကင်းလှည့်ရင်း လူဆိုးသူခိုး ဖမ်းနေမြဲပါပဲ။

အစတုန်းကတော့ အဲဒါတွေက ကျုပ်နဲ့အနေသာကြီး၊ အခု အရပ်ထဲက ကြားလာတဲ့ သတင်းဆိုးကြီးကြောင့် ကျုပ်ရင်တွေ ပူပြီး ဒေါသတွေအလိပ်လိုက် ထွက်လာနေတာ။ မခံမရပ်နိုင်အောင်ကို ဖြစ်နေတာ။ ကြားစကားဆို ကျုပ်နားထဲ အဏုမြူဗုံးထက်ကွဲ သလားတောင် ထင်မိတာ။ မယုံနိုင်အောင် ဖြစ်မိတယ်။ ဒါပေမဲ့ မြင်တဲ့လူကိုယ်တိုင်က ပြောလာတာဆိုတော့လည်း၊ မယုံလို့က မဖြစ်ပြန်ဘူး။

ကျုပ် အရပ်ထဲက ကြားလာတာက ကျုပ်ယောကျ်ားကို မြင့်မောင်ရယ်လေ ဟိုအိမ်ကိုသွားသတဲ့။ ဟုတ်ပါ့မလား. . . ညည်းကိုယ်တိုင် မြင်တာလား။သူများပြောတာလား ဆိုပြီး ကျုပ်က မယုံသလိုမေးတော့

"ဟောဒီ မျက်လုံးနဲ့ကိုမြင်တာ။ ဟို အိမ်ထဲဝင်သွားတာ တော့် ယောကျ်ားမှ တော့်ယောကျ်ား အစစ်"

ကိုင်း ကျုပ်ဘာလုပ်ရမလဲ။ သင်း အရင်ကလို တစ်စစီဆွဲဆုတ် နုပ်နုပ်စင်းပစ်ဖို့ပဲ ရှိတော့တာပေါ့။ တွေ့ကြရောပေါ့ မြင့်မောင်ဆိုတဲ့ ယောကျ်ားရယ်၊ အေးပိုတဲ့ တစ်ပိုတည်းရှိတယ်။ အေးပိုဆိုတာ တော သူမ။ အေးရင်လည်း သူများထက်ပိုတယ်။ ပူရင်လည်း သူများထက်ပိုတယ်ဆိုတာ အခုဒီယောကျ်ား သိစေရမယ်။ လာခဲ့စမ်း။

"ကိုမြင့်မောင်"

"ဟ ဘာတုံး၊ အော်ကြီးဟစ်ကျယ်နဲ့အလန့်တကြား. . ."

"အလန့်တကြား . . . ဟုတ်လား။ လန့်မှာပေါ့ . . . တော်က နဂိုကတည်းက သွေးလန့်နေသူပဲ ဥစ္စာ"

"ငါက ဘာကိုသွေးလန့်နေလို့တုံး. . နင့်စကားက ဘာစကားတုံး"

"ပြောမယ်ပြောမယ် ပြောချင်လွန်းလို့၊ အူထဲမှာပွပြီး ဂျိဂျိနဲ့ဖြစ်နေတာ. . . တော် လိမ်ပြောဖို့တော့ ယောင်လို့တောင် စိတ်မကူးနဲ့။ တော်. . ဟို အိမ်ကို သွားတယ်ဆို"

"ဘယ်အိမ်လဲ"

"တော်. . အခုမှ ရှူချင်ယောင်ဆောင်မနေနဲ့နော်၊ ဟိုအိမ်ဆိုတာ ဟိုမိန်းမအိမ်ကိုပြောတာ။ လေခါ အိမ်ကိုပြောတာ. . ."

"ဩော် . . ဒါလား။ ငါ့နှယ် ဘာများလဲလို့"

"ကိုမြင့်မောင် တော်ပေါ့ပေါ့ ပျက်ပျက်လုပ်မနေနဲ့၊ ဟုတ်လား . . . မဟုတ်ဘူးလားဆိုတာပဲပြော၊ လိမ်ပြောမယ်တော့ မကြံနဲ့"

"မလိမ်နဲ့ဆိုတော့လည်း မလိမ်ဘဲ ပြောရတာပေါ့ကွာ. . . ဟုတ်တယ်"

ကျုပ်ခေါင်းထဲမိုက်ခနဲ ဖြစ်သွားတယ်။ ချက်ချင်းဆိုသလိုပဲ မျက်လုံးတွေလည်း ပြာလာတယ်။ ကျုပ်ဒေါသတွေ ငယ်ထိပ်က ဖောက်ထွက် ကုန်သလိုပဲ။ ကျုပ်မယ် အရှေ့ တစ်ယောက်လိုမြင်မြင်သမျှကို ကုတ်ခြစ် ဆွဲဖွဲ့နေမိတယ်ထင်ပါရဲ့၊ ကိုမြင့်မောင်က အတင်းဆွဲပြီး ဖမ်းချုပ်ထားလို့ အကြာကြီးနေမှ ကျုပ်စိတ်တွေ နည်းနည်းငြိမ်သွားတယ်။

"ငါပြောတာကို သေချာနားထောင်ပါဦး၊ ပြီးမှ နင်ကြိုက်သလိုဆုံးဖြတ်အေးပိ။ ငါ အဲဒီအိမ်ကို ရောက်သွားမိတယ်ဆိုတာ မှန်ပါတယ်။ အဲဒီနေ့က တင်မောင်ဘီး တစ်စီးအရောင်းအဝယ်ဖြစ်လို့ ငါ့ကို ပြုစုချင်တယ်ဆိုလို့၊ ပြီးတော့ ကိုမှန်ကြီးတို့၊ ငွေဦးတို့လည်းပါနေတာနဲ့ ဘီယာဆိုင်လိုက် ဖြစ်သွားပြီး နည်းနည်းသောက်မိသွားတယ်"

"အဲဒါကြောင့် ကျုပ်က အဲဒီ အကောင်နဲ့မပေါင်းပါနဲ့လို့ပြောတာ"

"အဲဒါနဲ့ ငါလည်း နည်းနည်းမူးသွားတယ်ဟာ. . မူးရင် မူးတတ်တယ်ဆိုတဲ့စကား သိပ်မှန်တာပဲ၊ ဒါကြောင့် အရက်ကို ငါအတတ်နိုင်ဆုံး ရှောင်တာပဲ"

"ရှောင်ပေလို့သာပဲ၊ ဟွန်း . . . ကဲ စကားကို ဝေ့မနေနဲ့၊ လိုရင်းကိုပြော"

"နည်းနည်းမူးလာကြတော့ ဒီကောင်က ဂျီကျလာတယ်၊ အဲဒီအိမ်ကိုသွားဖို့ ငါ့ကို အတင်းပေကပ်ခေါ်နေတယ်၊ မလိုက်ပါဘူးလို့ ဘယ်လိုမှ ငြင်းမရတဲ့အဆုံး မထူးပါဘူး၊ ဟိုကျမှမီးစင်ကြည့်ကတော့ မယ်ဆိုပြီး ပါသွားဖြစ်တာ ဟိုကျတော့"

"ဟင် ဟိုကျတော့၊ ဘာဖြစ်တုံး ပြောစမ်းပါမြန်မြန်"

"ဘာမှ မဖြစ်ဘူး"

"မယုံဘူး. . ကျုပ်ကို မလိမ်နဲ့"

ကျုပ်လည်း ပါးစပ်ထဲက ကျည်ဆန်တွေ ဆောင့်ထွက်သွားသလို အော်ပစ်လိုက်တယ်။

"မယုံလည်း မတတ်နိုင်ဘူး၊ ငါ အခုပြောမှာ အမှန်တွေပဲ၊ ဟိုရောက်တော့ အခုနင့်အံ့ဩနေသလိုပဲ၊ လေခါက ငါလာတာကို အံ့ဩနေတယ်။ မယုံနိုင်အောင်လည်း ဖြစ်နေတယ်။ ပြီးတော့ ငါ့ကို ဒေါသထွက်တဲ့ မျက်လုံးနဲ့လည်း ကြည့်တယ်။ ငါဘာများ အမှားလုပ်မိလိုလဲဆိုပြီး တွေးလည်း ငါတွေးမိတယ်။ တကယ်ဆိုရင် သူဟာ ငါလို လူတစ်ယောက်ကို ပျူပျူငှာငှာ ကြိုဆိုရမှာ မဟုတ်လား။ ဒါပေမဲ့ သူက ငါ ထင်သလို မဟုတ်ဘူး။ ငါ ဘယ်လိုမှ ထင်မထားတဲ့ စကားကိုပြောတယ်။ ယုံတောင် မယုံချင်စရာပဲ။ သူဘာ ပြောလဲဆိုတော့ ကိုမြင့်မောင် ရှင် ဒီကို ဘာလာလုပ်တာလဲတဲ့။ ဒီနေရာဟာ ရှင်လိုလူမျိုးလာကောင်းတဲ့ နေရာ မဟုတ်ဘူးတဲ့။ ဒီနေရာကို လာတဲ့ လူတွေဟာ သူတို့ကိုယ်သူတို့ ဒီနေရာနဲ့ထိုက်တန်တယ်လို့ ပြင်ဆင်ပြီးသား လူတွေလာကြတာ၊ အဲဒီလူတွေအတွက် ကျွန်မ ဒီ အလုပ်ကို လုပ်စားတာတဲ့၊ ရှင်လို လူတွေ အတွက် မဟုတ်ဘူး. . အဲဒါကြောင့် ရှင်ပြန်တော့တဲ့၊ အဲဒါ ငါဟို အိမ်ရောက်ခဲ့တဲ့ အမှန်တရားပဲ။ ယုံတာ မယုံတာကတော့ နင့်အပိုင်းပဲ"

ကျုပ် ကျုပ်ယောကျ်ားကို ငေးကြည့်နေမိတယ်။ ဘာပြောရမှန်းလည်း မသိဘူး။ ကြားရတာကတော့ ယုံရခက်ခက်ဆိုတာမျိုးပဲ။ အဲဒီလို မိန်းမတစ်ယောက်က ဒီ စကားမျိုး ပြောတယ်ဆိုတော့၊ အင်း . . . ဘာပဲဖြစ်ဖြစ်၊ သေချာတာကတော့ ကျုပ်ယောကျ်ားဟာ ဘယ်တုံးကမှ လိမ်မပြောတတ်ခဲ့ဘူး ဆိုတာပဲ။

**လှမိုးသစ်(ကျောက်ဆည်)**

မရောက်တာကြာပြီဖြစ်သော ကျောင်းလမ်းကြားလေးထဲကဖြတ်၍ ကျွန်တော်အိမ်ပြန်လာသည်။ ကွေ့သယောင်ယောင်ရှိသော လမ်းကျဉ်လေးတစ်ဖက်တစ်ချက်မှ သစ်ပင်တန်းတွေ၏ အထက်ဘက် ကောင်းကင်ပြာပြာတွင် တိမ်ဖြူတွေ လွင့်နေကြသည်။ ကျောင်းဝင်းထဲမှ ကလေးတွေ သံပြိုင်အော်ဆိုနေသံ မျိုးစုံက အပြင်ဘက်ကို လွင့်ပျံ့လာ၏။

"နေရာဝတီ ဝေဒါစီ
နေရီညကူး ဝေဒါဖူး။
တစ်နေ့တလေ ကစားပေ၊
မေမေ သား မဆီးတား။
လူတော လူပေ၊
အနီးအဝေး။
အသားအရေ
မပူမအေး။
လူကလေး ရေကူးသည်။
စာပေဝါသနာပါသလား။
ဈေးက မေမေလာ၏၊
စနေနေ့က နေသာသည်၊"

ဘယ်အတန်းက ကလေးတွေက ဘာတွေကို အော်ဆိုနေကြမှန်း ကျွန်တော်မသိပါ။ ဒါပေမဲ့ ကျွန်တော့်နားထဲမှာတော့ မူလတန်းဖတ်စာထဲမှ စာတွေကိုသာ ကြားယောင်နေသည်၊ ဟိုတုန်းကတည်းကပင် သည်ကျောင်းလမ်းကြားကို ဖြတ်လာ၍ သည်အသံတွေကိုကြားရတိုင်း သည်စာတွေကိုသာ ကျွန်တော်သတိရ၏၊ ကလေးတွေ တကယ်အော်ဆိုမနေကြပေမယ့် နားထဲမှာ ကြားနေရသလိုလို စိတ်ကအမြဲထင်မိတတ်သည်။

ဒါပေမဲ့ မဖြစ်နိုင်ပါ။ ကျောင်းက နေရာမကျောင်းကြီး၊ မူလတန်းကျောင်းလည်း မဟုတ်။ မြို့ကျက်သရေဆောင် အထက်တန်းကျောင်းကြီးဖြစ်သည်။ ပြီးတော့ သည်စာတွေက ယနေ့ခေတ်တွင်သင်သည့် စာတွေတောင်မှ မဟုတ်ပါ။ ကျွန်တော် ရှစ်တန်းတုန်းက သူငယ်တန်းကျောင်းသူဖြစ်သော ညီမလေး၏ မူလတန်းဖတ်စာထဲမှစာတွေ ယခု ကျွန်တော်ပင် အသက်ငါးဆယ်ရှိပြီပဲ။

ကျွန်တော်က အင်္ဂလိပ်ခေတ် လက်ကျန်ဒေါင်းဖတ်စာကိုသာ သင်ကြားခဲ့ရသူမို့ လွတ်လပ်ရေးရပြီးမှ အသစ်ပြုစုသော ညီမလေးတို့ စာအုပ်ကို အလွန်သဘောကျသည်။ သင်ရိုးပါအကြောင်းအရာတွေက စိတ်ကူးကောင်းသည်။ မြန်မာဆန်သည်။ အသံလည်းသာသည်။ ကျွန်တော် အလွန်နှစ်သက်မှန်းသိ၍ ညီမလေးက သူ့





Asian Fame Media Group

စာမေးပွဲပြီးသောအခါ ထိုဖတ်စာကို ကျွန်တော့်အားပေးလေသည်။

ကျွန်တော်ကလည်း မြတ်မြတ်နိုးနိုး သိမ်းဆည်းထားခဲ့ပါသည်။ မကြာခဏဖတ်သည်။ ယခုတောင် အတော်များများ မှတ်မိနေတုန်းပင်။ ထိုစာမျက်နှာမှပုံထဲတွင် ဈေးမှပြန်လာသော သူ့အမေဆီကို ကလေးတစ်ယောက်က ပြေးကြိုနေသောပုံနှင့်။

ကလေး၏မေမေက လုံချည်ပန်းရောင်၊ လက်ရှည်အင်္ကျီအဖြူနှင့် ထီးကလေးဆောင်းပြီး လက်တစ်ဖက်က ဆွဲခြင်းကိုဆွဲကာလာနေသည်။ ကလေးက သူ့မေမေဆီကို ပြေးသွားနေသည်။ ပန်းချီပုံထဲမှ လမ်းကလေးက ကွေ့ကွေ့ကောက်ကောက်လေး၊ တစ်ဖက်တစ်ချက်တွင် သစ်ပင်လေးတွေတစ်ပင်စီနှင့်။ ဟိုးအဝေး မိုးကုတ်စက်ဝိုင်းမှာတော့ ဈေးဟုထင်ရသော ခေါင်မိုးလေးတွေသုံးလေးခုနှင့် သစ်ပင်အုပ်တွေ။ ငှက်ကလေးတွေကလည်း ပျံနေကြသည်။ နေသာသော စနေနေ့တစ်နေ့ပေါ့။

သည်နေရာလေးကို ဖြတ်သွားရတိုင်း သည်ပုံနှင့်သည်စာတွေကို ကျွန်တော် သတိရနေမိသည့်အကြောင်းကတော့ သည်လမ်းကလေးက အမေဈေးသွားဈေးပြန်သည့်လမ်းမို့ပင်၊ အမေသည် သည်လမ်းကလေးအတိုင်း အနှစ်သုံးဆယ်ကျော်တိုင်တိုင် ဈေးဝယ်သွားခဲ့လေသည်။

♦

ဈေးမှပြန်လာပြီဆိုလျှင် ဈေးမှာ ကြုံခဲ့ရသည်တို့ကို အမေက နေ့တိုင်းပြောပြတတ်သည်၊ သူဝယ်ခြမ်းလာတာတွေကို ဆွဲခြင်းထဲမှ ထုတ်ရင်း တစ်ခုစီကိုင်ပြကာ ဝယ်ရတာတော်လျှင် တော်သည်၊ မတော်လျှင်မတော်။ ဈေးလျှင် ရှားသည်၊ ပေါလျှင်ပေါသည်။ လတ်ဆတ်လျှင် လတ်ဆတ်သည်၊ လတ်ပေသည့် အပြစ်အနာအဆာပါလျှင် ဈေးသက်သာသောကြောင့် ချက်ချင်းရှုံးပြီး ဝယ်ခဲ့သည်။ ဘယ်ဈေးသည်က ဝယ်၍ ကောင်းသည်၊ ဘယ်သူက ဝယ်၍မကောင်း စသည်ဖြင့် ပြောလေ့ရှိ၏။ သို့သော် ကျွန်တော်တို့သားသမီးတွေက ထမင်းပွဲရှေ့ရောက် စားနေရသည်မို့ ဈေးမှာ ဝယ်ရခြမ်းရတာတွေကို စိတ်မဝင်စားကြ၊ ဈေးကိုလိုက်ချင်စိတ်လည်း မပေါက်ကြ။

သည်လိုနှင့် ကျွန်တော် ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ် သွားတက်သည်။ ချစ်သူရှိလာသည်။ ချစ်သူက အဆောင်ငှား၍ နေသူဖြစ်သော်လည်း သူ့အဆောင်က ထမင်းဟင်းကို မစားချင်သည့်အခါမျိုး၊ ကျွန်တော့်ကိုပါ ကျွေးချင်သောအခါမျိုးတွေမှာ ကိုယ်တိုင်ချက်ပြုတ်တတ်သည်။ ထိုအခါ ကျွန်တော်တို့နှစ်ယောက်က အိမ်ထောင်ရှင်များပမာ လှည်းတန်းဈေးတို့ ကမာရွတ်ဈေးတို့ကို သွားဝယ်လေ့ရှိ၏။ ဈေးဝယ်ရတာကို ကျွန်တော် နည်းနည်းပါသနာပါလာသည်။

အိမ်ထောင်ကျပြီးသည့်နောက်တော့ ဇနီးက ဈေးကိုအမြဲခေါ်သည်။

# မေမေဈေးက လာသည်

မိုး ၊နွယ်ပန်းအိမ်၊

ဝတ္ထုတိုရသ




Asian Fame Media Group

အမြဲဝယ်ရသည်။ သူ မအားသည့် အခါများကျတော့ မှာလိုက်သည်များကို မှတ်သားကာ ကျွန်တော်တစ်ယောက်တည်း ဈေးသွားသည်။ သူမှာလိုက်တာတွေ အကုန်ဝယ်၍ရလျှင်တော့ ကိစ္စမရှိ။ အချို့တစ်မည်နှစ်မည် ဈေးမှာမရှိသောအခါများကျတော့ ရည်ရွယ်ထားသည့်ဟင်းကချက်မရတော့ပေ။ ဟိုဟာမရလျှင် ဒီဟာနှင့် အစားထိုးလိုက်မည်ဟုလည်း ကျွန်တော့် သဘောနှင့် ကျွန်တော်မစီစဉ်တတ်။ ထိုနေ့မျိုးမှာတော့ ဖြစ်သလိုနှင့်သာ။ သည်တော့မှ တစ်သက်လုံး သတိမပြုဘဲစားလာခဲ့သည့် အိမ်ထမင်းအိမ်ဟင်း၏ တန်ဖိုးကို သိလာရသည်။

နောက်တော့ ကျွန်တော်တို့ အိမ်ထောင် ကွဲကွာသွားကြသည်။ သတ္တဝါငယ်တစ်ကောင် ဒဏ်ရာအနာတရဖြင့် သူ့အသိုက်အမြုံရှိရာ ပြန်ရောက်လာသကဲ့သို့ မိဘအိမ်ကို ကျွန်တော် ပြန်ရောက်လာသည်။ တစ်မြို့တစ်ရွာတွင် တစ်အိုးတစ်အိမ်ဖြင့် သီးခြားရပ်တည်လာခဲ့သော ကျွန်တော်ဆိုသည့် ဘဝသည် ပျောက်ပျက်သွားပြီး အသက်သုံးဆယ်ရောက်ခါမှ မိဘရင်ခွင်တွင် အသစ်တစ်ဖန် မွေးဖွားလာရပြန်သည်။ ညီအစ်ကိုမောင်နှမတစ်တွေ၏ အလယ်သို့ ပြန်ရောက်လာရပြန်သည်။ သည်လိုနှင့် အချိန်တွေကြာလာ၍ အချို့ညီတွေ ညီမတွေ အိမ်ထောင်ရက်သား ကျသွားကြသည့်တိုင် ကျွန်တော်နှင့်ညီမလေးတို့ နှစ်ယောက်ကတော့ မိဘတွေနှင့်ပဲ အတူနေခဲ့ကြ၏။

ကျွန်တော်က အိမ်မှာ တူရိယာလုပ်၍ ညီမလေးကတော့တက္ကသိုလ်ဆရာမတစ်ဦးဖြစ်သည်။ ညီမလေးက သူတို့ကျောင်းဝင်းထဲတွင် သူ့အတွက် တိုက်တစ်လုံးရသော်လည်း သူက ထိုတိုက်ကို သူ့အိမ်မမှတ်ပေ။ မိုင်နှစ်ဆယ်ဝေးသော သူ့ကျောင်းကို တနင်္လာမနက်တွင် သူသွားသည်။ အမေက သူ့အတွက် နှစ်ရက်သုံးရက်စာ အသင့်စား၍ရအောင် စီစဉ်ပေးလိုက်သည်။ နောက်ရက်များကျတော့ သူဟာသူ တစ်ယောက်တည်းဖြစ်သလိုစားသောက်ကာ သောကြာနေ့ညကျတော့ အိမ်ပြန်လာသည်။

ကျွန်တော်တို့ မိသားစု၏ အိမ်ကသာ သူ့အိမ်။ အမေချက်တာတွေကသာ သူ့စားစရာ။

အမေကလည်း အိမ်မှာ ထမင်းတစ်နပ်လောက် စားဖူးသူတွေ တသသ ပြောမဆုံးလောက်အောင် ပင် အချက်အပြုတ် ကောင်းလှသူဖြစ်၏။ သို့သော် သူ့ဟင်းချက်စရာတွေက တန်ဖိုးကြီးတာတွေချည်းတော့ မဟုတ်ပေ။ ဈေးသွားချိန်ကလည်း နောက်ကျသည်။ ကျွန်တော်တို့ကို အဆာပြေကျွေးမွေးပြီး မနက်ကိုးနာရီလောက်မှ ကောလင်းရှမ်းခမောက်ပျော့ကို ဆောင်း၊ ဆွဲခြင်းကို ဆွဲကာ ဈေးသွားလေ့ရှိသည်။ "မနက် စောစောမှာ ကြိတ်ကြိတ်တိုးလုယက်ဝယ်ရတာမျိုး မုန်းလွန်းလို့" ဟုဆိုသည်။ "ကိုယ်က ပိုက်ဆံပေးဝယ်တာ၊ သူက ကိုယ့်ပိုက်ဆံလိုချင်လို့ ဈေးရောင်းတာ။ ခယမဝယ်နိုင်ပါဘူး။ ရောင်းတဲ့လူတွေမှ ပြည့်လို့" ဟု အမေက ပြောတတ်၏။

အလေးကိုလည်း ပြည့်ဝစွာ[illegible]၏။ မျက်နှာစိမ်းဈေးသည်ကို ဈေးဝယ်တော့မည်ဆိုလျှင် "အလေးကို ပြည့်အောင်ပေး[illegible]နော်။ စေတနာရှိမှသာ ပိုမိ[illegible]ပေး၊ ရောင်းနိုင်တဲ့ဈေး[illegible]ပြော၊ ငါ ဝယ်နိုင်ရင်ဝယ်မယ်" ဟု ပြတ်သားအောင် ပြောတတ်၏၊ သည်အထဲကမှ အလေးက မပြည့်သေးဘူးဆိုလျှင် ထပ်ထည့်ခိုင်းတတ်၏။ ပြည့်မပြည့်ကိုလည်း မျက်မှန်းလက်မှန်းဖြင့် သိ၏။ သူ့အလေးက မပြည့်ဘဲနှင့် ဈေးသည်က "ဘယ်နေရာသွားချိန် ချိန်" ဟု အထက်စီးဖြင့် ပြောလျှင်တော့ ဈေးနှုန်းချိန်ခွင်ကို ရောက်ပြီ။ နောက်တော့လည်း အားလုံး ဈေးသည်တွေ သူပြော ငါပြောဖြင့် အမေ့အကြောင်း သိသွားကာ ဖောက်သည်တွေ ဖြစ်သွားတတ်သည်။

အမေက သူချက်မည့်ဟင်းကို အချိန်မရွေးဝယ်၍ရနိုင်သော ဆိုင်ကြီးတွေပေါ်က အသားငါးတွေကို မူတည်၍ မစဉ်းစားဘဲ ဈေးတန်းလေးမှာ ရောင်းနေသည့် ရာသီပေါ် သီးနှံတွေကိုမူတည်ပြီးသော စဉ်းစားလေ့ရှိသည်။ ဥပမာ မုံလာဥလတ်လတ်ဆတ်ဆတ်ကို တွေ့မှသာ ငါးဖောင်ရိုးခြောက်ကို ဝယ်သည်။

အိမ်ရောက်တော့ မန်ကျည်းသီးစိမ်းခူးပြုတ်ပြီး မုန်လာဥချဉ်ရည်ချက်၊ ငါးဖောင်ရိုးကို ဆီပြန်ချက်လိုက်သည်၊ မုန်လာဥပေါလျှင် များများဝယ်ခဲ့ပြီး မုန်လာချဉ်တည်သည်။ နှစ်ရက်လောက်နေ၍ မုန်လာဥတွေချဉ်လာတော့ ငံပြာရည်ဖျော်ကာ မတ်ပဲ ဘယာကြော်ကို ချက်လိမ့်မည်ဖြစ်၏။

တစ်ခါတလေတော့ ငါးကလေးတွေကို ခရမ်းချဉ်သီး၊ ကြက်သွန်၊ ဆီများများ၊ ဆား၊ နနွင်းတို့ဖြင့်


**ဟိုဟာမရလျှင် ဒီဟာနှင့် အစားထိုးလိုက်မည်ဟုလည်း ကျွန်တော့်သဘောနှင့် ကျွန်တော်မစီစဉ်တတ်။ ထိုနေ့မျိုးမှာတော့ ဖြစ်သလိုနှင့်သာ။ သည်တော့မှ တစ်သက်လုံး သတိမပြုဘဲစားလာခဲ့သည့် အိမ်ထမင်းအိမ်ဟင်း၏ တန်ဖိုးကို သိလာရသည်။**




Asian Fame Media Group

လုံး၍ချက်ပြီးမှ ဒယ်အိုးပတ်လည်ကို ပါးပါးဖြန့်၍ အိုးကပ်သည်။ ငရုတ်သီးခြောက်ကို အခွံမကြွမ်းစေဘဲ အစေ့တိုပါကျက်အောင် သိတ်ကို လှည့်ပတ်၍ ဖြည်းဖြည်းချင်းကင်ပြီး ကြက်သွန်ဖြူဖြင့် ထောင်းသည်၊ ခြံထဲမှ ဆူးပုတ်ရွက်ကို ဟင်းချိုချက်၍ ငရုတ်သီးမီးကင်ကို ချိုးဖဲ့ခတ်သည်။ စိမ်းစားငါးပိကို မီးကင်ပြီး ဆီစိမ်းဆမ်း၍ တို့စရာသံပရာသီး စိတ်ကလေးတွေ ပုံထားသည်။ ဒါက ငွေကုန်သက်သာပြီး စား၍မြိန်သော ဟင်း။

သည်လိုရက်မျိုးတွေလည်း ရှိတော့ ငါးသလောက်ပေါင်းလို ဈေးကြီးသော ဟင်းများချက်ရသည့်အခါ ငွေကို ပိုသုံးနိုင်ပေသည်။ ငါးသလောက်ကို တစ်ရက်ကြို၍ဝယ်ကာ မနက်စာစားပြီးချိန်မှစ၍ ပေါင်းထားလိုက်သည်။ မနက်ဖြန် ချဉ်ပေါင်ရေဆူခတ်၊ ကင်ပွန်းရေဆူ ခတ်တို့နှင့်တွဲ၍ ညမနက်စားမည်၊ မကုန်သေးလျှင် နောက်တစ်နေ့ မနက်စာကျတော့ ကြက်သွန်၊ သံပရာသီးတို့ဖြင့် ငါးသေတ္တာသုပ် လိုသုတ်၍ ရွက်စုံဟင်းချိုနှင့်တွဲမည်။ အမေဟင်းစီစဉ်ပုံက ဒီလိုပင်။

ဈေးသွားချိန်နောက်ကျသည့် အထဲတွင် ဖြည်းဖြည်းလည်းဝယ်တတ်သောကြောင့် အမေဈေးဝယ်ပြီးချိန်ဆိုလျှင် နေအတော်မြင့်ပြီဖြစ်၏။ ဈေးလည်းကွဲပြီ။ ထိုအချိန်မျိုးတွင် ဝယ်သူမျှော်နေကြသော ဈေးသည်တွေထံမှ ကြောင်လျှာသီး ခပ်နွမ်းနွမ်းသေးသေးတို့၊ ပုံပန်းမကျသော သခွားသီးနုနုတို့၊ သူများရွေးကျန် တညင်းသီးနုနုသေးသေးလေးတွေတို့ကိုတွေ့လျှင် ဈေးတည့်အောင်ဆစ်၍ အကုန်လုံးဝယ်လာတတ်သည်။

"ကြောင်လျှာသီးသေးသေး ပျော့ပျော့ဆိုတာ နူလို့ပေါ့။ အကြီးကြီးတွေက အရင့်တွေ။ ငါ့ကို အလကားပေးတောင် အလေးခံပြီး ယူမလာဘူး။ တညင်းသီးကလည်း ဒါမျိုးလေးတွေကမှ ဆားစိမ်လို့ ကောင်းတာ။ ကြွပ်တာ။ ရင့်တာတွေက ပြုတ်စားမယ်ဆိုရင် ကောင်းပါတယ်။ ဆားစိမ်ရင်တော့ ထုံပျင်းပျင်းနဲ့။ ငါ့ဈေးကို မနက်အစောကြီးသွားပြီး သူများတွေကြားထဲ တိုးခွေ့ဝယ်ရမယ်ဆိုရင် ဒါတွေကိုပဲ သူတို့ဆိုတဲ့ ဈေးနဲ့ ဝယ်ခဲ့ရမှာပဲ" ဟု အမေက ပြောတတ်၏။

နေ့လယ်ခင်းကျတော့ ကြောင်လျှာသီးကို လက်သန်းလောက်အတုံးလေးတွေလှီး၊ သခွားသီးကို ပိုးတီလှီး၍ ထမင်းရည်ဖြင့် အချဉ်တည်သည်။ ပဲနီပြားကို ရေနွေးဆူဆူလောင်းပြီး စိမ်ထားသည်၊ အေးသွားတော့မှ စကာခုံးဖြင့်ဆယ်၍ အဝတ်ရေစိုဖြင့် အုပ်ထားလိုက်သည်။ တညင်းသီးတွေကို ရေလဲ၍စိမ်သည်။ နှစ်ရက်လောက်အကြာ အခွံတွေကျွတ်၍ ပွလာတော့မှ ဆားစိမ်၏။ သခွားချဉ် ချဉ်တာက ပဲအညှောက်ထွက်တာနှင့် အတော်ပဲမို့ သူ့ကိုငရုတ်သီးရှိန်းရှိန်း ကလေးကြော်ပြီး ပဲကိုမပြစ်မကြဲ ချက်သည်။ အိမ်မှာစားဖို့အပြင် ညီအစ်ကိုမောင်နှမ အိမ်တွေကိုပါ ချက်ဖို့ ပေးရသေးသည်။

အိမ်မှာ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ပြည့်စုံနေ၍ ဟင်းချက်စရာနည်းနည်းသာ ဝယ်ရသောနေ့မျိုးမှာတော့ မိန်းဥ၊ ကန်စွန်းဥတို့လို ပဲမြစ်တို့၊ အာလူးပွတ်ဥတို့လို အလေးချိန်စီးသော သရေစာများ ဝယ်၏။ တစ်ခါတစ်ရံကျတော့လည်း ပြောင်းဖူးတို့၊ ဝက်မြေအုတို့လို ဆောင်းစာတွေ၊ သီးမွှေးငှက်ပျောသီး၊ နာနတ်သီးတို့လို နွေစာတွေပေါ်သည်။ မိုးဦးကျတော့ သရက်သီးမှည့်က ထမင်းဖွဲမှာ အမြဲပါသည်မို့ နွေတိုင်းဝယ်လာသည်။ ဘုရားပန်းကိုတော့ ရက်ခြားပင်။

ဤသို့ဖြင့် အမေသည် သူအများဆုံးသယ်နိုင်သော ဝန်ကို ချိန်ဆ၍ ဝယ်လေသည်၊ ဈေးက ပြန်လာသော အမေ့ဆွဲခြင်းကို အိမ်ပေါက်ဝမှ ပြေးကြို၍ ယူလိုက်လျှင် ဘယ်တော့မဆို တနင့်တပိုးသာဖြစ်၏။ ထို့ကြောင့်လည်း အမေ့ဆွဲခြင်းက နွဲ့ယိုင်နေတတ်သဖြင့် မကြာခဏ ဆိုသလိုပင် ကျွန်တော်က ကြိမ်ဖြင့် တန်လျှင် ကြိမ်၊ သံနန်းကြိုးဖြင့် တန်လျှင် သံနန်းကြိုးဖြင့် ပြုပြင်တုပ်နှောင်ပေးရသည်။

သို့သော် အမေသယ်ရတာ သက်သာအောင် ဈေးကိုလိုက်၍ ဆွဲခြင်းကို ဆွဲပေးမည်ဟု ပြောသော



**အထက်ဘက် ကောင်းကင်ပြာပြာတွင် တိမ်ဖြူတွေ လွင့်နေကြမည်။ အမေက ကောလင်းခမောက်ပျော့ကို ဆောင်းလျက်။ ညီမလေးက သူ့အိတ်ကို ပခုံးပေါ်မှ ကျောပိုးလျက် အမေ့ ဈေးခြင်းတောင်းကို ဆွဲထားမည်။ ပြီးတော့. . .**

အခါကျတော့လည်း အမေက လက်မခံ။ "မင်းနဲ့မဖြစ်ပါဘူး။ အမေက ဈေးကို ဘာဝယ်မယ်ဆိုပြီးတော့ သွားဝယ်ပြီး ပြန်လာတာမျိုး မဟုတ်ဘူး။ ဟိုရောက်မှ ဈေးတန်းတွေ အနှံ့လျှောက်ကြည့်ရင်း စိတ်ကူးရတာတွေ ဝယ်တာ။ တစ်ခါတလေ ဘာချက်ရမယ်ဆိုတာ မဝေခွဲနိုင်တဲ့ အခါမျိုးဆိုရင် နေရာတစ်ခုကို သုံးလေးခေါက်ရောက်တာ။ မင်း လိုက်လာရင် စိတ်ရှည်မှာမဟုတ်ဘူး။ အမေလည်း ဝယ်ရတာဖြောင့်မှာ မဟုတ်ဘူး" ဟု ပြောတတ်၏။

တကယ်တော့ အမေ့ဆွဲခြင်းက အတော်ကိုလေးသည်။ အမေကိုယ်တိုင်ပင် လမ်းတစ်လျှောက်လုံး လက်က ဆွဲမလာနိုင်၊ ကျောင်းလမ်းကြားထဲ ရောက်သည်နှင့် ဆွဲခြင်းကို



Asian Fame Media Group
MEDIA GROUP

သူဆောင်းထားသော ခမောက်ပေါ် တင်၍ ရွက်လာရသည်။ ထို့ကြောင့် အမေ နည်းနည်းမှသက်သာသက် သာ ဆိုပြီး အမေပြန်လောက်သော အချိန်ကိုမှန်းကာ အလုပ်တွေကို ချထား၍ ကျွန်တော်က သွားကြိုရ သည်။

အမေ ဈေးပြန်ချိန်က ပုံမှန်မရှိ ပေ။ ရှိလည်း မရှိနိုင်ချေ။ တစ်ခါ တစ်ရံ အမေ့ကိုကြိုဖို့ ကျွန်တော်ထွက် အလာ အမေက ကျွန်တော်တို့အိမ် ဝင်းပေါက်ဝ ရောက်နှင့်နေသည်ကို ပင် ကြုံတတ်သေး၏။ သို့သော် များသောအားဖြင့်တော့ အမေ့ဆွဲ ခြင်းကို ကူသယ်ပေးဖို့ အခွင့်ရလေ့ ရှိပါသည်။ အနီးဆုံး ကျွန်တော်တို့ ခြံဘေးလမ်းကြားထိပ် သို့မဟုတ် ကျောင်းဘောလုံးကွင်းထဲတွင်တော့ ဆုံတတ်သည်။

ထိုသို့မဟုတ်လျှင်လည်း ဘော လုံးကွင်းကို ထောင့်တန်းဖြတ်၍ ကျောင်းလမ်းကြားထဲ ရောက်သည် နှင့် မြောက်ဘက်ဆီလှမ်းမျှော်ကြည့် လိုက်လျှင် တစ်နေရာမဟုတ် တစ်နေရာမှာ အမေ့ကို မြင်ရတတ် ၏။ လမ်းကြားအဆုံးနားရောက်မှ အမေဈေးလမ်းမကြီးကို ဖြတ်ကူးပြီး ကျောင်းလမ်းကြားထဲ ဝင်လာတာ လည်း ကြုံဖူးသည်။ အဲသည်နားမှာ အမေနှင့်ဆုံရသည်က အကောင်းဆုံး ဖြစ်သည်။ ကျွန်တော်က ဘယ် လောက်မှ မစောင့်ရဘဲ အမေ့ဆွဲခြင်း ကို သယ်ယူလာရုံပင်။

အဲသည်လိုမှ မဆုံခဲ့လျှင်တော့ အမေ့ကိုရှာဖို့ ဈေးထဲကိုလိုက်သွား၍ မဖြစ်။ တွေ့လည်း တွေ့နိုင်မှာ မဟုတ်။ အမေကလည်း "ငါ့ကို ဈေးထဲမှာများ လိုက်ရှာဖို့ စိတ်မကူး နဲ့" ဟု မှာထား၏။ ဟုတ်သည်။ ကျွန်တော်က ဈေးတောင်ပေါက်မှ ဝင်သွား၍ ရှာနေစဉ် အမေက ဈေး အနောက်ပေါက်မှထွက်၍ အပြင် ဘက်တန်းမှာ ဝယ်ခြမ်းပြီး ဈေး တောင့်ကထွက်လာလျှင် ကျွန်တော် နှင့် လွဲပေလိမ့်မည်။ ထို့ကြောင့် ထိုသို့ကြုံရလျှင် ကျွန်တော်က ကျောင်းလမ်းကြားထိပ် ဘေးနားမှ ရွှေပန်းထိမ်ဆိုင်ရှေ့ အုတ်ခုံပေါ် ထွင်ထိုင်ပြီး ဈေးတောင်ပေါက်နှင့် ဈေးအနောက်ဘက်လမ်းထိပ်တွေ ဆီကို တစ်လှည့်စီကြည့်ရင်း အမေ့ ကို မျှော်သည်။

တစ်ခါတစ်ရံတော့ အဲသည် အုတ်ခုံပေါ်မှာပင် အကြာကြီးစောင့် ရတတ်သည်။ အမေ တခြားလမ်းက များ အိမ်ပြန်သွားပြီလားဟု ထင် ယောင်ထင်မှား ဖြစ်ရလောက် အောင်ပင်။ နောက်မှ လူတွေကြားထဲ မှာ အမေ့ခမောက်ကို လှမ်းတွေ့ လိုက်သည်။ ထိုအခါမှ လမ်းကို



ဖြတ်ကူးပြီး အမေ့လက်ထဲမှ ဆွဲခြင်း ကို ပြေးယူရပါသည်။ "ငါ့သား စောင့်နေရတာ ကြာလှပြီလား" ဟု အမေကမေးတိုင်း "ခုလေးတင် ရောက်တာပါ အမေ" ဟု ကျွန်တော် က ပြန်ပြော၏။

နောက်တော့ ဘောလုံးကွင်း ကြီးကိုပါ ကျောင်းဝင်းထဲသွင်း၍ ဝင်းထရံခတ်လိုက်သဖြင့် ကျောင်း လမ်းကြားက အရှည်ကြီးဖြစ်သွား သည်။ အမေ့ကို သွားကြိုလျှင် ကျောင်းလမ်းကြားထဲမှာပဲ တွေ့ရ တာက များသည်။ ခမောက်ပျော့ ဆောင်းထားသည့် ခေါင်းပေါ်မှာ ဈေးခြင်းတောင်းကို ရွက်ပြီးလာနေ သည့် အမေ့ပုံသဏ္ဌာန်က လမ်း ကလေး၏ တစ်နေရာရာမှာ ပေါ် လာတတ်မြဲ။ သို့သော် အမေ့အသက် က ခုနစ်ဆယ်ကျော်လာပြီ၊ သည် မြင်ကွင်းကို ကျွန်တော် နောက်ထပ် ဘယ်လောက်ကြာကြာ ဆက်ပြီး မြင်တွေ့နိုင်ပါ့မလဲဟု မကြာခဏ တွေးမိ၏။ သည်အတွေးက ခေါင်း ထဲမှမထွက်။

တစ်နေ့တော့ ကျွန်တော် ကင်မရာလေးတစ်လုံး ဝယ်နိုင်ခဲ့ သည်။ ထိုနေ့က သောကြာနေ့ဖြစ် သဖြင့် ညနေ ညီမလေးပြန်လာလျှင် ကျွန်တော့်အစီအစဉ်ကို သူ့ကို တိုးတိုးတိတ်တိတ် ကြိုတင်ပြောထား မည်ဟု အောက်မေ့ထားသည်။ သို့သော် အဲသည်ညနေက ညီမလေး ပြန်မလာပါ။ နောက် တစ်နေ့ မနက်ကျတော့ အမေ ဈေးပြန်ချိန်ကို မှန်း၍ ကျွန်တော်အိမ်က ထွက်ခဲ့၏။ ကင်မရာကို ရိုက်ကူးရန် အသင့် အနေ အထားဖြင့် နောက်တွင် ဖွက်ကာ ကိုင်လာခဲ့သည်။ အမေက ဓာတ်ပုံအရိုက် ခံရန် ဝန်လေးတတ်၏။ ကျောင်းလမ်းကြားလေး ထဲ ချိုးဝင်လိုက်သည်။ ကျောင်းဘောလုံးကွင်း နှင့် စာသင်ဆောင်တွေ အစပ်၊ လမ်းကလေး ကောက်နေသည့် နေရာ တိုင်အောင် လှမ်းမြင်နေရ သည်။ လမ်းသွားလမ်းလာ ဆို၍ တစ်ယောက်မှ မရှိ။ ဆက် လျှောက်လာပြီး အကွေ့လိုနေရာ လေး ကျော်လိုက်တော့မှ အမေတို့ကို တွေ့ရလေသည်။

အမေသည် ကျွန်တော် မျှော် လင့်ထားသလို ဆွဲခြင်းကို ရွက်မလာ ပေ။ ခမောက်ကိုသာ ဆောင်းထား သည်။ လက်ထဲမှာလည်း ဘာကိုမှ ကိုင်မထား။ အမေ့လက်ဆွဲခြင်းကို ညီမလေးက ဆွဲလာ၏။ ကျွန်တော့် ကို သတိမထားမိခင် သူတို့ကို ဓာတ်ပုံ အရင်ရိုက်ယူလိုက်သည်။ ညီမလေးက မနေ့ညနေက ပြန်ချိန် နောက်ကျသွားသဖြင့် သည်နေ့ မနက်မှ ပြန်လာခဲ့ရာ ဈေးနားမှာ အမေနှင့် တွေ့လာကြခြင်းဖြစ်၏။ တကယ့်ကို ကြုံတောင့်ကြုံခဲပင်။ ညီမလေးလက်ထဲမှ ဈေးခြင်းကို ကျွန်တော်က လှမ်းယူလိုက်သည်။ ပြီးတော့ စကားတွေပြောကြ၊ သူတို့ နှစ်ယောက် လုံချည်ဆင်တူဝတ် လျက်သားဖြစ်နေတာကို ရယ်မော ကြဖြင့် တပျော်တပါးကြီး ပြန်လာခဲ့ ကြ၏။

♦

သည်နေ့ လမ်းကလေးကို တစ်ယောက်တည်း လျှောက်လာရင်း အဲသည်စနေတုန်းက ရယ်မောပျော် ရွှင်ခဲ့ကြပုံတွေကို ပြန်သတိရမိသည်၊ ဒါပေမဲ့ သည်နေရာလေးကိုရောက် ၍ အခုလို သတိရလွမ်းဆွတ်မိသည့် အကြောင်းကိုပင် သူတို့ကို ပြောခွင့် မကြုံနိုင်တော့ပေ။ သူတို့က မရှိကြ တော့။ အချိန်တွေ တိမ်တွေလွင့်သလို ပင် လွင့်ပါးသွားခဲ့ကြလေပြီ။ ညီမလေးက လွန်ခဲ့သော သုံးနှစ်က ကင်ဆာရောဂါဖြင့် ဆုံးပါးသွား သည်။ နောက်ရှစ်လခွဲကြာတော့ အမေကပါ လောကကို စွန့်ခွာသွား ပြန်သည်။

သည်ကနေ့ နေသာသည်။ စနေနေ့များ ဖြစ်နေမလားတော့ မသိပေ၊ ဒါပေမဲ့ ဘယ်နေ့ပဲဖြစ်ဖြစ် နောက်နောင် ဈေးကပြန်ဖို့ အကြောင်း ရှိလာလျှင် သည်ကျောင်း လမ်းကြားလေးထဲက မပြန်တော့ဘူး ဟု တစ်ကိုယ်တည်း ပြောဆိုမိ၏။ အိမ်က ဈေးကိုသွားရတာက ကိစ္စ မရှိပါ။ အမေ့ကို ဒီနားမတွေ့လျှင် ရှေ့နားကျတွေ့တော့မယောင် ထင် မြင်ကြည့်၍ ရသေးသည်မဟုတ် လား။

အကယ်၍ ဈေးနားရောက် သည်အထိ အမေ့ကိုရှာ၍ မတွေ့ လျှင်လည်း တခြားလမ်းမှ အိမ်ပြန် လာကာ ဓာတ်ပုံလေးကို ထုတ်ကြည့် ၍ရပေသည်။ ဓာတ်ပုံထဲမှာက ကွေ့ သယောင်ယောင်ရှိသော သစ်ရိပ် ဝေဝေလမ်းကလေး။ အထက်ဘက် ကောင်းကင်ပြာပြာတွင် တိမ်ဖြူတွေ လွင့်နေကြမည်။ အမေက ကော လင်းခမောက်ပျော့ကို ဆောင်း လျက်။ ညီမလေးက သူ့အိတ်ကို ပခုံးပေါ်မှကျောပိုးလျက် အမေ့ ဈေးခြင်းတောင်းကို ဆွဲထားမည်။ ပြီးတော့ နှစ်ဦးသား ပြောဆိုရယ်မော လျက် လမ်းကလေးအတိုင်း လာနေ ကြသည်ကိုတွေ့ရမည်လေ။

**စိုး(ရွှယ်ဝန်းအိမ်)**



# ကဗျာရန်နုံတို့သင်းပျံ့ ကြိုင်လှောက်ရာမြေ (၄)

## ▶ မိချမ်းဝေ

**စာပေဟောပြောပွဲနှင့် လမိုင်း**

ယနေ့ ၁၂. ၁၁. ၂၀၁၂ နေ့ညသည် ဆရာဇန်းမော်ညိုနှံ့ကွယ်လွန်ခြင်း(၃)နှစ်ပြည့်အထိမ်းအမှတ် ဇန်းမော်စာရေးဆရာများအသင်းမှ စာပေဟောပြောပွဲကို သုခဝတီကျောင်းမှာ ပြုလုပ်ကျင်းပမှာ ဖြစ်သည်။ နံနက်ပိုင်းက ဆွမ်းကပ်ဧည့်ခံပွဲနှင့်ဆရာ့တပည့်များ ဆရာ့ဆွေမျိုးသားချင်းများက ဆရာ့ကိုလွမ်းဟသည့်ပွဲသည် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ယခု ညနေစောင်း သုခဝတီကျောင်းသို့ ပြန်ရောက်ခဲ့ပြန်သည်။ ဆရာတော်ကား ဥပဓိရုပ် ကောင်းကောင်း စာပေစိတ်ဓာတ်မြင့်မား၊ စာရေးဆရာတွေကို လေးစားသော ပုဂ္ဂိုလ်ဖြစ်သည်။ အသေးကြီးကလာရသော ဆရာမတွေအတွက် ကျေနပ်အားရခြင်းပီတိတွေ ဖြာဝေနေသည်။

"အန္ဒယ်တော် စာရေးဆရာမပါလာတယ်ဆို ကြည့်ပါရစေ ရှေ့ကိုတိုးပါဦး"

ဆရာတော်သည် သီပေါမင်း၏ မြစ်တော် ဆရာမ ဒေဝီသန့်စင်ကို အလွန်ပင်မြင်တွေ့ဖူးချင်ဟန်ရှိ၏။ နောက်ဆုံး တုန်းဘောင်ဆက်၏ အန္ဒယ်တော် တော္တေသမီးတော်မှ မွေးသည့် တော်ဘုရားကလေး အောင်စေနှင့်ဒေါ်ခင်မေတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဆရာမ ဒေဝီသန့်စင်။ မြန်မာဘုရင်အပေါ် ချစ်မက်ကြည်ညိုသောစိတ်များ လူထုကြားမှာ အများအပြား စိမ့်ဝင်ကျန်ရစ်သေးသည်မဟုတ်ပါလား။

အပြင်ဘက်မှာတော့ အမှောင်ထုကြီးစိုးလာသည်နှင့်အမျှ ကျောင်းဝင်းအတွင်းသို့ ပရိသတ်များ တဖွဲဖွဲရောက်လာသည်၊ မနက်က လာသောဧည့်သည်များလည်းပါ။ ဟောပြောပွဲနားထောင်မည့် ပရိသတ်အသစ်များလည်းပါ၊ အုန်းအုန်းကျွက်ကျွက်ဖြစ်နေသည်။

ဆရာဇန်းမော်ညိုနှံ့အထိမ်းအမှတ်စာအုပ်လည်း ရောင်းချနေသည်ဖြစ်ရာ ထိုစာအုပ်များဝယ်၍ စာရေးဆရာတွေကို လက်မှတ်ထိုးခိုင်းသည်မှာ မကြုံဖူးအောင်ပင်များလှပေသည်။ ဆရာမသုံးယောက် လက်မလည်အောင် အမှတ်တရလက်မှတ်တွေထိုးကြရသည်။စာရေးဆရာတွေအနားမှာ လာရောက်နှုတ်ဆက်စကားပြောသူ အမှတ်တရဓာတ်ပုံရိုက်ခိုင်းသူတွေ များပြားရှုပ်ထွေးနေသည်။

ကျွန်မအဖို့မူ စာပေဟောပြောပွဲပေါင်းများစွာကို ကြုံဖူးသူပီပီ ထိုအတွေ့အကြုံကိုတော့ ထူးခြားသလိုခံစားရသည်။ တကယ်တော့ စာပေဟောပြောပွဲဆိုသည် ပရိသတ်က အဓိကဖြစ်သည်။ ဟောပြောမှုကို နားထောင်မည့် ပရိသတ်ရှိဖို့လိုသည်။ ကတ္တီပါကားလိပ်ကြီးများ နောက်ခံစကားလုံးလှလှများ၊ ပန်းအိုးပန်းတိုင်များဖြင့် ဟိန်းဟိန်းတောက်အလှဆင်ထားသော စင်မြင့်ကြီးဖြင့် မဟာရုပါသော်လည်း အောက်မှာ နားထောင်သူမရှိက ဟောပြောပွဲ ဖြစ်မြောက်သည်မဟုတ်၊ တစ်ခါတစ်ရံ ပရိသတ်ကလည်းကောင်း၊ စင်ကလည်းခန့်၊ စက်ကမကောင်းပြန်ပါချေ၊ စကားပြောရင်းစူးခနဲ . . စူးခနဲ မြည်ခြင်း၊ အက်ကြီးသံပါနေခြင်း၊ မကြာခဏ မီးသေစက်ရပ်ခြင်းစသည့် အနှောင့်အယှက်များနေလျှင်လည်း မဟန်ပြန်ပေ။

ဇန်းမော်ဟောပြောပွဲကား ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသောပွဲ ဖြစ်သည်၊ စတိတ်စင်၏ လှပခန့်ညားခြင်း၊ ပရိသတ်ကောင်းခြင်း၊ စက် အနေအထားကောင်းခြင်းတို့ဖြင့် ပြီးပြည့်စုံသည့်ပွဲဖြစ်သည်။

Asian Fame Media Group

အားမနာ စကားမ်းပြောရပါမူ စာရေးဆရာများ မဟောပြောမီ ဒေသခံတို့အချိုး နိဒါန်း ပြောဆိုမှုကိုလိုရင်းတိုရှင်းချုံ့ ပြောနိုင်လျှင် ပိုကောင်းပေမည်။

မြို့ခံများအနေဖြင့် တစ်နှစ်တစ်ခါ၊ တစ်ခါတစ်ရံမှ ကြုံတောင့်ကြုံခဲ စာပေဟောပြောပွဲနွဲ့ရသည်ဖြစ်ရာ သူတို့ရင်ထဲမှာလည်း ပြောချင်ရာရာတွေ အထောင် အသောင်းရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အချိန်ကို ငဲ့သောအားဖြင့် လိုရင်းကို ခပ်တိုတိုပြောခြင်းဖြင့် တကယ်ဟောမည့် စာရေးဆရာများကို ရောပရိသတ်ကိုပါ ငဲ့ညှာရာရောက်မည်မဟုတ်ပါလား။

ထိုညက ဒေသခံဆရာကြီးတွေနှင့် အချိန်အတော်လင့်ပြီးမှ စာရေးဆရာတွေ စင်ပေါ်ရောက်သည်။ ပထမဦးဆုံးစင်ပေါ်တက်သူမှာ ဆရာမရွှေကူမေနှင်း။ သူကသူ့ဒေသလည်းဖြစ်ရာ မိတ်ဟောင်းဆွေဟောင်း တပည့်ဟောင်းပေါ်များသူပီပီဟောပြောချက်များက ဟောဟောဒိုင်းဒိုင်းစေးစေးပိုင်ပိုင်ရှိလှ၏။ တစ်ယောက်မှ ထမပြန်ကြနှင့်ဟု ရာဇသံပေးသံလည်း ကြားရ၏။

ကျွန်မပရိသတ်ကို အကဲခတ်လိုက်တော့ အားလုံးစိတ်ဝင်တစားငြိမ်ငြိမ်သက်သက်၊ သုခဝတီကျောင်းဝင်းအတွင်းဖြစ်၍ ဦးဇင်းကိုရင်လေးတွေပါ တွေ့ရသည်။ ကျွန်မ ဆရာဇန်းမေယ်ညိုနွဲ့၏ ရွှေဟောင်း ကဗျာတစ်ပုဒ်ကို သတိရသွားသည်။ ထိုကဗျာကလေးကို ရွှေဟောင်းစာပဒေသာရုပ်စုံစာအုပ်ထဲမှ ရှားရှားပါးပါးတွေ့ထားသော ကဗျာလေးဖြစ်သည်။ ကဗျာနာမည်က "ကိုရင်လူထွက်" ဖြစ်သည်။

ကျေးလက်သဘာဝ ညှို့ဦးယံအချိန် ကိုရင်လူထွက်ကလေးမှာ ရက်ကန်းခတ်နေသော အပျိုလေးထံ လူပျိုလှည့်လာရင်း ခွကျရသောအဖြစ်ကိုရေးထားသည်။ ဇန်းမော်ညိုနွဲ့ တန်အတိုင်းကျေးလက်ရနံ့သင်းပျံ့နေသည်။

. . . . . . . . . . . . .

. . . . . . . . . . . . .

ကတုံးညိုပြောင်သလင်းနဲ့
'ဝါတွင်းထွက်ရှင် လိင်ပြန်
လေကြော ကသန်
သန်းခေါင်းယံ လူသံမဲ့မှာ
ဟစ်ကြော်လို့နဲ့
တိုးတိုးကွဲ့မောင်ကြီးရယ်
သက်ကြားအို ဒွေးဒေါ်နိုးလိမ့်
စိုးရွံ့လှတယ်
နှံ့ပါနဲ့နွဲ့နှောင်းငယ်
လူရည်လည် ကိုရင်ထွား
ကျွားဆိုမှကျွား။
အိမ့်ခေါင်က ကိုပုစီ
"ချွတ်"... ခနဲပြည်
"ဘ"လာပြီထင်အတွေးနဲ့
ကျောင်းတော်ပြန်ညိုနွဲ့သေး
ဝင်းပေါက်ကပြေး။

ဆရာ့ကဗျာတွေဆို ရတာအသံသာသလောက် ရင်ထဲမှာစွဲငြိအဓိပ္ပာယ်ထိမိလှ၏။ သို့ကြောင့်ပင် နှစ်ပေါင်းဘယ်လောက်ကြာကြာ ကဗျာမွှေးရနံ့တို့ သင်းပျံ့ကြိုင်လှောက်နေသည်ဟုယူဆမိသည်။

ထိုညက ဆရာမသုံးယောက် ဟောပြောပြီးသည်အထိ ပရိသတ်သည်ဖွဲ့နပဲနှင့် တင်းခံနေသည်မှာ အားရဖွယ်ကျေနပ်ဖွယ်ကောင်းလှဘိ၏။ ကျွန်မတို့ဘာကြောင့် စာပေဟောပြောပွဲတွေ ကျင်းပကြပါသလဲ။ စာရေးသူနှင့် စာဖတ်သူပရိသတ်တိုက်ရိုက်ထိတွေ့သည့်ပွဲမှာ မရေတွက်နိုင်သော ကျေးဇူးတရားများ ရနိုင်ချေကို မျှော်လင့်၍ ဖြစ်သည်။ ဟောပြောရာမှာလည်း အချို့သည် မိမိဖြတ်သန်းမှုကိုအခြေခံ၍ ခေတ်ကိုတိုက်တွန်းပီသလောက် ဟောပြောသွား၏။ အချို့သည် မိမိဖတ်ရှုလေ့လာမိသမျှ စာစုတွေထဲမှ ကောင်းနိုးရာရာ မှတ်သားစရာများရွေးချယ်ဟောပြော၏၊ အချို့သည် စာပေနှင့်နွယ်၍ ခေတ်စနစ်ကို ခွဲခြမ်းစိတ်ဖြာပြသွား၏။ အချို့သည် ဒေသဝန်းကျင်အတွက်လိုအပ်ချက်တွေထောက်ပြဟောပြောသွား၏။

အထူးသဖြင့် ဆရာမ ဒေဝီသန့်စင်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိမှတ်စရာများကို ဟောပြောလေ့ရှိသည်။ သဘာဝပတ်ဝန်းကျင်သည် အမှန်တကယ်ပင် ထိန်းသိမ်းပြုပြင်ရမည့် အနေ

**သည့်အိမ်ကလေးမှာ ဆရာရဲ့**
**ဆရာဘဝလွန့်လူးရှင်သန် ခဲ့သည်။**
**သည့်အိမ်ကလေးမှာ**
**ဆရာနိုင်ငံရေးအသိတို့**
**နိုးထလာခဲ့သည်။**
**သည့်အိမ်ကလေးမှာ**
**ဆရာရဲ့ ကဗျာဝိညာဉ်တို့**
**ရှန်းထပျံသန်းခဲ့သည်။**
**ဆရာမရှိတော့သော်လည်း**
**ဆရာ့ကဗျာမွှေးရနံ့တို့**
**သင်းပျံ့ကြိုင်လှောက်ရာနေရာ။ ။**

အထားကို ဆိုက်ရောက်နေပြီ။ ဆရာမသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အောင်ပင်လယ်လူမှုဝန်းကျင် မဂ္ဂဇင်း၏ အယ်ဒီတာချုပ်လည်း ဖြစ်သည်။ စိမ်းရောင်စိုစာပေအမည်ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာအုပ်ထုတ်ဝေသူအဖြစ် စီစဉ်လုပ်ကိုင်နေသူလည်း ဖြစ် သည်။

၂၀၁၂ ခုနှစ်ဆရာကြီးဦးအုန်း (Freda)မှပေးသော ကမ္ဘာမြေချစ်သူအထူးဆု ရရှိထားသူလည်းဖြစ်သည်။ ယခု ဇန်းမော်ညိုမှ စိမ်းရောင်စိုအဖွဲ့နှင့် ပူးပေါင်းကာ မန်းမော်



ဆရာဇန်းမော်ညိုနဲ့ နောက်ဆုံး နေထိုင်သွားရာ အိမ်ကလေး

တစ်ခွင်စိမ်းစိုသစ်လွင်ဖို့ လက်တွဲဖော်ဆောင်သွားမည့်သူဖြစ်သည်။

ဤပွဲတွင် ရသစာပေဟောပြောသူနှစ်ယောက်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောသူတစ်ယောက်၊ ဆရာမသုံးယောက်နှင့် ဇန်းမော်လူထု ပရိသတ်သည် လမိုင်းကပ်စွာ ဟောပြောပွဲအောင်မြင်စွာပြီးဆုံးသွားသည်။ ဇန်းမော်ဆောင်းကား အစွမ်းပြနေပေပြီ။

ဟိုတယ် ပြန်ရောက်တော့ အတော်ညဉ့်နက်နေပြီ။ နွေးနွေးထွေးထွေး အနားယူရန်သာ ကျန်တော့သည်။ ထိုစဉ် ဆရာမ ဒေဝီသန့်စင်ထံမှ အသံထွက်လာလေသည်။

"ပွဲမစခင် လူတွေ ရှုတ်လိုက်တာနော်။ နှုတ်ဆက်ကြ၊ လက်မှတ်

ထိုးခိုင်းကြ၊ တချို့များထိုင်ကန်တော့ကြနဲ့ ဒေဝီလည်း တစ်ခါမှ မကြုံဖူးလို့ အံ့အားသင့်နေတုန်း ဖြန်းဆိုလူတစ်ယောက်က ဒေဝီလက်ကို. . "

ဘုရားရေ. . .

မိန်းမသားပီပီသသ ဣန္ဒြေရရနေတတ်သူ ဆရာမဒေဝီသန့်စင်မှာမှ သည်အဖြစ်မျိုးကြုံရတယ်လို့၊ လူထုက ကြည်ညိုလာလျှင် ထိုကြည်ညိုစိတ်ကို ဘာနှင့်မျှတန့်တားမနိုင်ဆိုသော အသိတရားကိုပါ လက်ခံရရှိခဲ့သော ညလည်း ဖြစ်သည်။ ဪ. . ဗန်းမော်ပရိသတ်နှင့် လမိုင်း ကပ်သော ညပါပေ။

**မန်းမော်(သို့)ဗန်းမော်မြို့ကို နှုတ်ဆက်**

သည်နေ့ဗန်းမော်ကိုနှုတ်ဆက်ရတော့မည်။ ဗန်းမော်ညိုလေး ဗန်းမော်ညို၊ ဦးစံဝင်း၊ ကိုကျော်သူရ ကိုငြိမ်းငြိမ်း . . ခရီးစဉ်တစ်လျှောက် အကူအညီပေးသူများအားလုံး မျက်စိထဲမှာပေါ်လာသည်။ ဗန်းမော်ဆိုတာ မန့်မော်က ဆင်းသက်လာသတဲ့။ မန့်မော်ဆိုတာ တိုင်းလိုင်ရှမ်းစကားဖြစ်ပြီး မန့်က ရွာ၊ မော်က အိုး. . . မန့်မော် အိုးဖုတ်သည့် ရွာ အဓိပ္ပာယ်ရသည့် ဗန်းမော်နှင့်ခွဲခွာရတော့မည်၊ ဆရာဗန်းမော်ညိုလေးက ၁၉၉၈ ခုနှစ်ကရေးခဲ့သောသူ့မ"မန့်မော်မြို့" ကဗျာ စာရွက်ကလေးကျွန်မလက်သို့ ကမ်းပေးသည်။

စိမ်းရောင်ညို တောင်ညိုတန်းတွေက
မြူခိုးဝေနေခြည်သန်းပါလို့
ခင်တန်းလျှို ဟိုသည် တစ်ကန့်ရယ်နှင့်
"မန့်မော်" တဲ့ခေါ်တွင်ပါ။
အရှေ့ရိုးဆီက
မြူခိုးရယ်တအူအူနှင့်
ချိုင့်ဇော်ကယ် တကူကူမှဲ
ရှမ်းတောင်သူ လယ်ယာလုပ်တယ်
အိုးဖုတ်တဲ့ရွာ။
တစ်ခေတ်ပြောင်းလေပေါ့
ခေတ်ဟောင်းခေါင် အမည်ပျောက်ပါ၍
တည်ဆောက်ရာ အမြင်သစ်ကယ်နှင့်
တွင်ရစ်ကာ ပြည်မှာကျော်လို့
"ဗန်းမော်မြို့" ခေါ်တွင်လှာ
ကြာကြာလှပါပကော။
မခွဲတမ်းသာပေါ့
အမြတ်မ်းတူညီစွာဖြင့်
ရှမ်းကချင် ဗမာနှောပါ၍
မြစ်ကြော စန့်ဆန့်ချည်နှင့်
ပဲ ဆန်ဆီ ဆားကမပြတ်လေဘူး
ဆွဲ ကယ်ဘူးဖရုံနှင့် ပန်းမုန်လာ ဂေါ်ဖီနှမ်းတွေကာ
လှေဝမ်းမှာ ပေါင်းလန့်ကားအောင်
မြားမြောင်လို့ပေါ့။

ဗန်းမော်သို့ အလာခြေလှမ်းသွက်သလောက် ပြန်ရတော့မည်ဆိုတော့ လှုပ်ရှားမှုတွေ နှေးကွေးလေးလံနေသည်။ ဘဝဆိုတာ ခဏလေးပါ။ ဘဝတစ်ကွေ့ ခဏတွေ့သူတွေမှာလည်း အိပ်မက်ပမာမျှသာ။

မနေ့က စင်ပေါ်မတက်မီ အချိန်ကလေးလုပြီး အနောက်သာစည်ရပ်ကွက်က ဆရာဗန်းမော်ညိုနဲ့နောက်ဆုံးနေသွားသော အိမ်ကလေးဆီသို့ ရောက်ခဲ့ကြသေး၏။ သည် အိမ်ကလေးမှာ ဆရာနားခိုခဲ့သည်။ သည်အိမ်ကလေးမှာ ဆရာရဲ့ ဆရာဘဝလွန်လှုးရှင်သန်ခဲ့သည်။ သည်အိမ်ကလေးမှာ ဆရာနိုင်ငံရေးအသိတို့ နိုးထလာခဲ့သည်။ သည်အိမ်ကလေးမှာ ဆရာရဲ့ ကဗျာဝိညာဉ်တို့ ရှန်းထပျံသန်းခဲ့သည်၊ ဆရာမရှိတော့သော်လည်း ဆရာ့ကဗျာမွှေးရနံ့တို့ သင်းပျံ့ကြိုင်လှောက်ရာနေရာ ဗန်းသာအိမ်ကလေး၊

ထိုနေ့က လေယာဉ်ကွင်းထွက်တော့ မှတ်မှတ်ရရ ပွဲစဉ်တစ်လျှောက်လုံး မတွေ့ခဲ့ရသည့် လူတစ်ယောက်။ သူက ပွဲဖြစ်မြောက်ရေးအတွက် ငွေကြေး အကူအညီအများဆုံး ထောက်ပံ့ပေးသူကိုကျော်နိုင်။ ရိုးရှင်းဖြူစင်ရှပ်လက္ခဏာနှင့် ခပ်ဝဲဝဲအသံကလေးက ကျွန်မတို့နားထဲစွဲငြိစွာ။ကိုအောင်ကျော်မိုး၊ မမွန်မွန်အောင်၊ မမင်းမင်းမြတ် လေယာဉ်ပေါ် မတက်မချင်း စကားတွေပြောမကုန်နိုင်ကြ။ ကျွန်မ ပင်လယ်ကိုလွမ်းမောသလို တောင်တန်းတွေအပေါ်လည်း နှောင်တွယ်ခဲ့မိပြီ။ တစ်ကွေ့တစ်ထောက်ပြန်ရောက်ဖို့ဆိုတာ မရေရာမှု သီးကင်းတွေမဟုတ်လား။

ဗန်းမော်ခရီးစဉ်တစ်လျှောက်လုံး ဗန်းမော်ရဲ့အနှစ်အသားထဲတိုးဝင် ဗန်းမော်သားကဗျာဆရာတွေရဲ့ ကဗျာမှာ ညွတ်နူး၊ ပြန်ရတော့မယ်ဆိုတော့ မမော်ပြနိုင်တဲ့ ဝေဒနာတွေက လွမ်းရင့်မူးမူး။

ကျော်သူရ(တံခွန်-အင်လိပ်စာ) ကသူ့ရဲ့ လူ့ဘဝခရီး မိုင်တိုင်အမှတ်(၃၁)စာအုပ်ကလေးထဲမှာ သည်လိုဆုတောင်းခဲ့ဖူးပါတယ်။

ကျွန်ုပ်သည် ပေးကမ်းစွန့်ကြဲ၍ ကူညီနိုင်သော သူဖြစ်ပါရစေ။

လူတော်လူကောင်းဖြစ်၍ အဖြစ်ကောင်းသော သူဖြစ်ပါရစေ၊

တစ်ကိုယ်ကောင်းမဆန်သော သူဖြစ်ပါရစေ။

ပညာတတ်မြောက်၍ ထိုပညာတို့ကို အခြားသောသူတို့အား မျှဝေနိုင်သော သူဖြစ်ပါရစေ။

လုံ့လ၊ ဝီရိယနှင့်ပြည့်စုံ၍ အများအကျိုးသယ်ပိုးနိုင်သူ ဖြစ်ပါရစေ။

အနစ်နာခံ၍ သည်းခံတတ်သောသူ ဖြစ်ပါရစေ။

စိတ်ဓာတ်ခိုင်ခံ့သူဖြစ်ပါရစေ။

ချစ်ခင်သနားတတ်သောသူဖြစ်ပါရစေ။

မျှတစွာဘက်မလိုက်ဘဲ ကျင့်သုံးတတ်သော သူဖြစ်ပါရစေ။

ကိုကျော်သူရဖြစ်ချင်သော ဆန္ဒများကား ကျွန်မဆန္ဒနှင့် တစ်ထပ်တည်းဖြစ်သော်လည်း ကျွန်မအနေနှင့်မူ နောက်ထပ် ဆန္ဒတစ်ခု ထပ်တိုးချင်ပါသေးသူ-

ထိုဆန္ဒမှာမူ

ဗန်းမော်မြို့သို့ တစ်ကွေ့တစ်ထောက်ပြန်ရောက်၍ ဗန်းမော်သူ ဗန်းမော်သားတွေနှင့် ပြန်လည်ဆုံတွေ့သူဖြစ်ပါရစေ ဟူ၍သာ။ ။

**မီချမ်းဝေ**



Asian Fame Media Group



# မန္တလေးအတွေး မန္တလေး ဝ အရေး

ကိုထွန်းလမ်း(၈၀)

## မလထဲက ကျွန်တော်တို့ရဲ့ ငွေဖလား

ကျွန်တော်လည်း
သူ့ရဲ့ မဖြစ်ချင်ဆုံး
ဆန္ဒကို သိလိုက်ရပေသမို့
ပြုံးဖြဲဖြဲဖြစ်သွားရပါရော။
ပြီးတော့
သူ့ရဲ့ မဖြစ်ချင်ဆုံးဆန္ဒကို
ကျွန်တော်လည်း
ထောက်ခံလိုက်မိပါတယ်။
ဟုတ်တယ်လေ။

ခေတ်က လူငယ်တွေရဲ့ ခေတ်၊ လူငယ်တွေမှာ စွမ်းပကားတွေ ရှိတယ်။ ရဲဝံ့စွန့်စားလိုစိတ်တွေရှိတယ်။ ဖြူစင်ရိုးသားတယ်။ အမှန်တရားကို မြတ်နိုးတယ်။ (လူငယ်တိုင်းကိုတော့ မဆိုလိုဘူးပေါ့) ဒီတော့ လူငယ်တွေဟာ ယနေ့ပစ္စုပ္ပန်ကာလကို ဖြတ်သန်းရင်း အနာဂတ်မြင်ကွင်းကို ဘယ်လိုထုဆစ်ဖန်တီးကြမလဲ။ သူတို့မှာ အခွင့်အလမ်းတွေရှိတယ်။ အခွင့်အရေးတွေက စောင့်ကြိုနေကြတယ်။ကဲ . . . .။

အဲလိုလေးနဲ့ ယခုလ မန္တလေးအတွေး၊ မန္တလေးအရေးရဲ့ ဆောင်းပါးအဖွင့်ကို နိဒါန်းစလိုက်တော့ စာဖတ် ပရိသတ်တွေက ကျွန်တော်ဘာတွေများ ပြောချင်လို့ ပါလိမ့်လို့ မျက်ခုံးချီမိလိုက်မယ်ထင်ပါရဲ့။ အမှန်တော့ ဘာမှမဟုတ် ပါဘူးဗျာ။ နေပူလွန်းတော့ ဘယ်မှမထွက်နိုင်ဘဲ အိမ်ထဲမှာ ဖြေလျှော့ခွေနေရင်းဟိုတွေး၊ ဒီတွေးရာက လူငယ်တွေအကြောင်း ရောက်သွားခဲ့တာပါ။ အခုပဲကြည့်လေ။ ကျွန်တော်တို့က နေပူလွန်းလို့ ရာသီဥတု ဒဏ်မခံနိုင်ဘဲ အိမ်တွင်း အောင်းနေရပေမယ့် လူငယ်တွေကတော့ နေပူတာကို လသာနေတယ်လို့ များတောင်ထင်မှတ်နေမလားမသိ၊ ဆိုင်ကယ်တွေ တဝိုးဝိုးနဲ့ သွားလာနေလိုက်ကြတာ။ ဒီတော့ စိတ်သွားတိုင်း ကိုယ်ပါခဲ့တဲ့ ကိုယ့်ရဲ့ လူငယ်ဘဝကို မြင်ပြီး လွမ်းမိသွားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ခေတ်နဲ့ ပတ်ဝန်းကျင် အခြေအနေကြောင့်လားမသိ။ ကျွန်တော်တို့မှာ ဘာမှကြီးကြီးမား မျှော်မှန်းချက်တွေ မထားခဲ့ကြပါဘူး။ တစ်နှစ်က ဆရာနေဝင်းမြင့်နဲ့ စကားလက်ဆုံပြောရင်းကိုနေရေ ကျွန်တော်လူငယ်ဘဝတုန်းက ဖြစ်ချင်တာလေးတစ်ခု ရှိခဲ့ဖူးတယ်။ ဘုရားပွဲ ဈေးတန်းမှာ

သင်ဖြူးဖျားနဲ့ ခေါင်းအုံးရောင်းချင်တာဗျ။ စျေးဝယ်လာရင် ရောင်းမယ်၊ ပွဲစျေးတန်းလျှောက် ကြည့်မယ်။ ပြီးတော့ သင်ဖြူးဖျာပေါ်မှာ ခေါင်းအုံးလေးနဲ့ အိပ်လိုက်ရရင် ဘယ်လောက် ဇိမ်ကျမလဲဗျာ . . . လို့ ပြောတော့ ဆရာနေဝင်းမြင့်က ရယ်မှန်းချက် ကြီးမားပါပေ့ဗျာလို့ ဩဘာပေးလိုက်တာပေါ့နော်။ ပြီးတော့ သူကလည်း သူ့ခံစားချက်ကို ရင်ဖွင့်ပြန်ပါတယ်။ ကျွန်တော်လည်း အဲသလိုမျိုး ကြုံဖူးသတဲ့။ သူ လူငယ်ဘဝတုန်းက ဘာဖြစ်ချင်တယ်ဆိုတာတော့ ရေရေရာရာ မပြောတတ်ဘူး။ မဖြစ်ချင် ဆုံးအရာတော့ရှိတယ်။ လမ်းကြိတ် စက်မောင်းရတဲ့ သူ မဖြစ်ချင်ဆုံးပဲ ကိုထွန်းရေ . . . လို့ ပြောလိုက်တော့ အံ့အားသင့်သွားရင်း ဟ. . ဘယ်လိုကြောင့်တုံးဆိုပြီး ကွက်ရှင်ထုတ်လိုက်မိပါတယ်။

သူက ခင်ဗျားစဉ်းစား ကြည့်ဗျာ၊ တစ်နေကုန်၊ တစ်နေ့ခန်း လမ်းတိုလေးပေါ်မှာ ရှေ့သွားလိုက် နောက်ဆုတ်လိုက်နဲ့ မောင်းနေရတာ ဘယ်လောက်ပျင်း စရာကောင်းမလဲတဲ့။ ကျွန်တော်လည်း သူ့ရဲ့ မဖြစ်ချင်ဆုံးဆန္ဒကို သိလိုက်ရပေသမို့ ပြုံးဖြဲဖြဲဖြစ်သွားရပါရော။ ပြီးတော့ သူ့ရဲ့ မဖြစ်ချင်ဆုံးဆန္ဒကို ကျွန်တော်လည်း ထောက်ခံ လိုက်မိပါတယ်။ ဟုတ်တယ်လေ။ သူပြောသလိုမျိုး ကျွန်တော်ကိုယ်တိုင်ကို ပျင်းစရာကောင်းမယ့်ကိစ္စပါကလားလို့ တွေးလိုက်မိပါတယ်။ ကျွန်တော်တော့ နေ့စဉ်နဲ့အမျှ စိတ်ရှုပ်ပင်ပန်းလေတိုင်း လူငယ်ဘဝက ကျွန်တော့်ရဲ့ အဖြစ်ချင်ဆုံးဆန္ဒနဲ့ ဆရာနေဝင်းမြင့်ရဲ့ မဖြစ်ချင်ဆုံးဆန္ဒကို ပြန်လည်တွေးရင်း အမောပြေပြုံးလိုက်တဲ့ ဖြစ်သွားရပါတော့တယ်။ အခုတော့ ကျွန်တော်တို့မှာ အဖြစ် ချင်ဆုံးတွေ မဖြစ်ချင်ဆုံးတွေ မရှိတော့ပါဘူး ပြောရရင် သည်ရုပ်နွှာကိုယ်ကြီးကြောင့်ပါပဲ။ သူ့ကို ဂရုစိုက်နေရပြီလေ။ အထူးသဖြင့် အခုသုံးလေးနှစ်အတွင်းမှာ နေပူပြင်းတဲ့ ဒဏ်ကို မခံစားနိုင်တော့တာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိလိုက်ပါတယ်။ သင်္ကြန်ပြီးရင် မန္တလေးရဲ့ အပူဒဏ်က တရိပ်ရိပ် တိုးလာတယ်။ မေလထဲရောက်ရင် အပူဒဏ်က အောင်မယ်လေးပါပဲ။ ဒီတော့ ကျွန်တော့်မှာ မေလ ရောက်ရင် စိုးတထိတ်ထိတ်ဖြစ်ရ တော့တာကလား။

ဒီနှစ် မန္တလေးသင်္ကြန်မှာ မိုးတစ်စက်မှ မရွာလို့ ပိတောက်တွေ မပွင့်နိုင်ကြဘူး။ မိုးသာမရွာပေမယ့် သင်္ကြန် အကြတ်နေ့နဲ့ အတက်နေ့ ညနေပိုင်းမှာ လေကျတယ်။ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်နောက်ခံမီနိုင်းပိုစတာတွေ လွင့်စဉ်ကုန်တယ်။ဒီလိုနဲ့ နှစ်သစ်ကူးသွားတယ်။ နှစ်ဆန်းနှစ်ရက်နေ့ညပိုင်းမှာ မန္တလေးမြို့ရဲ့ အနောက်မြောက်မှာရွာတဲ့မိုး၊ မိုးရွာလိုက်လို့ နောက်တစ်နေ့မှာ ပိတောက်တွေ ပွင့်ကြတယ်။ ဒါပေမဲ့ သင်္ကြန်နဲ့ ပိတောက်မတွဲဖက်မိလိုက်လို့ ရင်မခုန်ကြတော့ဘူး။ ဒီလိုနဲ့ မန္တလေးဟာ ဧပြီလကုန်ရက်အထိ ပူပူလောင်လောင်နဲ့ ဖြတ်သန်းရပါတယ်။ ဒါပေမဲ့ ဧပြီလနောက်ဆုံးအပတ်မှာ မိုးတွေနှစ်ရက် အသင့်အတင့်ရွာလိုက်ပါတယ်။ အဲဒီမိုးက မန္တလေးသူ၊ မန္တလေးသားတွေရဲ့ ကျန်းမာရေးအတွက် ကယ်တင်ပေးလိုက်တဲ့မိုးပါပဲ။ မဟုတ်ရင် မသက်သာဘူးကိုယ်ဆရာရေ၊ အပူဒီဂရီက တော်တော်မြင့်တက်လာ နေတာပါ။ ခက်တာက မန္တလေးရာသီဥတုက အင်မတန်မှ ပြတ်သားပါတယ်။ ဒီနေ့ မိုးရွာပေမယ့် နောက်တစ်နေ့ ရောက်လာတော့ ပူပြဲပူလိုက်ပါပဲဗျာ။ မေလ(၁)ရက်နေ့ မန္တလေးမြို့ရဲ့ အပူချိန်ဟာ ၁၀၆ဒီဂရီဖာရင်ဟိုက်အထိရှိသတဲ့။ ဒါပေမဲ့ အဲဒီနေ့က တစ်နေကုန် ပူပြင်းပြီး ညနေပိုင်း ရောက်တော့ လေပြင်းကျလာတယ်။ နောက်တစ်နေ့ မေလ(၂)ရက်နေ့က နာဂစ်မုန်တိုင်းဘေးအန္တရာယ် ကြုံရတဲ့ နှစ်ပတ်လည်နေ့ပါ။ ညနေပိုင်းရောက်တော့ မန္တလေးမှာ လေပြင်းကျလာပြန်ရော။ မေလ(၃)ရက်နေ့မှာလည်း အဲသလိုပါပဲ။ အဲဒီ မေလ(၁)ရက်၊ (၂)ရက်၊ (၃)ရက် ဒီသုံးရက်စလုံးက ကျွန်တော့် အတွက် မှတ်မှတ်ရရဖြစ်သွားပါပြီ။ တစ်နေကုန် နေပူပြင်း၊ ညနေရောက်ရင် လေပြင်းတိုက်ခတ်၊ ဒီလိုအချိန်မှာ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ကောင်းကင်တစ်ခုလုံး မည်းမှောင်နေပါတယ်။ ဒါပေမဲ့ မန္တလေးမှာ မိုးမရွာ။

ကျွန်တော်တို့က မိုးကိုမျှော်နေရပေမယ့် မိုးမလာဘဲ လေပြင်းကျလာပါတယ်။ အထက်အညာဒေသ အချို့မှာလေ ပြင်းတွေ့ယမ်းလို့ အိမ်တွေ၊ သစ်ပင်တွေ ပြိုလဲကုန်ပါတယ်။ ဒါက ရာသီဥတု သိသိသာသာ ပြောင်းလဲလာတဲ့ မြင်ကွင်းပါ။ ဒီလိုအချိန်မျိုးမှာ လွန်ခဲ့တဲ့ ၅နှစ်က မြန်မာနိုင်ငံအောက်ပိုင်းမှာ နာဂစ်ဘေး အန္တရာယ်ကြုံခဲ့ရပါတယ်။ အခုလေဘေး အန္တရာယ်က မြန်မာနိုင်ငံအထက်ပိုင်းကို စိန်ခေါ်လာခဲ့ပါပြီ။ ဒါက အားလုံးသိကြတဲ့အတိုင်း သစ်ပင်တွေ မရှိကြရတော့လို့ ယခုလို ဘေးအန္တရာယ်မျိုး ကြုံတွေ့လာရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက်နေ့က ကျွန်တော်တို့မိသားစု မူဆယ်ရွှေလီဘက်ကို ခရီးထွက်ခဲ့ကြပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းကို နေ့လယ်ခင်းဘက် ရောက်သွားရင် အေးအေးသက်သာလေး ကြုံရချည်သေးပေါ့။ ဘယ်ဟုတ်လိမ့်မတုံး၊ ကျောက်မဲမှာလည်း နေပူတာကို ကြုံရပါတယ်။ သီပေါကတော့ စိမ်းစိမ်း စိုစိုလယ်ကွင်းတွေနဲ့ တောရိပ်တောင် ရိပ်အချို့ရှိလို့ အသင့်အတင့်လောက်ပဲ ပူပါတယ်။ လားရှိုးကတော့ သိကြတဲ့အတိုင်း ဧကတည်းက သစ်ပင်တွေပါ။ မန္တလေးလောက် နေမရှဆိုးပေမယ့် ဧပြီလရဲ့ အပူဒဏ်ကို သိသိသာသာ ခံစားနေရရှာပါတယ်။ လားရှိုးပြီးတော့ သိန္နီမြို့၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ဒီခရီးလမ်းကို တစ်ခေါက်သွားခဲ့ဖူးပါတယ်။ လားရှိုးကလာရင် သိန္နီမြို့နယ်မှာ ကြာတွေဖူးပွင့်နေကြတဲ့ ရေကန်ကြီးကို တွေ့ရပါတယ်။ အခုတော့ အဲဒီ ရေကန်ကြီး ဘယ်ရောက်သွားမှန်းမသိတော့။

မန္တလေးမူဆယ်လမ်း ဟာ(တစ်ချိန်ကနဲ့ မတူတော့ဘဲ) အသင့်အတင့် ကောင်းမွန်လို့ သွားရေး၊ လာရေး အဆင်ပြေပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တော့ နယ်စပ်မြို့ဖြစ်တဲ့ မူဆယ်မြို့ကလည်း သိသိသာသာ ပြောင်းလဲသွားပါတယ်။ မူဆယ်မြို့ရဲ့ ပင်မလမ်း တစ်ဖက်တစ်ချက်ရှိ အဆောက်အဦတွေဟာ တိုက်တာ အဆောက်အဦတွေ ဖြစ်သွားပါပြီ။ တည်းခိုခန်းတွေ၊ စတိုးဆိုင်ကြီးတွေ၊ လမ်းပေါ်မှာ အသွားအလာတွေနဲ့ ရှုပ်ထွေး၊ ဒါပေမဲ့ သစ်ပင်တွေ မရှိတော့လို့ အပူရှိန်က မြင့်တက်လျက်ရှိပါတယ်။ မူဆယ်နဲ့ ပူးကပ်နေတာက ကြယ်ခေါင်ဒေသပါ။ နယ်စပ်စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းပြီးတာနဲ့ ခြေနှစ်လှမ်း၊ သုံးလှမ်းလှမ်းလိုက်ရင် ကြယ်ခေါင်ကို ရောက်သွားပါပြီ။ ကြယ်ခေါင်မှာ မြင့်မားတဲ့အဆောက်အဦတွေ စနစ်တကျ စိုက်ပျိုးထားတဲ့ အရိပ်ရသစ်ပင်တွေ၊ လွန်ခဲ့တဲ့ နှစ်နှစ် ဆယ်ဝန်းကျင်က ဒီနေရာဟာ တကယ့်ကွင်းပြင်ကြီးပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံက တောင်တွေကို ဖြို၊ မြေကြီးတွေ သယ်ယူပြီး ကြယ်ခေါင်ကို တည်ဆောက်သွား ခဲ့တာဖြစ်ပါတယ်။ မူဆယ်မှာတော့ အဆောက်အဦအသစ်တွေ အစားထိုးတာကလွဲလို့ ယခင်အတိုင်းဖုံရင်းပဲ ရှိနေပါတယ်။ တရုတ်နိုင်ငံနဲ့ ကပ်နေတဲ့ မူဆယ်မှာ ကြယ်ခေါင် ဂိတ်ဆောက်လုပ်တာကို နမူနာယူပြီး မူဆယ်အုပ်ချုပ်ရေး တာဝန်ရှိသူတွေက မူဆယ်မြို့ စိမ်းစိုသန့်ရှင်းအောင် ဘာကြောင့် မလုပ်ဆောင်ခဲ့ကြသလဲ။ (လူဝင်မှုကြီးကြပ်ရေးကိစ္စ၊ စီးပွားရေးနိုင်ငံရေးကဏ္ဍတွေ ကျွန်တော် မဝေဖန်လိုပါဘူး) တာဝန်သိစိတ် တာဝန်ရှိစိတ်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ သစ်ပင်တွေ ကင်းမဲ့နေတဲ့ မူဆယ်မြို့ ခြောက်သွေ့ခြင်းဖြစ်နေတာကို ဖုံးကွယ်မရ ဒါဟာ သက်ဆိုင်တဲ့ အုပ်ချုပ်ရေးကဏ္ဍရဲ့ တာဝန်ရှိမှု၊ တာဝန်သိသူတွေ နားမလည်မှုကို မီးမောင်းထိုးပြနေလျက်ရှိပါတယ်။

နောက်တစ်နေ့မနက် ရွှေလီမြို့ဘက်ကို သွားခဲ့ပါတယ်။ ရွှေလီမြို့ဟာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်က ကျွန်တော်ရောက်ခဲ့တဲ့ အခြေအနေနဲ့ မတူဘဲ ပိုပြီးဖွံ့ဖြိုးလာပါတယ်။ လယ်ကွင်းတွေနေရာမှာ အဆောက်အဦသစ်တွေ ပေါ်လာပါတယ်။ အဲဒီအဆောက်အဦတွေနဲ့အတူ စိမ်းစိမ်းစိုစို သစ်ပင်တန်းတွေကိုလည်း တွေ့လိုက်ရပါတယ်။

Asian Fame Media Group

ရွှေလီမြို့ အနီးက တောင်တွေမှာလည်း သစ်ပင်သစ်တောတွေနဲ့ စိမ်းလို့စိုလို့။ သူတို့က တောနဲ့ တောင်တန်းတွေကို မဖျက်ဆီးဘူး။ ကျွန်တော်တို့ မူဆယ်ဘက်ကို လှည့်လည်ကြည့်ရှုရင်း မြန်မာနိုင်ငံဘက်က သစ်လုံးတွေ ဝင်လာတဲ့ သစ်တင်ကားတွေ တွေ့လိုက်ရပြန်ပါတယ်။ လူကြီး လက်နှစ်ဖက်စာမကကြီးမားတဲ့ ပိတောက်သစ်ဝါတွေကိုကြည့်ရင်း ကျွန်တော် သက်ပြင်းချမိလိုက်တာပေါ့။ အဖိုးတန်တဲ့သစ်တွေ တရုတ်နိုင်ငံဘက်ကို ဘယ်လောက်အထိ ရောက်သွားခဲ့ပြီလဲ၊ သစ်ပင်တွေကို ကြိုက်သလောက် လှဲယူ၊ ပြန်လည်စိုက်ပျိုးခြင်းမရှိ။ စိုက်ပျိုးတော့လည်း စီမံကိန်းနဲ့ စနစ်တကျမလုပ်တတ်။ အဲဒီတော့ သဘာဝသယံဇာတကို တန်ဖိုးထားရကောင်းမှန်း အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိမှန်း မသိကြတဲ့ ဟိုး ယခင်က လက်ညှိုးညွှန်ရာ စိတ်တိုင်းကျဖြစ်စေသောသူများရဲ့ စနက်ကြောင့် သစ်တောသစ်ပင်တွေနဲ့ စိမ်းစိုလန်းဆန်းတဲ့ မြန်မာနိုင်ငံဟာ အဝတ်အစားမဲ့ ကိုယ်လုံးတည်လူတစ်ယောက်လို ဖြစ်သွားစပြုလာပါပြီ။ မူဆယ်မြို့လယ်လမ်းရဲ့ လမ်းလယ်ကျွန်းပေါ်မှာ ညအချိန် သစ်ပင်ပုံစံ မြူလုပ်ထားပြီး လျှပ်စစ်မီးတွေ ထွန်းညှိထားပါတယ်။ လျှပ်စစ် သစ်ပင်ပေါ့။ ဒါက ရွှေလီမြို့မှ လျှပ်စစ်မီးသွယ်တန်းပြီး လျှပ်စစ်မီးတွေ ထိန်လင်းနေတဲ့ မြင်ကွင်း။ နှစ်ပေါင်း နှစ်ဆယ်၊ သုံးဆယ်ကျော်လောက်ရှိမှ ဖွံ့ဖြိုးကြီးမားလာတဲ့ သစ်ပင်တွေကို ခပ်လွယ်လွယ်ရောင်းထုတ်လိုက်ကြ၊ ပြီးတော့ သစ်ပင်အတုတွေလုပ်ပြီး လျှပ်စစ်မီးထွန်းထားတဲ့ လျှပ်စစ်သစ်ပင်တွေကိုကြည့်ရင်း ကျွန်တော်တို့တစ်တွေဟာ ဘယ်လောက်များ ပညာဉာဏ်နည်းပါးလိုက်သလဲလို့ တွေးလိုက်မိတာပါ။

မူဆယ်မြို့က ပြန်တော့တောင်ကုန်းမြင့်မြင့်တစ်နေရာမှာ ရုပ်တော်မူဘုရားအရှင်ကို ဖူးမြော်လိုက်ရပါတယ်။ ရုပ်တော်မူဘုရားဆင်းတုတော်ဟာ ရွှေလီဘက်ကို မျက်နှာမူပြီး လက်ဖဝါးတော်ကို ထောင်ထားတာပါ။ တစ်ဖက်နိုင်ငံက ကိုယ့်ဘက်ကို မကောင်းတာတွေ၊ ကိုယ့်နိုင်ငံကို ဖျက်ဆီးမယ့်သူတွေ မလာရဲအောင် မြတ်စွာဘုရားအရှင်က ဟန့်တားပေးတာမျိုးပေပဲလို့ အဓိပ္ပာယ်ကောက်လိုက်ပါတယ်။ ဒါပေမဲ့ပေါ့ . . . ။ ဒါပေမဲ့ပေါ့ . . . ।

မူဆယ်မြို့မှာ နှစ်ရက် နေခဲ့ပြီး မန္တလေးကို ပြန်လာခဲ့ကြတယ်။ လမ်းတစ်လျှောက် သဘာဝ အလှအပ အကြွင်းအကျန်လေးတွေ ခံစားပေါ့။

သည်တစ်ခေါက်တွင်လည်း လေယာဉ်ပြတင်းမှနေ၍ ရှမ်းပြည်နယ်ရှုခင်းကို ကျွန်တော်ကြည့်မိပြန်သည်။ ကြည့်ရင်း ပြင်စည်မင်းသား၏ နှင်းယွန်းခါပေါမန်ယိုဒယားကို ပြေး၍အမှတ်ရသည်။ သူက အို . . . . မျှော်လေတိုင်း မှိုင်းဝေ . . . တဲ့။

မျှော်လေတိုင်း မှိုင်းနေသည်ဆိုသည်မှာ မှန်ပါသည်။ ရှမ်းပြည်နယ်ရှုခင်းသည် နှင်းတွေ၊ မြူတွေ၊ တောင်ခိုးတွေ ဖြင့် မှိုင်းနေပါသည်။ သို့ရာတွင် နှင်းတို့ မယွန်းကြသေး။ နှင်းယွန်းပေါမန်ဟု မပြောနိုင်သေး။ သို့တိုင် ပြင်စည်မင်းသား၏ အလင်္ကာသည် ကျွန်တော့်နှလုံးသားတွင် စွဲနေပြီ။ မြူနှင်းတွေ ဝေနေသည့် တောင်းကို မြင်လိုက်သည်နှင့် နှင်းယွန်း ပေါမာန်ဆိုသည့် စကားလုံးသည် ကျွန်တော့်ရင်ထဲမှာ အလိုလိုပေါ်လာတတ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်းခရီးစဉ်ကို သွားရင်း ဆရာ မြသန်းတင့်ရဲ့ လွမ်းမောဖွယ်ကမ္ဘာဇသို့မဟုတ် သံလွင်၊ ဒုဋ္ဌဝတီ။ ရွှေလီရုပ်ပုံလွှာကို သတိရလိုက်မိပါတယ်။ ဆရာက သူ့ရဲ့ ခရီးစဉ်မှာ သဘာဝပတ်ဝန်းကျင်မြင်ကွင်းတွေကို လှအောင်၊ စာဖတ်သူတွေ သွားချင်စိတ်ရှိအောင်ကို ရေးဖွဲ့သွားတာပါ။ ဒါပေမဲ့ဒီခရီးလမ်းကို ဆရာသွားခဲ့တဲ့အချိန်က လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်လောက်ကပါ။ ကုန်လွန်ခဲ့တဲ့နှစ်တွေ၊ လတွေဟာ ဆရာခံစားတွေ့မြင်ခဲ့ရတဲ့ သဘာဝ ပတ်ဝန်းကျင်မြင်ကွင်းကို တိုက်စားသွားပါပြီ။ ဆောင်းကာလမှာ ဘယ်လိုရှိမယ်မှန်း မပြောတတ်ပေမယ့် နွေကာလမှာတော့ ရာသီဥတု ပူပြင်းသလို တောတွေကျဲပါးသွေ့ခြောက်နေတဲ့ ရှုခင်းမြင်ကွင်းကို ကျွန်တော်တွေ့လိုက်ရတာပါ။ အရင်တုန်းက လားရှိုးနဲ့ သီပေါမော်တော်ကားလမ်းရဲ့ ဝဲယာတစ် ဖက်တစ်ချက်မှာ ကျွန်းတော်ကြီး ရှိတာကို သတိပြုမိပါတယ်။ အခုလည်း တွေ့ပါရဲ့။ ဒါပေမဲ့ သစ်ပင် ခြုံနွယ်တွေနဲ့ ကြည့်လိုက်ရင် ထိုးဖောက်မမြင်နိုင်တဲ့ သစ်တော မဟုတ်တော့ဘူး။ မော်တော်ကား လမ်းနံဘေးမှာပဲ ကျွန်းပင်တွေရှိနေပြီး အဲဒီနောက်မှာတော့ တော ခြုံတွေ ပြောင်သလင်းခါရှင်းထားတာကို တွေ့လိုက်ရပါတယ်။ ဘာ အတွက်ကြောင့်ဆိုတာကိုတော့ ကျွန်တော်မသိ၊ ဒီလိုနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း နွေကာလခရီးကို ပူပူလောင်လောင် ဖြတ်သန်းရင်း ညနေ ၄နာရီလောက်မှာ ဂုတ်ထိပ်ကို ရောက်သွားပါတယ်။ ဂုတ်ထိပ်ဝန်းကျင်ဟာ တောတွေ၊ တောင်တွေနဲ့ စိမ့်အေးသာယာလှပတဲ့ နေရာ။ အခုတော့ အထင်နဲ့အမြင်ပါစင်အောင် လွဲသွားပါပြီ။ ညနေခင်း ဆိုပေမယ့် နေက ရှူးရှူးရဲရဲ ပူပြင်း နေပါတယ်။ တောအုပ်နဲ့ တောင်တန်းတွေကြားက လေကလည်း တစ်ချက်ကလေးမျှမတိုက်။ ဒီတော့ သိပ်မခံစားနိုင်တော့ဘဲ မော်တော် ကားပေါ် ပြန်တက်လိုက် ရပါတယ်တော။ အုပ်နဲ့တောင်တန်းတွေကြားက တိုက်ခတ်လာတဲ့ လေက အေးစိမ့်စိမ့်။ ဟိုအရေး တောင်ကြား ချိုင့်ထဲမှာတော့ စမ်းချောင်းလေးက ကျွေ့ကောက်ဝေ့ဝိုက်စီးဆင်းနေလျက် . . . စသဖြင့်ပေါ့လေ။ စိတ် ကူးထဲမှာ အဲသလို တွေးခဲ့တာပါ။ အခုတော့ အထင်နဲ့အမြင် တစ်လွဲစီဖြစ်နေလို့ ဓာတ်ပုံလေး ရိုက်ပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာ လာရပေသပေါ့။

ခရီးပန်းလာတဲ့ ကျွန်တော်တို့ကို မန္တလေးဟာ ပူပူလောင်လောင်နဲ့ ဆီးကြိုနေပါတယ်၊ လျှပ်စစ်မီးလာနေလို့ တော်ပါသေးရဲ့။ လျှပ်စစ်မီးက အမြဲတမ်းတောက်လျှောက်လာနေတာ မဟုတ်ဘူး။ ပြတ်တောင်း ပြတ်တောင်း ပျက်တာတွေရှိပါတယ်။ မနှစ်ကနဲ့စာရင် တော်တော်လေး အခြေအနေ တိုးတက်လာတယ်လို့ ဆိုရမှာပါ။ အဲဒီရက်ပိုင်းက မိုးမရွာ၊ နေပူရှိန်ပြင်းလို့



Asian Fame Media Group

မနက်ပိုင်းအလုပ်လုပ်စရာရှိတာ လုပ်ပြီးရင် အိမ်ကို နေ့လယ် ၁၂နာရီ မထိုးခင် ပြန်ပြေးရပါတယ်။ နေပူ ပြင်းလွန်းတော့ အလိုလို စိတ်ရှုပ်ထွေးနေပါတယ်။ ဒီကြားထဲမှာ တယ်လီဖုန်းမြည်သံကြားရင် ဘာကြောင့်မှန်းမသိ။ စိတ်တို ဒေါသဖြစ်သွားတတ်ပါ လေရော။ မတတ်သာလို့ စကားပြောရပေမယ့် သိပ်စိတ်မရှည်ချင်တော့ဘူး။ ပြောစရာရှိ မြန်မြန်ပြောပြီး ဖုန်းချပစ်လိုက်ပါတော့တယ်။ ဒီတော့မှ လူတွေရဲ့ သက်ရှည် ကျန်းမာရေးအတွက် ကံ စိတ်ဥတု ညီညွတ်မျှတဖို့ဟာ အင်မတန်မှ အရေးကြီးတာပါလားလို့သဘောပေါက်လိုက်မိပါတယ်။ ရာသီဥတုကလည်း သင့်တင့်မျှတ၊ နေရေးထိုင်ရေး သွား ရေးလာရေးနဲ့ အလုပ်အကိုင်တွေကလည်း အဆင်ပြေမယ်ဆိုရင် ဘယ်လောက် များကောင်းလိုက်မလဲလို့။ စိတ်တိုဒေါကန်ချင်နေတဲ့ ကျွန်တော့်ကိုကြည့်ရင်း သူငယ်ချင်းက မင်းကရန်ကုန်မှာနေတဲ့သူတွေကိုလည်း ကိုယ်ချင်းစာပါဦးဟ။ ရန်ကုန်မှာ သွားရေးလာရေးက မော်တော်ကားတွေ ပြည့်ကျပ်ပိတ်ဆို့ နေရတော့ လည်း တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ၊ ရန်ကုန်မှာလည်း အခုထိ မိုးမရွာသေးဘူးတဲ့။ အဲသလို လေပြေထိုးလိုက်မှ ကျွန်တော်လည်း တိုနံ့နံ့ ဒေါသတွေ လျော့ကျသွားတာ ပေါ့။ ဟုတ်ပါတယ်။ ကိုယ့်ထက် အခြေအနေဆိုးတဲ့ သူတွေ အများကြီးပါ။ ဒါကို ဘာဖြစ်လို့ ကျွန်တော် သတိမပြုမိပါလိမ့်။

အောင်မယ် .. မန္တလေးမှာ မေလ(၁) (၂) (၃)ရက် ညနေပိုင်းမှာ မိုးမရွာဘဲ လေပြင်းတွေတိုက်ပြီး မေလ (၄)ရက် နေ့မှာတော့ နေမပူဘဲ တစ်နေကုန် အေးအေး အေးလေးရှိနေတာကြီး ကိုယ့်ဆရာ ရေ၊ ဒါကတော့ တစ်ခါမှ မကြုံဖူးတဲ့ အတွေ့အကြုံလေးပါ။ ဒီလိုရာသီလေး အေးတော့ အရင်က ခံစားရတာတွေ မေ့ပျောက်သွားသွားပါလေရော။ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ရဲ့ ပေါ်ပါးလွတ်လပ်တဲ့ အသံတွေ စည်စည်ဝေဝေ ဖြစ်လာပါတယ်။ အကြောင်းအရာတွေကစုံ၊ စကားတွေကလည်းစုံ၊ ယောင့်ငါးရာတန်တယ်လီဖုန်းတွေ ချပေးတာလည်းပါရဲ့။ ဥက္ကဲ့အကြမ်းဖက် ကိစ္စလည်းပါရဲ့။ နိုင်ငံ တော်သမ္မတ ကြီးက နိုင်ငံစွမ်းဆောင်ရည်ဆုချီး မြှင့်တဲ့အကြောင်းလည်း ပါရဲ့။ စပ်မိစပ်ရာ ဟိုအကြောင်းသည်အကြောင်းတွေပေါ့။ နိုင်ငံတော်သမ္မတကြီးက အခွန်ပေးဆောင်မှုတာဝန်အကျေဆုံး လုပ်ငန်းရှင်တွေကို ဆုချီးမြှင့်တဲ့အကြောင်းသိရတော့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က သောင်းထွန်းကြီးရဲ့ အဖြစ်ကို ပြန်သတိရလိုက်မိပါတယ်။ သူက ပုံနှိပ်စက်သေးသေးလေးထောင်ထားပါတယ်။ အော့(ဖ်)စက်တွေ ဖွံ့ဖြိုးနေရာယူတဲ့ခေတ်မှာ သူ့ရဲ့ ပုံနှိပ်စက်လေးက ဘယ်လိုမှ အလုပ်မဖြစ်ဘူး။ အလုပ်အကိုင်သာအဆင် မပြေတာ။ နှစ်ကုန်ရင် အမြတ်ခွန်က အချိန်မှန်မှန်ရောက်လာသတဲ့။ ဒါနဲ့ သူလည်း ဒေါ့ပွပွနဲ့ သူ့ရဲ့ ပုံနှိပ်စက်ကို ပိတ်ပစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းဘက်မှာဆိုလား ဘုန်းကြီးဝတ်သွားတဲ့အကြောင်း ကြားလိုက်ရပါတယ်။ ကျွန်တော်တို့ အားလုံး သူ့ကိုမေ့နေကြပြီ။ သူ့ဇာတ်လမ်း ရှေ့ဆက်ပြီး ဘာဖြစ်မှန်း မသိတော့ဘူး။ အဲဒါကို သူငယ်ချင်းတစ်ယောက်က အစဖော်ပေးပြီး သူ့ဇာတ်လမ်းကို ပြန်ဆက်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က လူထွက်ပြီး မန္တလေးနဲ့ မဝေးလှတဲ့ မြို့တစ်မြို့မှာ အခြေချနေထိုင်ရင်း ဆေးကုစားနေသတဲ့။ ဘယ်က ဘယ်လိုရယ်မသိ ဘုန်းကြီးဝတ်တုန်းက ဂုဏ်များရောဂါ အမြစ်ဖြတ်တဲ့ တိုင်းရင်းဆေးကို တတ်မြောက်လာလို့ ဒီပညာနဲ့ ဆေးကုပေးတာပါ။ သူ့ ဆီကိုလာကြတဲ့ သူတွေကလည်း တောကြိုအုံကြားကျောက်တူး၊ မွှေတူးနဲ့ သူတွေ၊ ဆေးဖိုးကို မသတ်မှတ်ဘူး။ စားပွဲခုံပေါ်မှာ ငွေဖလား တစ်လုံးတင်ထားပြီး စေတနာရှိ သလောက်ထည့်ဖို့ ပြောသတဲ့။ အဲသမှာ ဒီကောင်ကြီး ဟန်ကျ သွားတယ်၊ တစ်နှစ်အတွင်း ကိုယ်ပိုင် အိမ်ဝယ်နိုင်ပြီး သူ့သားသမီးတွေလည်း ဆိုင်ကယ်တွေနဲ့ ဖြစ်ရော။ အမြတ်ခွန်ဌာနက သူ့ဆီကိုရောက်လာပါရော။ အမြတ်ခွန်ကိုစိတ် ပျက်လို့ ဘုန်းကြီးဝတ်သွားပြီး လူ ထွက်လာလို့ သိတဲ့ပညာနဲ့ အလုပ်လုပ်စားပြန်တော့ အမြတ်ခွန်က သူ့ဆီရောက်လာတဲ့အခါ သူ့စိတ်ထဲမှာ ကလိကလိဖြစ်သွားတာပေါ့။ အမြတ်ခွန်က ထုံးစံအတိုင်း တစ်နေ့ ဝင်ငွေ ဘယ်လောက်ရှိလဲ၊ ဘယ် လောက်သုံးလဲ။ အမြတ်ငွေ ဘယ် လောက်ကျန်လဲ မေးတာပေါ့။ သူက ငွေဖလားကြီးကိုပဲ လက်ညှိုးထိုး ပြလိုက်ပါရော။ ဘယ်လောက်ဝင်တယ်ဆိုတာ ငါလည်း မသိဘူး။ ဆေးဖော်ဖို့ဆိုတာလည်း ဒီငွေဖလားထဲက နှိုက်ယူတာပဲ။ အိမ်သုံးစရိတ်အတွက်လည်း ဒီငွေဖလားထဲကပဲ၊ စာရင်းအင်းမရှိတော့ အမြတ်ခွန်ငွေကောက်ရမှာ အခက်တွေ့သွားပြီလေ။ ဒီတော့ အကြံကုန်ပြီး ခေါင်းလုပ်နေတဲ့ အမြတ်ခွန်ဌာနက ဝန်ထမ်းကို သူက လွယ်ပါတယ်ကွာ။ ဒီကိစ္စဖြေရှင်းရတာ လွယ်ပါတယ်ကွာ။ ဟောဒီငွေဖလားတစ်လုံးအပြင် နောက်ထပ်ငွေဖလားတစ်လုံး ထားလိုက်ကွာ။ ဆေးလာကုတဲ့သူတွေ ငွေဖလားထဲ စေတနာအလျောက်ထည့်ရင် ဟောဒီဖလားထဲမှာလည်း အမြတ်ခွန်အတွက် ငွေထည့်ပေးပါဦးလို့ ငါပြောလိုက်မယ်။ မကောင်းဘူးလား . .

သို့ကလို ပြောလိုက်တော့ အမြတ်ခွန်ဌာနက ဝန်ထမ်းလည်း ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ အဘရာလို့ ညည်းရင်း ပြန်ပြေးရောတဲ့။ ကျွန်တော်တို့မှာ သူ့ရဲ့ဖြစ်ကြောင်းရယ်ကုန်စင်ကို နားထောင်ရင်း ပြုံးဖြဲဖြဲဖြစ်ကုန်ကြပါတယ်။ ကျွန်တော်လည်း ရောယောင် ပြုံးမိလိုက်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ရယ်စရာအဖြစ် သဘောထားလိုက်ပေမယ့် လေးလေးနက်နက် တွေးလိုက်တဲ့အခါ ယနေ့ အောက်ခြေလူတန်းစားရဲ့ တကယ့်လက်တွေ့ ရင်ဆိုင်ရတဲ့ အခြေအနေကို ကွင်းကွင်း ကွက်ကွက် တွေ့လိုက်ရပါတယ်။ ဥပမာတင်စားပြောရရင် ငွေဖလားတစ်လုံးဟာ ပိုက်ဆံထည့်တဲ့သေတ္တာ တစ်လုံးလိုပါပဲ။ ဒါပေမဲ့ အလတ်စားနဲ့ အကြီးစားစီးပွားရေးလုပ်ငန်းရှင်တွေမဟုတ်တော့ အဲဒီ ငွေဖလားထဲက ပိုက်ဆံတွေဟာ အဝင်အထွက် မမှန်နိုင်ပါဘူး။ ကံ အကြောင်းသင့်ပြီး အလုပ်တစ်ခု အဆင်ပြေလို့ ငွေဖလားထဲ ဝေါခနဲ ရောက်လာတတ်ပေမယ့် ကုန်စရာ က နေ့တိုင်းဆိုတော့ ငွေဖလားထဲမှာ ပိုက်ဆံက ဖင်ကပ်ပဲ ကျန်တတ်ပါတယ်။ ပြောချင်တာက လစဉ်ပုံမှန် ဝင်ငွေမရှိလို့ စာရင်းအင်းကို မလုပ်နိုင်ကြပါဘူး။ သေချာတာကတော့ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကလို မဟုတ်တော့ဘဲ လူဦးရေ တိုးပွားသလို လူနေမှုစရိတ်ကလည်း ကြီးမြင့်လာတယ်။ ပညာရေးနဲ့ ကျန်းမာရေး စရိတ်တွေအတွက်လည်း ရှိနေဦးမှ။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံ လူတန်းစားတွေရဲ့ဘဝ မြင့်မားလာဖို့ လိုပါတယ်။ လူတိုင်း ပုံမှန်ဝင်ငွေလေးတွေရှိပြီး အဝင်အထွက်မျှတတာမျိုးတွေဖြစ်ချင်ကြတာပေါ့။ ဒါပေမဲ့ စောစောကပြောသလို စီးပွားရေးလုပ်ငန်းပုံမှန်ဝင်ငွေကမရှိ၊ နေ့စဉ်ကုန်ကျစရိတ်တွေကများ။ တောတွေ၊ တောင်တွေမှာ သစ်ပင်တွေ နည်းပါးသွားလို့ ရာသီဥတုဖောက်ပြန်၊ လူတွေ ကျန်းမာရေး ထိခိုက်၊ ဒီပြဿနာတွေကို အချိန်ယူဖြေရှင်းကြရပါမယ်။ ဘယ်ကစပြီး ဘယ်လိုဖြေရှင်းကြမလဲ။ တစ်နှစ်၊ တစ်နှစ်သဘောတရားတွေ ထုတ်ပြီးအပေါ်ယံနှမ်းဖြူးရုံသာလုပ်မယ်ဆိုရင် မုန့်လုံးစက္ကူကပ် ဂျာအေးသူ့ အမေရိုက်သလို ဖြစ်သွားနိုင်ပါတယ်။ ဒါကတော့ မေလရဲ့မန္တလေးအတွေး။ မန္တလေးအရေးပါ၊ ဒီစာရေးရင်း မီတာ ကြေးလာကောက်လို့ ကျွန်တော့်ရဲ့ ငွေဖလားဆီကို သွားလိုက်ရပါတယ်။ စားစရာမရှိပေမယ့် လျှော်စရာတော့ ရှိရမယ်ဆိုတဲ့ စကားလိုပေါ့။ ဝင်ငွေမှန်ချင်မှ မှန်မယ်၊ အချိန်တန်ရင် ပေးစရာ ရှိတာတော့ ပေးရစမြဲပါ။ မေလမှာ အခြေခံလူတန်းစားတွေရဲ့ ငွေဖလားတွေထဲမှာ ပိုက်ဆံလေး အနည်းအကျဉ်းရှိမှ ရှိကြပါလေစ။ ကျွန်တော်တော့ မီတာကြေး ဆောင်ဖို့အတွက် ပိုက်ဆံကို ထုတ်ယူပြီး ငွေဖလားကို လက်ညှိုးနဲ့ တောက်လိုက်တဲ့အခါ ဒေါင်ခနဲ မြည်သွားလေတတ်။

**ကိုထွန်း-လမ်း(၈၀)**

# Yati HOROSCOPE

ဒေါက်တာ မြတ်သစ် ၊ မန္တလေး ၊



**ကရကဋ်ရာသီဖွား**

လက်ရှိနေရာမှ သင့်အတွက် ခွဲခွာရတတ်ပေသည်။ ပင်ပန်းစေမည်၊ ကြိုးစားရတတ်ပေသည်။ အခက်အခဲအမျိုးမျိုးကို ကြုံတွေ့ရတတ်ပေသည်။ အပေါင်းအသင်းဒုက္ခပေး၍ ငွေပစ္စည်းဆုံးရှုံးရတတ်ပေသည်၊ လုပ်ငန်းတွင်း တစ်နေရာမှတစ်နေရာသို့ လှုပ်ရှားလုပ်ကိုင်ပေးရတတ်သည်။ အသုံးစရိတ်များသည်အထဲ ငွေချေးငှားသူမှ အထင်ကြီးပြီး အကူအညီတောင်းခံရတတ်သည်။ ပညာရေး အဆင်ပြေပေမည်၊ မိဘကျန်းမာရေး ဖခင်ကို ပိုမိုဂရုပြုသင့်သည်၊ အချစ်ရေး အဆင်မပြေနိုင်ပေ၊ စိတ်ရှည်ရှည်ထားသင့်ပေသည်။

**ယတြာ - သင်္ဘော့ အလှူပြုပါ။**



**သိဟ်ရာသီဖွား**

သင့်အတွက် အရွေ့အနှစ် ရရှိကံကောင်းလာစေတတ်၏၊ အဖိုးတန်ပစ္စည်း ဝင်စေတတ်ပေသည်။ ထီပေါက်စေမည်၊ ငွေတလုံးတခဲဝင်ရန် ရှိပေသည်၊ အခက်အခဲများစွာကို ကျော်ဖြတ်နိုင်ပေလိမ့်မည်၊ ပုံစံသစ်နှင့် လုပ်ဆောင်သော အလုပ်တို့ အဆင်ပြေအောင်မြင်ပေလိမ့်မည်။ ရာထူးတိုး စာမေးပွဲဖြေဆိုမှုများ အောင်မြင်စေတတ်ပေသည်၊ ပညာရေးအမှတ်ကောင်း ထိုက်တန်စွာ အောင်မြင်ပေမည်၊ အချစ်ရေး ကံကောင်းစေမည်၊ အမှတ်တရလက်ဆောင်ကောင်း လက်ခံရတတ်ပေသည်။

**ယတြာ - မိဘအား အကျီကုသိုလ်ပြုပါ။**



**ကန်ရာသီဖွား**

သင့်အတွက် စီးပွားရေးအတွက် ရေကြည်ရာမြက်နုရာ ဆိုရိုးအတိုင်းပင် မိမိအတွက် တိုးတက်မှုရှိပြီး လစာ၊ ဝင်ငွေကောင်းမွန်ရာသို့ ပြောင်းလဲကြိုးစားအားထုတ် လုပ်ကိုင်နေရချိန်တစ်ခုပင် ဖြစ်ပေလိမ့်မည်။ အကြွေးငွေဟောင်းရရန် ကျန်ငွေများကို စာရင်းရှင်းလင်းနေရချိန်အခါပင် ဖြစ်ပေလိမ့်မည်၊ အလုပ်ပြောင်း၊ နေရာပြောင်းအတွက် သုံးလင်ပြောင်းဘဝ ရောက်ရှိရသလိုပင် မရောက်နိုင်ဘဲ ကြိုးစားရုန်းကန်ရချိန် ဖြစ်ပေသည်။ ပညာရေး ကောင်းမွန်ပေသည်၊ ရာထူးတိုးချိန်ဖြစ်မည်၊ ငွေအဆင်ပြေကြီး မဟုတ်သေးပါ။ အချစ်သစ်ကို တိတ်တိတ်လက်တွဲဆဲ ဖြစ်လိမ့်မည်။

**ယတြာ - စာအုပ်လှူပေးပါ။**



**တူရာသီဖွား**

သင့်အတွက် စည်းကမ်းကောင်းဖြင့် လုပ်ငန်းတွင်း၊ ရုံးတွင်းကြိုးစားလုပ်ကိုင်ဆဲ ဖြစ်ပေသည်။ အခက်အခဲများစွာကို ကြိုးစားရုန်းကန်ကျော်ဖြတ်ဆဲ ဖြစ်ပေလိမ့်မည်။ တစ်ပါးသူလက်အောက်တွင် ကြာကြာမလုပ်လိုသောစိတ်ကြောင့် အပြောင်းအလဲတို့ မကြာမီကာလတွင် ပေါ်ထွန်းလာနိုင်ပေသည်၊ ပညာရေး ထိပ်ဆုံးမှ အောင်ချက်ကောင်းဖြင့် အောင်မြင်ပေလိမ့်မည်။ မရိုးသားသော ဝန်ထမ်းအငယ်ကြောင့်ပင် စိတ်ညစ်ရပေမည်။ ဆန့်ကျင်ဘက်လိင်များနှင့် အခြေအတင် စကားပြောရတတ်ပေသည်။ အချစ်ရေး လိုချင်ရာမရ မလိုချင်သောအရာရ ဖြစ်နေပေသည်။

**ယတြာ - နှမ်းမနဲ့လှူပါ။**

# Yati HOROSCOPE

ဒေါက်တာ မြတ်သစ် ၊ မန္တလေး ၊



**ဗြိစ္ဆာရာသီဖွား**

သင့်အတွက် ယှဉ်ပြိုင်ဘက်ရန်သူကို ကျော်ဖြတ်နိုင်မည်၊ အခက်အခဲများကို လိမ္မာစွာကျော်ဖြတ်လိမ့်မည်။ အလုပ်ကိစ္စသတင်းစကားကောင်း ကြားသိရတတ်သည်။ သို့သော် ငွေအခက်အခဲ ရင်ဆိုင်ရဆဲပင် ဖြစ်ပေလိမ့်မည်။ အကြွေးဟောင်းများ မပေးဆပ်နိုင်သေးပေ။ အပေါင်းအသင်းတို့ ဒုက္ခပေးသောကြောင့် အိမ်နှင့်ဖြေရှင်းရတတ်ပေသည်။ ပညာရေး စိတ်ပျက်စရာအခက်အခဲများကြားမှပင် အဆင်ပြေသွားပါလိမ့်မည်။

**ယတြာ - ဆေးဝါးကုသိုလ်ပြုပါ။**



**ဓနုရာသီဖွား**

သင့်အတွက် လုပ်ငန်းတွင်း စိတ်ပျက်စရာများ ရင်ဆိုင်ကြုံတွေ့လာရမှု ငွေအတွက် ဒုက္ခရောက်ရှိလာစေခြင်း၊ အတိုက်အခံများကြောင့် လူကြီးတို့ နားလည်မှုလွဲမှားခြင်း ရင်ဖွင့်စရာများကို ထုတ်မပြောနိုင်လောက်အောင်ခံစားရတတ်သည်။ ပညာရေးတွဲဖက်ကြောင့် ကံကောင်းစေတတ်သည်။ ချစ်ရသူမှ လက်ဆောင်ကောင်းတို့ ပေးပို့လိမ့်မည်၊ တစ်ကိုယ်တည်း နေရသောဘဝမှ လွတ်ကင်းပေမည်။ အိမ်ထောင်ရေး အဆင်ပြေခြင်း မရှိနိုင်သေးပေ။

**ယတြာ - အမွှေးတိုင် ၉ တိုင် ထွန်းပေးပါ။**



**မကာရရာသီဖွား**

သင့်အတွက် မယုံကြည်သင့်သော မိတ်ဆွေတုကြောင့်ပင် ဒုက္ခများကို တစ်ခုပြီးတစ်ခု ရင်ဆိုင်ရပေလိမ့်မည်၊ လုပ်ငန်းတွင်း အချင်းချင်းစိတ်ဝမ်းကွဲပေလိမ့်မည်။ ငွေကြေးအလွဲသုံးကိစ္စအတွက် ပြဿနာကြီးထွားပေလိမ့်မည်၊ အချစ်ရေး စိတ်ညစ်ရတတ်ပေမည်၊ ဆုံးဖြတ်ချက်အမှားကြောင့် လူကြီးတို့ အမြင်မကြည်ဖြစ်ခြင်း ခံရတတ်ပေသည်။ ပညာရေးထက်မြက်ခြင်းကြောင့် ကံကောင်းခြင်းလက်ဆောင် ရစေလိမ့်မည်။ အိမ်ထောင်ရေး ချောမွေ့မှုမရှိနိုင်ပေ။

**ယတြာ - မွှေးကြိုင်သောဆပ်ပြာ လှူပါ။**



**ကုမ်ရာသီဖွား**

သင့်အတွက် အရည်အချင်းစစ်မှန်သူများကို ရွေးချယ်၍ နေရာပေးသင့်သည်။ လမ်းရိုးဟောင်းသွားသူ၊ ရဲဝံ့မှုမရှိသူများကို နေရာမပေးသင့်သောအချိန် ရောက်ရှိလာပေသည်၊ ပညာရေးအဆင့်မြင့်ဘွဲ့အတွက် ကံကောင်းလာပေမည်။ လုပ်ငန်းတိုးချဲ့မှုတို့အား အလျင်မလိုသင့်ပေ။ ပြည်ပခရီးဝေး သွားရောက်မှုတို့ အဆင်ပြေလိမ့်မည်။ လူဟောင်းများ လျော့ပါ၊ လူသစ်များ ရောက်ရှိစေသော ကာလပင်ဖြစ်ပေမည်၊ အချစ်ရေး မစဉ်းစားသင့်သေးပါ။

**ယတြာ - မွှေးနံ့သုရား ရေသပ္ပာယ်ပါ။**

Asian Fame Media Group

# Yati HOROSCOPE

ဒေါက်တာ မြတ်သစ် ၊ မန္တလေး ၊



**မိန်ရာသီဖွား**

သင့်အတွက် တစ်ပါးသူတို့ကို စေတနာထားပြီး ကူညီမှုပြုနေရတတ်သည်၊ ပညာရေး ထပ်ဆင့်လေ့လာမှု အဆင်ပြေမည်။ ကံစမ်း ထီထိုးပါ။ လူမှုရေး နာမည်ရစေတတ်သည်။ လက်တွဲဖော်ကောင်းရမည်။ ပြည်ပခရီးဝေး အဆင်ပြေမည်၊ ကြွေးဟောင်းတချို့ ရစေတတ်သည်၊ စပ်တူရှယ်ယာလုပ်ငန်းပိုင်း အကျိုးရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် အစားအသောက် ဂရုစိုက်ပါ။ အချစ်ရေး စန်းပွင့်တတ်၍ အနေအထိုင် သတိထားသင့်သည်၊

**ယတြာ - ငါးလွှတ်၍ ကုသိုလ်ပြုပါ။**



**မိဿရာသီဖွား**

သင့်အတွက် မျှော်လင့်ထားသလို အလုပ်အကိုင် အဆင်ပြေလာမည်။ ဝင်ငွေပိုင်းချောမွေ့စေနိုင်သည်။ ပညာရေး အထူးပင်ဖျော်ရွှင်မှုကို ရရှိလာပေလိမ့်မည်။ စက်ပစ္စည်းအသစ်ဝင်၍ စိတ်ချမ်းသာပေမည်။ ကံစမ်းမဲ မထင်မှတ်ဘဲပေါက်၍ အများ၏ သဘောကျခြင်း ခံရတတ်သည်။ အချစ်ရေး စိတ်တူသဘောတူ ဖြစ်စေတတ်သည်၊ အဆင့်မြင့်သင်တန်း တက်ရောက်ခြင်းတို့ အောင်ရှုက်နိုင်မည်၊ ဖခင်၏ အခွင့်အရေးပေးခြင်းကို ရရှိစေမည်၊ ကျန်းမာရေးအတွက် ဝမ်း၊ အူမကြီး၊ သားအိမ်မျိုးပွားအင်္ဂါပိုင်းတို့ ဂရုပြုစေလိုပါသည်။

**ယတြာ - ဆန်ကုသိုလ်ပြုပါ။**



**ပြိဿရာသီဖွား**

သင့်အတွက် အကြံအစည်သစ် အလုပ်သစ်တို့ ပေါ်ပေါက်စေတတ်၏။ ကြိုးစားမှုအောင်မြင်စေလိမ့်မည်၊ ဝင်ငွေပိုင်း အထူးကောင်းလာပေလိမ့်မည်။ ထင်ပေါ်လူသိများခြင်းတို့ ကြုံစေတတ်ပေသည်။ ဘုရင်တစ်ဆူကဲ့သို့ပင် ကံကောင်းလာတတ်ပေသည်၊ သေချာစွာ ထီထိုးခြင်းတို့ လုပ်သင့်ပေသည်၊ ပညာရေး အထူးပင်အမှတ်ကောင်းနှင့် အောင်မြင်မှုတို့ ရရှိစေတတ်ပေသည်၊ ယာဉ်အသစ်ဝင်ရန် အကြောင်းမြင်ပေသည်၊ အိုးအိမ်နေရာ အသစ်ဝင်စေမည်၊ အချစ်ရေး အလိုဆန္ဒပြည့်ဝနေပေမည်၊

**ယတြာ - ခေါင်းလျှော်ရည်ကုသိုလ်ပြုပါ။**



**မေထုန်ရာသီဖွား**

သင့်အတွက် အသစ်သော မိတ်ဆွေများနှင့် ဆက်ဆံရေးကောင်းမွန်စေတတ်သည်၊ သတင်းစကားကောင်း ကြားသိစေလိမ့်မည်။ စိတ်ရောလူပါ ပင်ပန်းစေတတ်သည်၊ ဂုဏ်တက်သော အသိုင်းအဝိုင်းထဲမှ ရုန်းမထွက်နိုင် သံယောဇဉ်ဖြစ်မိပေလိမ့်မည်၊ ပညာရေး အမှားကိုကျော်ဖြတ်၍ အကောင်းဆုံး လုပ်ပြနိုင်ပေလိမ့်မည်၊ ခရီးအမျိုးမျိုး သွားရောက်ခြင်း အဆင်ချောပေလိမ့်မည်။ လက်အောက်တို့ကြောင့် စိတ်မောရလိမ့်မည်၊ နေ့နံတူသူကို သတိပြုသင့်ပေသည်၊ အချစ်ရေး လက်ထပ်ရသောအခြေအနေအထိ ရောက်ရှိလာပေလိမ့်မည်။

**ယတြာ - ဆေးဝါးကုသိုလ်ပြုပါ။**

# ကတ်သီးကတ်သတ်ပြောတဲ့ တောက်တီးတောက်တဲ့

လူ့သဘာဝက ကောင်းတဲ့သတင်းစကားတွေထက် မကောင်းတဲ့သတင်းစကားကို ပိုပြောချင် ဖြန့်ချင်ကြတာသဘာဝပါ။ လူတစ်ယောက် မကောင်းတဲ့အကြောင်း ပြောရတာဟာ ငါ သူ့လိုမဖြစ်လို့ တော်သေးရဲ့ဆိုတဲ့စိတ်၊ အဲ့ဒီထဲ ငါတို့ မပါသေးဘူးဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုသဘောနဲ့ အာဘောင်အာရင်းသန်သန် ပြောကြတာကလား။ လူထဲကလူ ဖြစ်နေသေးတဲ့ တောက်တီးနဲ့တောက်တဲ့တို့ အုပ်စုလည်း ကြားသမျှ၊ တွေ့သမျှ ဟာသနှောလို့ တင်ဆက်ပါရစေလို့ . . .



## စိုးသူ မခိုက်နိုင်ပေမယ့် ဗေလုဝတော့ ခိုက်နိုင်ပါတယ်

တစ်ကျွန်းပြန်မဟုတ်တဲ့ တစ်ကျော့ပြန် အနုပညာရှင်တွေရဲ့ စန်းတွေထဲမှာ ခုကာလ ပြောစရာအဖြစ်ဆုံးကတော့ 'စိုးသူ' ပါပဲ။ ဒီနှစ်စကမှ ဖွင့်ထားတဲ့ ဖေ့ဘွတ်စာမျက်နှာမှာ တင်ထားတဲ့ ဓာတ်ပုံ၊ သီချင်း၊ သတင်းတွေကလည်း ဖျင်းရိဖွယ်မရှိဆိုတော့ ပရိသတ်က ၄ သောင်းကျော်၊ သူ့ရဲ့ past & present ရှုံ့ညတလည်း သူ့ညဖြစ်သွားတာများ မိန်းမတွေကို အတော်အမြင်ကတ်ဖို့ကောင်းတယ်။ အဲဒီညမှာ FB ပေါ်မှာလည်း သူ့အကြောင်းချည်းဘဲ၊ နောက်တစ်နေ့ကျတော့ ပြီးခဲ့တဲ့ညက ကဲထားတဲ့ မမတွေရဲ့ ဆင်ခြေတွေ၊ သူတို့ဘဲတွေကို နှပ်ဖို့အောင် မနေရကောင်းလား ဆူညံပူညံတွေ၊ တခြားမပြောနဲ့ အိမ်ကမိန်းမ ဆင်ခန္ဓာဝက်ကိုယ်လုံးကလည်း မလျှော့ မှန်လေးတကြည့်ကြည့်နဲ့ စိုးသူကိုရနိုင်သေးလားဆိုပြီး လာအကဲစမ်းနေသေးတယ်။ စိုးသူလို မင်းသားတော့ မရနိုင်တော့ဘူးဆိုတော့ မယ်မင်းကြီးမက မရပ်သေးဘူး။ ဒါဆို ဘယ်မင်းသားတော့ ရနိုင်သေးလဲ လာညှနေလို့ သောက်ညင်ကပ်ကပ်နဲ့ တစ်ခွန်းပဲဖြေလိုက်တယ် 'ဗေလုဝ' လို့။



## ဆိတ်ဖွားကို တွေ့လို့ ကတော့ကွာ

တောက်တဲ့မတစ်ယောက်လည်း သူမင်းသမီး မလုပ်ရခြင်းအကြောင်းက တစ်နေ့ကို ဖုန်းဘက်ထရီကုန်အောင်ပြောရခြင်း (ပရိသတ်/အီစီကလီ)၊ missed call ၁၀၀ လောက်ဖြစ်နေခြင်း (အကြွေးတောင်းပါ/မပါ မသိပါ)၊ အဝင်ခေါ် ဆိုမှုအနည်းဆုံး ၉၀ လောက်ဖြစ်နေခြင်းကို ရှောင်ရန်ဟု ဆင်ခြေပေးသော်လည်း မင်းသမီးများကဲ့သို့ အထင်ခံရနည်းလား ကောလာဟလများကို ဖြေရှင်းချင်သူတစ်ဦးပါ။ သူခိုး သူခိုးဆို ခြေထောက် ထထဆေးပြတတ်တဲ့ ဒင်းက ဒေါက်တာဆိတ်ဖွားကို ရှာတွေ့ပါပြီလို့ အခိုင်အမာပြောနေတာတောင် ငါ့လာမမေးပါလား လုပ်နေသေး။ အမှုကြီးမှန်းမသိသေးမှန်းမသိ။ အမယ် . . . သူမဟုတ်တာကို သိနေတဲ့တောက်တီးတို့ အုပ်စုကိုကျတော့ ဆိတ်ဖွားကို တွေ့ပြီဆိုရင် freedom of experssion နဲ့ ကာကွယ်ပေးမယ်၊ ဘာလိုဖြစ်သင့်တယ်နဲ့ နောက်ဆုံးဘူတာကတော့ ရှည်းစားစကားပြောမယ်တဲ့။ ဟာ ဟ

Asian Fame Media Group





# ထုတ် ထုတ် ထုတ်လိုက်ပါ သတင်းစာထုတ် လိုက်ပါ

သတင်းစာတွေထုတ်ဖို့ လျှောက်လွှာတင်ဖို့ ခွင့်ပြုဆိုကတည်းက တောက်တီးတောက်တဲ့တို့အုပ်စု ဂနာမငြိမ်တော့ပါ။ ကိုယ်တိုင်ထုတ်ဖို့တော့ မဟုတ်ပါဘူး။ နေ့စဉ် ရေးစရာနေရာလေးတွေ အပိုင်စားရလိုရငြားပေါ့။ ဒါကြောင့် ကိုယ်ဝင်ထွက်နေတဲ့ မီဒီယာအုပ်စုက ဆရာသမားများကို သတင်းစာထုတ်ဖို့ မြှောက်ပေးရင်း လမ်းစဖော်ရတာ အမော။ အဲ့သမှာ ကံကောင်းချင်တော့ (၃၅) လမ်းအဝင် လက်ဖက်ရည်ဆိုင်မှာ ပေါ်ပြူလာဖြစ်နေတဲ့ အယ်ဒီတာချုပ်နှစ်ယောက်ကို မက်ပင်းတွေ့ပါရောလား။ ဒါမျိုးဆုံဖို့ဆိုတာ ဒုလ္လဘပဲမို့ ဖျာယီးဖျာယာနဲ့ နေရာဝင်ယူပြီး ဖောဖို့လုပ်တာ . . . ကံဆိုးချင်လို့ဆိုတာတောင် သတိမမူမိလိုက်ဘူး။ ဆရာဘာညာနဲ့ သတင်းစာအကြောင်း လော်တော့ ဗြောလင်းက နေ့စဉ်ထုတ် နေ့စဉ်ရှုံးမယ့်ပိုက်ဆံကို မင်းတို့က ချေးပေးမှာမို့လား၊ ငါတို့ဘာသာ ထုတ်ချင်တဲ့အချိန် ထုတ်မယ် . . . ဆိုပြီး နှုတ်ခမ်းကြီးစူလို့ ခပ်စိုက်စိုက်ကြည့်ရင်း ငေါက်တော့ မျက်နှာပေးလေးက မသိသလို၊ နားမလည်သလိုအခွက်လေးနဲ့ ဗြောမျိုးဘက် စစ်ကူသဘောလှည့်ကြည့်မိပါတယ်။ သူက "ဧဒး . . . ကိုယ်တို့က ထုတ်ဖို့ plan သေချာချနေတာကွ၊ အပြိုင်အဆိုင် ဈေးလျှော့တဲ့အခါ ဟိုစကားလေး ကြားဖူးတယ်မဟုတ်လား။ 'ပတ္တမြားငါ၊ အလကားတင်၊ ထမင်းလည်း ကျွေး၊ နင်းလည်းပေး၊ အပူလည်းထုတ် လူလည်းလုပ်' ဆိုတာလေ။ အဲဒီ ဇရိုမိုးရှင်းနဲ့ ထုတ်မှာဆိုတော့ကာ ညီတို့ကို နင်းဖို့လုပ်ဖို့ အကူအညီတောင်း လိုက်မယ်ကွာ နော် . . တဲ့။ ဟွန်း . . . နေ့စဉ်ထုတ်သတင်းစာ မထွက်သေးပေမယ့် နေ့စဉ်ထုတ်ဒေါသတွေ ထွက်နေလိုက်တာ ဂယ်ပဲ . . . လူဆိုးတွေ၊

# Funny Photo



အင်း . . . ဘယ်မှာ အရင်ဆုံးတင်ရင် ကောင်းမလဲ



ကိုယ့်ဘာသာ ပြုတိပြုတိသားသားပဲနော်၊ မကျေနပ်ရင် ဝေးဝေးနေ




ဘဝဆိုသည်မှာ

Asian Fame Media Group



# Funny Photo



ရာသီဥတုကလည်းပူ၊ ခရေကလည်းပြတ်၊ ဒီလောလည်း ပြတ်ဆိုတော့ ကြံရာမှာ ကြံသလို လုပ်ရတော့တာပေါ့။



[illegible]



ဆေးသကြားလုံးကိုတော့ ကျွန်ုပ်တို့လည်း ရှောင်ကြသမျှ

## ခေတ်ကြီးကိုက

ခုလို မေလဟာ ပြည်တွင်းက နိုင်ငံခြားသား ဆရာသင်ကျောင်းတွေရဲ့ ကျောင်းနှစ်ကုန်အချိန်ပါ။ နောက်နှစ်အတွက် ကျောင်းလခစရန်တွေကိုလည်း ကြို ကောက်သပေါ့။ အဲသမှာ ကျောင်းလခတွေတိုးလို့ မိဘ များရဲ့ ဆန္ဒပြမှုတွေနဲ့ ကြုံနေရပါပြီ။ FB ပေါ်မှာ တစ် ကိုယ်တော် ဆန္ဒပြတဲ့ နိုင်ငံကျော် ဓာတ်ပုံဆရာကြီးပုံတွေ ကလည်း ရှိသူ အများသား။ ဒါတွေကိုကြားတော့ ပြည်တွင်း က အထက်တန်းကျောင်းဆရာတွေက ဘယ်နှယ်ရှိစ လုပ်ပြီ ပေါ့။ အားလုံးက သူ့အတွက်နဲ့သူဆိုတော့ ပညာရေးကလည်း ပေးသူရတဲ့ခေတ်၊ မိဘတွေလည်း ရင်ပူရတဲ့ခေတ် ဆိုတော့ အိမ်ထောင်ပြုဖို့၊ သားသမီးယူဖို့၊ ကိုယ့် retire plan ချဖို့ တွေက ဦးနှောက်ခြောက်စရာပါ။ ဒါကြောင့် တောက်တီး တောက်တဲ့တို့ မိတ်ဆွေ လူပျိုသိုးကြီး တစ်ယောက်က မိန်းမမယူဘဲ ယောကျ်ားယူလိုက်ရင် ကောင်းမလား (ဒါမှ မဟုတ်) တချို့တိုင်းပြည်တွေလို နိုင်ငံတော်က အိမ် ထောင်ပြုဖို့ ထိုက်သင့်သလောက်ကျခံ ကိုယ်ကလူနဲ့ အတူ ပဲ စိုက်ဆိုတဲ့ မူဝါဒလေးတွေရှိလာရင်တော့ သူအိမ်ထောင်ပြု မတဲ့ဗျာ. . . .